www.burmeseclassic.com

သာဓ




# ချစ်စံနွယ်

www.burmeseclassic.com

www.burmeseclassic.com


ကောဒသသမအကြိမ်

၂၀၀၁ – ခုနှစ်

တန်ဖိုး – ၃၅၀/

စာမူခွင့်ပြုချက်အမှတ် - ၇၀၅/ ၂၀၀၀(၉)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၆၄၄/ ၂၀၀၁(၈)

မျက်နှာဖုံးပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးစိန်ဝင်း (၀၆၅၈၇)
စိန်ရတနာပုံနှိပ်တိုက်
အမှတ်(၁၂၅)၊ မြရာကုန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်း။

မျက်နှာဖုံးပီဖိုင်း - နေမင်းဦး

ကွန်ပျူတာစာစီ - သန်းသန်းရီ

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပတ္တမြားမောက်စာပေ

အမှတ်–၁၆၈၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

ဖုန်း – ၂၈၃၃၈၇


BURMESE CLASSIC .com

# ချစ်စံနှုန်း

"မဟုတ်သေးဘူး မသင်းထုံ၊ မင်းပြောပုံဟာ ဟုတ်ကဲ မဟုတ်သေးဘူး၊ မင်းငယ်ငယ်တုန်းက မင်း မိဘတွေဟာ ႏ မင်းပြောတဲ့ စနစ်မျိုးနဲ့ မင်းကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်နော် အေး ခုလဲ အဲဒီစနစ်ဟာ ခေတ်မမီတော့ဘူးကွ ခေတ်မမီတော့ဘူး"

ထိုကဲ့သို့သော စကားသံကို မကြားရသေးမီ ၁၅–မိနစ်ခန့်က ရန်ကုန်အရှေ့ပိုင်း ရေကျော်လမ်းအတွင်းရှိ တစ်ခုသော ခြေတံရှည် ပျဉ်ထောင်အိမ်ကြီးရှေ့ ပန်းခြံကလေးအတွင်းဝယ် ဖြူဖြူအစ်အစ်နှ ဖိမ်ယစ်နေတုန်းအရွယ်၊ အသက်လေးဆယ်ခန့် မိန်းမဝဝတစ်ယောက် သည် အနောက်မှအရှေ့၊ အရှေ့မှအနောက်သို့ ခေါက်တုံ့ခေါက်ပြ ခြေလှမ်းမှန်မှန်နှင့် လျှောက်လျက် ရှိလေ၏။

ထိုမည်သော ရေကျော်ရပ်ကွက်မှာ ဝင်းကြီးခြံကြီးနှ သားသားနားနား နေနိုင်လောက်အောင် မြေနေရာရရန် လွယ်လှသည် မဟုတ်သော်လည်း ရတတ်သမျှသော အိမ်ရှေ့ မြေပိုကလေးသည် ချယ်လှယ်စိုက်ပျိုးထားတတ်ကြသည်မှာ အိမ်တိုင်းလိုလိုပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းထုံသည်လည်း မိမိစိတ်တိုင်းကျ စီမံစိုက်ပျိုးအမျိုးမျိုးသော ပန်းမန်တို့ဖြင့် ဝေဝေဆာဆာစေခဲ့သည့် အိမ်ရှေ့ပန်းခြံကလေးအတွင်းဝယ် ထည်ထည်ခန့်ခန့်နှင့် ရင်ကိုမတ်မတ်ထားကာ အညောင်းပြေ လမ်းလျှောက်နေခိုက် စာပို့လုလင်တစ်ယောက် ခြံပေါက်သို့ ပေါ်လာပြီး စာတစ်စောင်ပေးသွားသောကြောင့် စာအိတ်ကို ကြည့်လိုက်သည်တွင်—

မြမြတင်

အိမ်အမှတ် ၃၇၆

ရေကျော်လမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

ဟူသော လိပ်စာကို တွေ့ရသည်နှင့် ဒေါ်သင်းထုံမှာ ရုတ်တရက် မျက်လုံးဝိုင်းသွားကာ ခပ်ကိုင်းကိုင်း ကုန်းထားသောခါးကို ဆတ်ခနဲ ဆန့်လိုက်ပြီးမှ ဖျတ်ခနဲ အိမ်ထဲသို့ လှည့်ဝင်သွားလေ၏။

ဒေါ်သင်းထုံ၏ ခင်ပွန်းဖြစ်သူမှာ ကုန်သည်မျိုးရိုးဖြစ်သောကြောင့် ရွှေကျင်မှ ဆေးအမျိုးမျိုး မှာယူရောင်းချခြင်းအားဖြင့် အသက်မွေးသူဖြစ်သည့်အတိုင်း ကျယ်ဝန်းလှသော အိမ်အောက်ထပ်ကို ဂိုဒေါင်သဖွယ် အသုံးပြုထားသောကြောင့် ဆေးထုပ်ကြီးများဖြင့် ပြည့်ကျပ်လျက် ရှိလေ၏။

ဒေါ်သင်းထုံသည် ပန်းခြံကလေးအတွင်းမှ လှည့်ထွက်ခဲ့ကာ အပေါ်ထပ်သို့ တက်မည်ပြုပြီးမှ အောက်ထပ် ဆေးထုပ်ကြီးများ အနီးတွင် ရပ်လျက် စာအုပ်တစ်အုပ်ဖြင့် စာရင်းလုပ်နေသော ယောကျ်ားတစ်ယောက်ကို မြင်သည်နှင့် တက်လက်စ လှေကားပေါ်မှ ဆင်းလာပြီး ထိုလူအနီးတွင် ရပ်လိုက်လေ၏။

"ဟောဒီမှာ ကိုညိုမောင် ရှင့်သမီး နုခမည်နဲ့ စာတစ်စောင် ရောက်လာတယ်"





ဒေါ်သင်းထုံသည် ပြောပြောပေးပေးပင် ထိုစာကို လှမ်းပေးလိုက်သည်၌ ဦးညိုမောင်သည် စာကို လှမ်းမယူဘဲ ကိုက်ထားသော ဆေးပြင်းလိပ်ကို ပါးစပ်မှချွတ်၍ မြွတ်ခနဲ တံတွေးထွေးလိုက်ပြီးမှ—

"သမီးနုခမည်နဲ့ လာတဲ့စာ ငါ့ကို ဘာလို့ လာပေးရတာတုန်းကွ၊ သမီးကို ပေးလိုက်ပေါ့"

ဦးညိုမောင်ပြောလိုက်သော စကားနှင့်အမူအရာမှာ အေးစက်စက်နိုင်သလောက် ဒေါ်သင်းထုံမှာမူ သူကိုင်ထားသည့် စာသည် ထင်ကြေးနှင့် ချလိုက်သော အမြတ်တော်ကြေးတောင်းစာလောက် နီးနီး အရေးကြီးသကဲ့သို့သော အသွင်ကို ဆောင်လျက် ရှိလေ၏။

"ရှင် စကားပြောပုံဟာ တယ်ပေါ့ဆဆ, နိုင်ပါကလား ကိုညိုမောင်၊ ဒီစာဟာ ဘာစာလဲလို့ ရှင်သိသလား"

"ဘယ်မသိဘဲ နေပါ့မလဲကွာ တစ်ယောက်ယောက်က မင့်သမီးကို ပေးတဲ့စာ ဖြစ်မှာပေါ့၊ နို့မင်းက ဘာစာထင်လို့လဲ"

လက်ထဲတွင် ကိုင်ထားသော စာရင်းစာအုပ်ကို စားပွဲပေါ် လှမ်းတင်ရင်း ဤသို့ မေးလိုက်ပြီးမှ အနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်သော ဦးညိုမောင်၏ အမူအရာမှာ ရေခဲရေတစ်ခွက်ကို အရသာခံ၍ သောက်နေသကဲ့သို့သော အသွင်ကို ဆောင်နေသောကြောင့် ဒေါ်သင်းထုံမှာ ထိုသို့သော အပြုအမူအတွက် အခံရခက်သလိုဖြင့် ကုလားထိုင်တစ်လုံး ဆွဲယူကာ ဦးညိုမောင်၏ အနီးတွင် ထိုင်လိုက်ရာမှ—

"ရှင်ဟာ တော်တော်ခက်ပါလား ကိုဘိုမောင်၊ ဟင် ရှင့်ကိုယ်ရှင် အစစအရာရာ လည်ပတ်နှံ့စပ်လှပြီရယ်ကို အခွင့်အရေးရတိုင်း ဂုဏ်ယူခဲ့ပြီး ခုတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ နေစမ်းပါဦး ကွ မင်းစကား ဟာ (အတာကျယ်ပြော တော တစ်ဆယ့်ခြောက်ထပ်)ဆိုတာလို ကြီးကျယ်လှချည့်ကလား၊ စာတစ်စောင် သမီးဆီ ရောက်လာတာနဲ့ ငါလည်းပတ်နဲ့စပ်တာ ဘယ်လို သက်ဆိုင်နေလို့လဲ"

ဦးညိုမောင်သည် တစ်ဝက်တစ်ပျက်သာ ဖွာရသော ဆေးပြင်းလိပ် မီးခိုးများကို ကမန်းကတန်း မှုတ်ထုတ်ရင်း ဤသို့ မေးလိုက်သောကြောင့်—

"ဆိုင်သမှ သေသေချာချာ ဆိုင်တာပေါ့၊ အပျိုပေါက်ကလေး အရွယ်သာရှိသေးတဲ့ ကိုယ့်သမီးဆီကို ဘယ်ကမှန်းမသိ ရောက်လာတာ ရည်းစားစာများ ဖြစ်နေမလားရယ်လို့ ရှင် တွေးမပူတတ်တာကို ပြောတာ သိရဲ့လား"

စာကို လက်တစ်ဘက်တွင် ဆုပ်၍ လှုပ်ပြရင်း ပြောလိုက်သော ဒေါ်သင်းထုံအား ဦးညိုမောင်သည် ခပ်ပြုံးပြုံးကြည့်နေရာမှ ပက်လက်ကုလားထိုင်တွင် လှဲနေသော ကိုယ်ကို ခပ်မတ်မတ် ထူလိုက်ပြီး—

"ဒီလိုတော့ ငါလည်း စဉ်းစာမိသားပေါ့"

"ဟင် ဒါဖြင့် ဘာ့ကြောင့် သမီးကို ပေးခိုင်းနေရသလဲ"

"နို့ သမီးနာမည်နဲ့ လာတဲ့ စာမဟုတ်လား၊ ဒါ သမီးနဲ့ သာဆိုင်တဲ့ကိစ္စ၊ ဒီထဲမှာ မင်းရော၊ ငါရော ဘယ်သူမှ ဖောက်ဖတ် ခွင့်မရှိဘူး၊ ချုပ်ချယ်ခွင့်လည်း မရှိဘူး"

ထိုစကားကို ကြားလိုက်ရသည်နှင့် ဒေါ်သင်းထုံမှ စကြဝဠာ တစ်ခုလုံး ချာချာလည်သွားသည်ဟု ထင်ရလေ၏။





"ဘုရားနဲ့ သိကြားရေ ဘယ်လိုများ ပြောလိုက်ပါလိမ့်၊ ကိုညိုမောင်ရယ်၊ ပြေးရေလိုက်မှ ဒီသမီးလေး တစ်ယောက်ရှိတာကို ရှင်ပြောပုံစကားက ဥပေက္ခာထား လှချည့်"

"ကဲ–ကဲ ဥပေက္ခာတွေ ဘာတွေ အသာထားပြီး၊ မင်းက ဒီစာနဲ့ ပတ်သက်လို့ ဘယ်လို ဆိုချင်သလဲ ပြော"

"မဟုတ်ပါဘူး ကိုညိုမောင်၊ ခု ရှင့်သမီးဟာ စိတ်အလှုပ်ရှား ဆုံး အရွယ်၊ ဘာမဆို လွယ်လွယ်ကလေး ဖြစ်သွားနိုင်တဲ့ အရွယ် ရောက်နေပြီဆိုတာ သတိထားမိရဲ့လား"

"အေး ဟုတ်သပေါ့ ခု ငါ့သမီး ၁၅–နှစ်ရှိပြီလေ အဲဒါ ဘာဖြစ်သတုန်း"

ဦးညိုမောင်၏ အမူအရာမျက်နှာပေးမှာ ခပ်ပေါ့ပေါ့ပင် မေးလိုက်သောကြောင့်—

"ကြာလေ နားဝေးလေပါလား ကိုညိုမောင်၊ ရှင့်သမီးဟာ ၁၅–နှစ်တောင် ခု သီတင်းကျွတ်မှ ပြည့်မယ့် အပျိုထွတ်ထွတ်ကလေး မို့ အမှားအမှန် ဝေဖန်နိုင်တဲ့ အရွယ်မဟုတ်ဘူး၊ ဒါကြောင့် မတော်တရော် လူတွေနဲ့ ဖြစ်သွားမှာစိုးလို့ ဒီစာကို"

"ဖောက်ကြည့်စေချင်သလား၊ ဖျောက်ဖျက်ပစ်စေချင်သလား၊ တိုတိုပြောစမ်းကွာ"

လက်တစ်လုံးခန့် သီးနေသော ဆေးပြင်းလိပ်ပြာကို ကုလားထိုင် လက်တင်နှင့် တွေ့၍ချေရင်း ဦးညိုမောင်က မေးလိုက်သည်ကို…

"ရှင်နဲ့ ပြောရတာ ကျွန်မ စိတ်မရှည်တော့ဘူး ကိုညိုမောင်၊ ဒီစာကို ခုဖောက်ကြည့်၊ ရည်းစားစာဖြစ်နေရင် ဆုတ်ပစ်လိုက် ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါမျိုးပေါ့ကွ၊ လူတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးကို စော်ကားတယ်ဆိုတာ"

ဒေါ်သင်းထုံမှာ ထိုစကားကို ကြားလိုက်ရသည်နှင့် မျက်လုံးမျက်ဆံပြူးသွားကာ သက်ပြင်းကိုပင် ဟူးခနဲ မှုတ်ထုတ်မိတော့၏။

"ဘာရှင့် ကိုညိုမောင်၊ သမီးဆီ ရောက်လာတဲ့ ရည်းစားစာကို မိဘက တွေ့ကရာလူနဲ့ ဖြစ်သွားမစိုးလို့ စေတနာကောင်းနဲ့ ဖျောက်ဖျက်ပစ်တာကို စော်ကားတယ်ဆိုမလား"

တိုနေပြီဖြစ်သော ဆေးပြင်းလိပ်ကို လက်ညှိုး–လက်ခလယ်–လက်မ ထိုသုံးချောင်းဖြင့် ဖိုခနောက်ဆိုင်ကာ အားပါးတရ ဖွာလိုက်ပြီးမှ–

"အေး အဲဒါလည်း စော်ကားခြင်း တစ်မျိုးပေါ့၊ ငါပြောပြမယ် နားထောင်၊ အသိဉာဏ်အရင့်သန်ဆုံးဖြစ်တဲ့ မင်းတို့၊ ငါတို့ "လူသတ္တဝါ"ကို ဖယ်ထား တိရစ္ဆာန်ဖြစ်တဲ့ မြွေဟာ ဖားကိုတွေ့ရင် စားမယ်၊ မျိုမယ်။ အဲဒီအခြင်းအရာကို လူကမြင်တော့ ဖားကလေး သနားပါတယ်ဆိုပြီး အသက်တစ်ချောင်း ကယ်ဆယ်လိုတဲ့ စေတနာနဲ့ မြွေနဲ့ ဖား တစ်ခြားစီ ဖြစ်သွားအောင် မောင်းထုတ်လိုက်တယ်ဆိုပါတော့၊ အဲဒီမြွေတစ်ကောက် ရသင့်တဲ့ အခွင့်အရေးကို စော်ကားတာပဲ၊ တရားနဲ့ ယှဉ်ကြည့်ရင် သူတစ်ထူးရဲ့ အစာကို ဟန့်တားပိတ်ပင်ရာ ရောက်တယ်၊ ဖားဟာ မြွေရဲ့အစာ၊ ဖားကလည်း မြွေကိုမြင်တာနဲ့ သူ့အသက်အေး သူလွတ်အောင် ပြေးမှာပဲ၊ အဲဒီတော့ မြွေနဲ့ ဖားရဲ့ ပြဿနာကို သူတို့ဟာ သူတို့ ဖြေရှင်းနိုင်ခွင့်ရှိတယ်။ သူတို့ဟာ သူတို့လည်း ဖြေရှင်းတတ်တယ်၊ ဒီအထဲမှာ လူက ဘာမှ စွက်ဖက်စရာ မလိုဘူး"





"ဒါဖြင့် ရှင့်သမီးလည်း ရည်းစားတွေ မှုပေါက်လို့ သဘောက်ဘဝရောက်ရောက် ကြည့်နေရမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့"

ဒေါ်သင်းထုံသည် မကျေမနပ်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ခပ်တင်းတင်း မေးလိုက်သောကြောင့်–

"ဒီလို ဘယ်ဟုတ်မလဲကွ၊ ဒါက ဥပမာပြောတာကပဲ ဒီလိုလေ မြွေနဲ့ ဖားဆိုတာ တိရစ္ဆာန်၊ ဘာမှ အသိတရားမရှိဘူး၊ ဆုံးမလို့လည်း မရဘူး၊ ငါ့သမီးကလူ၊ အသိတရားလည်း ရှိတယ်၊ ဆုံးမတတ်ရင် ကိုယ်ဖြစ်စေချင်သလို ဖြစ်လာမယ်၊ အဲဒီတော့"

"မဟုတ်သေးပါဘူး ကိုညိုမောင်၊ ရှင်က တင်တာကို ပြောနေတာကိုး၊ ၁၅–နှစ်ဆိုတဲ့ အပျိုပေါက်အရွယ်ဟာ ဘယ်လောက်အထိန်းရခက်တယ်ဆိုတာ ကျွန်မ ပျိုရာက အိုလာလို့"

"အေး မင်းသိသလို ငါလည်း သိပါတယ် မသင်းထုံ"

"ဒါဖြင့် ဘာ့ကြောင့် အစဉ်အလာကို ဖီလာဆန့်ကျင်တမင်အရွဲ့တိုက် ပြောနေရသလဲ ကိုညိုမောင်"

"အစဉ်အလာ ဘာအစဉ်အလာလဲ၊ သမီးအရွယ်ရောက်လာရင် ရည်းစားမထားရဘူး၊ စာပေးစာယူလုပ်ရင် ချုပ်ချယ်ရမယ်ဆိုတဲ့ အစဉ်အလာမျိုးလား၊ နို့ မင်းနဲ့ ငါ သမီးရည်းစား ဘဝစာပေးစာယူလုပ်နေကြတဲ့ အခါတုန်းက မင်းမိဘတွေဟာ ဒီလိုပဲချုပ်ချယ်ခဲ့တယ်နော် အဲဒီတုန်းက မင်းစိတ်ထဲ ဘယ်လိုနေသလဲ"

ဒေါ်သင်းထုံ အဖြေမပေးနိုင်၊ တွေဝေးကြီး ငိုင်နေ၏။

"အဲဒီလို ကိုယ်ချင်းစာမှပေါ့ မသင်းထုံရာ မင်း မိဘတွေဟာ မင်းငယ်ငယ်တုန်းက တော်တော်ပဲ ချုပ်ချယ်ခဲ့တယ်၊ ဒီကြားထဲက ငါ့ဆီ စာမရောက်ရောက်အောင် မင်းပေးခဲ့တာပဲ မဟုတ်လား၊ အေး မင်းသမီးလည်း ဒီလိုလာမှာပဲ စိတ်သာချ၊ မင်းသမီးတင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အရွယ်ရောက်နေတဲ့ အပျိုတိုင်း ဘယ်လောက်ပဲ ချုပ်ချယ် ချုပ်ချယ် ဒီကိစ္စကတော့ မကင်းဘူး၊ ဖြစ်တဲ့နည်းနဲ့ စခန်းသွားနေကြမှာပဲ"

ဦးညိုမောင်သည် ဆေးလိပ်တိုကို ထွေးခံထဲ ပစ်ထည့်လိုက်ပြီး အရှည်တစ်လိပ် မီးညှိနေစဉ်—

"ဘာပဲပြောပြော ဒီအရွယ်ဆိုတာ ချုပ်ချယ်နိုင်မှ တန်ကာကျတယ် မဟုတ်လား ကိုညိုမောင်၊ ဒါကိုတော့ ရှင်ဝန်ခံရလိမ့်မယ်"

"ဘယ်လိုနည်းနဲ့မှ ဝန်မခံနိုင်ဘူး မသင်းထုံ၊ မင်းတို့ မိန်းမတွေဟာ တော်တော် ခက်တာပဲ၊ အပျိုဘဝမှာ အချစ်နဲ့ ပတ်သက်ပြီး အချုပ်အချယ်ခံနေရပြီဆိုရင် မိဘကိုပဲ ပုန်ကန်တော့မလို တငြူငြူ တငြင်ငြင် ဖြစ်နေတတ်ကြပြီး ဟော ကိုယ့်ကိုယ်တိုင် မအေ ဘဝရောက်လို့ သမီးအရွယ် ရောက်လာတာနဲ့ တစ်ပြိုင်နက် အဘက်ဘက်က ချုပ်ချယ်ကြပြန်ရော မင်းတို့ မိန်းမတွေဟာ ဘယ်လိုဟာတွေလဲကွဟ"

ဦးညိုမောင်သည် ထိုသို့ပြောရင်း စိတ်ပျက်သွားသလို ပက်လက်လှန် လှဲလိုက်သည်နှင့် ဒေါ်သင်းထုံကလည်း အားကျမခံ မိမိသာ မှန်သည်ဟူသော ယူဆချက်ဖြင့်—

"ဒါတော့တော် ကိုယ့်သမီးကို ဆင်စီးပြီး မြင်းရံတာ ကြည့်ချင်တာကိုး"

"အေး ကမ္ဘာပေါ်မှာရှိတဲ့ မိခင်တိုင်း၊ ဖခင်တိုင်း ကိုယ့်သမီးကို ရှင်ဘုရင်ကတော်အဖြစ်နဲ့ တိုင်းခန်းလှည့်လည်တာကို ကြည့်ချင် မြင်ချင်ကြတာချည့်ပဲ၊ ဒါပေမယ့် မိန်းမတွေဟာ အပျိုဘဝမှာတော့ ကိုယ်နှစ်သက်ရာ လူကိုသာ ရွေးချယ်ယူချင်တဲ့ စိတ်ရှိကြပြီး၊ မိခင်ဘဝရောက်လာတော့ ကိုယ့်သမီးကို ကိုယ်က ပေးစားတဲ့





လူကိုမှ ယူစေချင်ကြတယ်။ ဒါတရားသလား၊ မင်းကိုယ်တိုင် အပျိုဘဝတုန်းက မင်းမိဘသဘောတူတဲ့ လူကို မယူဘဲ ငါ့နောက်ကို ခိုးရာလိုက်ခဲ့တာဟာ ဘယ်လို ရည်ရွယ်ချက်ကြောင့်လဲ မသင်းထုံ"

ထိုအမေးကြောင့် ဒေါ်သင်းထုံ ငေးနေ၏၊ တွေးနေ၏၊ တရေးရေး ပေါ်လာသော မိမိ၏ ငယ်စဉ်က အဖြစ်အပျက်များကိုလည်း မြင်ယောင်လာသည်။

ဒေါ်သင်းထုံမှာ အထက်တန်း အစိုးရအရာရှိ တစ်ဦး၏ သမီးဖြစ်လျက် ဦးညိုမောင်မှာမူ သာမန် အောက်တန်း စာရေးကလေး မျှသာဖြစ်သောကြောင့် လူငယ်ချင်း မေတ္တာမျှနေခဲ့ကြသည့်တိုင်အောင် ဒေါ်သင်းထုံ၏ မိဘများသည် ဦးညိုမောင်လို လူစားနှင့် သဘောမတူ မကြည်ဖြူနိုင်သည်နှင့်အမျှ ဒေါ်သင်းထုံအား အမျိုးမျိုးသောနည်းဖြင့် ချုပ်ချယ်ခဲ့ကာ နောက်ဆုံး တရားသူကြီးပေါက်စ တစ်ဦးနှင့် ပေးစားရန် အတင်းအကြပ် စီမံခဲ့သည်တွင် ဒေါ်သင်းထုံသည် ထိုဘေးမှ အပြေးရုန်းပြီး ချစ်သူ ဦးညိုမောင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့၏။

ထိုသည့် အဖြစ်အပျက်ကို အကွက်လည်အောင် သဘောပေါက် ထင်မြင်လာသည့်တိုင်အောင် ယခု ဦးညိုမောင် ပြောနေသော စကားများနှင့် ပတ်သက်၍ လုံးဝ ထောက်ခံလိုသည့် စိတ်ကား အရိပ်အရောင်မျှပင် ပေါ်မလာသည်မှာ အံ့ဖွယ်ကောင်းလှတော့၏။

"မှန်တော့လည်း မှန်ပါတယ် ကိုညိုမောင်၊ ဒါပေမယ့် လွှယ်ရင် လွှယ်သလို ဖြစ်တတ်လို့ ဒီကိစ္စမျိုးမှာ များများ မဟုတ်တောင် နည်းနည်းတော့ ချုပ်ချယ်ရင် ကောင်းတာပဲ"

"ဘာလဲကွ လွတ်လပ်ရေးတော့ယူ၊ ဒါပေမယ့် ဒို့သဘော မတူတာ ဘာမှ မလုပ်ရဘူးဆိုတဲ့ ဟန်ပြ လွတ်လပ်ရေးမျိုးလား"

www.burmeseclassic.com



"ဘာပဲပြောပြော ကျွန်မတော့ ဒီလိုပဲ သဘောရတယ်"

ဒေါ်သင်းထုံသည် ဤသို့လျှင် ခပ်ဆတ်ဆတ်ပြော၍ ခပ်စောင်းစောင်း စွေကြည့်ရင်း ဦးညိုမောင်၏ စကားကို နားစွင့်နေလေ၏။

"မဟုတ်သေးဘူး မသင်းထုံ၊ မင်းပြောပုံဟာ ဟုတ်ကိုမဟုတ်သေးဘူး။ မင်းငယ်ငယ်တုန်းက မင်းမိဘတွေဟာ ခုမင်းပြောတဲ့ စနစ်မျိုးနဲ့ မင်းကို ထိန်းသိမ်း စောင့်ရှောက်ခဲ့တယ်နော်၊ အေး ခု အဲဒီစနစ်ဟာ ခေတ်မမီတော့ဘူးကွ၊ ခေတ်မမီတော့ဘူး"

တံတွေးကို ထွေးရိုးထွေးစဉ်ဖြစ်သော နှုတ်ခမ်းနှစ်ခု၏ ဗဟိုအလယ်မှ မထွေးဘဲ ဦးညိုမောင်သည် အရောင်ညစ်မွဲနှင့် ပဲနေသော ဆေးပြင်းလိပ် တံတွေးများ လက်ဝဲဘက် နှုတ်ခမ်းဒေါင့်မှ ပျစ်ခနဲမေးထိုး၍ ထွေးလိုက်သော အမူအရာမှာ ဟန်မလုပ်ရဘဲနှင့် သရုပ်ပါလှတော့၏။

"မင်းနဲ့ ငါ သမီးရည်းစား ဘဝတုန်းက မင်းမိဘတွေ ထိန်းသိမ်း ချုပ်ချယ်ပုံဟာ သိပ်မတရားကျလွန်းတယ်လို့ စာထဲမှာ မင်းထည့်ပြီး ရေးခဲ့ဖူးတာကို မှတ်မိသေးရဲ့လား၊ ခု မင်းကိုယ်တိုင် မအေ ဖြစ်လာတော့ ဒီစနစ်အတိုင်းပဲ ချုပ်ချယ်လာပြန်ပြီလား၊ မလုပ်နဲ့ မသင်းထုံ ဒီစနစ်ဟာ ခေတ်မမီတော့ဘူးလို့ ငါပြောခဲ့ပြီးပြီ၊ သူတို့ရဲ့ ပြဿနာကို သူတို့ဟာ သူတို့ ဖြေရှင်းခွင့်ပေးရမယ်။ အရွယ်ရောက်သူတိုင်းရဲ့ အရေးကြီးဆုံး လိုလားချက်ဟာ ဘာလဲလို့မေးရင် "**အချစ်**"လို့ အများဆုံး ဖြေလိမ့်မယ်၊ ဒီအချစ်ဟာလည်း ချစ်ကြမယ့် လူချင်းနဲ့သာ ဆိုင်တယ်။ ဒီအထဲမှာ မင်းတို့ ငါတို့ ဘာမှ စွက်ဖက်ခွင့်မရှိဘူး၊ သူတို့ နှစ်သက်ရာကို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်ခွင့် ပေးရမယ်"





"ဒါဖြင့် သူတို့ လိုချင်ရာကိုယူ၊ ကြည်ကြည်ဖြူဖြူ ခွင့်ပေးရမယ်ဆိုပါတော့ ကိုညိုမောင်"

"မင့်မှာ ပါးစပ်မရှိဘူးလား၊ သွန်သင်ဆုံးမနည်းလမ်းပြဖို့က မိဘတွေရဲ့ တာဝန်၊ ကိုယ့်တစ်သက်လုံးအဖို့ အကောင်းဆုံး မယား၊ အကောင်းဆုံး လင်ရအောင် ရွေးဖို့က သားသမီးတွေရဲ့ တာဝန်၊ လိမ္မာရင်စံ မိုက်ရင်ခံပေါ့ ဒါပဲ ရှိတယ်"

ဒေါ်သင်းထုံသည် တစ်စုံတစ်ရာ ဘာမျှ ပြန်မပြောသေးဘဲ အတော်ကြာအောင် ငေးနေပြီးမှ—

"ကြုံဖူးပေါင် ကြားဖူးပေါင်ဆိုတာလိုပါပဲကလား ကိုညိုမောင်၊ ရှင့်လက်ထက်ကျမှပဲ စနစ်သစ်၊ စနစ်ဆန်းတွေ ထွင်ပြီးတော်ကြာ ရင်ဘတ်စည်တီး မလုပ်နဲ့နော်၊ ခုအတိုင်းသာရှင့် သမီးကို လာသမျှ စာကိုလက်ခံ၊ စာပြန်ချင်လည်း ပြန်ဆိုတဲ့ အခွင့်အရေးတွေ ပေးထားမယ်ဆိုရင် ရှင့်သမီးကို ထိန်းသိမ်းဖို့ တာဝန် ကျွန်မ မယူဘူး ဒါပဲ"

ထိုစကားကို ကြားလိုက်ရသည်နှင့် ဦးညိုမောင်သည် ခပ်ဟားဟားကလေး ရယ်လိုက်ပြီးမှ—

"ကဲ ဒါဖြင့် ပေး–ပေး၊ အဲဒီစာ ငါ့ကိုပေး၊ ငါ့သမီးကို ငါထိန်းပြီး ငါကိုယ်တိုင် သွန်သင်ဆုံးမ နည်းလမ်းပြမယ်"

ဦးညိုမောင်သည် ပြောပြောဆိုဆို ဒေါ်သင်းထုံလက်ထဲမှ စာကို ဆွဲယူ၍ အပေါ်ထပ်သို့ လှမ်းတက်သွားသဖြင့် ဒေါ်သင်းထုံလည်း မယောင်မလည် တက်လိုက်သွားလေ၏။

ဦးညိုမောင်သည် အပေါ်ထပ်သို့ ရောက်သည်နှင့် သမီးဖြစ်သူ မြမြတင်၏ အိပ်ခန်းဝမှ အတွင်းသို့ လှမ်းမျှော်ကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရသဖြင့် အိမ်ရှေ့ဘက်သို့ လျှောက်လာခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဧည့်ခန်း၏ ဒေါင့်တစ်နေရာ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ခပ်လျှော့လျှော့ထိုင်၍ ဝတ္ထုစာအုပ်တစ်ခုကို စိတ်ဝင်စားစွာ ဖတ်နေသည်ကို တွေ့ရသဖြင့် အနီးသို့ လျှောက်သွား ရင်း —

"သမီးရေ ရော့ရော့—ဟောဒီမှာ စာတစ်စောင် သမီးနာမည်နဲ့ ရောက်လာတယ်"

ဦးညိုမောင်သည် ပြောပြောဆိုဆို စာကို လှမ်းပေးရင်း သမီး၏ အမူအရာကို မသိမသာ အကဲခတ်လျက် ရှိသည်တွင် မြမြတင်သည် စာကို ရုတ်တရက် လှမ်းမယူသေးဘဲ ထိတ်လန့်သွားသလို မျက်နှာထားမျိုးဖြင့် အတန်ကြာတွေနေပြီးမှ—

"ဘယ်ကစာလဲ ဖေဖေ"

"ဖေဖေ ဘယ်သိပါ့မလဲ သမီးရဲ့၊ ရော့ရော့ သမီးဖောက်ကြည့်ရင် သိမှာပေါ့"

ဦးညိုမောင်သည် စာကို သမီးလက်ထဲ ထည့်ပေးခဲ့ပြီးနောက် အနီးသို့ ရောက်လာသော ဒေါ်သင်းထုံအား လက်တို့၍ မိမိတို့ အိပ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့် မြမြတင်သည် လက်ထဲတွင် ကျန်ရစ်ခဲ့သော စာကလေးကို အတန်ကြာ ငေးကြည့်နေရာ၌ လက်ကလေးများပင် မသိမသာ တုန်လာကာ စာကို ရုတ်တရက် ဖောက်ဖတ်လိုက်တော့မည် ပြုပြီးမှ တစ်စုံတစ်ရာ သတိရသလို ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်ရင်း မိမိအခန်းတွင်းသို့ ပြေးဝင်သွားလေ၏။

ထိုအခြင်းအရာကို အကဲခတ်နေသော ဦးညိုမောင်တို့ ဇနီးမောင်နှံသည် ချက်ချင်းဆိုသလိုပင် ခြေသံမကြားအောင် အခန်းထဲမှ ထွက်လာပြီး မြမြတင်၏ အခန်းတစ်နေရာရှိ အပေါက်ငယ်ကလေးမှ ချောင်းကြည့်လိုက်သည်။ မြမြတင်သည် သူ့ခုတင်ပေါ်ဝယ်





ပက်လက်ကလေး လှဲနေရာမှ စာကို ဖောက်၍ ဖြန့်ကြည့်နေသည်ကို တွေ့ရလေ၏။

ပထမဆုံးတွေ့ရသော မြမြတင်၏ အမူအရာမှာ တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး၊ မမြင်ဘူးသော ဆန်းကြယ်သည့် အခြင်းအရာတစ်ခုကို တွေ့မြင်နေရသကဲ့သို့ အံ့သြထိတ်လန့်နေသည့် အသွင်ကို ဆောင်လျက်ရှိရာမှ တဖြည်းဖြည်းပြုံးလာ၏။ တစ်ဖန် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရသွားရာမှ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ပြန်၏။ သူဖတ်နေသောစာ ဆုံးသွားသည်နှင့် မြမြတင်၏ မျက်နှာကလေးမှာ တစ်မုဟုတ်ချင်း ညှိုးငယ်သွားလေ၏။

ဦးညိုမောင်သည် သမီးအားချောင်းကြည့်နေရာမှ ဒေါ်သင်းထုံဘက် လှည့်ကြည့်ပြီး ပြုံးလိုက်ကာ ဒေါ်သင်းထုံအား ချောင်းကြည့်ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်သဖြင့် ဒေါ်သင်းထုံလည်း အတန်ကြာ ချောင်းကြည့်နေပြီးမှ ဦးညိုမောင်အား အောက်ထပ်သို့ ဆွဲခေါ်သွားလေ၏။

"ကဲ—မင်းသမီးဖတ်နေတဲ့ စာဟာ ဘာစာလို့ မင်းထင်သလဲ ဆိုစမ်း"

အိမ်အောက်ထပ် မှူလနေရာတွင် ထိုင်မိကြသည်နှင့် ဦးညိုမောင်က ဤသို့ စ,၍ မေးလိုက်သည်နှင့်—

"ဘာစာရမလဲ ရည်းစားစာမှ ရည်းစားစာအစစ် သိရဲ့လား၊ နို့—ရှင်ကြည့်နေတုန်းက ဘယ်လိုမြင်ရသလဲ"

"စာကို ဖောက်ဖတ်ပြီး ပြုံးသွားလိုက်၊ တည်သွားလိုက်၊ ပီတိဖြစ်သွားလိုက်နဲ့ နောက်ဆုံး ငိုင်သွားတာပဲ"

"ကျွန်မ ချောင်းကြည့်တော့၊ ဒီစာကို သူပြန်ဖတ်တယ်နဲ့ တူတယ်၊ ဖတ်လို့လည်းဆုံးရော စာကို ရင်ဘတ်ပေါ်တင်ပြီး

www.burmeseclassic.com



လက်ကလေးနှစ်ဖက်နဲ့ အုပ်ထားရာက ဖြစ်နေတဲ့ သူ့မျက်နှာကလေးဟာ တစ်ခါတည်း တကယ့်ရုပ်ရှင်ထဲက မင်းသမီး အမူအရာမျိုးပါပဲတော်၊ သွားပြီ–သွားပြီ–ဒီအတိုင်းသာ လွှတ်ထားရင်တော့ အဖတ်ဆယ်လို့ ရတော့မှ မဟုတ်ဘူး"

ဒေါ်သင်းထုံသည် ဤသို့လျှင် သက်ပြင်းတမှုတ်မှုတ်နှင့် ရှုံ့ရှုံ့မဲ့မဲ့ ပြောလိုက်သောကြောင့် ဦးညိုမောင်လည်း ခေါင်းတရမ်းရမ်းခါရင်းက–

"တယ်ခက်ပါလား မသင်းထုံ၊ မင်းမလဲ အနုနည်းနဲ့ ကိုယ်ဖြစ်စေချင်သလို ဖြစ်အောင် ကြိုးစားဖို့တော့ စိတ်မကူးဘူး၊ ခပ်ကြမ်းကြမ်းကလေး အရေးယူဖို့လောက်ပဲ စိတ်စောနေတော့တယ် ထင်ပါရဲ့၊ မင်းပြောတယ် မဟုတ်လား၊ ဒီအရွယ်ဟာ စိတ်အထက်သန်ဆုံးအရွယ်လို့၊ အေး–အဲဒါကို မင်းသိရက်သားနဲ့ အကြမ်းနည်းသုံးဖို့ ရည်ရွယ်နေသလား မသင်းထုံ မလုပ်လေနဲ့ မလုပ်လေနဲ့၊ အမှားအမှန်ကို မဝေဖန်နိုင်သေးတဲ့ အရွယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အချုပ်အချယ်ကလွတ်ရင် တော်ပြီဆိုပြီး ထွက်သွားမှာဖြင့် မင်းပြောတာထက် ဆိုးသွားလိမ့်မယ်နော်"

ဦးညိုမောင်သည် စကားကို ရပ်ကာ ကုလားထိုင်ကို ဒေါ်သင်းထုံအနီးသို့ ရွှေ့လိုက်ပြီးမှ–

"မင်းလည်း ငယ်ရာက ကြီးလာတာပဲ မဟုတ်လားကွာ၊ ကိုယ်ချင်းစာမှပေါ့၊ ဒီလို အချစ်ကိစ္စမျိုးမှာ ဘာပဲဖြစ်ဖြစ် ငါတော့ သူတို့ဟာ သူတို့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့် ပေးချင်တယ်။ အေးတို့တစ်တွေကလည်း အမြဲမပြတ် သတိပေးစကားပြော၊ ဆုံးမ၊ ညွှန်ကြား၊ မမှားအောင် ဂရုစိုက်ပေါ့ကွာ၊ ဒါနဲ့မှမိုက်ရင် သင်းထိုက်နဲ့ သင်းကံ ရှိပေစေ၊ ပြီး အဲသလို သတိပေးဆုံးမတဲ့အခါမှာလည်း





မိဘလို ဩဇာပြအာဏာပေးမလုပ်ဘဲ မိတ်ဆွေကောင်းတို့ ဝတ္တရားအတိုင်း အကြံဉာဏ်ပေးတဲ့ သဘောမျိုးဆက်ဆံသွားရင် ငါထင်တယ် မင်းသမီး ဒီလောက်မိုက်မှာ မဟုတ်ဘူးလို့"

ဦးညိုမောင်သည် ဤသို့ ပြောရင်း တစ်ပုံတစ်ရာကို တွေးသကဲ့သို့ ငေးနေသည့်အခိုက်...

"ကဲ ဒီလောက်တောင် ခေတ်မီနေချင်တာဖြင့် ရှင့်သဘောပဲ ကိုညိုမောင် ရှင့်သဘောပဲ၊ အေး နောင်တစ်စုံတစ်ရာ အမှားမှား အယွင်းယွင်း ဖြစ်သွားရင်တော့"

"အေး ငါ့တာဝန်ပဲ ထားလိုက်ကွာ"

ထိုနေ့လွန်မြောက် နောက်တစ်နေ့ ညနေဘက်သို့ ရောက်ခဲ့သည့်တိုင်အောင် ဦးညိုမောင်သည် မြမြတင်အား စာအကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဘာမျှ ပြောဆိုခြင်းမရှိဘဲ၊ သတိမရ သလိုဖြင့် နဂိုအတိုင်းပင် ဣန္ဒြေမပျက် ရှိသော်လည်း မြမြတင်မှာမူ ထိုစာနှင့် ပတ်သက်၍ မေးနိုး–မေးနိုးနှင့် တထိတ်ထိတ် ရှိနေခဲ့လေ၏။

မြမြတင်သည် ကျောင်းပိတ်ရက်ဖြစ်သော စနေနေ့တိုင်း ဝတ္ထုမဂ္ဂဇင်းများကို ဖတ်ရင်း၊ အချိန်ကုန်စေလျက် တနင်္ဂနွေနေ့ကျမှ ကျောင်းအလုပ်များကို တကုပ်ကုပ်လုပ်လေ့ရှိရာ ထိုမည်သော စနေနေ့ကလည်း ဝတ္ထုဖတ်ရင်း အချိန်ဖြုန်းနေခိုက် စာရောက်လာတော့ကာ အဆိုပါ စာဖတ်ပြီးသည့်အချိန်မှစ၍ မြမြတင်မှာ ဖတ်လက်စ ဝတ္ထုကိုပင် သတိမရနိုင်တော့ဘဲ အိပ်ရာထဲတွင်သာ ဘယ်လူးညာလှိမ့်ဖြင့် အမြိန့်သား အချိန်ကုန်နေခဲ့သည်ကို ဦးညိုမောင် သတိထားမိ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယနေ့သော်ကား တနင်္ဂနွေနေ့ဖြစ်သဖြင့် ကျောင်းအလုပ်များကို လုပ်နေသည့်တိုင်အောင် ခါတိုင်းကဲ့သို့ စိတ်မပါလက်မပါ မရှိလှပေ။ ထိုအချက်ကို နက်နက်နဲနဲ သဘောပေါက်နေပြီ ဖြစ်သော ဦးညိုမောင်သည် အချိုဆုံးသော မျက်နှာထားဖြင့် သမီးအနားကပ်သွားကာ...

"တော်ပါတော့လား သမီးရယ်၊ တစ်နေ့လုံး ရေးနေ၊ ဖတ်နေတာ ညောင်းရောပေါ့၊ ကဲ ထ,ထ ရေချိုး၊ ထမင်းစားပြီး ဖေဖေနဲ့ လမ်းလျှောက်ကြရအောင်"

ဦးညိုမောင်သည် ဤသို့ပြောရင်း မြမြတင်၏ လက်ကလေးကို ဆွဲထူပြီး သူ့အခန်းတွင်းသို့ အသာအယာ တွန်းပို့လိုက်လေ၏။ ဦးညိုမောင်သည် မြမြတင်ကလေးအား မွေးဖွားလာသည့်နေ့မှစ၍ ယနေ့အထိ တစ်ကြိမ်မျှပင် ရိုက်ခဲ့ဖူးသည် မရှိဘဲ သဘောမကျသည့် အချက်ကို တွေ့တိုင်း အဓိပ္ပါယ်အကိုးအကားနှင့် အကြောင်းမျိုးစုံပြ၍ ပါးစပ်နှင့် ဆုံးမခဲ့၏။

"ဖေဖေပြောမယ် နားထောင် သမီးရဲ့၊ ဥပမာ ဆိုပါတော့ လူတစ်ယောက်လက်ကို ရေနွေးပူလောင်လို့ မီးလောင်ဖုကြီးတွေ ထ,နေတာကို ဆေးလိမ်းနဲ့ တို့ရင် ဘယ်လိုနေမလဲ သမီး တွေးကြည့်စမ်း"

"အို... ဖေဖေရယ်၊ ရေနွေးပူလောင်နေတဲ့အထဲ မီးနဲ့ ထပ်တို့လို့ သေရောပေါ့တဲ့"

"အေး၊ အဲသလိုပဲ သမီးရဲ့၊ ခု သမီး ဝမ်းကိုက်နေတယ် မဟုတ်လား၊ အဲဒါကို ဘာဖြစ်လို့ မုန့်ဟင်းခါးတွေ ခိုးခိုးပြီး ဝယ်စား နေရသလဲ၊ ဝမ်းကိုက်ရောဂါဆိုတာ အပူအစပ်နဲ့ နည်းနည်းမှ မတည့်ဘူး သမီးရဲ့၊ ဒီရောဂါ ရှင်းရှင်းပျောက်မှ သမီးကြိုက်တတ်တဲ့





မုန့်ဟင်းခါးကို စားချင်သလောက် စားပေါ့၊ ခုတော့ သမီးက ပြောကစား နားမထောင်ဘဲ အမြဲ မုန့်ဟင်းခါး ဝယ်စားနေတော့ ဒီရောဂါ ဘယ်တော့ပျောက်နိုင်မလဲ။ မေမေရိုက်တာလည်း သုံးခါရှိပြီ၊ သမီး နားမထောင်ဘူး သမီးစဉ်းစားကြည့်စမ်း၊ ဝမ်းကိုက်လို့ အခံရခက်တာကတစ်မျိုး၊ မုန့်ဟင်းခါးကြောင့် ရောဂါတိုးတာက တစ်မျိုး၊ အရိုက်ခံရလို့ နာတာကတစ်မျိုး။ ကဲ-ဘယ့်ကလောက် ဆိုးသလဲ"

မြမြတင်မှာ တစ်စုံတစ်ရာ ဘာမျှ ပြန်မဖြေ။ ငိုင်တွေ ငေးမော၍ အတွေးကြောတွင် မျောနေရှာ၏။ ဦးညိုမောင်သည် အိမ်တွင် အမွေးစုတ်ဖွားနှင့် ခွေးကလေးကို လက်ဖြောက်တီး ခေါ်လိုက်သဖြင့် ခွေးကလေးသည် အမြီးတနံ့နံ့နှင့် အပြေးကလေး ရောက်လာသည်တွင် ဦးညိုမောင်သည် ခွေးကလေးအား ကျောသပ် ခေါင်းသပ်နှင့် အတန်ကြာ ယုယလိုက်ပြီးမှ...

"ကဲ-ဘော်ဖြူ သွားတော့ သွားတော့ ဟိုစားပွဲအောက်မှာ သွားဝပ်နေချည်"

ဟု ဦးညိုမောင်က ဤသို့ လက်ညှိုးညွှန်၍ အမိန့်ပေးလိုက်သည်နှင့် ဘော်ဖြူသည် စားပွဲအောက်သို့ ပြေးဝင် ဝင်အိပ်နေလေ၏။

"တွေ့လား သမီး၊ ဘော်ဖြူ ဘယ်လောက် လိမ္မာသလဲ၊ ကဲ ဖေဖေမေးမယ် သမီးနဲ့ ဘော်ဖြူ ဘယ်သူက ပိုပြီး လိမ္မာသလဲ"

"သမီးက လိမ္မာတာပေါ့ ဖေဖေရဲ့၊ ဘော်ဖြူကခွေး၊ သမီးက လူပဲဟာ"

"အေး မှန်တယ်၊ ဒါပေမယ့် ဒီပြင်နေရာမှ သမီးလိမ္မာပေးမယ့် ပြောစကား နားထောင်တဲ့ နေရာမှာတော့ ဘော်ဖြူက သမီးထက် ပိုပြီး လိမ္မာတယ်၊ သမီးကို မုန့်ဟင်းခါး မစားပါနဲ့လို့ ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောတာတောင် နာမထောင်ဘူး။ သော်ဖြူကတော့ မရိုက်ရဘဲနဲ့ ပြောစကား နားထောင်တယ်၊ ဖေဖေက ပြောစကား နားမထောင်တဲ့ လူကို မချစ်ဘူး"

"နောက်ကို သမီး နားထောင်ပါတော့မယ် ဖေဖေ"

မြမြတင် ငယ်စဉ်က ပြောမရ ဆိုမနိုင် စိတ်မရှည်နိုင်အောင် ဆိုးခဲ့သည်ကိုပင် ဦးညိုမောင်သည် မောင်းမဲကြိမ်းထန်တုတ်ကိုင်၍ မာန်ခဲ့သည်မရှိ။ ပကတိ ချိုသာသော စကားများဖြင့်သာလျှင် ဆုံးမခဲ့၏။

ယခုလည်း ဦးညိုမောင်သည် မနေ့က ရောက်လာသော စာနှင့် ပတ်သက်၍ မည်ကဲ့သို့သောနည်းဖြင့် ဆုံးမဩဝါဒ ပေးမည်ကို မသိရသေးပေ။

ရေမိုးချိုး ထမင်းစားသောက်ပြီးကြသည်နှင့် ဦးညိုမောင်သည် သမီးနှင့်အတူ ဗိုလ်ချုပ်လမ်းအတိုင်း အနောက်ဘက်သို့ လျှောက်ခဲ့ကြရာမှ တဖြည်းဖြည်း ဆူးလေဘုရားလမ်းသို့ ရောက်ခဲ့ကြသည် အထိ ပြသလျက်ရှိသော ရုပ်ရှင်ကားများအကြောင်းကို ဝေဖန်ပြောဆိုရင်းနှင့်သာ အချိန်ကုန်လျက် ရှိလေ၏။

ဆူးလေဘုရားလမ်းအတိုင်း တောင်ဖက်သို့ ရောက်ခဲ့ကြပြီး ဗန္ဓုလပန်းခြံရောက်သည်နှင့် အပန်းဖြေဆိုသလို မြူနီစီပယ်ရုံးနှင့် မျက်နှာချင်းဆိုင် ပန်းခြံအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်ကြရင်း ရေခဲမုန့်များ မှာယူစားသောက်ကာ ပြီးသည်နှင့် ပန်းခြံအတွင်းသို့ လူသွားလမ်းကလေးများအတိုင်း လေးလေးနှင့် မှန်မှန် ရောက်ရှိကြလေ၏။

"ဟေ့ သမီး၊ မနေ့က သမီးသူငယ်ချင်းဆီက ရောက်လာတဲ့ စာထဲမှာ ဘာတွေများ ရေးလိုက်သလဲကွဲ့"





အမှန်အားဖြင့်ဆိုလျှင် မနေ့က ရောက်လာသော စာသည် မည်သည့်နည်းနှင့်မျှ ရိုးသားသော စာတစ်စောင်မဟုတ်ကြောင်း သမီး၏ အရိပ်အကဲကို ကြည့်ခြင်းအားဖြင့် သိခဲ့ရပြီ ဖြစ်သော်လည်း ဦးညိုမောင်သည် တိုက်ရိုက်နည်းအားဖြင့် ဩဇာအာဏာမပြဘဲ ဤသို့ ပရိယာယ်သုံး၍ အချိုဆုံးသော မျက်နှာထားဖြင့် မေးလိုက်သည်ကိုပင် မြမြတင် ရုတ်တရက် မျက်နှာပျက်သွားတော့၏။

"အော် အဲဒါ သမီးတို့အတန်းက သူငယ်ချင်းတစ်ယောက်ရဲ့ စာပေါ့ ဖေဖေ၊ သူနေမကောင်းလို့ ခွင့်ယူထားရပေမယ့် သမီးကို အမြဲသတိရနေတဲ့အကြောင်း ရေးလိုက်တာပါ"

မြမြတင်၏ အသံနှင့် ဟန်လက္ခဏာမှ မှုထားမမှန် နဂိုသံ မဟုတ်သည်ကို ဦးညိုမောင်သိ၏။ သို့သော် ဦးညိုမောင်သည် ဣန္ဒြေမပျက် လျှောက်မြဲ လျှောက်နေရာမှ—

"အင်း ဒီလိုဆိုတော့ သမီးကို ဖေဖေ အထင်လွဲမိတာ မှားတာပေါ့နော်၊ ဖေဖေတွက်တာက ဒီစာဟာ သမီးရဲ့ ယောကျ်ားသူငယ်ချင်း တစ်ယောက်ယောက်ကပေးတဲ့ မေတ္တာစာလို့ ထင်နေတာကလား၊ ဖေဖေ အလွဲထင်မိတာ စိတ်မဆိုးနဲ့နော် သမီး"

ဦးညိုမောင် ပြောနေသည်မှာ သမီးကို ပြောနေသည်နှင့် မတူဘဲ အခြား မိတ်ဆွေတစ်ယောက်အား တောင်းပန်နေသကဲ့သို့သော အမူအရာမျိုး ဖြစ်နေသောကြောင့် မြမြတင်မှာလည်း ဖခင်ကြီး၏အသွင်ကို ရင်ထုမနာ ငေးကြည့်နေရာမှ ဝမ်းနည်းသလို မျက်နှာကလေး ညိုသွားလေ၏။

"တကယ်လို့ အဲဒီစာဟာ ရည်းစားစာ ဖြစ်နေရင်ကော ဖေဖေက သမီးကို ဆူပူကြိမ်းမောင်းလုပ်လိမ့်မယ်လို့ သမီးအောင် သလား"

www.burmeseclassic.com

www.burmeseclassic.com



မြမြတင် အဖြေမပေး၊ မော်ငေးကလေး ငေးကြည့်နေ၏။

"စိတ်ချသမီး ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ဖေဖေ ဘယ်တော့မှ မဆူဘူး၊ မကြိမ်းဘူး၊ အရွယ်ရောက်နေပြီ ဖြစ်တဲ့ လူတိုင်း ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အချစ်နဲ့ ဘယ်သူမှ မကင်းနိုင်ကြဘူး။ ဖေဖေလည်း ငယ်ရာက ကြီးလာရတဲ့ လူပဲဟာ ကိုယ်ချင်းစာတတ်သပေါ့"

ဦးညိုမောင်သည် ရုတ်တရက် စကားကို ဖြတ်၍ သမီးအား မသိမသာ အကဲခတ်လိုက်၏။ မြမြတင်သည် တောင်မြောက်ဝဲယာဘာကိုမျှ သတိမထားဘဲ ခေါင်းငိုက်စိုက်ချ၍ ဖြည်းဖြည်းချင်း လှမ်းနေသော မိမိ၏ ခြေဖမိုးဖွေးဖွေးကလေးများကိုသာ ငုံ့ကြည့်ရင်း နှားစွင့်နေလေ၏။

"မနေ့က သမီးသူငယ်ချင်းဆီက ပေးလိုက်တဲ့စာဟာ ပထမဆုံး ဖေဖေတို့လက်ထဲကို ရောက်လာတယ်နော်၊ ဒီပြင်မိဘတွေသာဆိုရင် "ဘာစာများပါလိမ့်"ဆိုပြီး သူတို့အရင် ဖောက်ဖတ်မှာပဲ ရည်းစားစာ ဖြစ်နေရင်လည်း ဆူလားကြိမ်းလား လုပ်ကြဦးမယ်၊ ဒါပေမယ့် ဖေဖေတို့ကတော့ (ခေတ်မီ မိဘ)မို့လို့ သမီး နဲ့သာ ဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်ချင်တာနဲ့ စာကို သမီးလက်ထဲ ထည့်လိုက်တာပဲ တကယ်လို့ အဲဒီစာဟာ ရည်းစားစာပဲလို့ အတတ်သိတောင် ဖေဖေ ဒီစာကို ဖောက်မဖတ်ဘူး။ သမီးကို ပေးမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေ့သမီး လိမ္မာတာကို ဖေဖေ သိသကိုး၊ သမီးမှာ စဉ်းစားတတ်တဲ့ ဉာဏ်ရှိတယ်၊ ဝေဖန်တတ်တဲ့ ဦးနှောက်ရှိတယ်၊ ဒီတော့ သမီးဟာ ဘယ်တော့မှ မိုက်မိုက်ကန်းကန်း မမှားဘူးလို့ ဖေဖေ ယုံကြည်တယ်"





မြမြတင်သည် ဦးခေါင်းလည်း မမော်၊ ခြေဖော်လည်းမရပ်၊ ခေါင်းငိုက်စိုက်ချရင်းက တစ်လုံးချင်းပြောနေသော ဦးညိုမောင်၏ စကားများတွင် အတော်ကလေး စိတ်ဝင်စားနေသကဲ့သို့ ရှိလေ၏။

စကားတပြောပြောနှင့် လျှောက်နေကြသော သူတို့သမီးအဘ၏ ခရီးမှာ ပန်းခြံတစ်ခုလုံး၏ နှစ်ပတ်ကျော်၊ သုံးပတ်မျှပင် ရှိခဲ့ပြီဖြစ်လျက် အချိန်မှာလည်း နေဝင်တော့ မယောင် တဖြည်းဖြည်း မှောင်လာသည်နှင့် ရိုးတိုက်ဘက် တံခါးပေါက်သို့ ရောက်သည်တွင် ထိုမှပင် လှည့်ထွက်၍ အရှေ့ဘက်သို့ လျှောက်ခဲ့ကြလေ၏။

ဗိုလ်အောင်ကျော်လမ်းတစ်လျှောက်ရှိ တောင်ဘက် ပလက်ဖောင်းအတိုင်း ရေကျော်ဘက်သို့ လျှောက်ခဲ့စဉ်၌ ဦးညိုမောင်သည် စောစောက ပြောခဲ့သော စကားကို ဖြတ်၍ သူတို့လျှောက်လာရာ၌ တွေ့မြင်ရသော တိုက်ဆိုင်ကြီးများမှ စန္ဒယားကော်ဇော ရေဒီယို ဓာတ်စက်အိမ်ထောင် ပရိဘောဂ အစရှိသော အကြောင်းများကိုသာ ပြောဆိုရင်း လျှောက်လာကြလေ၏။

ဦးညိုမောင်တို့ သမီးအဘ တောင်ဘက် ပလက်ဖောင်းပေါ်မှ အရှေ့တူရူသို့ လျှောက်နေကြသောအချိန်ဝယ် မြောက်ဘက် ပလက်ဖောင်းမှ အရှေ့ဘက်သို့ပင် သွားနေသော လူငယ်တစ်ယောက်သည် ဦးညိုမောင်တို့ကို မျက်ခြည်ပြတ် မခံနိုင်သည့်အလား ခြေလှမ်းများပင် မှားလျက် ရှိလေ၏။

ထိုသည့် အဖြစ်အပျက်ကို အကွက်စေ့စေ့ သိနေပြီးဖြစ်လျက် ဟန်မပျက် သွားနေသော မြမြတင်သည် မသိမသာအားဖြင့် ထိုလူငယ်ဆီသို့ မကြာမကြာ လှမ်းကြည့်လိုက်ကာ ဦးညိုမောင် ရိပ်မိသွားမည်ကိုလည်း စိုးရိမ်သကဲ့သို့ သူ့အမူအရာမှာ ခိုးကြောင်ခိုးဝှက် နိုင်လှတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြမြတင်သည် အိမ်ရောက်ခဲ့ပြီးနောက် တအောင့်လောက်သာ မိဘများနှင့် ဧည့်ခန်းတွင် ထိုင်၍ ကျောင်းစာကျက်ရန် ရှိသည်ကို အကြောင်းပြပြီး၊ သူ့အိပ်ခန်းထဲသို့ ဝင်သွားလေ၏။ အခန်းထဲရောက်သည်နှင့် ခုတင်အနီးရှိ စားပွဲတွင်ထိုင်ကာ စာအုပ်တစ်အုပ်ကိုင်၍ တစ်ရွက်ချင်းလှန်လျက်ရှိသော်လည်း မြမြတင်၏ အမူအရာမှာ စိတ်ထဲတွင် စိတ်ပါပုံမရ၊ တစ်စုံတစ်ခုသော စိတ်ဝင်စားဖွယ် အခြင်းအရာသည်သာလျှင် တရေးရေး ပေါ်နေသကဲ့သို့ တစ်နည်းအားဖြင့် မပေါ်ပေါ်အောင် တွေးနေသကဲ့သို့သော အသွင်ကို ဆောင်လျက် ရှိလေ၏။

❣

သို့…

ဒေါ်သိန်းရှင်(ဘီ–အေ)

အတန်းပိုင်ဆရာမ ၇–တန်း(က)

မြို့မအမျိုးသမီးအထက်တန်းကျောင်း၊ ရန်ကုန်မြို့။

ဆရာမ–ခင်ဗျား။

ယခုစာရေးသူမှာ ဆရာမ၏ တပည့်ကျောင်းသူ မြမြတင်၏ ဖခင် ဦးညိုမောင် ဖြစ်ပါတယ်။

ကြိုတင်၍ တောင်းပန်လိုသည်မှာ ဆရာမအား မိကျောင်းမင်း ရောကင်းပြသည်ဟု မယူဆရန်ပင် ဖြစ်ပါသည်။ ဆရာမတို့သည် မိမိအတန်းရှိ မိန်းကလေးများ အရွယ်ရောက်၍ အပျိုပေါက် ဖြစ်လာသည်နှင့် ထ,ကြွလာတတ်သော သူတို့၏ အချစ်စိတ် လှုပ်ရှားမှုအတွက် အချိန်မရနိုင်ရန်၊ အိမ်စာ(Home Work)များများ ပေးရသည်ဟု ကျွန်တော် ကြားဖူးပါသည်။





ယခုလည်း ဆရာမသည် ကျွန်တော့်သမီးအပါအဝင် ဖြစ်သော အပျိုပေါက် ကျောင်းသူလေးများအား ယခင်ကထက် (အိမ်စာ)ပို၍ ပေးနေသည်ဟု ကျွန်တော်နားလည်ပါ၏။ သို့သော် ဆရာမအား တောင်းပန်လိုသည်မှာ ယနေ့မှစ၍ မြမြတင်အား ခါတိုင်းထက် အိမ်စာပို၍ ပေးရန်ပင် ဖြစ်ပါသည်။ ယခု မြမြတင်တွင် မနိုင်မြသေးသော သူ၏စိတ်ကို လှုပ်ရှားစေမည့် အကြောင်းတစ်ခုနှင့် ရင်ဆိုင်နေရပါလေပြီ။

ထိုမျှရေးလျှင် ဆရာမ သဘောပေါက်လောက်ပြီဟု ထင်ပါသည်။ အကယ်၍ မြမြတင်က ဤစာအကြောင်းနှင့် ပတ်သက်၍ မေးမြန်းခဲ့သော် မြမြတင် အတန်းထဲ၌ စာ…တော်,မတော် စုံစမ်းသော စာမျှသာ ဖြစ်သည်ဟု ဖြေကြားရန်ပါ ခင်ဗျား။

ကျေးဇူးပြု၍ စာပြန်ပါ။

ရှင်လန်းပါစေ…။

ညိုမောင်

နောက်တစ်နေ့နံနက် ကျောင်းတက်ရန် ပြင်ဆင်နေသော မြမြတင်အနီးသို့ ဦးညိုမောင် ရောက်လာသောအခါ အထက်ပါအတိုင်း ရေးသားထားသည့် စာတစ်စောင်ကို စာအိတ်တစ်ခုတွင် သေချာစွာ ပိတ်၍ မြမြတင်လက်သို့ လှမ်းပေးရင်း–

"မနေ့က ဖေဖေနဲ့ သမီးလမ်းလျှောက်ပြီး ပြန်လာကြတော့ မစ္ဆကွစ်မှာ တွေ့ဟဲ့ စန္ဒရားကို သမီးလိုချင်တယ် ပြောသနော်၊ အေး–ဟောဒီစာကို သမီးရဲ့ အတန်းပိုင်ဆရာမကိုပေး၊ ဒီစာထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မေးထားတယ်၊ အတန်းထဲမှာ စာတော်ရဲ့လားလို့၊ သမီး စာတော်ပါတယ်ဆိုတဲ့ ဆရာမဆီက ထောက်ခံစာရရင် သမီးလိုချင်တဲ့ စန္ဒရား ဖေဖေဝယ်ပေးမယ် ဟုတ်လား"

မြမြတင် မည်မျှ ဥာဏ်ကောင်း၍ မည်မျှ စာတော်သည်ကို ဦးညိုမောင် သိသော်လည်း သမီးဖြစ်သူ ထင်ယောင်ထင်မှားမည်စိုး၍ ဤသို့ဤပုံ ပရိယာယ်ဖြင့် အယုံသွင်းလိုက်သောကြောင့် မြမြတင်မှာလည်း (ဘာစာများပါလိမ့်)ဟူသော အတွေးသို့ပင် မရောက်နိုင်တော့ဘဲ စန္ဒရားဆိုသော အသံကြားရသည်နှင့် ဦးညိုမောင်ကို တအားကြုံးဖက်လိုက်ရင်းက–

"ဒါမှ ဒို့ဖေဖေ၊ ဆရာမဆီက ထောက်ခံစာရရင် တကယ်ဝယ်ပေးရမယ်နော်"

ဦးညိုမောင်၏ မျက်နှာကို ခပ်စောင်းစောင်း မော့်ကြည့်ရင်း မျက်နက်ဆံကလေး ဒေါင့်ကပ်၍ လက်ညှိုးကလေး ငေါက်ဆတ်နှင့် မြမြတင်၏ အမူအရာမှာ ဦးညိုမောင်အဖို့ အသည်းစွဲဖြစ်သွားတော့၏။

မကြာမီပင် ကျောင်းဘတ်စ်ကား ရောက်လာသည်နှင့် မြမြတင် ပြေးဆင်းသွားပြီးနောက် ဦးညိုမောင်သည် တအောင့်လောက်ကြာသည့်တိုင်အောင် မေးစေ့ကို လက်နှင့်ပွတ်၍ စဥ်းစားနေပြီးမှ ဧည့်ခန်းရှိ ဒေါ်သင်းထုံအနီးတွင် ထိုင်ချလိုက်လေ၏။

"ဘယ့်နှယ့်လဲ ကိုညိုမောင်၊ သမီးကို အိမ်က ကားနဲ့ပဲ ကျောင်းပို့ကျောင်းကြို လွှတ်ပါဆိုတော့ အလုပ်လည်းပိုတယ်၊ ဓာတ်ဆီဖိုးနဲ့ ဘာနဲ့ သေသေချာချာ တွက်ကြည့်လိုက်တော့ ကျောင်းဘတ်စ်ကားနဲ့ သွားတာက တွက်ခြေကိုက်တယ်၊ သက်သာတယ်လို့ ရှင်ပြောပြခဲ့ပြီး အဲသလောက် စနစ်တကျ လုပ်တဲ့လူက





ခု–သမီးကို ပီယာနို ဝယ်ပေးမယ်ဆိုတာ ကြားလိုက်ရတော့ ကျွန်မတောင် အံ့အားသင့်သွားတယ်၊ ရှင့်လေပေါက်မျိုးနဲ့ ပြောရရင် ဘာလဲ ငွေဆိုတာ အဓိပ္ပါယ်မရှိတဲ့ နေရာမှာ သုံးဦးမလို့လား"

ခပ်ပြုံးပြုံးကြည့်ရင်း နားထောင်နေသော ဦးညိုမောင်သည် ဒေါ်သင်းထုံ စကားဆုံးသွားသည်နှင့်–

"ဒီစကားမျိုးကို ငါ ခဏခဏ ပြောဖူးတယ်နော်၊ အေးခုလည်း ထပ်ပြောဦးမယ်၊ အဓိပ္ပါယ်မရှိတဲ့ အလုပ်ကို ငါ ဘယ်တော့မှ မလုပ်ဘူး၊ မင်းသမီးဆိုကို တစ်နေ့က ရောက်လာတဲ့ စာဟာ မင်းထင်သလိုပဲ ရိုးရိုးဟုတ်ပုံမရဘူး၊ မင်းသမီးလည်း တော်တော်ကြွေမြှုပ်နေတယ်၊ ဒါကြောင့်"

"ကဲ–ကျွန်မ မပြောဘူးလား၊ ဟိုတစ်နေ့ကတည်းက ဖောက်ဖတ်လိုက်ရင် ဒီကိစ္စ"

"နေပါဦးကွ၊ ငါ့စကားဆုံးအောင် နားထောင်စမ်းပါဦး၊ ဘာစာရယ်လို့ အတပ်မပြောနိုင်သေးဘူး"

"နို့–မနေ့က လမ်းလျှောက်သွားတော့ ရှင် မမေးဘူးလား"

ဦးညိုမောင်သည် ခပ်တိုတို ညှပ်ထားသော သူ့ဦးခေါင်းကို ညာလက်ဖြင့် ပွတ်နေရင်းက–

"အဲဒါ ခက်တာပဲ၊ သားသမီးကို အုပ်ချုပ်ထိန်းသိမ်းဖို့ တာဝန်ယူရတာလည်း မင်းတို့မိန်းမ၊ အုပ်ချုပ်ထိန်းသိမ်းမှု နည်းပရိယာယ်ကို လိမ္မာပါးနပ်စွာ မသုံးတတ်တာလဲ မင်းတို့မိန်းမ၊ တော်တော်ဂွကျတဲ့ အစဉ်အလာပဲဟေ့၊ ငါတော့ ပြောမပြောချင်ဘူး ဒီမှာကွ မသင်းထုံရ၊ မင်းပြောပုံမျိုးဆိုရင် (သမီးမနေ့ကလာတဲ့စာ ရည်းစားစာမဟုတ်လား) လို့ ဒဲ့ဒိုးမေးရမလို ဖြစ်နေပြီကော"

"ဟုတ်သလေ၊ ဒီလိုပဲ မေးရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကွ မဟုတ်ဘူး၊ အဲသလိုမေးတော့ မင်းသမီးက ဟုတ်တယ်လို့ ပြောလိမ့်မယ်ထင်သလား၊ မပြောတဲ့ အပြင် ဒီကိစ္စကို အတတ်နိုင်ဆုံး လျှို့ဝှက်ထားမှာ သေချာတယ်၊ ဟော့ဒီမှာ အရေးကြီးတာက ဒီကိစ္စရဲ့ ဇစ်မြစ်အစစ် အမှန်ကို သိဖို့ပဲမဟုတ်လား၊ အေး ဒီကိစ္စမျိုးမှာ ဖက်ဆစ်ဆန်ဆန် အကြမ်းနည်းသုံးရင် ဘယ်တော့မှ မအောင်ဘူး နားလည်လား၊ ကြည့်နေ မင်းသမီးကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ ဖွင့်ပြောလာအောင် ငါဆုံးမပြမယ်"

ဦးညိုမောင်သည် စကားဆုံးသည်နှင့် ခါးပိုက်ကြားထဲမှ ဆေးပြင်းလိပ်တစ်လိပ်ထုတ်၍ မီးညှိနေသည်တွင်—

"သားသမီးကို အုပ်ချုပ်ကအစ, အိမ်ထောင်ကျသည်အထိ မိခင်ကသာ တာဝန်ယူရှိကြတဲ့ မြန်မာ့အစဉ်အလာကောင်းကို ပြောင်းပြန်လုပ်ချင်တဲ့လူ ကြည့်ရသေးတာပေါ့လေ"

"အေး ကြည့်ကြည့်၊ မျက်လုံးကို ဒေါက်ထောက်ပြီးကြည့်၊ ပြီးတော့ ငါသုံးတဲ့ နည်းကိုလည်း အတုခိုးထား၊ နောက် သမီး မိန်းကလေးမွေးရင် ဆုံးမဖို့"

ဒေါ်သင်းထုံသည် အမူအရာ ရှက်စနိုးဖြင့် မျက်စောင်း တစ်ချက်ထိုးလိုက်၏။

"တစ်နေ့ကစာရပြီးကတည်းက မင်းသမီးမှမမှန်တာတော့ အသေအချာပဲ၊ အဲဒီတော့ဒါ ငါ့တာဝန် မဟုတ်ဘူးဆိုပြီး မင်းသမီးကို ပစ်မထားနဲ့ဦးကွ၊ စန္ဒရား ဝယ်ပေးမယ်ဆိုတာလဲ ဒီကိစ္စကြောင့်ပေါ့ကွဲ့၊ မိန်းကလေးတွေ အပျိုဖော်ဝင်လာပြီ ဆိုရင် သူတို့စိတ်ဟာ တော်တော်ပဲ လှုပ်ရှားလာတယ်၊ အချစ်နဲ့ ပတ်သက်လာရင် ပိုပြီး ပြင်းပြင်းထန်ထန် လှုပ်ရှားတတ်တယ်။ ဒီတော့ သူတို့ကို အချစ်နဲ့ ပတ်သက်တဲ့ စိတ်ကူးယဉ်မှု၊ တွေးမှု၊ ငေးမှု၊ ဆွေးမှုတွေ





စိတ်ဝင်စားဖို့ အချိန်မရအောင် အလုပ်တစ်ခုခုနဲ့ လမ်းလွှဲပေးရမယ်။ အဲဒီအလုပ်တစ်ခုခုဆိုတာလည်း သူတို့ စိတ်ဝင်စားတဲ့ အလုပ်မျိုး ဖြစ်စေရမယ်။ ပန်းထိုးပန်းချုပ် ဝါသနာပါတဲ့ မိန်းကလေးမျိုးဆိုရင် ပန်းထိုးပန်းချုပ်ပစ္စည်း အမျိုးစုံ ဝယ်ပေးပြီး ဒီအထဲမှာပဲ စိတ်ဝင်စားနေအောင် ဖန်တီးပေးရမယ်၊ ဒါမှ အချစ်ကိစ္စကို မေ့မေ့လျော့လျော့ ဖြစ်နေမယ်"

"ရှင့်နည်းက မနိပ်သေးပါဘူး ကိုညိုမောင် မရှိဆင်းရဲတဲ့ မိဘကျတော့ ဒါတွေ ဘယ်လိုလုပ် ဝယ်ပေးနိုင်မှာလဲ"

ဒေါ်သင်းထုံက ဤသို့ စောဒက တက်လိုက်သဖြင့် ဦးညိုမောင်သည် လက်ညှိုးနှင့် လက်မကြားတွင် ကိုင်ထားသော ဆေးပြင်းလိပ်မှ ပြာများကို လက်သူကြွယ်ဖြင့် တောက်၍ ချွေလိုက်ရင်း—

"ဟာ–ဆင်းရဲသားသမီးဆိုတော့ ဝါသနာပါတယ်ဆိုတာ အကဲခတ်ဖို့တောင် မလိုတော့ဘူး၊ အရွယ်မရောက်ခင်ကတည်းက ဆန်ဆေး၊ မီးမွှေး၊ ငရုပ်သီးထောင်း၊ ထမင်းချက်၊ တံမြက်လှည်း၊ အဝတ်လျှော်၊ ကလေးထိန်းနဲ့ နေထွက်က နေဝင်လုပ်နေရတော့ ဘယ်မှာ အချစ်ကိစ္စ စိတ်ကူးနိုင်တော့မလဲ၊ တကယ်လို့ အလုပ်သိပ်မများလည်း အားလပ်နေတဲ့ မရှိဆင်းရဲသားတွေရဲ့ သမီးမိန်းကလေးမျိုးကျတော့ ငွေဝင်လမ်းလည်းရှိ၊ သူတို့လည်း စိတ်ဝင်စားတဲ့ အလုပ်တစ်ခုခုကို အနုနည်းနဲ့ ချော့ပြီး လုပ်ခိုင်းရတယ်။ အေး တစ်ချို့ လခစားများရဲ့ သမီးတွေကျတော့ တောင်မရောက်မြောက်မကျ ဖြစ်နေပြန်ရော၊ သူဌေးတွေ ရာထူးရှင်ကြီးတွေရဲ့ သမီးတွေဟို အစိပ္ပါယ်မရှိ တုပပြီး သမီးအရွယ်ရောက်တယ်ဆိုရင်ပဲ ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် ထားချင်ရတာနဲ့၊ စက်ချုပ်ပန်းထိုး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဟာလည်း အောက်တန်းကျသလိုလို ထင်ပြီး ကိုယ့်သမီးကို အရိပ်တကြည့်ကြည့်နဲ့ လွှတ်လပ်ရေး ပေးထားတတ်ကြတယ်။ အဲဒီတော့ အပျိုဖော်ဝင်စ မိန်းကလေးတွေဟာ သူတို့ရတဲ့ အားလပ်ခွင့် အကုန်လုံးကို ချစ်ကိစ္စစဉ်းစားရင်းသာ ကုန်ဆုံးစေလေ့ရှိတော့ အချစ်စိတ်များများ ဝင်စားသည်နှင့်အမျှ မြန်မြန်ယောက်ျား ယူသွားတာပဲ၊ အဲဒါဟာမဆန်းပါဘူးကွာ ငါ့သဘောတော့ ဆင်းရဲချမ်းသာမရွေး ၁၃–နှစ်နဲ့ ၁၆–နှစ်ကြားမှာ ရှိတဲ့ မိန်းကလေးတိုင်းကို အလုပ်နဲ့ လက်နဲ့ မပြတ်အောင် ခိုင်းနိုင်လေ ကောင်းလေပဲ၊ အေးခိုင်းတဲ့နေရာမှာလည်း သူတို့ စိတ်ဝင်စားဖို့နဲ့ ဝါသနာပါဖို့ကိုလည်း လူကြီးလုပ်သူက သတိထားရမပေါ့ကွာ"

ဦးညိုမောင်မှာ သူစိတ်ဝင်စားသော စကားတစ်လုံးစ,မိလျှင် မဆုံးနိုင်အောင် ဗာရာဏသီချဲ့တတ်သည့် ဝါသနာအတိုင်း ဤသို့ စကားကြောရှည်နေသောကြောင့်–

"တိုတိုပြောစမ်းပါရှင်–စန္ဒရား ဝယ်မယ်ဆိုတာက"

"အေးလေ–မင်းသမီးက လိုချင်တယ်ပြောလို့ပေါ့၊ ဒါကို သူတောင့်တနေတာကြာပြီ။ ခုတော့ ဝယ်မပေးရင် မဖြစ်တော့ဘူး၊ သူ့စိတ်ထဲမှာ လှုပ်ရှားချင်သလိုလို ဖြစ်နေတဲ့ အချစ်ကိစ္စကလေးတွေကို ဒီစန္ဒရားနဲ့ ချေမှုန်းပစ်ရမှာပဲ"

ဦးညိုမောင် စကားမဆုံးမီပင် စတော့ကိတ်လမ်းရှိ ဦးညိုမောင်ဆိုင်ခွဲမှ မန်နေဂျာ ရောက်လာသဖြင့် စကားစ,ပြတ်သွားကာ ချက်ချင်းပင် ဒေါ်သင်းထုံ နောက်ဖေးသို့ ဝင်သွားပြီး နံနက်စာအတွက် ပြင်ဆင်နေလေ၏။

ဦးညိုမောင်သည် သူ၏ မန်နေဂျာနှင့် အလုပ်ကိစ္စ တိုင်ပင်နီးနှောကာ နာရီဝက်ခန့်ကြာလျက် မန်နေဂျာနှင့်အတူ





နံနက်စာ စားသောက်ပြီး သဘော်ဆိပ်၊ ဘူတာရုံ၊ ဘဏ်တိုက် စသည်တို့သို့ သွားရင်းလာရင်းနှင့်ပင် အချိန်ကုန်နေတော့ကာ ညနေ ၄–နာရီကျော်မှပင် အိမ်သို့ ပြန်ရောက်ခဲ့လေ၏။

အိမ်ပေါ်သို့ ရောက်သည်နှင့် ဧည့်ခန်းတွင် ထိုင်၍ ငိုင်နေသော မြမြတင်ကို မြင်ရသောကြောင့် ဦးညိုမောင်သည် ရုတ်တရက် စိတ်မကောင်းသလို မျက်နှာတစ်ချက် အိုသွားရာမှ သမီးအနားသို့ လျှောက်လာပြီး–

"သမီး ဘာဖြစ်သလဲ နေမကောင်းဘူးလား"

မြမြတင်မှာ ဦးညိုမောင်မေးသော အသံကို ကြားရမှပင် ဖခင်ကြီး ပြန်လာသည်ကို သတိရတော့ကာ ရုတ်တရက် လှုပ်ရှားသွားပြီး အနီးတွင်ရပ်နေသော ဖခင်ကြီး၏လက်ကို ဖမ်းဆုပ်လိုက်ရင်း–

"နေကောင်းပါတယ် ဖေဖေ သမီးဘာမှ မဖြစ်ပါဘူး။ ဪ ဖေဖေ့ကို ဆရာမက စာပြန်ပေးလိုက်တယ်"

မြမြတင်သည် ပြောပြောဆိုဆို ထ၍ သူ့အခန်းထဲဝင်သွားပြီး ပြန်ထွက်လာသည်တွင် စာတစ်စောင်ပါလာလျက် ဦးညိုမောင်သို့ လှမ်းပေးလိုက်လေ၏။

**လူကြီးမင်းရှင့်…**

မှန်သည့်အတိုင်း ဝန်ခံရမည်ဆိုလျှင် ကျွန်မက လုပ်သက်ရှစ်နှစ်အတွင်း မြမြတင်လောက် ဉာဏ်ကောင်းသော တပည့်မျိုးကို မြမြတင်ပါမှ သုံးယောက်တည်းသာ တွေ့ဖူးပါသည်။ အလွန်ဉာဏ်ထက်သော မိန်းကလေးဖြစ်၍ သူ၏ ပညာရေးမှာ သင်ကြားပို့ချနိုင်သည်နှင့်အမျှ ယုံမှားဖွယ်ရာ မရှိအောင် တိုးတက်ထူးချွန်မည်သာ ဖြစ်သည်ဟု ရဲရဲကြီး ကတိပေးဝံ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်း သတိပေးသော ကိစ္စနှင့် ပတ်သက်၍လည်း အထူးဂရုစိုက် ဆောင်ရွက်မည်သာ ဖြစ်ပါကြောင်း။

ဒေါ်သိန်းရှင်( ဘီ-အေ)

အတန်းပိုင်ဆရာမ

ဦးညိုမောင်သည် အထက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်၍ ဆုံးသည်နှင့် စာကို ခေါက်ပြီး အိတ်ထဲ ထည့်လိုက်ကာ–

"ငါ့သမီးက အတန်းထဲမှာ အတော်ဆုံး ဆိုပါလားဟေ့ သမီး ဆရာမက ရေးလိုက်တယ် ကဲ ကွ ဖေဖေ့ကတိအတိုင်း သမီးကြိုက်တဲ့ စန္ဒရားကို စနေနေ့ကျတော့ သွားဝယ်မယ် ဟုတ်လား သမီး"

ငါးကျပ်ပင်ပြည့်အောင် မတန်သော လုံချည်၊ အင်္ကျီ၊ ဖဲကြိုး စသည်တို့ကို ဝယ်ပေးတိုင်း ထ,ခုန်တော့မလောက် ဝမ်းမြောက်အူမြူး အထူးပျော်ရွှင်လေ့ရှိသော မြမြတင်သည် ယခုကဲ့သို့ ၁၀၀၀ဝိကျော်တန်ဖိုးရှိပြီး သူကိုယ်တိုင်လည်း အလွန်အကျူး အထူး စိတ်ဝင်စားစွာ တောင့်တခဲ့သော စန္ဒရားကို ဝယ်ပေးတော့မည်ရှိရာ ထ,၍ပင် ရွှမ်းထိုးလေမည်လားဟု စောင့်စားအကဲကတ်နေသော ဦးညိုမောင်သည် မိမိထင်သလို ဖြစ်မလာသည်သာမက၊ ယခု တွေ့ရသော မြမြတင်အမူအရာမှာ ဝမ်းသာပုံလည်းမရ၊ ဝမ်းနည်းပုံလည်းမပေါ် အတော်စဉ်းစားရ ခက်သောအသွင်ဖြင့် မှင်သေသေ ငိုင်နေသောကြောင့်–

"သမီး သမီး ဘာဖြစ်သလဲ ပြောစမ်း၊ သမီးကို ကြည့်ရတာ တစ်မျိုးပဲ ဖေဖေစိတ်မကောင်းလိုက်တာ သမီးရယ်"

ဦးညိုမောင်သည် ရုတ်တရက် မြမြတင်အနီးတွင် ထိုင်ချလိုက်ရင်း ဤသို့ ပြာပြာသလဲ မေးလိုက်သည့်အခိုက် ဒေါသင်းထုံ





ရောက်လာသဖြင့် မြမြတင်သည် ဒေါ်သင်းထုံအား ခေါင်းငုံ့၍ ကြည့်လိုက်ပြီးမှ ဦးညိုမောင်ဆီသို့ လှည့်၍–

"သမီး ဘာမှ မဖြစ်ပါဘူး ဖေဖေရယ်၊ ဒါပေမယ့် သမီး မေမေ့ကို မေးချင်တာ တစ်ခု ရှိတယ်။ ဖေဖေမှန်မှန် ပြောမလား"

ဦးညိုမောင်သည် ဒေါ်သင်းထုံအား မျက်လွှာလှန်ကြည့်လိုက်ပြီးမှ–

"မေးလေ သမီးမေးပေါ့"

"မနက်က ဆရာမကို ပေးလိုက်တဲ့ စာထဲမှာ ဖေဖေ ဘာတွေ ရေးလိုက်သလဲဟင်"

ဦးညိုမောင် ရုတ်တရက် အဖြေမပေး၊ မိမိရေးလိုက်သော စာကို မြမြတင် ဖောက်၍များ ဖတ်လေသလောဟု တွေးမိကာ–

"သမီး ဖတ်မကြည့်ဘူးလား"

"ဖေဖေ ပေးလိုက်တဲ့စာကို သမီး လမ်းမှာ ဖောက်ဖတ်တယ် ထင်လို့ ဒီလိုမေးတာလား ဖေဖေ၊ ဒါဟာ သမီးနဲ့ဆိုင်တဲ့ စာမှ မဟုတ်ဘဲနဲ့၊ သမီးက ကြားဖြတ်ပြီး ခိုးဖတ်ပါ့မလား၊ ဒီလိုတော့ မစွပ်စွဲပါနဲ့ ဖေဖေရယ်၊ ကိုယ့်နာမည်တပ်ထားတာ မဟုတ်ဘဲနဲ့ ဖောက်ပြီးဖတ်တာဟာ အင်မတန် ရိုင်းစိုင်းတဲ့ အပြုအမူရယ်လို့ သမီး နားလည်ပါတယ်"

မြမြတင်၏ အမူအရာမှာ ဝမ်းနည်းသည့် လက္ခဏာပေါ်နေသော်လည်း ရာခိုင်နှုန်းအပြည့် ယဉ်ကျေးလေးနက်လှသော သူ့စကားများကို ကြားလိုက်ရသဖြင့် ဦးညိုမောင်မှာ အညွှတ်အနူး သည်းလှိုက်အူလှိုက် မြူးသွားလေတော့၏။

"စိတ်မဆိုးနဲ့နော် သမီး ဖေဖေ စကားပြော မှားသွားတယ်၊ ဆရာမကို ပေးလိုက်တဲ့ စာဟာ သမီးစာတော်ရဲ့လားလို့ စုံစမ်းတာ

www.burmeseclassic.com



ပေါ့၊ မနက်ကတောင် သမီးကို ပြောလိုက်မိသေးတာပဲ သမီးက ဘယ်လိုများ ထင်လို့ ထပ်မေးနေရပြန်တာလဲကွဲ"

နီညိုရောင်နှင့် တပြောင်ပြောင် တောက်နေသော ပျဉ်းကတိုးသားကြမ်းပြင်ကို ခြေမနှင့် ခြစ်ကုတ်ရင်း ခေါင်းငုံ့တွေဝေနေသော မြမြတင်သည် တဖြည်းဖြည်း မော်လာကာ အတော်ကြာအောင် စဉ်းစားနေသေး၏။ ပြီးမှ–

"ဒီမှာ ဖေဖေ သမီး(၇)တန်းရောက်တာ (၅)လပြည့်တော့မယ်။ သမီးတို့ ဆရာမဟာ ဒီနေ့ပြောတဲ့ စကားမျိုး တစ်ခါမှ မပြောဘူးဘူး၊ ဒီနေ့တော့ ဖေဖေ့စာလည်း ဖတ်ပြီးရော (နားနဲ့မနာဖဝါးနဲ့ နာပါ ဖေဖေရယ်) လျှောက်ပြောလိုက်တာ အချစ်အကြောင်း၊ ရည်းစားမထားသင့်တဲ့အကြောင်း၊ အို–စုံလို့ပါပဲ ဖေဖေ၊ တကယ်လို့ ဒီစကားတွေကို လွန်ခဲ့တဲ့ သုံးရက်လောက်က(ဆိုပါတော့) ဖေဖေ့စာမရခင်ကသာ ပြောရင် သမီး ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ခုတော့ ဖေဖေ့ စာဖတ်ပြီးပြီးချင်း ဒါတွေပြောတော့ ဖေဖေ ဘာတွေ ရေးလိုက်လို့ပါလိမ့်ဆိုပြီး သမီးဖြင့် တစ်နေ့လုံး စိတ်မကောင်းဖြစ်နေမိတယ်။

မြမြတင်သည် စကားပြောတတ်သည့် အရွယ်ကစ၍ ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောတတ်၏။ ဘီစကွတ်မုန့် လျော့နေ၍ မေးလျှင် သူခိုးစားသည်ဟု အမှန်အတိုင်းပြောကာ ကြွေခွန်းပျောက်၍ မေးလျှင် သူကစားသောကြောင့် ကျိုးသွားပြီဟု ဝန်ခံတတ်၏။ ယခုလည်း သူသိလိုသော အချက်ကို ပွင့်ပွင့်လင်းလင်း မေးနေပြီဖြစ်ရာ ထိုအချိန်၌ သူ့အား တစ်စုံတစ်ရာ ပြန်မေးပြန်လျှင်လည်း သူသည် ပွင့်ပွင့်လင်းလင်းပင် ပြန်ဖြေလိမ့်မည်ဟု ဦးညိုမောင် ယုံကြည်၏။ သို့သော် ဘာမျှ မမေးဘဲ–





"ဖေဖေ ရေးလိုက်တဲ့ စာဟာ သမီးထင်သလို မဟုတ်ဘူးဆိုတာကို မယုံသက်ာ ဖြစ်နေသလား သမီးက"

မိမိက မေးသောကြောင့် ဖြေရသည်ထက် သူ့အလိုအလျောက် မထောက်မကွယ် ဖြေသည်ကို ပိုမိုလိုလားသည့်အတိုင်း ဦးညိုမောင်သည် ဤသို့သော ပရိယာယ်ဖြင့် အလိမ္မာသုံးလိုက်၏။

"ပြီးတော့လည်း ဖေဖေရဲ့ ဆရာမဟာ စကားပြောနေရင်းက သမီးကိုချည့် မကြာခဏ လှမ်းလှမ်းကြည့်တယ်၊ ကြည့်ရုံတင်မကသေးဘူး သူ့စကားလည်းဆုံးရော သမီးကို ထ,ခိုင်းပြီး–

"မြမြတင် မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် ပညာသင်နေတဲ့ အချိန်မှာ ရည်းစား ထားသင့်သလားတဲ့"

"အဲဒီတော့ သမီးက ဘယ်လိုဖြေလိုက်သလဲ"

"မထားသင့်ဘူးလို့ ဖြေမှ ဆရာမက သဘောကျမယ် မဟုတ်လား ဖေဖေ"

ဦးညိုမောင်ရော ခေါင်းထဲပါ မျက်လုံးပြူးသွား၏။

"ဒို့ သမီးက ထားသင့်တယ်လို့ ဆိုချင်သလား"

"ဒါဟာ မေးကို မမေးသင့်ဘူးဖေဖေ၊ ဒါပေမယ့် ဆရာမကျေနပ်အောင် မထားသင့်ဘူးလို့ဘဲ ဖြေလိုက်ပါတယ်။ ဘယ်သူ့မေးမေး ဒီလိုဖြေကြမှာပဲ၊ နောက်မှ ကိုယ်ထင်တာ ကိုယ်လုပ်ကြတာ"

မြမြတင်၏ လိမ္မာပါးနပ်လှသော အတွေးနှင့် အပြောကို သဘောကျလှသဖြင့် ဦးညိုမောင်သည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်သလောက် ခေါင်းထဲမှာ သမီး၏ အဖြေကို မကျေနပ်သလို မှဲမှဲရှုံ့ရှုံ့နှင့် ကြည့်နေ၏။

"အေး–ဒီလိုဆို သမီးမှန်တာပေါ့။ ဒါနဲ့ ဖေဖေ့စာကို သမီးက ဘယ်လို ထင်လို့ မေးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေး နှင့် နုနေသော သူ့ဖြေဖမိုးကလေးများကို ငုံ့ကြည့်နေရာမှ ခေါင်းကလေးတဖြည်းဖြည်း မော်လာပြီး အတော်ကြာအောင် စဉ်းစားသလို တွေနေပြီးမှ—

"သမီး ပြောမယ်ဖေဖေ၊ အမှန်အတိုင်းပဲ ဖွင့်ပြောတော့မယ်၊ စနေနေ့က ဖေဖေ လာပေးတဲ့ စာဟာလေ သမီးသူငယ်ချင်းဆီက စာလို့ အဆူခံရမှာ ကြောက်တာနဲ့ လိမ်ပြောခဲ့တာ၊ မဟုတ်ဘူး ဖေဖေရဲ့ အဲဒါ ရည်းစားစာ"

ဤသို့ ပြောလိုက်သော မြမြတင်၏ စကားသည် ဦးညိုမောင်အဖို့ တစ်စုံတစ်ရာ မထူးဆန်းလှသော်လည်း ဒေါ်သင်းထုံကားအတော်ကလေး အံ့အားသင့်သွားလေ၏။ မြမြတင်သည် ဖခင်ကြီးအား ကြည်ညိုရိုသေသော မျက်လုံးများဖြင့် တစ်ချက်မော်ကြည့်လိုက်ပြီးမှ—

"သမီး ခုလို အမှန်အတိုင်း ဖွင့်ပြောရက်နဲ့ ဆူလား၊ ကြိမ်းလား လုပ်မယ်ဆိုရင်တော့ နောက် ဘယ်တော့မှ မပြောတော့ဘူး..."

"ဒီမှာ သမီးရဲ့၊ ဒီစာနဲ့ ပတ်သက်ပြီး ဖေဖေ ဘယ်လိုပြောခဲ့တယ်ဆိုတာ မေ့ပြီလား"

"သမီး သေသည့်တိုင်အောင် မမေ့ပါဘူး ဖေဖေ၊ သမီးလည်း ဒီကိစ္စကို ဖွင့်ပြောသင့်၊ မပြောသင့် စဉ်းစားနေခဲ့တယ်၊ ကျောင်းရောက်တော့ ဆရာမက ဖေဖေ့စာလည်း ဖတ်ပြီးရော ရည်းစားစာအကြောင်း၊ အချစ်အကြောင်းတွေပြောပြီး ဆုံမတော့ သမီးကလည်း ဒီအချိန်မှာ ရည်းစားစာ ရထားတဲ့အပြင် ဆရာမက သမီးကိုချည့် ခဏခဏ အကဲခတ်နေပြန်တာနဲ့ သမီး စိတ်မလုံတော့ဘူး။ ဖေဖေများ ဒီစာအကြောင်းသိလို့ ဆရာမဆီ စာရေးလိုက်သလားလို့ တွေးမိတယ်"





"နို့ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ဖေဖေ ဘာမှ မသိဘူးဆိုတာကို ကျိန်ပြောရင်ကော သမီးယုံမှာလား"

"အို... ဖေဖေရယ်၊ ကျိန်ပြောဖို့ မှလိုပါဘူး၊ သမီး ယုံပါတယ်၊ နောက်ပြီး သမီးလည်း စဉ်းစားမိပါတယ်၊ တကယ်လို့ ဖေဖေတို့ဟာ ဒီပြင် မိဘတွေမှာ ထားတဲ့ စိတ်မျိုးရှိရင် ဒီစာဟာ သမီးလက်ထဲကို ရောက်လာမှာ မဟုတ်ဘူးလို့၊ ဒီနောက် အဲဒီစာဟာ ရည်းစားစာ ဖြစ်နေသည့်တိုင်အောင် သမီးနဲ့သာ ဆိုင်တဲ့အတွက် သမီးကိုသာ ပေးမှာပဲလို့ ဖေဖေက ပြောလိုက်တော့ သမီးစိတ်ထဲမှာ ဘယ်လိုဖြစ်သွားတယ်မသိဘူး တစ်မျိုးချည်းပဲ၊ ဒါကြောင့် သမီးအပေါ်မှာ ဒီလောက် စေတနာကောင်းတဲ့ ဖေဖေ့ကို သမီးတာရှည် မလှည့်စားချင်တော့လို့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဖွင့်ပြောတာပဲ ဖေဖေ"

ဦးညိုမောင်သည် ရန်သူသိမ်းထားသော မြို့တစ်မြို့ကို ဝင်ရောက်တိုက်ခိုက်အောင်မြင်သည့် စစ်ဗိုလ်၏ မျက်နှာမျိုးကဲ့သို့... "ကိုင်း ဘယ့်နှဲ့ ရှိစ" ဟူသော အသွင်မျက်နှာပေးဖြင့် ဒေါ်သင်းထုံအား လှမ်းကြည့်လိုက်သောကြောင့် ဒေါ်သင်းထုံ နှုတ်ခမ်းစူသွား၏။

"ဒါကြောင့် ဟိုနေ့က ဖေဖေပြောတယ်မဟုတ် ..ား၊ သမီးမှာ စဉ်းစားတတ်တဲ့ ဉာဏ်ရှိတယ်လို့၊ ခုအတိုင်းဆို...ာ သမီးဟာ ဖေဖေသင်တာထက်ပိုပြီး လိမ္မာတယ်လို့ ဆိုရမှာပဲ ..လို သမီးက အမှန်ကို ဖွင့်ပြောပေမယ့် ဒီကိစ္စထဲမှာ ..ေဖေတို့ ဘာမှ ဝင်မရှုပ်ဘူးဆိုတာတော့ သမီးယုံ၊ အဲဒါကို သမီး ကြိုက်သလို ဆုံးဖြတ်၊ ကျေနပ်သလို လုပ်ပေါ့ ဟု..လား သမီး"

မြန်မာ့အစဉ်အလာကို စည်းကမ်း.. ..ကြ်သ..လို ဤမှ..လာက် သမီးကို လိုက်လျောရပါမို့လား ဟူ.. ..ာ မျက်နှာထားမျိုးဖြင့်

www.burmeseclassic.com



ဒေါ်သင်ထုံသည် ဦးညိုမောင်အား သဘောမကျသလို ကြည့်နေ၏။ ဦးညိုမောင်မှာမူ မိမိစကားဆုံးသည်နှင့် မြမြတင်အား မသိမသာ အကဲခတ်လျက် ရှိသည်တွင်...

သားသမီးအပေါ်၌ အသက်နှင့်စက်၍ ရက်ရက်ရောရော ချစ်သည့် မည်သည့်မိဘပင် ဖြစ်စေကာမူ မြန်မာမှန်လျှင် ထိုမျှသော အခွင့်အရေးကို ပေးမည်မဟုတ်၊ သားသမီးများကလည်း ထိုအခွင့်အရေးသည် မိမိတို့အကယ်ပင် ရထိုက်သော အခွင့်အရေးဟု ယူဆကာ မရအရ အဓမ္မနည်းနှင့်ဖြစ်စေ၊ အလိမ္မာသုံး၍ဖြစ်စေ ထိုအခွင့်အရေးကို ယူလိုကြ၏။ ထို့အတူ မြမြတင်သည်လည်း ငယ်ရွယ်သူတို့၏ ဘဝ ထ,ကြွနေသော အချစ်စိတ်၏ စေ့ဆော်မှုကြောင့် သူ့သဘောအတိုင်း သူထင်သလို ဆုံးဖြတ်နိုင်ခွင့်ကို တောင့်တခဲ့၏။ မရလျှင် ရသည့်နည်းနှင့် ယူမည်သာ ဖြစ်၏။

သို့သော်... ဤ၍ဤမျှ ရနိုင်ခဲလှသော အခွင့်အရေးကို ဦးညိုမောင်သည် အေးအေးဆေးဆေး မတောင်းဘဲနှင့် ပေးလိုက်သည်၌ မြမြတင်မှာ ထိုအခွင့်အရေးကိုပင် လက်မခံဝံ့သလို တွန့်ဆုတ်ဆုတ် အမူအရာမျိုး ပေါ်နေ၏။ တော်ရုံမိဘများ မထားနိုင်သည့် စိတ်မျိုးဖြင့် မိမိအား လိုက်လျောသမှု ပြုနေသည့် ဖခင်ကြီး၏ စေတနာကို အသေအချာသုံးသပ်ဝေဖန်မိသော မြမြတင်မှာ အတိုင်းမသိ ဝမ်းမြောက်မိသောအနေဖြင့် မျက်ရည်ပင် ဝဲလာတော့ကာ...

"မလုပ်ဘူး ဖေဖေ၊ သမီးသဘောနဲ့ သမီး ဘယ်တော့မှ မလုပ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဖေဖေတို့ကို အသိပေးမယ် ယုံပါ ဖေဖေ၊ ဖေဖေတို့ မသိဘဲနဲ့ သမီးဘာမှ မလုပ်ဘူးဆိုတာကိုတော့ တကယ်ပဲ ယုံပါ ဖေဖေရယ်နော်"





မြမြတင်သည် ဝမ်းသာလွန်းသောကြောင့် ဖြစ်ပေါ်လာသော အသံတုန်တုန်ကလေးဖြင့် ဤသို့ ပြောလိုက်ပြီး ဝဲရာမှစို့ မကြာမီ ယိုကျလာတော့မည့် သူ့မျက်ရည်ကို မထိန်းနိုင်သောကြောင့်လား မသိ ဖြုန်းခနဲထ,၍ အခန်းတွင်းသို့ ပြေးဝင်သွားလေတော့သည်။

❖

စန္ဒရားဝယ်ပေးမည်ဟု ကတိပေးထားခဲ့သော စနေနေ့ နံနက် ၇-နာရီခန့်အချိန် ဦးညိုမောင်နှင့် ဒေါ်သင်းထုံသည် ကာဖီသောက်ရင်း စကားပြောနေခိုက် မီးဖိုချောင်ဆီမှ ဆူဆူညံညံ အသံကြားသဖြင့် ဦးညိုမောင်တို့ နှစ်ယောက်စလုံးပင် မီးဖိုထဲသို့ ပြေးဝင်သွားသည်၌ အဝတ်လျှော် ထမင်းချက် အဖက်ဖက်မှ ကူညီရန် ခေါ်ထားသည့် မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ဖြစ်သော မထွေးသည် ဒေါသတကြီးနှင့် ရန်းကန်နေသူ မြမြတင်အား ဆွဲထားလျက် အခြားမကွန့်ဆိုသူ မိန်းကလေးမှာမူ မီးဖိုနားတွင် ထိုင်ရင်း ပါးတစ်ဖက် ပွတ်နေသည်ကို တွေ့ရသောကြောင့်...

"ဘာဖြစ်တာလဲ သမီး"

သို့မေးလိုက်သော ဦးညိုမောင်၏ အသံကို ကြားမှ ဒေါသူပုန်ထနေသူ မြမြတင်မှာ ချက်ချင်းငြိမ်သွားပြီး...

"မဟုတ်ဘူး ဖေဖေရဲ့၊ သမီးက ပေါင်မုန့်စားချင်လို့ မီးကင်ခိုင်းတာကို မမကွန့်က ပေါင်မုန့်ကို မီးဖိုပေါ်တင်ထားပြီး စကားများနေတယ်။ ဒါနဲ့ သမီးက ဟိုမှာ မမကွန့် ပေါင်မုန့် မီးကျွမ်းကုန်တော့မယ်လို့ ပြောတော့ "ငါသိတယ်၊ နင်ဆရာလာမလုပ်နဲ့တဲ့"

"အင်း-ဟုတ်ပြီ၊ အဲသည်တော့ သမီးက ဘယ်လိုပြောလိုက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပါးချလိုက်တာပေါ့"

"ပါးချလိုက်တယ် ဟုတ်လား၊ သမီးတယ်မိုက်ပါလားကွဲ့၊ ဟော သမီးနဲ့ မကွန့် ဘယ်သူက အသက်ကြီးသလဲ"

"မမကွန့်က ကြီးပါတယ် ဖေဖေ"

ဦးညိုမောင်သည် သမီးကလေးအား အသက်လောက် ချစ်သည် မှန်သော်လည်း စည်းမဲ့ကမ်းမဲ့ အလိုလိုက်သူမဟုတ်။ အချို့သော ဓနုရှင်တို့၏ သားသမီးများသည် အိမ်မှ အစေခံများအား (အသက်ကြီးသည်ငယ်သည်) နားမလည်။ မိထွေး၊ မိညွန့် စသဖြင့် "မိ"တပ်၍ ခေါ်သည်ကို မိဘများက တားမြစ်ပိတ်ပင်ခြင်းမရှိ။ ကျေကျေနပ်နပ် ခွင့်ပြုလေ့ရှိကြသော်လည်း ဦးညိုမောင်ကား လုံးဝ ခွင့်မပြု။ မမတန်လျှင် မမ၊ ဒေါ်ဒေါ်တန်လျှင် ဒေါ်ဒေါ် လျော်သလိုသာ ခေါ်စေ၏။ ယခု သူ့အိမ်တွင်ရှိသော မိန်းကလေး နှစ်ယောက်ကိုလည်း မမကွန့်၊ မမထွေးဟူ၍သာ ရှိသေလေးစားခေါ် ရမည်ဟု ယဉ်ကျေးမှုကို အတန်းအစား မခွဲခြားဘဲ အသုံးပြုခဲ့၏။

"ဒါဖြင့် ဘာလို့ သမီးက ပါးရိုက်ရသ[ေလ]၊ သမီး မေမေ တောင် မကွန့်တို့ကို ပါးမရိုက်ဘဲနဲ့ သမီးက [ဘာ]ကြောင့် ဒီလို လုပ်ချင်ရတာလဲ ပြောစမ်း၊ နို့ပေါင်မုန့်ကော ကြွမ်းသွားပလား"

"မကြွမ်းသေးပါဘူး [ဖ]ဖေ"

"အေး မီးကြွမ်းလို့ [ပျက်စီး]သွားတောင် သမီ[း] ဒီလို မလုပ်ရဘူး လူကြီးကို၊ ကဲ–ဒါကိုတော့ ဖေဖေ သည်းမခံနိုင်ဘူး၊ သမီးကို ရိုက်ရလိမ့်မယ် လာခဲ့"

ဦးညိုမောင်သည် [ဤ]သို့ပြောဆိုဆို မြမြတင်၏ လက်ကို လှမ်းဆွဲလိုက်သည်နှင့် အရိုက်ခံရသူ မကွန့်သည် ပျာပျာသလဲ ထ,လာပြီး...





"ဒီတစ်ခါတော့ ခွင့်လွှတ်ပါ ဘဘကြီးရယ် မရိုက်ပါနဲ့ မြမြဟာ ကလေးပဲ၊ နားမလည်လို့ ပြုမိတာ ကျွန်မ စိတ်မဆိုးပါဘူး တောင်းပန်ပါရစေ ဘဘကြီးရယ်"

မကွန့်သည် ဤသို့ပြောရင်း မြမြတင်အား ဖက်ထားသော ကြောင့် ဦးညိုမောင်သည် ပါးရိုက်ခံရသူ ပါးရိုက်ခံရသူ မကွန့် ကိုယ်တိုင်က တောင်းပန်နေသည် ဖြစ်သောကြောင့် မြမြတင်အား လွှတ်လိုက်ရင်း–

"ဒီလိုနဲ့ မရဘူး၊ ကဲ–သမီးကြည့်စမ်း မကွန့်ကို ဘယ်လောက် သနားစရာကောင်းသလဲ၊ ပါးလည်း အရိုက်ခံရသေးရဲ့ သမီးကို ရိုက်မယ်ဆိုတော့လည်း သမီးအသားနာမှာကို သူမကြည့်ရက်ရှာ ဘူး၊ သူကပဲပြန်ပြီး တောင်းပန်နေရှာတယ်။ သမီး မကွန့်ကို မချစ်ဘူးလားဟင်"

မြမြတင်သည် မိမိအား ဖက်ထားသူ မကွန့်အား ကြင်နာ စွာနှင့် မော်ကြည့်လိုက်ပြီးမှ–

"ချစ်ပါတယ် ဖေဖေ"

"ကဲ–ချစ်လို့ရှိရင် ညီမလေး နုလို စော်ကားမိတာ ဗွေမယူ ပါနဲ့ မမကွန့်ရယ် ခွင့်လွှတ်ပါလို့ ပြောပြီး ထိုင်ကန်တော့လိုက်"

မြမြတင်လည်း ချက်ချင်းဆိုသလိုပင် ဖခင်ကြီး ပြောသည့် အတိုင်း ပါးစပ်မှ ရေရွတ်ရင်း ကန်တော့လိုက်သောကြောင့် မကွန့် ကိုယ်တိုင်ပင် မျက်ရည်လည်မတတ် ကျေနပ်ဝမ်းမြောက် သွားရာမှ မြမြတင်၏ ပါးကလေးကို တအားဖက်၍ နမ်းလိုက် မလေ၏။

"ဘယ်သူ့ငွေးမှ ရက်ရက်ရောရော မပေးနိုင်သေးတဲ့ အခွင့် အရေးကို ဘဘကြီး ပေးထားတယ်နော်၊ အေး မကွန့်တို့ကလည်း ရောင့်မတက်ကြနဲ့ ပြေပြေပြစ်ပြစ် ပြောကြဆိုကြ[ပေ]ါ့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောရင်း အစေခံနှင့် သူဌေးသမီး ရင်နှီးစွာ ပွေ့ဖက်၍ ရက်ရက်ရောရော ကျေနပ်ကြသည့်၏ အဖြစ်ကို ရင်နှင့်အောင် သဘောကျသွားသော ဒေါ်သင်းထုံအား လက်တို့၍ ထမင်းစားခန်းသို့ ဝင်ခဲ့ကြကာ သောက်လက်စ ကော်ဖီကို ကိုယ်စီကိုင် အရသာခံလျက် ရှိကြလေ၏။

"ကိုညိုမောင်တို့ လုပ်လိုက်မှဖြင့် အဆန်းချည်းပဲ၊ သူဌေးသမီးက အစေခံကို ကန်တော့ပြီး တောင်းပန်ခိုင်းရတယ် လို့တော်၊ ကြား မကြားဘူးပါဘူး"

ဒေါ်သင်းထုံသည် အကယ်၍ ဦးညိုမောင်အပေါ်တွင်သာ ရာခိုင်နှုန်းအပြည့် လွှမ်းမိုးခဲ့သည်ဖြစ်ပါက ယခု ဖြစ်ပျက်နေသော မကွန့်နှင့် မြမြတင်အမှုတွင် မြမြတင်ကိုသာ တစ်ဖက်သတ် အနိုင်ပေးမည်မှာ သူ့စကားအရ ထင်ရှားနေတော့၏။ ယခုမူ ဦးညိုမောင်၏ အမိန့်အာဏာကို မလွန်ဆန်ဝံ့၍သာ တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မရှိသော်လည်း ဝမ်းထဲ၌ရှိ သဘောထားကိုမူကား ပြောကြားနိုင်သော အခွင့်အရေးရှိသေးသည့်အလျောက် ဤသို့ စကား စ,လိုက်သဖြင့်—

"ဘာလဲကွ၊ မိမိထက် ထစ်မိနစ်ကြီးသောသူ၊ တစ်နာရီကြီးသောသူကို ရှိသေလေးစားရမယ်ဆိုတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ သူဌေးသူဌေးချင်း၊ အစေခံ အစေခံချင်းမှ ကျင့်သုံး,ရမယ်လို့ မင်းထင်နေသလား၊ အေး ဒါဟာ သိပ်တော့ မဆန်းလှဘူး၊ ခုရှိနေတဲ့ သူဌေးကတော်၊ မင်းကတော်တိုင်းလိုလို ကျင့်သုံးနေကြတဲ့ လမ်းစဉ်(အဆွေးကြီး)ပေါ့၊ ဒါပေမယ့် ငါသား,ခဉ်မြေးဆက်ကိုတော့ ဒီလို ပေါက်လွှတ်ပဲစား ခွင့်မပြုနိုင်ဘူး၊ သူတောင်းစားဖြစ်ပစေ ကိုယ့်ထက်ကြီးရင် လူတစ်ယောက်အဖြစ်နဲ့ ရှိသေရမယ်၊ လေးစားရမယ်၊ ခု မင်းသမီးဘက်ကနေပြီး ပြောလိုက်တာပဲ၊ ကဲ–မကွန့် ကို မင်းသမီးလို သဘောထားပြီး တွေးကြည့်လိုက်စမ်း၊ ငါလုပ်တာ မှားသလား၊ မှန်သလား"

ဒေါ်သင်းထုံ ငိုင်သွား၏။ တစ်စုံတစ်ရာ ဘာမျှ မပြောသေးဘဲ ရီဝေသော မျက်လုံးများဖြင့် ကော်ဖီပန်းကန်ကိုသာ စိုက်ကြည့်နေပြီး အတန်ကြာမှ—

"အေး ဒီလိုဆိုတော့လည်း ဟုတ်တာပဲ၊ မရှိဆင်းရဲလို့ သူများအိမ်မှာ အစေခံလုပ်နေကြရတာ တကယ်ဆိုတော့ လူ–လူချင်း မတရား နှိပ်စက်ညှဉ်းပန်းတာ ဘယ်တရားမလဲ၊ ဟုတ်တယ် ဟုတ်တယ် ကိုညိုမောင် ရှင်ပြောတာ သိပ်မှန်တဲ့ စကားပဲ"

ဤသို့ လိုက်လိုက်လှဲလှဲ ဝန်ခံပြောဆိုလိုက်သော ဒေါ်သင်းထုံ၏ စကားကြားရသည်နှင့် ဦးညိုမောင်မှာ အမြင်မှန် ရလာသော မယားအတွက် ဟက်ဟက်ပက်ပက်ကြီး ကျေနပ်သွားလေတော့၏။

ထိုအချိန်၌ မြမြတင်သည် ဧည့်ခန်းလယ်တွင် ထိုင်၍ ဝဲ,ယာ ဘေးနှစ်ဖက်ရှိ မကွန့်နှင့် မထွေးကို အားပါးတရ ဖက်ထားရာမှ—

"မမကွန့် စိတ်မဆိုးနဲ့နော် မြမြ တောင်းပန်ပါတယ်၊ မြမြက တစ်မျိုးပဲ ဖြန်းခနဲဒေါသဖြစ်မိရင် ဘာမှ မစဉ်းစားတော့ဘူး၊ လုပ်ပစ်လိုက်ချင်တာပဲ၊ မကောင်းဘူး၊ ဒီလိုစိတ်မျိုးရှိအော ကောင်းကို မကောင်းပါဘူး မမကွန့်ရယ်"





www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ ညီမရယ်၊ ကိုယ့်အမှားကို မှားတာရယ်လို့ သိတတ်ဝန်ခံတတ်တာပဲ တော်လှပြီ၊ မမကွန့်လည်း နေဖူးပါတယ် သူဌေးအိမ်၊ ဝန်ကတော်အိမ်၊ မင်းကတော်အိမ်၊ ဒါပေမယ့် ညီမတို့ အိမ်မှာ နေရတာလောက် ဘယ်အိမ်မှာမှ စိတ်မချမ်းသာခဲ့ဘူး၊ ဘဘကြီးလို သူဌေးမျိုးတော့ ရှားကို ရှားပါတယ် ညီမရယ်၊ ဘဘကြီးကို ကျေးဇူးတင်တဲ့အကြောင်း ပြောရင်းနဲ့ပဲ တစ်နေ့တစ်နေ့ အချိန်ကုန်နေရတော့တယ်"

"သမီးရေ"

သူဌေးသမီးနှင့် အစေခံ ချေငံစိတ်ထားသဖြင့် အတန်းအစားမခွဲ နက်နဲလှသော မြန်မာ့ယဉ်ကျေးမှုသဘောကို ဖောဖောသီသီ သုံးရင်း ပျော်တပြုံးပြုံးဖြစ်နေကြစိုက်၊ သို့ခေါ်လိုက်သော ဦးညိုမောင်၏ အသံကို ကြားသည်နှင့် မြမြတင်သည် မကွန့်၏ ပါးနှစ်ဖက်ကို နှစ်ချက်တိတိ မွှေးလိုက်ပြီးမှ ထမင်းစားခန်းသို့ ပြေးဝင်သွားလေ၏။

"ကဲ သမီး(၈)နာရီ)ထိုးပြီ၊ ရေမိုးချိုး အဝတ်အစားလဲပေတော့–စန္ဒရားသွားဝယ်ရအောင်"

မြမြတင်မှာလည်း မူလ စန္ဒရားကို အလွန်မက်မောခဲ့၏၊ တောင့်တခဲ့၏။ ယခု ဦးညိုမောင်က သူအလွန်လိုလားနေသော စန္ဒရားကို ဝယ်ပေးတော့မည် ရှိရာ၌ ရတ်တရက် ဝမ်းသာသော်လည်း သေသေချာချာ စဉ်းစားလိုက်သောအခါတွင်ကား မြမြတင်မှာ စန္ဒရား တီးတတ်ဖို့ ဝေးစွ၊ သီချင်းကိုပင် စီးချက်၊ ဝါးချက်နှင့် ကိုက်အောင် တစ်ကြိမ်မျှ မဆိုဘူးသော သူ၏ အရည်အချင်းကို စဉ်းစားမိသည်၌ မြမြတင်မှာ အူကြောင်ကြောင် ယောင်ချာချာနှင့်





ကာ ဘယ်လို ဆုံးဖြတ်ရမည်ကိုပင် တွေးမရအောင် လေးအံ့ကြီး ဖြစ်နေလေ၏။

"ဘာငိုင်နေတာလဲ သမီးရဲ့ သွားလေ ရေချိုးချည်"

ဤတွင်မှ မြမြတင် သတိရသလို လှုပ်ရှားလာ၏။

"မလိုချင်တော့ပါဘူး ဖေဖေရယ် စန္ဒရားဝယ်လို့ ပိုက်ဆံကုန်ရုံရှိမှာပဲ သမီးမှ မတီးတတ်တာ ရှက်စရာတောင် ကောင်းပါသေးတယ်၊ တော်ပြီး မဝယ်ချင်တော့ဘူး"

မှန်သောအမြင်ဖြင့် မှင်သေသေ ပြောလိုက်သော မြမြတင်၏ စကားကို ကြားရသည်နှင့် ဦးညိုမောင်သည် နှစ်သိမ့်အားရ သဘောကျလှသော ပြုံးခြင်းမျိုးဖြင့် ပြုံးလိုက်၏။ သူ့အဖို့–ကိုယ့်အတွက် မည်သည့်ဘက်တွင်မျှ အကျိုးမထင်သော အမိပ္ပါယ် မရှိသည့် အလုပ်မှန်လျှင် ဘာမျှ လုပ်လေ့မရှိသော ဦးညိုမောင်သည် မျှလှင့်အုံ့ဆဲဆဲ တဲတဲကလေး ဖြစ်နေသည့် သမီးစိတ်ကို ထိန်းလိုသောကြောင့် သူမက်မောလှသည့် စန္ဒရားကို ဝယ်ပေးရန် စိတ်ပိုင်းဖြတ်ခဲ့ရသော်လည်း စိတ်ပါလှသည်မဟုတ်၊ မလုပ်မဖြစ်သောကြောင့် လုပ်ရမည့်ကိစ္စဟု သဘောထားခဲ့ရာတွင် ယခု သမီးဖြစ်သူကိုယ်တိုင်က မိမိစိတ်နှင့် ဟပ်၍ တစ်ထပ်တည်း အမြင်မှန်ရစွာ ဤသို့ ပြောလိုက်သည်ကို ကြားရသည်၌ ဦးညိုမောင်သည် သမီးကလေးအား ပွေ့ဖက်၍ ရက်ရက်ရောရော ချီးကျူးလိုက်ချင်၏။ သို့သော် သမီးဖြစ်သူက မိမိစေတနာကို တစ်မျိုးတစ်မည် ထင်သွားမည်စိုးသောကြောင့်–

"ဘာခက်တာလိုက်လို့ သမီးရယ်၊ စန္ဒရားဆရာတစ်ယောက် ခေါ်ပြီးသင်ရင် တတ်တာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ဖေဖေရာ၊ တော်တော်ကြာ သမီး စန္ဒရားဆရာနဲ့"

မြမြတင်သည် စကားကို ရပ်လိုက်ပြီး ရှေ့ဆက်ပြောမည်ကိုပင် ရုတ်တရက် ပြောမထွက်သလို ရှက်စနိုးဖြစ်နေသောကြောင့်–

"ဘာဖြစ်သလဲ သမီးရဲ့ ပြောစမ်းပါဦး"

"ဟုတ်တယ်ဖေဖေရဲ့ ဟိုတစ်နေ့က ဆရာမပြောတဲ့ စကားတွေထဲမှာပါတယ်၊ သမီးတို့လို အပျိုပေါက်စ အရွယ်တွေဟာ ယောကျ်ားဆိုရင် ဘယ်လိုယောကျ်ားနဲ့မှ ပူးပူးကပ်ကပ် မနေသင့်ဘူးတဲ့၊ ကုန်ကုန်ပြောရင် မယားရှိတဲ့ လူအိုယောကျ်ားဖြစ်စေ၊ ကိုယ်နဲ့ဘာမှ မတော်ရင် လုံးလုံးထွေးထွေး မနေရဘူးတဲ့၊ ခု–ဖေဖေက သမီးအပျိုပေါက်ကလေးကို စန္ဒရားဆရာနဲ့ ခေါ်သင်ပေးမယ်ဆိုတော့"

မြမြတင်သည် စကားကို ရုတ်တရက် မဆက်သေးဘဲ မိဘနှစ်ပါးစလုံးကို ပြုံးစစနဲ့ ကြည့်လိုက်ပြီးမှ…

"စန္ဒရားဆရာနဲ့ သမီးပါသွားမှာ မစိုးရိမ်ဘူးလား"ဟု မေးမေးပြောပြောနှင့် ဦးညိုမောင် ရင်ခွင်ထဲသို့ ကိုယ်လုံးပစ်ဝင်ပြီး တခစ်ခစ် ရယ်နေသောကြောင့်…

"အရှုးမ"

အကယ်၍ ဦးညိုမောင်နှင့် ဒေါ်သင်းထုံ တစ်ဦးဦးကသာ စက္ကန့်ဝက်လောက် နောက်ကျသွားမည်ဆိုလျှင် ထို"အရှုးမ"ဆိုသော အသံသည် နှစ်ကြိမ်တိတိ ပေါ်လာဖွယ်ရာရှိ၏။ ယခုသော် အပြောချင်းဆိုင် တစ်ပြိုင်တည်း ထွက်သွားသောကြောင့် တစ်ကြိမ်တည်းသာ ကြားလိုက်ရပြီး မိဘနှစ်ပါး၏ မျက်နှာမှာလည်း သားရွှေအိုးထမ်းလာသည်ကို မြင်ရသကဲ့သို့သော အသွင်ဖြင့် ရွှင်ချင်တိုင်း ရွှင်နေကြတော့၏။





"ကဲ…ကဲ ငါ့သမီးက မျှော်မြင်ဆင်ခြင်တတ်ပြီး လိမ္မာရေးခြားရှိတဲ့ သမီးဖြစ်တဲ့အတွက် ဆုတော်လာဘ်တော် ချရမှာပေါ့ကွယ်၊ ဟော့ မသင်းထုံ တနင်္လာနေ့ကျရင် (မြန်မာ့အလင်းစိန်တိုက်)ကို မှာပြီး သမီးဖို့ စိန်ဘယက်တစ်ခု အော်ဒါပေးချည် ါကွယ်"

သို့နှင့် အချိန်ကုန်မှန်းမသိ ကုန်ခဲ့ပြီး ညနေ ၅–နာရီထိုးလုလုတွင် ရေမိုးချိုးသနပ်ခါး ရေကျဲကလေးပွတ်၍ ဝတ်ကောင်းစားလှနှင့် (ကိုက်ကျဆိုက်ကျမဟုတ်) ရိုးရိုးကလေး ယဉ်နေသော မြမြတင်သည် ဖခင်ကြီးရှိရာ အောက်ထပ်သို့ ဆင်းလာပြီး…

"ဒီနေ့၊ လမ်းလျှောက်သွားဦးမလား ဖေဖေ"

ထိုအသံကို ကြားသည်နှင့် ဦးညိုမောင်သည် တပ်ထားသော ကျွဲကော်မျက်မှန်ထဲက မျက်လွှာကို လှန်ကြည့်လိုက်ပြီး၊ ကိုက်ထားသော ဆေးပြင်းလိပ်ကို လက်ညှိုးလက်မနှစ်ခုဖြင့် စုကိုင်နုတ်ယူလိုက်က…

"သွားမှာပေါ့ကွဲ့၊ သမီးကော လိုက်မလား"

"စောစောစီးစီး ရေမိုးချိုး ဝတ်စားဖီးလိမ်းပြီး အဆင်သင့်လုပ်ထားတာ လမ်းလျှောက်လိုက်ချင်လို့ပေါ့ ဖေဖေရဲ့"

အရှေ့မှသည် အနောက်သို့ ဗိုလ်အောင်ကျော်လမ်းအတိုင်း တစ်လှမ်းချင်း လျှောက်လာကြသော ဦးညိုမောင်တို့ သမီးအဘသည် ဗန္ဓုလပန်းခြံသို့ ရောက်သည်နှင့် ထုံးစံအတိုင်း အပန်းဖြေရင်း ရေခဲမုန့်စားပြီးမှ ပန်းခြံအတွင်းရှိ ကတ္တရာစေး လမ်းကလေးအတိုင်း အရှေ့မှအနောက်သို့ ဖြေးဖြေးချင်းလျှောက်နေကြလေ၏။

လွန်ခဲ့သော တနင်္ဂနွေနေ့က မြမြတင်တို့ လမ်းလျှောက်ရာမှ အပြန်တွင် ရိုးတိုက်ဘက် ပလက်ဖောင်းဆီမှ မြမြတင်တို့အား မျက်မြေပြတ်မခံဘဲ တစ်လှည့်ကြည့်ကြည့်နှင့် ဣန္ဒြေမရ ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

သော လူငယ်တစ်ယောက်ကို မြမြတင်ကိုယ်တိုင်ကလည်း မသိမသာ တစ်ခါတစ်ခါ လှည့်ကြည့်ခဲ့ဖူး၏။ ယခုလည်း မြမြတင်တို့ ပန်းခြံအတွင်း၌ လမ်းလျှောက်နေကြစဉ် ထိုလူငယ်သည်ပင် ပန်းခြံအပြင်မှနေ၍ မြမြတင်အား အသနားခံသော မျက်နှာပေးဖြင့် ခပ်ဝေးဝေး ခပ်ခွာခွာ မသိမသာလိုက်လျက် မြမြတင်အား အကဲခတ်လျက် ရှိလေရာ ယခင်နည်းအတိုင်းပင် မြမြတင်မှာလည်း အမှတ်တမဲ့ ယောင်ယောင် မသိမသာလိုလိုဖြင့် ထိုလူငယ်အား လှမ်း၍ လှည့်၍ ငဲ့စောင်းကြည့်ရှုမိသည်မှာ မကြာခဏ ဖြစ်တော့၏။

"ဒီမှာ ဖေဖေ၊ သမီး ဖေဖေ့ကို တစ်ခု မေးချင်တယ်"

မြမြတင်သည် ဦးညိုမောင်အား မရဲတရဲ မော်၍ အတော်ကြာအောင် ကြည့်နေပြီးမှ ဤသို့ ပြောလိုက်သည်တွင်...

"မေးလေ၊ မေးပေါ့ သမီးရဲ့၊ မေး,မေး"

မြမြတင်သည် အတန်ကြာအောင် တွေနေပြီးမှ...

"ဒါပေမယ့်လည်း ဖေဖေရယ်၊ မေးရမှာက အချစ်ကိစ္စမို့ပါ"

"သြ...သြ အချစ်နဲ့ ပတ်သက်တာမို့ အဖေနဲ့ သမီး မနီးနှောသင့်ဘူးလို့ ထင်လို့လား၊ မဆန်းပါဘူး သမီးရယ် (သမီးရဲ့ မင်္ဂလာဆောင်မှာ တောင်ရှည်ပုဆိုးတကားကားနဲ့ မျက်နှာကို အချိုဆုံးထားပြီး ညှို့ခံတာနဲ့ စာရင်)ဒါက တော်ပါသေးတယ် သမီးရယ်၊ ကဲ–ဘာမေးမလဲ မရှက်မကြောက် မေးစမ်းသမီး"

ဦးညိုမောင် ဤသို့ ပြောလိုက်မှ မြမြတင်မှာ ပြောရဲဆိုရဲဖြစ်လာပြီး ဝဲနေသော ဆံစနုနုကလေးများကို သူ့လက်ကလေးဖြင့် ပွတ်သပ်ပင့်တင်လိုက်ပြီး...

"ဟိုတစ်နေ့က စာဟာ သမီးနဲ့သာ ဆိုင်တဲ့ ကိစ္စမို့ ဖေဖေဝင်မရှုပ်ဘူးလို့ ပြောတယ်နော်၊ နို့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီး လုပ်ချင်သလို လုပ်ပိုင်ခွင့်ရှိသလား ဖေဖေ"





ထိုမေးခွန်းနှင့် ပတ်သက်၍ ဦးညိုမောင်သည် ပေါ့ပေါ့ဆဆ ဖြေ၍ မလျော် အတော်စဉ်းစားပြီး ဖြေရမည့်ပြဿနာ ဖြစ်သည်နှင့် အမျှ မျက်မှောင်ကုတ်၍ ဦးနှောက်ရှုပ်အောင် အတန်ကြာတွေးတော ငေးမောနေပြီးမှ—

"ဒီလို ရှိတယ်လေ သမီးရဲ့၊ ခုဆိုရင် သမီးဟာ အသက်ငယ်သေးတယ်၊ ဒါတွေကို အမှားအမှန် ခွဲခြားနိုင်လောက်အောင် သမီးတို့ ဦးနှောက်က မရင့်သန်သေးဘူး၊ ယောက်ျားကလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ဒီအရွယ်ဟာ ပညာသင်တဲ့အရွယ်၊ ပညာထဲမှာသာ စိတ်ဝင်စားနေရမယ်၊ အချစ်ကိစ္စကို လုံးလုံး မစဉ်းသင့်သေးဘူး၊ ဒီလိုပြောတော့ ဖေဖေက သွယ်ဝိုက်တဲ့ နည်းနဲ့ သမီးကို ချုပ်ချယ်နေတာလို့ တင်ချင် ထင်နေမယ်၊ ဖေဖေမေးမယ်၊ အချစ်ဆိုတာ ဘာလဲ သမီး သိလား"

မြမြတင် အဖြေမပေးနိုင်၊ တွေတွေကလေး ငိုင်သွား၏။ အချစ်နှင့်ပတ်သက်သော စာတစ်စောင်ကို ရခဲ့သည်မှာ ယနေ့ပါ ပေါင်းတွက်မှ ရှစ်ရက်ခန့်သာ ရှိသေး၏။ ထိုရှစ်ရက်အတွင်း မြမြတင် ပျော်ခဲ့သည်၊ ဆွေးခဲ့သည်၊ ဝမ်းသာခဲ့သည်၊ ဝမ်းနည်းခဲ့၏။ ကြားရသည်မှာလည်း ပထမအကြိမ်ဖြစ်သောကြောင့် ရင်တုန်ဘဝင် ခုန်ဖြင့် စိတ်တွေပါ တုန်နေခဲ့၏။ ထိုသို့သော စိတ်လှုပ်ရှားပြောင်းလဲမှုကလေးကိုပင် မြမြတင်သည် အရသာဟု ထင်ခဲ့၏။

"ချစ်သည်၊ ချစ်သည်" ဤမည်သော စကားနှစ်လုံးကို ပြုံးပြုံးပြုံးပြုံးနှင့် ကြည်နူးခဲ့–မြူးခဲ့သော မြမြတင်သည် ယခု သူ့ကို မေးလိုက်သောအခါ၌ ယောင်ချာချာနှင့် ဘာ ဘယ်လိုဖြေရမည် မသိအောင် ဒေါင်ချာစိုင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ အချစ်ဆိုတာ ဘာလဲရယ်လို့ မသိသေးဘဲနဲ့ သမီးက အချစ်ကိစ္စမှာ စိတ်ဝင်စားချင်နေတာကိုး၊ ဒီမှာ သမီးရဲ့၊ ညကြီးသန်းခေါင်း မှောင်နဲ့မဲမဲအချိန်မှာ ခရီးသွားရင်း သမီး တောထဲရောက်နေတယ်ဆိုပါတော့၊ တောဆိုတာက ဆူးညှောင့် ခလုတ်လည်း ရှိတယ်၊ မြွေဆိုးမြွေဟောက် သားရဲတိရစ္ဆာန်လည်း ပေါတယ်၊ ချောက်တွေ ချိုင့်တွေလည်း ရှိတယ်၊ အဲဒါကို ဘာဖြစ်ဖြစ် ဆိုပြီး သမီး ဖွတ်လျှောက် ဖွတ်သွား ဖွတ်တိုးမလား"

ဦးညိုမောင်သည် ဤသို့ မေးရင်း ဆေးပြင်းလိပ် ခဲနေရာမှ သမီးအကဲကို ခတ်လျက် ရှိလေ၏။ မြမြတင်သည် ရုတ်တရက် အဖြေမပေးသေးဘဲ ရှေ့တူရှုသို့ ငေး၍ ခပ်လေးလေး လျှောက်ရာမှ…

"ဘယ် ဖွတ်တိုးသွားရဲပါ့မလဲ ဖေဖေရယ်၊ မတော်တဆ ချောက်ထဲ ကျသွားမှာဖြင့်"

မြမြတင်သည် လက်ငင်းကိုယ်တွေ့ တွေ့တွေ့ဆိုင်ဆိုင် တောဂနိုင်အတွင်းသို့ ရောက်နေသည့်အလား စကားပင် ရှေ့မဆက်နိုင်ဘဲ ပခုံးကလေးပါ တွန့်၍ ရွံ့သလိုပြောလိုက်သောကြောင့်…

"ဒါဖြင့် ကိုယ်လိုရာခရီးရောက်အောင် သမီး ဘယ်လို လုပ်မလဲ၊ တောထဲမှာပဲ ထိုင်နေမလား"

မြမြတင်သည် မျက်ခုံးနှစ်ခုကြားရှိ အရေပြားကလေးများပင် တွန့်လိမ်သွားလောက်အောင် မျက်မှောက်ကုတ်၍ စဉ်းစားနေပြီး—

"မိုးလင်းအောင် စောင့်ပြီး ထင်ထင်ရှားရှား မြင်ရတော့မှ ခရီးဆက်မှာပေါ့ ဖေဖေ"

ထိုအခိုက် ဦးညိုမောင်နှင့် ရွယ်တူ လူနှစ်ယောက် မျက်နှာ ချင်းဆိုင်ဆီမှ လျှောက်လာလေရာ၊ ဦးညိုမောင်သည် စကားစ,တော့





မည့်ပြုပြီး ရုတ်တရက် မပြောသေးဘဲ ထိုလူနှစ်ယောက် လွန်သွားမှပင်—

"လိမ္မာလိုက်ပါဘိတော့ သမီးရယ်၊ လိမ္မာလိုက်ပါဘိတော့၊ ကဲ ကဲ သမီးသေသေချာချာ နားထောင်နော် ပုံဝတ္ထုကလေးကို ဥပမာတစ်ခုနဲ့ ဖေဖေရှင်းပြောပြမယ်"

ဦးညိုမောင်သည် တိုနေပြီဖြစ်သော ဆေးပြင်းလိပ်ကို တစ်ဖွာ နှစ်ဖွာ ဖွာလျက် မိမိရှေ့ ခပ်လှမ်းလှမ်းသို့ ပစ်ချလိုက်ပြီးမှ ဖိနပ်မပါသူများ မတော်တဆ နင်းမိချေက အပူလောင်တော့မည့် အားကို သတိရသည်နှင့် ထိုပစ်ချလိုက်သော ဆေးပြင်းလိပ်တိုကို နင်းချေပစ်လိုက်လေ၏။

"ကမ္ဘာလောကကြီးမှာ **"အချစ်"**ဆိုတဲ့ မြို့ကြီးတစ်မြို့ ရှိတယ် ဆိုပါတော့ သမီးရယ်၊ အဲဒီ အချစ်မြို့ဟာ အင်မတန် သာယာတယ်၊ ပျော်လည်း ပျော်စရာကောင်းတယ်၊ ဒါလောက်ပဲ သမီး ကြားဖူးလိမ့်မယ်၊ သာယာတယ်၊ ပျော်စရာကောင်းတယ် မှန်ရဲ့၊ ဒါပေမယ့် သာယာသလောက်လည်း ကြောက်စရာကောင်း တယ်၊ ပျော်စရာကောင်းသလောက်လည်း စိတ်ညစ်စရာ ကောင်း တယ်။ ကမ္ဘာပေါ်မှာ မရှိမကောင်း ရှိမကောင်းဆိုတဲ့ "မြို့"ပေါ့ သမီးရယ်၊ ဒါပေမယ့်လည်း လောကကြီးမှာ ရှိတဲ့လူတိုင်း ရောက်လာတာနဲ့ တစ်ပြိုင်နက် မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် အဲဒီအချစ်မြို့ဆီသာ ရှေ့ရှုချီတက်နေကြတာပဲ ဒီအထဲမှာ သမီးလည်း ပါသပေါ့ ဟုတ်တယ်လား သမီး"

သို့ ရုတ်တရက် မေးလိုက်သော ဖခင်ကြီး၏ စကားကို ကြားသည်နှင့် မြမြတင်မှာ အူကြောင်ကြောင် ယောင်ချာချာ ဖြစ်သွားရာမှ—

www.burmeseclassic.com



"အေး သမီးက ဝိုးတိုးဝါးတား ဖြစ်နေသေးတာကိုး၊ ဒါပေမယ့် သမီးဟာ အချစ်မြို့ကို ဦးတည်ချီတက်နေတာ အမှန်ပဲ၊ ဒါကို တဖြေးဖြေးတော့ သမီး သိလာလိမ့်မယ်၊ ခုဆိုရင် ခရီးအစ ဖြစ်တဲ့ တောထဲကို သမီးရောက်နေပြီ၊ **"အချစ်မှောင်"**ဆိုတာ ကြားဖူးရဲ့ မဟုတ်လား သမီး"

"ဟုတ်ကဲ့ ကြားဖူးပါတယ် ဖေဖေ"

"အေး ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ၁၃–နှစ်က ၂၀–နှစ်အထိ လူငယ်လူရွယ်တိုင်းဟာ အချစ်မြို့ကို ခရီးထွက်ခဲ့ရင်း ခုနပြောတဲ့ (အချစ်မှောင်တောကြီး)ထဲမှာ တဝဲလည်လည်သွားလာနေကြရတယ်။ အဲဒီတောဟာလည်း နာမည်နဲ့ လိုက်အောင် အမြဲမှောင်နေပြီး၊ မှောင်သလောက်လည်း ကြောက်စရာကောင်းတယ်သမီးရဲ့"

ဦးညိုမောင်သည် ဆေးပြင်းလိပ် တစ်လိပ်ထုတ်၍ မီးညှိလိုက်၏။ မြမြတင်မှာလည်း ထွက်လာအံ့သော စကားများကို နားစွင့်လျက်ရှိလေ၏။

"အဲဒီ အချစ်မှောင်ဆိုတဲ့ တောကနေပြီး အချစ်မြို့ကို သွားဖို့ရာ လမ်းနှစ်သွယ်ရှိတယ်။ တစ်ခုက (ဖြတ်လမ်း)၊ နောက်တစ်ခုက (သုခမိန်လမ်း)ဆိုပါတော့ သမီးရယ်၊ အေး ဖြတ်လမ်းဆိုတာက အစိပ္ပါယ်ရှင်းနေပြီပဲ မြန်မြန်ရောက်တဲ့ လမ်းပေါ့၊ ဖြတ်လမ်းဆိုတဲ့အတိုင်း သွားရိုးသွားစဉ် လမ်းမဟုတ်လို့ လူသွားလူလာပြတ်တယ်၊ လူပြတ်တဲ့လမ်းဖြစ်တဲ့အတွက် ခိုးသား၊ ဓားပြထူတယ်၊ ဘေးအန္တရာယ်ပေါတယ်၊ ဖေဖေပြောလိုတဲ့ သဘောအဓိပ္ပါယ်ကတော့ အဲဒီ အချစ်မှောင်တောထဲ ရောက်နေကြတဲ့ တစ်ချို့ငယ်ရွယ်သူတွေ၍ဟာ အချစ်မြို့ကို ရောက်ချင်ဇောနဲ့ မိန်းမက ယောကျ်ားအဖော်ရှာ၊ ယောကျ်ားက မိန်းမအဖော်ရှာတဲ့ သဘောနဲ့





[illegible]၊ လင်နောက်လိုက်၊ မိုက်မိုက်ကန်းကန်း ဖြတ်လမ်းက ရှာတတ်ကြသပေါ့၊ သမီး ဒါပေမယ့် ကဲ ဖေဖေတစ်ခု မေးမယ်။ သမီး အမေရိကန်ပြည်ကို ရောက်ဖူးသလား"

"ဘယ်မှာ ရောက်ဖူးလို့လဲ ဖေဖေရဲ့"

"နို့ အမေရိကန်ပြည်အကြောင်းတော့ သမီးကြားဖူးတယ် မဟုတ်လား၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး တိုင်းပြည်ဖြစ်တဲ့ အကြောင်း၊ အင်မတန် ပျော်စရာကောင်းတဲ့အကြောင်း၊ ဘာမှ လိုလေသေးမရှိအောင် သဘာဝပစ္စည်း ပြည့်စုံတဲ့ တကယ့် လောကနိဗ္ဗာန်သဖွယ် တင့်တယ်သာယာတဲ့ အကြောင်းတွေလေ သင်ရတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အေး အေး အမေရိကန်ရုပ်ရှင်ကားတွေ သမီး ကြည့်ဖူးသားပဲ ဘယ်လောက်ခမ်းနားသလဲ၊ အဲဒီအတိုင်းပေါ့ သမီး၊ သူတို့တိုင်းပြည်ဟာလည်း အင်မတန် သာယာတယ်၊ ဒါပေမယ့် အဲဒီ အမေရိကန်ကို သမီး ဒီနေ့ရောက်သွားပြီဆိုပါတော့၊ သမီးကော သူတို့လို ကြီးကျယ်ခမ်းနားပြီး ပျော်ရွှင်ခြင်းသုခကို ရလိမ့်မယ်လို့ ထင်လား မထင်နဲ့သမီး၊ သူတို့လူမျိုးနဲ့ ရေရေလည်လည် စကားပြောတတ်အောင်ပဲ မနည်းကြိုးစားရဦးမယ်"

"အဲဒီ သဘောမျိုးပဲ အချစ်မြို့အကြောင်း သမီးဘာမှ မသိသေးဘူး၊ ရောက်ချင်ဇောနဲ့ ဖြတ်လမ်းက လိုက်ရင် ဒုက္ခတွေ့မှာ အမှန်ပဲ၊ ခုနပြောတဲ့ (သုခမိန်လမ်း)ဆိုတာကတော့ သွားရိုးသွားစဉ် လမ်းမို့ လူသွားလူလာပေါတယ်၊ ဘေးအန္တရာယ်လည်း ကင်းတယ်၊ ခရီးလည်းရှည် အရောက်လည်း နှေးတယ်၊ ဒါပေမယ့် ဒီလမ်းက လူလိမ္မာပညာရှိတွေသာ သွားကြ လာကြတဲ့ လမ်းမို့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာမလိုဘူး၊ အဲဒီ သုခမိန့်လမ်းက သွားမယ်ဆိုရင် အခက်အခဲတစ်ခုတော့ တွေ့မယ်၊ အဲဒါ "ပညာရေး"ဆိုတဲ့ တောင်ပဲ၊ အဲဒီတောင်ဟာလည်း အဆင့်ဆင့်ရှိတယ် သမီးရဲ့၊ အမြင့်ဆုံး တက်နိုင်လေ ကောင်းလေပဲ၊ မိန်းကလေးတွေအဖို့ ဆိုရင် တော်ရုံလောက် တက်သွားရင် ပြီးပေမယ့် ယောကျ်ားကလေး တွေအဖို့တော့ ဒီတောင်ကို မြင့်မြင့်တက်နိုင်လေ အချစ်မြို့မှာ ပျော်နိုင်လေပဲ၊ ခုဆိုရင် သမီးလည်း သုခမိန့်လမ်းက လိုက်လာလို့ ဒီတောင်ကို တက်စပြုနေပြီ၊ နားရှင်းရဲ့လား သမီး"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ် ဖေဖေ"

"အေး အချစ်မြို့ဟာ ပျော်စရာကောင်းပေမယ့် ရောက်သွား ဘူးတဲ့ လူတိုင်း မပျော်နိုင်ဘူး၊ ပညာရေးတောင်မှာ ဆည်းပူးခဲ့တဲ့ အသက်မွေးဝမ်းကျောင်းပညာ အဆင့်အတန်းအလိုက် သာလျှင် ပျော်နိုင်တယ်။ အဲဒီတောင်ကို မတက်ဘဲ ကွေ့ရှောင်လာတဲ့ လူဟာ အချစ်မြို့ရောက်တော့ အောက်တန်းအကျဆုံး ဘဝမှာသာ နေနိုင်မယ်၊ သူများနည်းတူ မပျော်နိုင်၊ မရွှင်နိုင်ဘူး။ ပြီးတော့ ပညာရေးတောင်ကို အမြင့်ဆုံးအထိ တက်လာခဲ့ရုံနဲ့လည်း မပြီး သေးဘူး သမီးရဲ့၊ အချစ်မြို့အကြောင်းကို ကောင်းကောင်းသိဖို့ ကလည်း လိုသေးတယ်။ ဘယ်လိုနေ၊ ဘယ်လိုသွား၊ စား၊ သောက်၊ ပြော၊ ဆို၊ အို အများကြီး လိုတယ်။ သမီး အများကြီး သိထားဖို့ လိုတယ်၊ အဲဒီ ဗဟုသုတတွေကို လမ်းခရီးတစ်လျှောက် သွားလာနေကြတဲ့ ခရီးသည်တွေ၊ အချစ်မြို့က ပြန်လာတဲ့ ပညာရှိတွေဆီမှာ လေ့လာရမယ်၊ ဆည်းပူးရမယ်၊ ကဲ ဖေဖေ ကတော့ဖြင့် သမီးကို ချစ်လွန်းလွန်းလို့၊ အချစ်မြို့မှာ သမီးပျော်ပျော် ပါးပါးနေတာ မြင်ချင်လွန်းလို့ လမ်းနှစ်သွယ်အကြောင်းတော့





ဒါ-အဆိုး၊ ဒါ-အကောင်းလို့ ခွဲခြားပြခဲ့ပြီ၊ ဘယ်လမ်းကသွားရ မယ်လို့ ဖေဖေ မတိုက်တွန်းဘူး၊ အာဏာမပေးဘူး၊ သမီးကြိုက်ရာ လမ်းကိုရွေး၊ ကောင်းရင် သမီးစံ၊ မကောင်းရင် သမီးခံ၊ ဒါပဲ"

ဦးညိုမောင်သည် စကားကို အဆုံးသတ်၍ သလိပ်ခပ်ထွေး ထုတ်လိုက်ပြီးမှ သမီးအား မသိမသာ စောင်းငဲ့ကြည့်လိုက်သည်၌ မြမြတင်မှာ မိမိသွန်သင်ဆုံးမလိုက်သော စကားကို အထူးစိတ်ဝင်စား သွားရုံမက မိမိ၏ ဩဝါဒ လမ်းစဉ်အတိုင်း မသွေမဖည်လိုက်နာ ကျင့်သုံးတော့မည်ကဲ့သို့သော အရိပ်အရောင်မျိုးသန်းနေသောကြောင့် ဦးညိုမောင်သည် မိမိဖြန့်လိုက်သော ဝါဒ၏ အောင်မြင်မှုအတွက် အတော်ကလေး အားတက်သွားလေ၏။

"ဖြတ်လမ်းဘက်တော့ တစ်သက်လုံး မလိုက်ဘူးဆိုတာ စိတ်ချပါ ဖေဖေ"

မြမြတင်သည် လေးလေးနက်နက် စဉ်းစားနေရာမှ သွက် လက်လက်ကြီး ဤသို့ ကတိပြုလိုက်သောကြောင့်—

"ကောင်းပါလေ့ သမီးရယ်၊ ဒီစကားကြားရတာ ဝမ်းသာ လိုက်ပါဘိတော့၊ အဲသလို လိမ္မာတော့ သမီးလည်းကောင်း၊ ဖေဖေတို့လည်း စိတ်ချမ်းသာ ဘာပြောစရာရှိတော့သလဲ၊ ဖေဖေ ဂုဏ်ယူပါတယ် သမီးရယ်၊ ခုလို လိမ္မာတဲ့ သမီး မွေးရတဲ့အတွက် ဖေဖေ တကယ်ပဲ ဂုဏ်ယူပါတယ်။ ဖေဖေ့ သမီးလေး အသက်ရာ ကျော် ရှည်ပါစေနော်၊ အဲ ခုနက ဖေဖေပြောသလို အမှားအမှန် ဝေဖန်နိုင်တဲ့ ဗဟုသုတ အလင်းရောင်ရဖို့ဟာ သမီးအဖို့ဆိုရင် နောက်ထပ် လေးငါးနှစ်လိုသေးတယ် သမီးရဲ့ သိလား"

"ဟုတ်ကဲ့၊ သမီးရေလည်ပါပြီ ဖေဖေ၊ ခု-သမီး ၁၅-နှစ် ဆိုတော့ အသက် ၂၀-နှစ်လောက်ကျမှ အချစ်ကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားရမယ် ဟုတ်လား၊ နို့ တစ်ခု မေးပါရစေလား ဖေဖေရယ်၊ ဟိုတစ်နေ့က ရတဲ့ စာကို မေတ္တာစာရယ်လို့တော့ ဖေဖေ့ကို ပြောပြီးပြီ၊ အဲဒီစာနဲ့ ပတ်သက်ပြီး သမီး ဘယ်လို လုပ်သင့်သလဲ၊ စာပြန်ရမလား၊ မပြန်ဘဲ နေရမလား၊ အဲဒီစာကိုကော သိမ်းထားရမလား၊ ဆုတ်ပစ်ရမလား"

မြမြတင်သည် မကြောက်မရွံ့ ဝံ့ဝံ့စားစားကြီး မေးလိုက်၏။

"ခုလို ပွင့်ပွင့်လင်းလင်း မေးဝံ့တဲ့ သတ္တိကို ဖေဖေ ချီးကျူးပါတယ်၊ တကယ်ပဲ ချီးကျူးတယ်၊ ဒါပေမယ့် သမီးက ရှက်သလို ကြောက်သလို ဖြစ်နေသေးတယ်။ ဒါဟာ လူမှန်ရင် ဘယ်သူမှ မကင်းနိုင်တဲ့ကိစ္စ၊ ရှက်စရာလည်း မလိုဘူး၊ ကြောက်စရာလည်း မလိုဘူး၊ ဒီကိစ္စနဲ့ ပတ်သက်လို့ တိုင်ပင်တဲ့အခါမှာလေ ဖေဖေ့ကို အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေလို သဘောထားပေါ့ သမီးရယ်နော်"

ဦးညိုမောင်သည် စကားကို ရုတ်တရက်ဖြတ်၍ လမ်းလယ်ခေါင်တွင် ကျနေသော ပုလင်းကွဲစ,တစ်ခုကို ကုန်းကောက်ပြီး လမ်းသွား လမ်းလာများကို မစူးရှမိစေရန် လမ်းဘေး ရေသွားပိုက်ခေါင်းထဲသို့ ပစ်ထည့်လိုက်လေ၏။

"ဟိုတစ်နေ့ကရတဲ့ မေတ္တာစာကို ဘယ်လိုလုပ်ရမလဲလို့ သမီးမေးတယ်နော်၊ ပြီးတော့ အသက် ၂၀-လောက်ကျမှ အချစ်ကိစ္စကို စိတ်ဝင်စားရမယ်ဆိုတဲ့ အဓိပ္ပါယ်ဆိုတာ စဉ်းစားမိပါပြီလို့လည်း သမီးပြောသေးတယ်၊ နို့ ဒါဖြင့် သမီးမေးတဲ့ မေးခွန်းကို သမီးပဲ ဖြေထားသလို ဖြစ်နေပြီ မဟုတ်လား သမီးရဲ့၊ အဲဒီအတိုင်းပေါ့၊ အချစ်နဲ့ ပတ်သက်တာမှန်ရင် ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ မထားနဲ့၊ မေ့ပစ်,ဖျောက်ပစ်၊ မေ့နိုင် ဖျောက်နိုင်လေ ကောင်းလေပဲ ဒါပေမယ့် အတင်းတော့ ဖေဖေမတိုက်တွန်းဘူး"





မြမြတင်သည် တစ်စုံတစ်ရာ ဘာမျှပြန်မပြော၊ မေးလည်း မမေးတော့ဘဲ ဖခင်ကြီး ပြောလိုက်သောစကားကို နားထဲတွင် စွဲမြဲအမြဲနှံ့သား ကျေနပ်နေသည့်အသွင်ကို ဆောင်လျက် ရှိလေ၏။ ပထမကမှ ဖခင်ကြီးသည် မိတ်ဆွေကောင်း တစ်ယောက်သဖွယ် နည်းကောင်းပြသလိုလိုနှင့် အာဏာရှင်ဆန်ဆန် အမိန့်ပေးနေပြီး နောက်ဆုံးတွင်မှ "ဒါပေမယ့် အတင်းတော့ ဖေဖေ မတိုက်တွန်းဘူး" ဟူသော စကားဖြင့် နိဂုံးချုပ်လိုက်သည်ကို မြမြတင် အလွန်ကျေနပ်သွား၏၊ ကြည်နူးသွား၏၊ မြူးသွား၏၊ မိမိအား အလိမ္မာနှင့် ချုပ်ချယ်နေခြင်းဖြစ်သည်ဟု ဖခင်ကြီးအပေါ်၌ အထင်မှားမိသော မိမိစိတ်ကိုလည်း အပြစ်တင်မိ၏။

ထိုအချိန်၌ လူငယ်ယောကျ်ားပျိုတစ်ယောက်သည် ပန်းခြံအပြင်ဘက်မှ မယောင်မလည်လျှောက်ရင်း မြမြတင်ဆီသို့ မျက်လုံးကစားလျက်ရှိ၏။ ခပ်စောစောအချိန်များကဆိုလျှင် မြမြတင်သည်လည်း ထိုလူငယ်အား မကြာခဏဆိုသလို စောင်းငဲ့ကြည့်ရှုသည်သာ ဖြစ်သော်လည်း ယခုမူ လုံးလုံးလျားလျား လှည့်၍ မကြည့်တော့သည်သာမက ထိုလူငယ် အနီးအနား၌ ရှိနေခြင်းသည်ပင် သူ့အဖို့ အနှောက်အယှက်ဖြစ်နေသည့်နှယ် အကယ်ပင် မလိုလားသကဲ့သို့ ရှိလေ၏။

"ဒီမှာ ဖေဖေ သမီးကို စာပေးတာ ဘယ်သူရယ်လို့ ဖေဖေ့ကို ပြောပြဖို့ လိုသေးသလားဟင်"

"မလိုပါဘူး သမီးရယ်၊ ဒါပေမယ့် သမီးပြောပြရင်လည်း သိရတာပေါ့"

ပါးနပ်လိမ္မာလှသော ဦးညိုမောင်၏ စကားကြောင့် မြမြတင်မှာ မပြောအခက် ပြောအခက် အခြေမျိုးဆိုက်သွားတော့ကာ—

www.burmeseclassic.com

www.burmeseclassic.com



“ဟိုလေ၊ လိပ်ကန်လမ်းထဲက သောင်းစိန်ပေါ့ ဖေဖေရဲ့၊ သမီးတို့အိမ်ရှေ့မှာ ဘောလုံး လာလာကစားတာလေ”

“သြော်-သြော်၊ ကြာခံကြီးသည့် မကြူရဲ့သား မောင်သောင်းစိန်ကိုး တယ်မိုက်တဲ့ကလေးပဲ၊ ပညာဖြင့် တတ်အောင် မသင်သေးဘူး၊ ဒါတွေ စိတ်ကူးနေတယ်”

ထိုအချိန်ထိဆိုလျှင် ဦးညိုမောင်တို့ လမ်းလျှောက်နေသည်မှာ ပန်းခြံတစ်ခုလုံး၏ ၇-ပတ်၊ ၈-ပတ်မျှပင် ပတ်မိနေပြီ နေမှာလည်း တဖြည်းဖြည်း စောင်းသွားပြီ ဖြစ်သောကြောင့် ဦးညိုမောင်တို့ သမီးအဖသည် ခါတိုင်းထွက်နေကျအပေါက် မဟုတ်သော ကုန်သည်လမ်းနှင့် ဘားလမ်းဒေါင့် အပေါက်မှထွက်၍ ပြန်ခဲ့ကြလေ၏။

ခပ်စောစောက ပန်းခြံအပြင်တွင် မယောင်မလည် လုပ်နေခဲ့သော လူငယ်သည်လည်း အခြား ပလက်ဖောင်းဘက်မှနေ၍ ယခုမူအတိုင်းပင် မြမြတင်အား မျက်လုံးကစားနေသောကြောင့်-

“ဖေဖေ ဟိုဘက်ပလက်ဖောင်းကို မသိမသာ ကြည့်လိုက်စမ်း၊ သမီးကို စာပေးတာ သူပေါ့ သောင်းစိန်ပေါ့”

ပြောချင်လွန်းလှ၍ကား မဟုတ်၊ မိမိကို လိုက်၍ ပိုးနေသည့် ထိုမည်သော သောင်းစိန်အား ဖခင်ကြီး မြင်သွားခဲ့သော် မိမိအား တစ်မျိုးထင်မည်စိုးသောကြောင့် ကြိုတင်ကာကွယ်သည့် သဘောဖြင့် ပြောလိုက်သည်၌-

“ဟင် သမီးက မောင်သောင်းစိန်ကို ဒီနေ့မှ မြင်တယ်ထင်တယ်၊ သမီးနဲ့ ဖေဖေ လမ်းလျှောက်ထွက်တိုင်း သူ့ကို ဖေဖေ တွေ့တာပဲ၊ ဒီလိုကိစ္စကြောင့် ရယ်လို့တော့ မတွေးမိဘူး၊ အေးပေါ့ သမီးရယ်၊ ယောကျ်ားလေးဟာ မိန်းကလေးကို တွေ့ရင် ပိုးတာပဲ မဆန်းပါဘူး၊ ပိုးပစေပေါ့၊ ကိုယ်က ရိုးဖို့သာ အရေးကြီးတယ်”





အမှန်အားဖြင့် မြမြတင်ထံ စာရောက်ပြီးသည့်နေ့မှစ၍ ဦးညိုမောင်သတိထား အကဲခတ်ခဲ့ရာ၌ ထိုမည်သော မောင်သောင်းစိန်သည်သာလျှင် လှုပ်ရှားခြေသွက်နေသည့်ပြင် မိမိတို့ လမ်းလျှောက်ထွက်တိုင်း မယောင်မလည် လိုက်နေသည်ကို တွေ့ရသောကြောင့် မြမြတင်အား စာပေးသူမှာ မောင်သောင်းစိန်သာ ဖြစ်ရမည်ဟု အများဆုံး ထင်ခဲ့ရသည့်တိုင်အောင် တစ်စုံတစ်ရာ ဘာမျှမပြောဘဲ မသိဟန်ဆောင်နေခဲ့လေ၏။ ယခု သမီးဖြစ်သူ ဖွင့်ပြောမှပင် ထင်သည့်အတိုင်းမှန်နေသည်ကို တွေ့မြင်ရသည်တွင် မြမြတင်အားလည်း “ဖေဖေလည်း ဒီလောက်တော့ အကင်းပါးပါးသေးတယ် သမီးရဲ့၊ ဖေဖေ့ကို လိမ်မယ်တော့ မကြံနဲ့ မရဘူး”ဟု တိုက်ရိုက် မပြောသော်လည်း ထိုသဘောမျိုး သက်ဝင်သည့် အဓိပ္ပါယ်ဖြင့် ဝှယ်ဝိုက်သတိပေးခြင်း ဖြစ်လေ၏။

❦

အချစ်ကိစ္စ စာကိစ္စများ ရှုပ်ထွေးပွေလီခဲ့သည်၏ ဤမှာ တက်၍ မြမြတင်မှာ ပိပိရိရိနှင့် အတော်ကလေး ဣန္ဒြေရှိလာ၏။ အချစ်နှင့် ပတ်သက်သည်များတွင် စိတ်မဝင်စားတော့ရုံသာမဟုတ်၊ ဓာတ်စက်ဖွင့်ရာ၌ပင်လျှင် အချစ်စိတ်ကို လှုံ့ဆော်သော သဘောမျိုး ပါဝင်သည့် ဓာတ်ပြားကို ရှောင်ရှားခဲ့၏။ ဝတ္ထုမဂ္ဂဇင်း ဖတ်ရသည်ကိုပင် မရဲသလိုလိုပင် ဖြစ်နေခဲ့၏။

“ဟော့ သမီး ခုတလော သမီး ဘယ်စာဖတ်ပျင်းနေပါကလား၊ မဂ္ဂဇင်းတို့၊ ဝတ္ထုတို့တောင် ဖတ်တာမတွေ့ဘူး”

“ဟုတ်တယ် ဖေဖေ ဝတ္ထုတို့၊ မဂ္ဂဇင်းတို့ဆိုတာ အချစ်အကြောင်းတွေသာ အများဆုံး ရေးထားတဲ့ စာအုပ်တွေမို့

www.burmeseclassic.com

www.burmeseclassic.com

"အို ဟို သမီးကတော့လည်း အတွေးလွန်နေပြန်ပြီ၊ ဒီလောက်တောင်လည်း ရှောင်ဖို့ မလိုပါဘူး သမီးရဲ့၊ ဝတ္ထုမဂ္ဂဇင်းဆိုတာ လောကကြီးမှာ လူတွေ ဘယ်လို ဖြစ်နေကြတယ်၊ ဘယ်လိုလုပ်ရင် ဘယ်လိုဖြစ်မယ်၊ ဘယ်တုန်းက ဘယ်သူဟာ ဘာလုပ်လို့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်းတွေသာ ရေးထားတာမို့ ဒါတွေကို ဖတ်ပြီး၊ နည်းယူရတယ် သမီးရဲ့၊ ဒါမှ အရင် မေမေပြောဘူးတဲ့ အချစ်မြို့သွားရာမှာ အထောက်အပံ့ရနိုင်တော့မပေါ့၊ ဖတ်ပါသမီးရယ်၊ များများဖတ်လေ များများ ဗဟုသုတ တိုးလေပဲ၊ အေး တစ်ခုတော့ သတိပေးထားမယ် သမီး၊ သမီးတို့ မုန့်ဟင်းခါး စားတဲ့အခါ အကောင်းဆုံးဆိုင်ရွေးစားသလို စာအုပ်ဖတ်တဲ့ နေရာမှာလည်း အကောင်းဆုံးကို ရွေးပြီးဖတ်ပေါ့၊ မုန့်ဟင်းခါးထဲမှာ ပုပ်နေတဲ့ နံနံပင် ပါရင် ယူပြီး လွှင့်ပစ်သလို ဝတ္ထုတွေထဲမှာ ၁၄–နှစ်သမီး လင့်နောက်လိုက်တာမျိုး ပါရင် ခေါင်းထဲမထားနဲ့၊ ကောင်းတာကို အတုယူ၊ မကောင်းတာ ဘေးဖယ်၊ စိတ်ကို လွယ်လွယ်မထားနဲ့ အမှားဘက် မယိမ်းအောင် ထိန်းနိုင်သလောက် ထိန်းပေါ့ သမီးရယ်"

ဦးညိုမောင်သည် ထိုမျှအထိ သတိမလစ်ဘဲ အမြဲဆုံးမဩဝါဒ ပေးခဲ့၏။ ကြိမ်းသံဆူသံ အာဏာသံဟူ၍ မြူစေ့မျှမပါ၊ သာယာညင်းပျောင်း ပျားသကာလောင်းဘိသို့ အကြောင်းအကျိုးကို အသေးစိတ် ဝေဖန်ရှင်းပြ၍ ဆုံးမခဲ့သည်သာ ဖြစ်ရာ မြမြတင်သည် အဘယ်ကဲ့သို့သော စိတ်ဖြင့် မိဘများအား ကန့်လန့်ထော်လော် မတော်တရော် လုပ်ရက်နိုင်တော့မည်နည်း။

ရေနှင့် အစားအစာကို မသောက်စားဘဲ အသက်ရှင်နေသည့် လူဟူ၍ လောကဌ် မရှိသကဲ့သို့ သားသမီးကို နစ်မွန်းစေလိုသော





[illegible]လည်း လောကဌ် မရှိပါပေ။ မိဘတို့မည်သည် သားသမီး ကောင်းစားသည်ကိုသာ တွေ့မြင်လိုသည့်အတိုင်း၊ မျိုးစုံသောနည်း များဖြင့် သားသမီးကောင်းစားရေး ဖန်တီးပေးလေ့ ရှိကြလေသည်။ ထိုဖန်တီးသော နည်းများတွင် အနုနည်း၊ အကြမ်းနည်းအားဖြင့် ကွဲပြားများပြားလျက် ရှိနေပြန်လေသည်။

အလွန်ညာဏ်ထိုင်းသော ကျောင်းသားတစ်ယောက်သည် (က–ကာ–ကိ–ကီ)ထက်ပို၍ မတတ်၊ သင်၍လည်းမရ စေကာမူ အတန်းထဲရောက်သည်နှင့် နောက်ဆုံးပေါ် သီချင်းများကို တစ်ပုဒ်ပြီး တစ်ပုဒ် သီဆိုလေ့ရှိ၏။ ထိုအခါ ဆရာမလည်း ၎င်းကလေး အား (စာတော့ မတတ်ဘူး၊ သီချင်းတွေတော့ အသစ်ပေါ်တိုင်း ဘယ်လို တတ်လာသလဲ)ဟု မေး၍ ဆုလား ရိုက်လား လုပ်လျှင် ထိုကလေး စာတတ်လာမည်လော၊ အကယ်၍ ဆရာမသည် ထိုကလေး ဝါသနာထုံသော သီချင်းတစ်ပုဒ်ကို ရေးပြပြီး သီချင်း ဆိုပြရင်း ချော့ချော့မော့မော့ စာသင်မှန်းမသိ သင်သွားမည်ဆိုလျှင် ထိုကလေး၏ ပညာရေးသည် မျှော်လင့်စရာရှိနိုင်သေးသည် မဟုတ်ပါလော–

ကြိမ်းမောင်းဆူပူ၍လည်းကောင်း၊ ချော့၍လည်းကောင်း မည်သည့်နည်းနှင့် သင်သည်ဖြစ်စေ ဆရာမ၏ စေတနာကား ကလေးများ ပညာတတ်စေလိုသော မေတ္တာကို အရင်းခံသည်သာ ဖြစ်သော်လည်း နည်းကို သုံးရာ၌ သတိလစ်သည်နှင့်အမျှ မိမိ စေတနာသည် ဝေဒနာအဖြစ်သို့ ရောက်သွားတတ်သည့်နည်းတူ မိဘများတွင်လည်း သားသမီးများကို ကောင်းစားစေလိုသော စေတနာဖြင့် သွန်သင်ဆုံးမ ဩဝါဒပေးရာ၌ နည်းချော်လျှင် မတော်တရော် ဖြစ်ရသည်နှင့်သာ ကြုံတွေ့ရလေရာ ဤအချက်ကို

www.burmeseclassic.com

www.burmeseclassic.com

နက်နက်နဲနဲ သဘောပေါက်ခဲ့ပြီဖြစ်သော ဦးညိုမောင်သည် အလီလီ အမယ်မယ်သော နည်းပရိယာယ်များဖြင့် အညင်သာဆုံးသော စကား ကို ရွေး၍ ခပ်အေးအေး ဆုံးမခဲ့၏။

"ဘာလဲ နှုတ်ခမ်းနီ ဆိုးမလို့လား မဆိုးရဘူး"

ဤကဲ့သို့သော ပြေပြေပြစ်ပြစ်မရှိ၊ တုံးတိတိ စကားမျိုးဖြင့် တားမြစ်မည့်အစား ဦးညိုမောင်သည် အောက်ပါအပြောမျိုးကိုသာ သုံးလေ့ရှိ၏။

"သြော် သမီးက နှုတ်ခမ်းနီဆိုးချင်တယ်လား၊ ဆိုးပေါ့ သမီးရယ်၊ ဒါပေမယ့် ကိုယ်လုပ်တဲ့ အလုပ်တစ်ခု၊ ကိုယ်သုံးတဲ့ ပစ္စည်းတစ်ခုဟာ ကိုယ့်ကို အကျိုးဖြစ်ထွန်းစေသလား၊ အကျိုးယုတ် စေသလားဆိုတာ သိဖို့လိုတယ် သမီးရဲ့၊ ဥပမာ အပင်က ပွင့်တဲ့ နှင်းဆီပန်းဟာ သူ့သဘာဝအတိုင်း သူ့အရောင်နဲ့ သူ့အသွေးကျပြီး သားဖြစ်တဲ့အတွက် နောက်ထပ် ဘာမှ ပြုပြင်ဖို့ မလိုဘူး၊ ဆေးဆိုးဖို့လည်း မလိုဘူး၊ စက္ကူကို နှင်းဆီပန်းနဲ့ တူအောင် တုလုပ်ထားတာမျိုးကျတော့ နှင်းဆီပန်းအရောင်နဲ့ တစ်သွေးတည်း တူအောင် ဆေးဆိုးပေးရမယ်၊ ဒါမှမဟုတ် နှင်းဆီပန်းအရောင်နဲ့ တူတဲ့ စက္ကူကိုရှာပြီး လုပ်ရမယ် ဘယ်လိုပဲလုပ်လုပ် နှင်းဆီပန်း အစစ်လောက် လှလည်းမလှဘူး၊ သဘာဝလည်းမကျဘူး၊ အဲသည့် သဘောမျိုးပဲ နှုတ်ခမ်းနီဆိုးတယ်ဆိုတာ ရောဂါကြောင့် နှုတ်ခမ်းဟာ ဖြူရော်ရော်ဖြစ်နေလို့၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် နှုတ်ခမ်းရဲ့ သဘာဝအရောင် ပျက်ပြယ်နေလို့ ကြည့်ကောင်းအောင် နှုတ်ခမ်းဆိုးတာ ဆိုရင်တော့ ကိုယ့်အဖို့ အကျိုးရှိတယ်လို့ ယူဆရမယ်၊ ရောဂါလည်း ကင်းတယ်၊ နဂိုသဘာဝ အရောင်လည်း ပျက်ပြယ် ချွတ်ယွင်းခြင်း မရှိဘဲနဲ့ နှုတ်ခမ်းဆိုးတာကတော့





အဓိပ္ပါယ်မရှိဘူး၊ (လှချင်လို့ပေါ့ ဖေဖေရယ်)လို့ သမီးက ဆင်ခြေပေး မယ်ဆိုတော့ အပင်က ပွင့်တဲ့ နှင်းဆီပန်းကို ဆေးဆိုးလိုက်ရင် ပန်းဟာ ပိုလှလာမလားလို့ ဖေဖေက ပြန်မေးရပေလိမ့်မယ်၊ ပါက "ငါဘာလုပ်တာလဲ"လို့ ကိုယ့်ဟာကို စဉ်းစား ကြတ်အောင် ရှုပ်ပြနေတာ၊ ဒါပေမယ့် သမီးဆိုးချင်လည်း ဆိုးပေါ့ကွယ်"

ဦးညိုမောင်သည် ဤသို့လည်း အနုစိတ်၍ ရှင်းပြတတ် သော၏။ ဦးညိုမောင်၏ အုပ်ချုပ်မှု လိမ္မာပါးနပ်သည်နှင့်အမျှ မြမြတင်မှာလည်း အထူးငြိမ်ဝပ်ပိပြားနေခဲ့လေရာ ခေတ်စကား အားဖြင့် "ငါ့သမီး ဘယ်နေ့များ လင်နောက်လိုက်ပြီး တောခိုသွား မလဲ"ဟူသော ကြောင့်ကျမှုလည်းမရှိ၊ "ရှင့်သမီးကို ကျွန်မသားနဲ့ ပေးစားဖို့ ငွေဘယ်လောက် လက်ဖွဲ့မလဲ"ဟူသော အိုင်-စီ- ဆက် ဘိလပ်ပြန်သားရှင်များ၏ အမေးကိုလည်း မခံရ၊ "ငါ့သမီးကို ဘယ်သူနဲ့ ပေးစားရပါ့မလဲ"ဟူ၍လည်း တွေးပူနေစရာမလို တော့သည့်အလျောက် ဦးညိုမောင်တို့ မိသားတစ်စုမှာ လူ့လောကထဲ မှာ လူဦးရေ ၅-ယောက်မျှသာရှိသော ပြည်နယ်ကလေး, တစ်နယ် အဖြစ်ဖြင့် ငြိမ်းချမ်းရေးရနေသည်နှင့်အမျှ သူတို့၏ စီးပွားရေးမှာ လည်း စိမ့်ကိန်း မဆွဲရဘဲနှင့် တိုးတက်၍သာ နေလေတော့၏။

❦

အသက်တစ်မျှ ချစ်လှသော "မြ"သို့

ရုပ်ရည်နိမ့်လှ မင်းပပနှင့် အသွင်မခြား တူပေငြားသော မျှသားသိဂီ လှဒေဝီရယ်-

မြ၏ ရူပါ ချစ်ဖွယ်လျာတည့် ကိုယ်လုံးကာယေ ဣန္ဒြေနှင့် မလျှစ်ကြွယ်လှသည့် ကုန္ဒာနွယ်သို့ ခြောက်သွယ်ပြစ်ကင်း ကောင်း မြင်းငါးဖြာ ကျမ်းထွက်လာသည့် ကာလီဆရာ ဟောပြကြက်စာလို

www.burmeseclassic.com

www.burmeseclassic.com



ကွာမယွင်းဘဲ မြတ်ရည်ချင်းနှင့် အဆင်းရုပါ မယ်ဥမ္မာသွင် တော်(လေး)ဝင်သည့် တင်တမိအား မေတ္တာစကား တင်ဆက်ပါးလိုက်ရပါတော့သည်။

မြကို မြင်သည့်နေ့မှစ၍ မောင့်မှာလေ စားမဝင်စက်မပျော်ဘဲ၊ မြ မျက်နှာကို ဖျက်သော်လည်း မပျက်၊ ဖျောက်၍လည်း မဖြစ် အချစ် ဒီဂရီတွေသာ တိုးနေရပါသောကြောင့် ချိုသည်၊ ခါးသည် ဤ နှစ်လီကို ကြည်လင်သော စိတ်ထားဖြင့် ပြန်ကြားလိမ့်မည်ဟု ထပ်လောင်း၍ အသနားခံရင်း မျှော်လင့်နေရပါတော့သည်။

"စိန်"

မြမြတင်သည် ထိုစာကို သုံးကြိမ်တိတိ ဖတ်ပြီးမှ ဆတ်ခနဲ ထ၍ ဧည့်ခန်းတွင် ထိုင်နေသော ဦးညိုမောင်ဆီသို့ ထွက်လာခဲ့လေ၏။

"ဟောဒီမှာ စာတစ်စောင်တော့ ရောက်လာပြန်ပြီ ဖေဖေ၊ အဲဒါ သောင်းစိန်ဆီက လေးကြိမ်မြောက် ပေးတဲ့ စာပဲ၊ ဒါနဲ့ မေးပါရစေ ဖေဖေရယ်၊ ဒီလိုစာတွေ ဘာတွေရတဲ့အခါ ဖေဖေတို့ မေမေတို့ကို သမီး ပြသင့်သလား"

ထိုအခိုက် လေ့ကားဆီမှ ဖိနပ်သံတစ်ခု ပေါ်လာပြီး မကြာမီ ဒေါ်သင်းထုံ ရောက်လာကာ ဦးညိုမောင်တို့ သမီးအဘနှင့် ရောထိုင်လိုက်ရင်း "ဘာစာလဲ သမီး"ဟု ထိုင်ထိုင်မေးမေး မေးလိုက်သောကြောင့်"

"ရည်းစားစာပေါ့ကွာ ဟို ကြာခံကြီးသည် မကြူရဲ့သား မောင်သောင်းစိန်က ပေးတာတဲ့" ဦးညိုမောင် ဤသို့ ဖြေလိုက်၍မှ စကားမဆုံးမီ—

"အောင်မယ် ဒီကောင်ကလား၊ ကျုပ်သမီးကို ရာရာသသ တော် ကိုယ်နဲ့ တန်မှန်းမသိ၊ မတန်မှန်းမသိ"





"တော်စမ်း မသင်းထုံ၊ မင်းဘာဖြစ်လို့ ဒီလို ပြောချင်ရတာလဲ၊ မောင်ပြစ်ဖြစ် ကိုယ်ချင်းစာမှပေါ့ကွာ၊ တကယ်လို့ အမေရိကန် သမ္မတကြီးက သူ့သားဟာ မင့်သမီးနဲ့ မတန်ဘူးလို့ ပြောရင် မင်းခံချင်မှာ မဟုတ်ဘူး၊ နည်းနည်းပါးပါးလည်း အ ပြာအဆို ဆင်ခြင်ပါဦးမှပေါ့"

ဦးညိုမောင် ဤသို့ ဟန့်လိုက်မှ ဒေါ်သင်းထုံ ငြိမ်သွား၏။

"စုန် သမီးမေးတယ်နော် မေတ္တာစာတွေ ဘာတွေရရင် ကိုယ့်မိဘကို ပြသင့်သလားလို့၊ အေး ပြချင်ပြ မပြချင်လည်းနေ သမီး သဘောပဲ၊ ဒါပေမယ့် တစ်ခါက ဖေဖေ ပြောခဲ့ဘူးတယ်နော်၊ သမီးဟာ အမှားအမှန် ဝေဖန်နိုင်တဲ့ အရွယ် မဟုတ်သေးတဲ့အတွက် အချစ်ကိစ္စတွေကို စိတ်မဝင်စားသင့်သေးဘူးလို့ အဲဒါ သမီးမေ့သွားပြီလား"

"မမေ့ပါဘူးဖေဖေ၊ နို့ပေမယ့် ခုလို စာခဏခဏ ပေးနေတာ သမီးအဖို့ အနှောက်အယှက် ဖြစ်နေတာပေါ့၊ အဲဒါ သမီးစာ ပြန်မရေးလိုက်ချင်တယ်၊ သူ့ကို မေတ္တာလည်း မရှိဘူး၊ နောက်ကိုလည်း စာမရေးပါနဲ့၊ ဒါကြောင့် ဖေဖေ့ကို တိုင်ပင်ကြည့်တာပါ"

"အဲဒါ သမီးမှားတာပေါ့၊ စာပြန်တယ်ဆိုကတည်းက သူ့ကို ဂရုစိုက်ရာ ရောက်နေပြီ၊ ကိုယ်မှ မေတ္တာမရှိတာ ဒီအတိုင်းပဲ နေလိုက်ပေါ့၊ အကောင်းဆုံးကတော့ သမီးဆီကို စာရောက်လာလို့ ဒါဟာ မေတ္တာစာမှန်းသိတာနဲ့ တစ်ပြိုင်နက် မဖတ်ဘဲ ဆုတ်ပစ်လိုက်တာဟာ အန္တရာယ်အကင်းဆုံးပဲ၊ ဒါက သမီးငယ်သေး စိတ်နုသေးလို့ ပြောတာနော်၊ ဖေဖေပြောဘူးသလို ၁၈-နှစ်ကျော်ရင် အေး အသက် ၂၀-အထိ နေနိုင်ရင် ပိုကောင်းတာပေါ့ ကွယ်၊ အဲဒီအခါကျတော့ သမီးဖတ်ချင်ဖတ်၊ မဖတ်ချင်နေ ဖေဖေ တာမှ မချုပ်ချယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့်ဆိုလျှင် ထိုစကားသည် ဒေါ်သင်းထုံအဖို့ အတော်ကလေး ခါးနေ၏။ သဘောမကျ မကျေမနပ် ခေါင်းတဆတ်ဆတ် နဲ့ရင်းမဲ့ကာရွဲ့ကာနှင့် ဦးညိုမောင်အား ကြည့်နေ၏။

မြမြတင်သည် လက်ထဲတွင် ကိုင်ထားသော စာရွက်ကလေးကို အစိတ်အစိတ်အမြွှာမြွှာဖြစ်အောင် ဆွဲဆုတ်နေသည်ကို ဦးညိုမောင်သည် ခပ်ပြုံးပြုံး ကြည့်နေရာမှ—

"ဒီမှာ သမီး ခုလို ဖေဖေတို့ရှေ့မှာ စာကို ဆွဲဆုတ်ပြပြီး အယုံသွင်းတဲ့ သဘောမျိုးတော့ မဖြစ်ပါစေနဲ့ သမီးရယ်နော်၊ ဖေဖေတို့ဟာ သမီးကို ချစ်လွန်းလို့ အမှားမှားအယွင်းယွင်း မဖြစ်အောင် သတိပေးနေတာ၊ မိတ်ဆွေကောင်းအဖြစ်နဲ့ အကြံဉာဏ်ပေးနေတာသာ ဖြစ်တယ်။ တားမြစ်ပိတ်ပင်နေရာ မဟုတ်ဘူး၊ သမီး သိပါတယ်လေ၊ ဒီပြင် မိသားဆိုရင် ရည်းစားစာဆိုတဲ့ အသံကြားတာနဲ့ ဆူလားကြိမ်းလား လုပ်မှာပဲ"

မြမြတင်သည် ချစ်ကြောက်ကြည်ညို ငိုတော့မလို မျက်နှာထားနှင့် ဦးညိုမောင်အား မော်ကြည့်လိုက်ရာမှ—

"ဒီလိုတော့ အထင်မလွဲပါနဲ့ ဖေဖေရယ်၊ သမီးကို ချစ်လို့ (ဒီအသီးမစားနဲ့ ရူးတတ်တယ်)ပြောထားရက်သားနဲ့ ကွယ်ရာမှာ ခိုးစားရင် သမီးမှားမှာပေါ့၊ ဖေဖေတို့ မသိဘဲ ဘာမှ မလုပ်ချင်လို့ ခုလို တိုင်ပင် အသိပေးရက်သားနဲ့ သမီးကို တစ်မျိုးထင်နေတယ်ဆိုတော့"

မြမြတင်သည် စကားကိုပင် ရှေ့မဆက်နိုင်တော့ဘဲ တရှုံရှုံ လှုပ်နေသော အောက်နှုတ်ခမ်းကလေးကို အပေါ်သွားကလေးဖြင့် ခပ်နာနာကလေး ဖိကိုက်ထားရာမှ ယိုကျတော့မလို မျက်ရည်တွေ စို့လာသဖြင့် ဦးညိုမောင်သည် ကမန်းကတန်းထ၍ သမီးအနီးတွင် ရွှေ့ထိုင်လိုက်ရင်း မြမြတင်၏ ဦးခေါင်းကို ပွတ်သတ်နေရာမှ—





"စိတ်စမ်းကြည့်တာပါ သမီးရယ်၊ ဖေဖေ သမီးကို ယုံပါတယ်၊ ယုံလို့လည်း သမီးကို လွတ်လပ်ခွင့်ပေးထားတာပေါ့၊ ကဲ ကဲ၊ထ ရေမိုးချိုး အဝတ်အစားလဲချည်၊ လမ်းလျှောက်လိုက်မယ် မဟုတ်လား"

ဦးညိုမောင်သည် ဤသို့ ချော့မော့ပြောဆိုပြီး သမီး၏ ပခုံးနှစ်ဖက်ကိုင်၍ ထူလိုက်သည်တွင် မြမြတင်လည်း မျက်လုံးရိဝေနှင့် ခပ်တွေတွေကြည့်နေပြီးမှ—

"စိတ်ချပါ ဖေဖေ၊ ဖေဖေတို့ကို အသိမပေးဘဲ သမီး ဘာမှ မလုပ်ဘူး။ ကဲ ကဲ သမီး ရေသွားချိုးတော့မယ်"

ဟု ပြောလိုက်ပြီးသည်နှင့် မိမိအိပ်ခန်းဆီသို့ ထွက်သွားလေ၏။

❦

"အသားတော် ကစ္စုန်၊ ခါးရင်ကျ ညီပါပေ တယ်၊ ရှေ့သမင် သွင်မျက်လုံးနဲ့ သုံးပန်လှတယ် အလှရယ်၊ ပိတုံးရောင်ကေသာ ဖြေကာချတော့၊ ရှုမဝနိုင်တယ်၊ သွားကလေးတွေက ပုလဲသွယ် ပုလဲသွယ်"

မယ်ဒလင်နှင့်တစ်သွယ်၊ တယောနှင့်တစ်မျိုး ပိုးပန်းကြရာ၌ အထက်ပါသီချင်းသည် ကာလသားများအဖို့ အတော်ကလေး အထောက်အပံ့ဖြစ်စေခဲ့၏။ သို့စေကာမူ ထိုသီချင်းသည် မြမြတင်၏ရုပ်ရည် အချောအလှကို အမှန်းတင်ဂုဏ်ပြုရာ၌ ရာခိုင်နှုန်းအပြည့် လုံလောက်သည်ဟု မဆိုနိုင်သေးပေ။

ကြင်နာသနားတတ်သော လက္ခဏာဖြင့် အစဉ်ပြုံးရယ်နေသလို ရှိပြီး၊ အမြဲအစဉ် ကြည်လင်တောက်ပ,နေသည့် သူ၏ မျက်လုံးကလေးများသည် မဝိုင်းမသွယ် ချစ်စဖွယ် မျက်နှာကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လှသထက်လှအောင် ဖန်တီးနေသကဲ့သို့ ရှိ၏။ လေးကိုင်းသဏ္ဌာန် ကော့ပျံပါးလျားသော သူ့နှုတ်ခမ်းသားကလေးများမှာလည်း ကျွန်းမာ၍ သွေးသားညီညွတ်သည့် သဘာဝအရောင်ဖြင့် ခပ်နုနုကလေး ရဲနေလေရာ ဤသည်လည်း မြမြတင်၏ အချောအလှကို ကြွသထက် ကြွလာအောင် မြေတောင်မြှောက်ပေးသကဲ့သို့ ရှိနေတော့ကာ ဖြောင့်ဖြောင့်တန်းတန်းနှင့် ပေါ်လွင်လှသော နှာတံကလေးကလည်း တစ်နည်းတစ်ဖုံ အားဖြင့် ကျက်သရေဆောင်နေသလို ရှိပြီး၊ ပြုံးလိုက် ရယ်လိုက်တိုင်း နက်ရှိုင်းရှိုင်းကလေး ပေါ်လာသော ပါးချိုင့်ကလေးကလည်း မြမြတင်၏ "အလှပြဇာတ်" တွင် သူ့နေရာနှင့်သူ အရေးပါအခန်းမှ နိုင်နိုင်နင်းနင်း အမှုထမ်းနေသကဲ့သို့ ရှိလေ၏။ သို့သော် မြမြတင်ကိုယ်တိုင် အားမရနိုင်အောင် ဖြစ်နေရသော မပြည့်ဖုံ့မှုကား တစ်ခုရှိ၏။ ထိုတစ်ခုသည် သေးသေးနှင့် ရေးရေးသာထင်သော သူ့မျက်ခုံးကလေးများပင် ဖြစ်ရာ အကယ်၍ သူ့မျက်ခုံးကလေးကသာ သေးသွယ်နက်မှောင်၍ ပိတုံးရောင် အဆင်းရှိခဲ့သော် ရက်ရက်စက်စက် လှ၍ ချောပြီး ကျက်သရေရှိကာ "မယ်တကာ့မယ်" အဖြစ်ဖြင့် ဂုဏ်ဝင်၍ မဆုံးရှိချေတော့မည်။

သို့အလျောက်လည်း မြမြတင်ထံသို့ ချစ်ပါကြိုက်ပါ တစာစာနှင့် အသနားခံကြသော စာပေါင်းများစွာ ရောက်လာခဲ့၏။ ပထမက ရောက်လာသော စာတိုင်းကို ဖတ်ကြည့်၏၊ သူ့စိတ်ကလေး မခိုင့်တခိုင်မှာ ယိုင်ချင်သလို ဖြစ်လာသောကြောင့် (အင်း ငါဟာ အမှားအမှန် မဝေဖန်နိုင်သေးဘူး) ဟူသော အသိဉာဏ်ကလေးဖြင့် သူ့စိတ်ကို ထိန်းကာ နောင်သောအခါတွင် ရောက်လာသမျှ စာများကို မေတ္တာစာဟုသိသည်နှင့် ဆုတ်ဖြဲချေမွ၍ ပြတင်းပေါက်မှ ပစ်ချလိုက်သည်သာ များလေ၏။





အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်းကို ဖျောင်းဖျောင်းဖျဖျ ဆုံးမခဲ့သော ဦးညိုမောင်၏ လိမ္မာပါးနပ်မှုကြောင့် မြမြတင်မှာ ၁၈–နှစ်အရွယ်သို့ ရောက်သည့်တိုင်အောင် ထောင့်ငါးရာ တဏှာချစ်နှင့် ပတ်သက်၍ ရွေးစေလောက်သော်မျှ စွန်းထင်းခြင်း မရှိ။ ပကတိ ဖြူစင်သန့်ရှင်းပုဂ္ဂိုလ်စွဲကင်းသော စိတ်ကလေးဖြင့် ချစ်ကြင်ဖော်တွေးတုန်းပင် ရှိသေး၏။

ထိုအချိန် မြမြတင်မှာ ၁၀–တန်းပညာကို အသာကလေး အောင်ခဲ့သော်လည်း (သမီးမိန်းကလေးအား ကောလိပ်ပို့ခြင်းအားဖြင့် အခြေအနေအရ အကြောင်းမထူး) ဟူသော ယူဆချက်ဖြင့် ဦးညိုမောင်သည် မြမြတင်အား ကျောင်းမှထွက်စေလျက် စာရင်းအင်းဆိုင်ရာ မိမိလုပ်ငန်းတွင် ဝင်ရောက်ကူညီလုပ်ကိုင်စေခဲ့လေ၏။

တစ်နေ့သော နံနက် ၁၁–နာရီခန့်အချိန်တွင် အိမ်အောက်ထပ်ရှိ စားပွဲ၌ စာအုပ်များနှင့် မအားနိုင်အောင် အလုပ်ရှုပ်နေသော မြမြတင်သည် ရုတ်တရက် အိမ်ရှေ့တွင် ကားဆိုက်သံကြားလိုက်ရပြီး မကြာမီ လူရွယ်တစ်ယောက် မိမိအနီးသို့ ရောက်လာလေသည်နှင့်–

"အော် ကိုတင့်မောင်၊ တော်တော်ကလေး မောခဲ့ရဲ့လား၊ ဒီလိုပေါ့လေ၊ စီးပွားရေးအလုပ်ဟာ လခစားအလုပ်လောက်တော့ မလွယ်ဘူးပရှင်၊ လူရော စိတ်ပါ ပင်ပန်းတာတော့ အမှန်ပဲ"

မြမြတင်သည် ကိုတင့်မောင်ဆိုသူအား ခပ်စောင်းစောင်း မော်ကြည့်ရင်း ဤသို့ ပြောလိုက်သောကြောင့်...

"သိပါတယ် မြမြတင်၊ အစ,ကတည်းကကိုပဲ သိပါတယ်၊ ဒါကြောင့်လဲ မငြီးမငြူ နေနိုင်တာပေါ့၊ ဘာပဲဖြစ်ဖြစ် စီးပွားရေးသမားတစ်ယောက်ဖြစ်ချင်တဲ့ ကျွန်တော်လိုလူအဖို့တော့ ခုလေးရတဲ့ ပင်ပန်းမှု၊ ခက်ခဲမှုတွေဟာ ကျောင်းနေတုန်းက သင်ခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



(အက္ခရာသချာ)လို ပျော်စရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်းကောင်း ဆိုသလိုပါပဲ"

ကိုတင့်မောင်မှာ အသက်အရွယ်အားဖြင့် ၃၀ ပင် မပြည့်သေးသော လူရွယ်တစ်ယောက်ဖြစ်လျက် ဘီအေ အောင်ခဲ့ပြီး ကျောင်းမှ ထွက်ခဲ့သည်မှာ ခြောက်လမျှသာ ရှိသေး၏။ သူ့ဖခင်ဖြစ်သူမှာ မန္တလေးတစ်မြို့လုံးက ကြည်ညိုလေးစားရသော အထက်တန်း အစိုးရအရာရှိတစ်ဦး ဖြစ်သောကြောင့် ကိုတင့်မောင်အဖို့ အစိုးရအလုပ်တစ်ခုခုကို လွယ်လွယ်နှင့်ပင် ရနိုင်မည်မှန်သော်လည်း လွတ်လပ်နေပြီဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူအလွန့်အလွန် နည်းနေသေးသည့် စီးပွားရေးနယ်ထဲသို့သာ ဝင်လိုသော ဆန္ဒပြင်းပြနေခဲ့သည့်အတိုင်း စီးပွားရေးကို လက်တွေ့လေ့လာဆည်းပူးရန်အတွက် ဦးညိုမောင်ထံသို့ စေလွှတ်ခြင်း ခံခဲ့ရလေ၏။

ကိုတင့်မောင်၏ ဖခင်ဖြစ်သူမှာ ဝါသနာအလျောက် အစိုးရအလုပ်ကို လုပ်နေခဲ့သော်လည်း အခြေအနေအားဖြင့် ခေသူမဟုတ်၊ ဘိုးဘွားလက်ထက်ကစ၍ ကြွယ်ဝချမ်းသာခဲ့သော မြေပိုင်ရှင်တစ်ယောက် ဖြစ်သည့်ပြင် ဦးညိုမောင်နှင့်လည်း တစ်ယောက်ကိုတစ်ဦး ကျေးဇူးမကင်းကြသော သူငယ်ချင်းများ ဖြစ်သည့်အလျောက် ကိုတင့်မောင်အား ဝမ်းမြောက်စွာ လက်ခံထားခဲ့သည်သာမက စီးပွားရေးနှင့်ပတ်သက်သော လုပ်ငန်းအဝဝကိုလည်း လက်တွေ့ပြသလျက် ရှိလေ၏။

ယနေ့လည်း သိမ်ဖြူကုန်းလမ်းရှိ ဆိုင်မှ ဆေးထုပ်များကို သင်္ဘောတင်၍ မြစ်ဝကျွန်းပေါ်မြို့များသို့ ပို့ရန်အတွက် ကိုတင့်မောင်အား တာဝန်ပေးလိုက်သောကြောင့် နံနက် ၆–နာရီမှ ယခု





ပြန်လာသော ၁၀–နာရီအထိ ဟိုပြေးသည်လွှားဖြင့် အတော်ကလေးမောခဲ့ဟန်တူသော ကိုတင့်မောင်အား မြမြတင်က ထိုသို့ စကားစလိုက်ခြင်း ဖြစ်လေ၏။

"ဟုတ်တာပေါ့ ကိုတင့်မောင်၊ စီးပွားရေးဆိုတာ တော်ရုံဗွဲနဲ့ မအောင်မြင်နိုင်ဘူး၊ (ကံ)ဆိုတဲ့ အလုပ်ရော၊ လုံ့လဝီရိယရော ဉာဏ်အမြော်အမြင်ပါ လိုတယ်၊ လိုတာမှ ပိုတယ်မရှိအောင်ကို လိုတာပဲ၊ အဲဒီတော့"

မြမြတင် စကားမဆုံးမီ စာပို့လုလင်တစ်ဦး ရောက်လာပြီး စာတစ်စောင် လှမ်းပေးနေသည်ကို ကိုတင့်မောင် လှမ်းယူ၍ လိပ်စာကို ဖတ်ရလိုက်သည်၌ မြမြတင်၏ အမည်တပ်ထားသည်ကို တွေ့ရသောကြောင့် ကိုတင့်မောင်သည် မြမြတင်အား ထိုစာကို လှမ်းပေးလိုက်လေ၏။

မြမြတင်လည်း လက်ဝယ်သို့ ရောက်လာသော စာကို ချက်ချင်းပင် ဖောက်ယူဖတ်ရှုနေသည့် အခိုက်အတန့်အတွင်း ဖြစ်ပေါ်နေသော မြမြတင်၏ အမူအရာမှာ တစ်မျိုးတစ်မည်အားဖြင့် ထူးခြားသလို ရှိနေလေ၏။ မှင်သေသေနှင့် ညှိုးနွမ်းရနေသော သူ့မျက်နှာမှာ မကြာမီ ပြုံးလာ၏၊ သို့ပြုံးလာသော အပြုံးမှာလည်း သာမန်အပြုံးမျိုးမဟုတ်၊ အဓိပ္ပါယ်ပါလှသော လျှောင်သရော်ပြုံးမျိုးနှင့် ခပ်ဆင်ဆင် ဘူ၏။

စင်စစ် ထိုစာမှာ အလုပ်ကိစ္စနှင့် ပတ်သက်သော စာမဟုတ်ကြောင်းကို ကိုတင့်မောင်သည် စာရောက်လာကတည်းက သိ၏။ စာအိတ်နှင့်တကွသော အတွင်းပါ စက္ကူမှာ စိမ်းပြာရောင် ခပ်နုနုအသွေးထဲက ဖြစ်ပြီး မသိမသာ ခပ်ရေးရေးအားဖြင့် ဖောင်းကြွနေသယောင်၊ ချိုင့်ခွက်နေသယောင် မျက်ကွင်းကလေးများလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါရှိနေသေးရာ ဤသည်ကို တွေ့ရခြင်း အားဖြင့် ထိုစာအိတ်နှင့် စက္ကူမှာ ရောင်တူဆင်တူ အစုံလိုက် ရောင်းချသည့် အထက်တန်းစားသုံး၊ အထူးသဖြင့် (သမီးရည်းစားသုံး)စက္ကူမျိုး ဖြစ်သည်ကို ကိုတင့်မောင် ရိပ်မိ၏။

"ဘယ်ကစာလဲ မြမြတင်"

ကိုတင့်မောင် ရောက်ခဲ့သည်မှာ လေးလခန့်ပင် ရှိနေပြီဖြစ်၍ မြမြတင်နှင့် ပြောဆိုဆက်ဆံရာ၌ အတော်ကလေး ရင်းရင်းနှီးနှီး ရှိနေပြီဖြစ်သည့်အလျောက် ဤသို့ ကောက်ခါငင်ခါ မေးလိုက်သည်တွင် . . .

"ရှင်တို့ ကျွန်မတို့လို ခေတ်ပညာတတ်တွေဟာ လူတစ်ဦးတစ်ယောက် ဖတ်နေတဲ့ စာကို ဒီလိုပဲ မေးသင့်သလား ကိုတင့်မောင်"

ထွက်လာသော စကားပင် ချိုသော်လည်း မြမြတင်၏ မျက်နှာထားမှာ ထိုမေးခွန်းအတွက် အတော်ကလေး မကျေမနပ်သည့်အသွင်ဆောင်လျက် ရှိသည်ကို ရိပ်မိသော ကိုတင့်မောင်သည် ချက်ချည်းပင် အလိုက်သိစွာ တောင်းပန်လိုက်လေ၏။

"ဟုတ်တယ် မြမြတင်၊ ကျွန်တော် မှားသွားပြီ၊ တောင်းပန်ပါတယ်နော် ကျေနပ်ပါ"

"အသင့်ပါပဲ ကိုတင့်မောင်၊ ရော့ ရော့ အဲဒီစာ ဖတ်ကြည့်စမ်းပါ"

မြမြတင်သည် စောစောက ဖတ်ရှုနေသော စာကလေးကို ကိုတင့်မောင်အား လှမ်းပေးနေသဖြင့် ဆွဲယူဖတ်ရှုလိုက်သည်တွင်–

*ချစ်လှစွာသော "မြ"*

"လှသကို မကိုင်ရှိမိုလို့၊ မြအလိုဂ ကိ်ပေမယ့် အကြိုက် မပေါ်၊ မောင်ကနော် မငြိုငြင်ဘု၊ လိုအင်သာပြော၊ မြမြတင်





သဘောပါတဲ့ဆိုခဲ့ပြီ–နေ့မဖင့် ရေးသင့်လေပြီ၊ (သြော်) မအေးနှင့် ဆွေးရင့်သေမည်၊ လေးတင်မေမဒီ ဗွဲတာလေ သဲကြွေလုပြီ"

အရင်တစ်ပတ်က ပို့လိုက်တဲ့စာမှာ မောင်ရေးလိုက်တဲ့ ဘောလယ်ထဲက အထက်ပါအပိုဒ်ကို မြ–သေသေချာချာ ဖတ်မိမှာပေါ့နော်၊ ဒီအတိုင်းပါပဲ မြရယ်၊ မြစိတ်တိုင်းကျ အလိုလိုက်ဖို့ မောင် အမြဲအသင့်ရှိပါတယ် မြရယ်၊ မောင့်မှာတော့ မြရဲ့ ပြန်စာကို မျှော်လင့်ရင်း ပန်းလျလျနဲ့ ဆွေးနေရတော့တာပဲ၊ ဘယ်လိုလဲ မြရယ်–ဟင်–မောင့်မှာ မြ မကျေနပ်နိုင်လောက်တဲ့ ချို့ယွင်းချက်တွေ ရှိနေလို့လား ကွယ် ဖွင့်ပြောမှ သိရမယ့် မောင့်ကို သနားသဖြင့် အကျိုးအကြောင်း ဘယ်လိုဆိုတာ စာကလေး တစ်စောင်လောက်တော့ ပြန်ဖို့ သင့်ပါတယ်။

မောင့်မှာတော့ အလှတွင်ဘုရင်ပဲဆိုတဲ့ မြရဲ့ ရုပါရုံ ရေယဉ်ကြောမှာ မျောရင်း လူးရင်းနဲ့ ရူးမလား သေမလား ဆိုတာတောင် သမိနိုင်တဲ့ အခြေမျိုးကို ရောက်နေရတာမို့ ချစ်သလား၊ မုန်းသလားဆိုတာကို ဖုံးမထားဘဲ စာတမာန်ကို မကြာပြန်ပါလို့ အသနားခံလိုက်ရတော့တယ် မြရယ်"

*မြကို ချစ်တဲ့ "သိန်း"*

ကိုတင့်မောင်သည် အထက်ပါစာကို ဖတ်၍ ဆုံးသည်နှင့် မြမြတင်အား လှမ်းပေးရင်း မဲ့ပြုံးကလေး ပြုံးလိုက်၏။

"ဘယ့်နှယ့်လဲ ကိုတင့်မောင်၊ အဲဒီလူရဲ့ နာမည် အပြည့်အစုံက ကိုဆသိန်းတဲ့ရှင့်၊ သနားစရာ မကောင်းဘူးလား၊ ဒီစာပါနဲ့ဆိုရင် ခြောက်စောင်လောက် ရှိသွားပြီ၊ လူကတော့

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားပီပီ တောင့်တောင့်တင်းတင်းနဲ့ ချောတဲ့လူပဲ ကိုတင့်မောင်နဲ့ ဆိုရင် နင်လားငါလား ဆိုပါတော့လေ။ ဒါပေမယ့် ကျွန်မ သူ့ကို စိတ်ဝင်စားလို့ မရဘူး၊ သူကတော့လည်း ဖွဲ့ကောင်းကောင်းနဲ့ အပတ်စဉ် ရေးနေတာပဲ"

မသိမသာ ညှိုးနေသော ကိုတင့်မောင်၏ မျက်နှာမှာ သိသိသာသာကြီး ကြည်လင်လာပြီး—

"သူ့မှာ တစ်စုံတစ်ရာ ချို့ယွင်းချက်များ ရှိနေလို့လား မြမြတင်၊ နို့ သူ့ပညာအရင်အချင်းကကော"

ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးတတ်သော မြမြတင်၏ သဘောကို သိခဲ့ပြီး ဖြစ်သည့်အတိုင်း ကိုတင့်မောင်သည် ဤသို့ ရဲရဲတင်းတင်း မေးလိုက်သည်၌—

"ခေတ်ပညာ ၁၀–တန်းအောင်ဆို ထင်ပါရဲ့ရှင်၊ လောလောဆယ်တော့ ဘာအလုပ်မှ မလုပ်သေးဘူး၊ အရပ်ထဲက လူငယ်များ ညီညွတ်ရေးအသင်းမှာတော့ ဥက္ကဋ္ဌနဲ့ ကာယဗလမှူးပဲ သူ့ကို ကျွန်မ သဘောမကျတာက စာရေးတိုင်း တေးထပ်တွေ၊ ဘောလယ်တွေ ရေးရေးထည့်တာရယ်၊ ကျွန်မက ပြန်မချစ်ရင်ဘဲ သေတော့မလို ဖြစ်နေပါတယ်ဆိုတဲ့ အသုံးမျိုးရယ်၊ ဒါ–ကျွန်မ အမုန်းဆုံးပေါ့ ကိုတင့်မောင်၊ မိန်းမတစ်ယောက်ကို မရနိုင်တာနဲ့ သေရတော့မယ်လို့ လက်လျှော့နေတဲ့ လူတစ်ယောက်ကို ကျွန်မ ဘယ်လို လုပ်ပြီး အားကိုးရမလဲ"

"ဒါ မှန်တာပေါ့ မြမြတင်၊ ပြီးတော့ ၁၀–တန်းဆိုတဲ့ ပညာဟာလည်း ဘာမှ မယ်မယ်ရရ လုပ်နိုင်မှာ မဟုတ်ဘူး အနည်းဆုံး"

"ဘီ–အေ ဆိုရင် တော်သေးတာပေါ့နော်"





မြမြတင်သည် ငုံ့ထားသော ခေါင်းကို မမော့ဘဲ မျက်လွှာကို လှန်ကြည့်ရင်းက ကိုတင့်မောင်၏ စကားမဆုံးမီ ခပ်ပြုံးပြုံးပြောလိုက်အမူအရာမှာ အဓိပ္ပါယ်ပါလှတော့၏။ ၁၀–တန်းထက်သာသော ပညာတတ်ကိုသာ ရွေးချယ်စဉ်းစားစေလိုသော သဘောမျိုး ပါဝင်သည့် စကားကို ပြောလိုက်ရာ၌ ကိုတင့်မောင်သည် သူကိုယ်တိုင်က (ဘီ–အေ)ဖြစ်၍ ကိုယ့်ဘက်ကို ယက်လိုက်ခြင်းပေလော၊ တစ်နည်းအားဖြင့် မြမြတင်ကလည်း ထိုအချက်ကို ကွက်ခနဲ သဘောပေါက်သွားသည့်ကြောင့် (ဘီ–အေဆို တော်သေးတာပေါ့နော်)သို့ ပြောလိုက်သည်မှာ ကိုတင့်မောင်အား ခနဲ့လိုက်ခြင်းပေလော၊ စောကြောတွက်ဆ, မှန်းမရနိုင်အောင် ရှိလှတော့၏။

"ဩ–မောင်တင့်မောင် ရောက်နေမင့်ကိုး"

လှေကားတစ်ဝက်လောက်ဆီမှ လှမ်းအော်မေးမြန်းရင်း ဆင်းလာသော ဦးညိုမောင်အား နှစ်ဦးစလုံး ပြိုင်တူမော့ကြည့်လိုက်ရာမှ ကိုတင့်မောင်သည် ထိုင်ရာမှ ထ,၍ လှေကားရင်းအထိ သွားရောက် ခရီးကြိုလျက်...

"ဟုတ်ကဲ့ ဦး ကျွန်တော်ရောက်နေတာ ၁၅–မိနစ်လောက် ရှိပါပြီ"

လှေကား၏ အောက်ဆုံးထစ်သို့ ရောက်သော ဦးညိုမောင်သည် ကိုတင့်မောင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီးမှ"

"ဘယ်နှယ့်လဲဟေ့ တော်တော်စားသာရဲ့လား"

"အလုပ် လုပ်ရတာတော့ မမောပါဘူး ဦးရာ၊ ကုန်တင်တဲ့ နေရာမှာ သင်္ဘောစာရေးတွေနဲ့ ဆက်ဆံရတာတော့ အားကြီး စိတ်ပင်ပန်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်မောင်သည် ဤသို့ ခေါင်းတရမ်းရမ်း ခါ၍ ဟန်ပါပါ ပြောလိုက်သည်ကို ဦးညိုမောင် သဘောကျသည့်အလား ရုတ်တရက် ပြုံးလိုက်ပြီး သွားကြားထိုးနေသော လက်ကို ဖယ်လိုက်ရင်း—

"ဆိုစမ်းပါဦး မောင်တင့်မောင် ဘယ်လိုပုံစံမျိုး ကြုံခဲ့ရလို့လဲကွဲ့"

"ဟာ—ဖြစ်ပုံတော့ ပြောမပြောချင်ပါဘူး ဦးရာ—သင်္ဘောကိုလည်း ရောက်ရော ကုန်ပြည့်နေပြီ လက်မခံနိုင်ဘူးဆိုလို့ ကျွန်တော့်မှာ ဟိုပြေးရဒီပြေးရနဲ့ လူကို မောသွားတာပဲ၊ နောက်မှ အကြောင်းသိထားတာကိုး၊ သင်္ဘောကူလီတစ်ယောက်က ငွေငါးကျပ်လောက် ပေးလိုက်ရင် ပြီးသွားပါလိမ့်မယ်လို့ လာပြောတာနဲ့"

"မင်းက ပေးလိုက်ရောလား"

"ဟုတ်ကဲ့—မပေးလို့မှ မဖြစ်တော့ဘဲ သူတို့က စားပေါက်ထွင်ချင်လို့ တမင်လုပ်လေတော့"

"ဒီလိုဆို မင်းလည်း လာဘ်ပေးတဲ့လူ အဖြစ်နဲ့ အပြစ်ရှိတာပေါ့၊ ဆိုင်ရာလူကြီးတွေကို မတိုင်ဘူးလား မောင်တင့်မောင်က"

"တစ်ယောက်၊ နှစ်ယောက်တော့ ပြောပြကြည့်ပါသေးတယ်၊ သူတို့ကလည်း (ဝါးစေ)ထဲက ပါလို့လား မသိဘူး၊ အူကြောင်ကြောင်လုပ်နေတယ် ဦးရဲ့၊ အရေးကြီးတာက ဒီနေ့ သင်္ဘောနဲ့ ကုန်ပါသွားဖို့ပဲ မဟုတ်လား၊ ဒါကြောင့် မြန်မြန် ပြီးတဲ့နည်း သုံးလိုက်ရတော့တာပဲ၊ ငွေငါးကျပ်တော့ ပူဇော်ခဲ့ရသပေါ့ ခင်ဗျာ"





ကိုတင့်မောင်သည် စကား ဆုံးသည်နှင့် ထိုကိစ္စအတွက် မိမိအား အပြစ်ဆိုနေဦးမည်လားဟု စိုးရိမ်မကင်းသော မျက်နှာဖြင့် ဦးညိုမောင်အား အကဲခတ်လျက် ရှိသည်တွင် ဦးညိုမောင်လည်း ကိုတင့်မောင်၏ ပခုံးကို ဆတ်ခနဲ ပုတ်လိုက်ရာမှ—

"မင်း တော်တယ် မောင်တင့်မောင် မင်း တော်တယ်၊ ဒီလိုကိစ္စမျိုးတွေ ဦးတို့ ကြုံခဲ့ဖူးသပေါ့၊ ကုန်တင်ကုန်ချ၊ ငွေသွင်း ငွေထုတ်၊ ဆိုင်လခ၊ အလုပ်သမား လခ၊ တက်ဈေး ကျဈေး၊ မီးရထားတွဲ ရဖို့၊ သင်္ဘောနဲ့ တင်နိုင်ဖို့၊ ကြွေးပေး ကြွေးတောင်း၊ လမ်းပန်းသာယာမှု၊ အမြတ်တော်ကြေး၊ အို—စုံလို့ပါပဲကွယ်။ မလွယ်တာမှ တကယ့်ကို မလွယ်တဲ့ အလုပ်ပဲ၊ တစ်ခါတစ်ခါတော့ ဦးတောင် စိတ်ပျက်ချင်သလိုလို ဖြစ်မိတယ်၊ ဒါနဲ့တောင် ကီးပွားရေးဆိုတာ ဘာမှန်းမသိတဲ့ ဘဝသစ်ဆရာတွေက ဟစ်လိုက်သေးတယ်၊ **"မနုရှင်ဝါဒ ပျက်စီးပါစေ"**တဲ့။ ခက်ပါတယ်ကွာ၊ ဒါတွေ ပြောနေရင် ဆုံးမှာမဟုတ်ဘူး၊ ကဲ—ထမင်းစာချည်တော့၊ ဟော့—သမီးကော ထမင်းစားတော့လေ"

မြမြတင်သည် ချက်ချင်းပင် ထ၍ ကိုတင့်မောင်နှင့် ရှေ့ဆင့်နောက်ဆင့် တက်လိုက်သွားလေ၏။ ဦးညိုမောင်သည် စားပွဲပေါ်ရှိ စာအုပ်များကို လှန်လှောကြည့်ရှုရင်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေခိုက်၊ အပေါ်ထပ်ဆီမှ ဆူညံညံအသံများ ပေါ်ထွက်လာသည်နှင့် ကမန်းကတန်း ပြေးတက်သွား၍ ထမင်းစားခန်းသို့ ရောက်သည်တွင် မြမြအင်မှာ ဒေါသဖြစ်လွန်းသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လား မသိ၊ အသားများပင် တဆတ်ဆတ်တုန်နေတော့ကာ ကိုတင့်မောင်လည်း အကြောင်းသား ငေးလျက် အဖော်မိန်းကလေး မကွန်း၏ ရင်ဘတ်တစ်ခုလုံးမှာ ဆီပြန်ဟင်းများဖြင့် ရွှဲရွှဲစိုနေသည်ကို တွေ့ရလေ၏။

"ကဲ–ခုတော့ ကောင်းသေးသလား ကိုညိုမောင်၊ ရှင်–အခွင့်အရေး ပေးလေ သူတို့က လူပါးဝလေပဲ"

ခါးတင်းတင်းထောက်၍ ခပ်ငေါက်ငေါက် ပြောလိုက်သော ဒေါ်သင်းထုံ၏ စကားကို ကြားလိုက်ရသည်နှင့် ဦးညိုမောင်မှာ ရုတ်တရက် ယောင်ချာချာ ဖြစ်သွားရာမှ လက်ကာရင်း–

"နေစမ်းပါဦးကွ မသင်းထုံ ဘာ ဘယ်လို ဖြစ်ကြတာလဲ၊ ကြည့်ရတာ သမီးဖြစ်ပုံပဲ၊ ကဲ–ဆိုစမ်းသမီး"

မျက်နှာကြီး နီရဲနှင့် အံခဲထားသော မြမြတင်သည် ရုတ်တရက် ထ,ရပ်လိုက်ပြီး–

"ဒီလိုပါ ဖေဖေ သမီးနဲ့ ကိုတင်မောင် ထမင်းစားဖို့ ဝင်လာကြတော့ မမထွေးနဲ့ မမကွန်း နှစ်ယောက်စလုံးပါ အသင့် ခူးခပ်ပြင်ဆင်ပေးကြပါတယ်။ ထမင်းစ,စားလို့ တအောင့်လောက် ကြာတော့ ဆားနည်းနည်းလိုချင်တာနဲ့ ကြည့်လိုက်တော့ နှစ်ယောက်စလုံး မရှိတော့ဘူး၊ ဒါနဲ့ သမီးက လှမ်းခေါ်ပြီး ဆားတောင်းရင်းက (ဘာလေး ညာလေး လိုချင်ရင် တောင်းရအောင် အနားမှာ နေကြပါဦးလား ရှင်တို့ရယ်)လို့ ပြောတာကို မမကွန်းကလေ မမကွန်းက"

"အင်း ဘာပြောသလဲ သမီးကို"

"မြမြတင်တို့ လွတ်လွတ်လပ်လပ် စားရအောင် ရှောင်ပေးတာပါတဲ့။ ကဲ–ဘယ်လောက် စော်ကားတဲ့ စကားလဲလို့၊ ပြီးတော့





မျက်နှာထားကလည်း စပ်ဖြဲဖြဲလုပ်ပြသေးတယ်၊ အခိုပ္ပါယ်က သမီးနဲ့ ကိုတင့်မောင်ကို ဘာလိုလို ခနဲ့လိုက်တာပဲ၊ ဒါကြောင့် သမီးက ဟင်းခွက်နဲ့ ကောက်ပေါက်လိုက်တယ်။ ဒါသမီး မှားတယ်ဆိုရင် ပေးတဲ့အပြစ် ခံမယ်ဖေဖေ"

တုန်လှုပ်ခြင်း ကင်းကင်းနှင့် ရှင်းရှင်းပြတ်ပြတ် ပြောလိုက်သော မြမြတင်၏ စကားကို ကြားရသည်နှင့် ဦးညိုမောင်သည် တစ်ခုံတစ်ရာ ဘာမျှ မပြောသေးဘဲ လေးလေးနက်နက် စဉ်းစားသလို မေးစေ့ကို ပွတ်နေရာမှ–

"အင်း–ခက်တယ် ခက်တယ်၊ အစေခံကို အစေခံလိုထားတော့ အတန်းအစားခွဲတယ်၊ နှိမ့်ချတယ်လို့ ပြောကြတယ်၊ အပြစ်တင်ကြတယ်။ ရင်ဘောင်တန်းပြီး တန်းတူအခွင့်အရေး ပေးပြန်တော့လည်း သူ့နေရာနဲ့သူ ရှိသေးမှန်း မသိတော့ဘူး၊ ပါးလျှက်နားလျှက် ဖြစ်လာပြန်တယ်၊ ငါ–ဘာလုပ်ရမလဲ ပြောကြစမ်း"

ဦးညိုမောင်သည် ဤသို့ ပြောရင်း ခေါင်းတရမ်းရမ်း ခါလျက် စိတ်ပျက်သလို မေးလိုက်သည့်တိုင်အောင် မည်သူကမျှ အဖြေမပေး၊ အတွေသား ငေးနေကြလေ၏။

"ဟော့–မထွေးတို့၊ မကွန်းတို့ သေသေချာချာ နားထောင်နော်။ ခု–ဘဘကြီး ပြောနေတာက သမီးကို ဒီလိုပြောရကောင်းလား ဆိုပြီး၊ ကြိမ်းနေတာ မဟုတ်ဘူး။ မင်းတို့ကို ဘဘကြီး ဘယ်လောက် အရေးပေးခဲ့တယ်ဆိုတာ မင်းတို့ အသိဆုံးပဲ မဟုတ်လား၊ အေး

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်းတို့ကလည်း နည်းနည်း ရောင့်တက်ချင်တယ်၊ မပြောင်ရ၊ မနောက်ရဘူးလို့ မဆိုလိုဘူး၊ နို့ပေမယ့် နေရာနဲ့ နေရာနဲ့ ပြောင်ကြ၊ ပြောကြမှပေါ့ မင်းတို့ဟာ လူရှေ့မရှောင်၊ သူရှေ့မရှောင် အရောဝင်အားကြီးတော့ အေးဒီတစ်ခါ ရှိပေစေ၊ နောက်ကို ဒီလို မကြားရစေနဲ့ အရင် ဘဘကြီးပြောဘူးတာ မေ့ပလား၊ ကိုယ်ရတဲ့ အခွင့်အရေးကို ဘယ်လိုသုံးမလဲ ပြောကြစမ်း"

"စည်းကမ်းတကျ သုံးရပါတယ် ဘဘကြီး"

"အေး ခု–မင်းတို့ သုံးတာ စည်းကမ်းမကျဘူး၊ မိန်းမချင်း ဘာဝ လှောင်ချင်ကြရင် ကွယ်ရာမှာ လှောင်ပေါ့၊ ပြီး တစ်ခု ရှိသေးတယ် အဲသလို လှောင်တာကို တစ်ယောက်က မကြိုက်ရင် လည်း မလှောင်ရ မပြောင်ရဘူး။ အားလုံးတူတူပဲ မကွန့် မကြိုက်တာကိုလည်း သမီးက မပြောနဲ့ ကြားကြရဲ့လား"

ဦးညိုမောင်သည် စားပွဲပေါ်မှ ဟင်းခွက်များကိုကြည့်ရင်း ဤသို့ပြော၍ စကားဆုံးသည်နှင့် မကွန့်ဘက်သို့ ဖြတ်ခနဲ လှည့်ကာ မျက်မှန်ထဲမှ မျက်လွှာကိုလှန်ပြီး ခေါင်းငိုက်စိုက်နှင့် မျက်ခုန်းပင့် ကြည့်နေသောကြောင့်–

"ဟုတ်ကဲ့ပါ ဘဘကြီး ကျွန်မ မှားသွားပါတယ်၊ မြမြတင် ကိုလည်း တောင်းပန်ပါတယ်၊ ကျေနပ်ပါနော် ညီမ နော်"

အိမ်သားအားလုံးမှာ ဦးညိုမောင်၏ သွန်သင်ဆုံးမှုကြောင့် ကိုယ့်အမှား ကိုယ်ဝန်ခံတတ်သော အလေ့အကျင့်လေးများ ရနေကြပြီ ဖြစ်သည့်အတိုင်း မကွန့်လည်း နှုတ်မနေးဘဲ ဤသို့ ဝန်ခံလိုက် သည်နှင့်–





"ကဲ သမီး ထုံးစံအတိုင်း"

ဦးညိုမောင်သည် ဤသို့ပြောရင်း မျက်စ,ပစ်လိုက်သည်နှင့် မြမြတင်သည် မကွန့်ဆီသို့ လျှောက်သွားကာ ခပ်ပြုံးပြုံး ကြည့်ရင်း မကွန့်၏လက်ကို လှမ်းကိုင်ဖျစ်ညှစ်လျက် လက်ဆွဲနှုတ်ဆက်သလို တဆတ်ဆတ်လှုပ်နေပြီးမှ–

"ကျွန်မ ကျေနပ်ပါတယ် မမကွန့်ရယ်နော် ကဲ ဖြစ်ပြီး တာတွေ မေ့လိုက်ကြစို့လား"

❦

"သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်"

အချိန်နေ့ဝင်လုလု ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ အသံလွှင့်ဌာနမှ ပြန့်လွှင့်လာသော ထိုအသံကလေးသည် မြမြတင်တို့ အိမ်အပေါ်ထပ်နှင့်တကွ အနီးပတ်ဝန်းကျင်အိမ်များမှ တစ်ပြိုင်တည်း ပေါ်ထွက်လာခြင်းကို ထောက်သော် ၆–နာရီနှင့် မိနစ် ၃၀–တိတိ ရှိလေ၏။

ထိုအချိန်တွင် ဦးညိုမောင်နှင့် ဒေါ်သင်းထုံမှာ အိမ်ရှေ့ ပန်းခြံကလေးအတွင်း၌ ဟိုလျှောက်သည်လှမ်းဖြင့် ပန်းပင်ကလေး များကို ကြည့်ရှုရင်း တစ်စုံတစ်ရာ တီးတိုး ပြောဆိုနေကြလေ၏။ အပေါ်ထပ် ဝရံတာတွင်မူ ဖြူဖြူကျစ်ကျစ်နှင့် တကယ့်ချစ်စရာ အသွင် မှင်သေသေရပ်နေသော မြမြတင်သည် ခေါင်းလျှော်ပြီး၍, ဖားလျားချထားသည့် ဆံကေသာကို ဖွကာဖွကာဖြင့် လေသလပ်ခံ လျက် ရှိလေ၏။ နုးညံ့ပျော့ပျောင်း ပွယောင်းယောင်း ဖွရာ ပုံးနက်မှျင် ဖြာနေသကဲ့သို့သော ဆံကေသာ ပိတုံးရောင်ကို နောက်ခံပြုလျက် ကျက်သရေရှိစွာ ပေါ်လွင်နေသော မြမြတင်၏ မျက်နှာကလေးကို ကြည့်ရသည်မှာ ဒေါသအလျောက်များ၍ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



သေမည်ကို အလွန်ကြောက်နေသော လူသတ်တရားခံအဖို့ "တရားရှင်လွှတ်စေ" ဟူသော စီရင်ချက်ကဲ့သို့လည်းကောင်း၊ ပင်ပန်းမောဟိုက် ခေါင်းငိုက်စိုက်နှင့် လဲခွေနေသော ရေငတ်ခရီးသည်အဖို့ အလွန်အေးမြသော "ကျောက်စက်ရေ"ကဲ့သို့လည်းကောင်း၊ အမျိုးနှင့် တိုင်းပြည်အတွက် အသက်ပေးခဲ့ ရန်သူကို ချေမှုန်းရင်း လက်နက်ရိက္ခာ ပြတ်သွားသော တပ်စိတ်တစ်စိတ်အဖို့ ရောက်လာသော "စစ်ကူ"ကဲ့သို့လည်းကောင်း၊ မြင်ရသူအပေါင်းတို့၏ ဟဒယနှလုံးကို ချိုပြုံးကြည်လင် တစ်နည်း နည်း နှင့် ရှင်သွားစေသည်သာ ဖြစ်၏။

အဖြူအနက် ကန့်လန့်စင်း မန္တလေးပိုးလုံချည်နှင့် ကြက်ဥနှစ်ရောင် စပို့ရှပ်လက်တိုကို ဝတ်လျက် တစ်လှမ်းချင်း ထွက်လာသော ကိုတင့်မောင်သည် မြမြတင်နှင့် တစ်ပေသာသာ အကွာအဝေးတွင် ခပ်ဖြေးဖြေး ရပ်လိုက်ရင်းက—

"လှလိုက်တဲ့ ညနေခင်းကလေးနော်"

ကိုတင့်မောင်သည် ပြာတစ်ကွက် ဝါတစ်ရန်ဖြင့် ကြက်ဥနှစ်ရောင် ဟပ်နေသော အနောက်တောင်ဒေါင့် ခပ်ယွန်းယွန်းကောင်းကင်ဆီသို့ မော်ကြည့်ရင်း ဤသို့ ပြောလိုက်သောကြောင့်—

"အင်း တော်တော့်ကို သာယာတာပဲ ကိုတင့်မောင်"

မြမြတင်ကလည်း ကိုတင့်မောင်မျက်နှာမူထားသည့်ဘက်သို့ ခပ်ငွဲငွဲကလေး စောင်းမော်ကြည့်ရှုလိုက်ရင်း ဤသို့ ပြန်လည်ဖြေကြားပြီး ဆက်လက်၍—

"လောကကြီးရဲ့ သဘာဝ ရှုမျှော်ခင်းတွေ သာယာသလောက် လူတိုင်း–လူတိုင်း အရသာခံနိုင်ရင် သိပ်ကောင်းမှာပဲနော်"





"နို့–ဒီသဘာဝ ရှုမျှော်ခင်းကို လောကသားတိုင်း လွတ်လွတ်လပ်လပ်သာယာနိုင်တယ်၊ ကြည်နူးနိုင်တယ် မဟုတ်လား မြမြတင်၊ ဘယ်သူက ချုပ်ချယ်ထားလို့လား"

"ဟိုမှာကြည့်စမ်း ကိုတင့်မောင်၊ အဲဟို ရောက်သီဆေးပြားသည် အဘိုးကြီးဟာ ဘယ်လိုတွက်တွက် သူ့အသက် ၆၀–ထက် မလျော့နိုင်ဘူး၊ ကဲ–ဒီအောက်ကို ကြည့်စမ်း ဖေဖေနဲ့ မေမေ ဘဘာဝအလှ ပန်းပင်ကလေးတွေကြည့်ပြီး ကြည်နူးနေကြတယ်၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ဒါဟာ အားတိုးဆေး၊ အသက်ရှည်ဆေး တစ်မျိုးပေါ့ ကိုတင့်မောင်၊ ဟော–ဟိုဘက်လျှောက်သွားတဲ့ ရောက်သီးဆေးပြားသည် အဘိုးကြီးရဲ့ ဘဝကို တွေးကြည့်စမ်း မှာ ထမင်းကလေး တစ်လုပ်စားရဖို့ အော်လံကြီးနဲ့ ဟစ်လိုက်ရတာ လည်ချောင်းက အကြောကြီးများကို ထ,လို့ ဒါက အားအင်ကုန်ခန်းခြင်း တစ်မျိုး၊ ဒါ့အပြင် လည်ပြီးတော့သာ အော်ဟစ်ရောင်းနေရတယ်၊ ရောင်းရဖို့ မရောင်းရဖို့ဟာ သိပ်မသေချာလို့ "ငါဒီနေ့ ထမင်းဖိုးမှ ရပါ့မလား" ဆိုပြီး ဘယ်ကလောက်ပူနေရှာမလဲ၊ စားမှုကလေးတောင် ဒီလောက်ပူနေရမယ် ဆိုရင် နေမှု၊ ထိုင်မှု၊ ဝတ်မှုအတွက်ဆို ဘာပြောစရာရှိတော့သလဲ ကိုတင့်မောင်၊ အဲသလို အစစ,အရာရာ အချိန်ရှိသလောက် ပူနေရတဲ့ လူတစ်ယောက်ဟာ ဘယ်မှာ သဘာဝ ရှုမျှော်ခင်းတွေ၊ သာယာမှုတွေကို ကြည့်ပြီး ကြည်နူးနေနိုင်တော့မှာလည်း အချိန်ရှိသလောက် အသက်ဆက်ဖို့ လုံးပန်းနေရတယ်၊ တွေးတောပူပင်နေရတယ်၊ ဒါဟာ အားအင်ယုတ်လျော့ပြီး အသက်တိုစေတတ်တဲ့ သေဆေးတွေပဲ မဟုတ်လား ကိုတင့်မောင်"

www.burmeseclassic.com



မြမြတင်သည် စကားကို ရုတ်တရက် ရပ်၍ ဖြန့်လှန်ချထားသော ဆံပင် ဖရိုဖရဲကို ဆွဲကိုင်စုလုံး၍ တစ်ပတ်လျှိုထုံးရင်း မပြုံးမရယ် လည်တိုင်ကလေးဆန့်၍ ကိုတင့်မောင်အား ငေးကြည့်နေလေ၏။

အမှန်အားဖြင့် ကိုတင့်မောင် စကားစလိုက်သည်မှာ ဤကိုရည်၍မဟုတ်၊ ကြည်နူးဖွယ်ကောင်းသော ညနေခင်း၏ သာယာမှုကို အကြောင်းပြု၍ သူ့ရင်တွင်းဝယ် တအုံနွေးနွေးနှင့် ဆွေးတမြေ့မြေ့ ခံစားနေရသော ချစ်ဒုက္ခအကြောင်းစုံကို ပေါင်းခြုံရှင်းပြလို၍ ပဏာမ ပျိုးလိုက်ခြင်းသာဖြစ်သော်လည်း မြမြတင်ထံမှ ထွက်လာသော စကားမှာမူ ရည်မှန်းရာသို့ မရောက်၊ ကွေ့ကွေ့ကောက်ကောက်နှင့် မိမိစကားစပင် ပျောက်သွားတော့မည့်ကဲ့သို့ ရှိနေသည်နှင့်—

"မှန်ပါတယ် မြမြတင်–မှန်ပါတယ်၊ ဩော် ဒါနဲ့ စကားမစပ် မြမြတင်ရဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ရထားတဲ့ လွတ်လပ်ခွင့်ကို ဘယ်လိုအသုံးချဖို့ ရည်ရွယ်တယ်ဆိုတာ မသိရဘူးလား မြမြတင် တကယ်လို့ ခုမေးတာ ရိုင်းတယ်ထင်ရင်လဲ . . ."

"ဟာ၊ ရိုင်းတယ်ရယ် ဘယ်ဟုတ်မလဲ ကိုတင့်မောင်၊ သေသေချာချာ နိုးနှောသင့်တာပေါ့ ကိုတင့်မောင်ကလည်း အကြံဉာဏ်ကလေး ဘာလေး ပေးပါနော်၊ အားမနာနဲ့၊ မှားတယ် ထင်ရင် ပြောသာပြော"

တစ်ပတ်လျှိုပင် ထုံးထားသော်လည်း ဆံပင်ကောင်းသူဖြစ်သောကြောင့် တစ်တောင်သာသာမျှ ဖွာကျနေသည့် ဆံမြိတ်ကလေးများ လေငြေ့တိုင်း လွေ့လူး၍ ဇက်ပေါ်တွင် မြူးနေတော့၏။ တစ်ခါတစ်ခါတွင် ခပ်ပြင်းပြင်း တိုက်လိုက်သော လေအဟုန်ကြောင့် သွေ့ကော့ပျံနေသည့် ဆံနုမျှင်ကလေးများသည် မျက်နှာပေါ်သို့ပင် ဝေ့ကာသီကာ လွင့်တက်လာသဖြင့် မျက်လုံးကလေး မှေး၍ ခပ်ဖြည်းဖြည်း ဖယ်ချလိုက်သော မြမြတင်၏ မျက်နှာပေါ်ကျက်သရေမှာ ကိုတင့်မောင်အဖို့ မက်မပြေ ဖြစ်သွားလေတော့၏။





"ကဲ မြမြတင်၊ ရပ်နေတာ ညောင်းရော့မယ်၊ ရော့ ထိုင်ထိုင်"

ရုတ်တရက် အထဲဝင်သွားပြီး ပြန်ထွက်လာသော ကိုတင့်မောင်သည် ဤသို့ပြောရင်း ကုလားထိုင်တစ်လုံး ထိုးပေးကာ သူကိုယ်တိုင်လည်း တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။

"တစ်ခြားတော့ မဟုတ်ပါဘူး မြမြတင်။ ခု ဦးပေးထားတဲ့ အခွင့်အရေးဟာ တော်ရုံ မိဘအဖို့ဆိုရင် ကြက်သီးထ,စရာကြီးပဲ၊ အမှန်တော့ ဒါဟာ ပေးထိုက်တဲ့ အခွင့်အရေးလို့ ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမယ့် အခွင့်အရေးကို သုံးတဲ့နေရာမှာ မတော်တဆ"

"မှားသွားမှာကို ကိုတင့်မောင် စိုးရိမ်သပေါ့၊ ဒီအတွက်တော့ မပူပါနဲ့ရှင်၊ ဖေဖေ သတိပေးထားတဲ့ စကားရှိပါတယ်"

(ဒီအသီးဟာ ခါးတယ်၊ လေချုပ်တယ်၊ ဒီအသီးက စားရင် ရူးတတ်တယ်၊ ဒီအသီးကတော့ ချိုတယ်၊ ဆိမ့်တယ်၊ အဲသလို ဖေဖေ ရှင်းပြောပြထားရက်နဲ့ ရူးတတ်တဲ့ အသီး ကို သမီးရွေးစားရင် သမီးရူးမှာပဲ၊ ဖေဖေလည်း တတ်နိုင်မှာမဟုတ်ဘူး၊ မအေး ဒီအရူးရောဂါကို ပျောက်အောင် ကုနိုင်တယ်၊ တတ်နိုင်တယ် ထားဦးတော့၊ ဖေဖေ ကုမယ်ထင်သလား၊ ဘယ်တော့မှ မကုဘူး၊ ကိုယ့်မိုက်ပြစ် ကိုယ်ခံ ဖေဖေ လျစ်လျူရှုထားမှာပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ-အဲဒီတော့ ဘာလိုသေးသလဲ ကိုတင့်မောင်၊ ကျွန်မ မှားရင် ကျွန်မထိုက်နဲ့ ကျွန်မကံပဲ ရှိမယ်ဆိုတာ ကျွန်မ သိသပေါ့"

မြမြတင်သည် စကားကို ရှေ့မဆက်သေးဘဲ လေထဲမှ လွင့်တက်လာသော ငှက်မွေးကလေးကို မျက်စိစိုက်၍ လိုက်ကြည့်နေစဉ်...

"အဲဒီအသိဉာဏ်ကိုတော့ ကျွန်တော် လေးစားပါတယ်လေ၊ ဒါပေမယ့် တစ်ခုပြောချင်တာက"

"ဆို၊ အားတော့ မနာနဲ့ ကိုတင့်မောင်"

ဆွေမတော်မျိုးမစပ်ဘဲ နီးနီးကပ်ကပ် ထိုင်နေသော လူမျိုးတစ်ယောက်အဖို့ မြမြတင် ပေးလိုက်သောအခွင့်အရေးနှင့် မျက်နှာပေးချိုသာမှုမှာ မိန်းမပျိုတစ်ယောက်အနေဖြင့် အတော်ရဲရင့်သောအသွင်ကို ဆောင်နေတော့လေ၏။

"ဒီလိုပါ မြမြတင်၊ ခုဆိုရင် ကျွန်တော် ဒီအိမ်ရောက်တာ တစ်နှစ်နီးပါး ရှိခဲ့ပြီနော်၊ မှန်တာပြောရရင် စီးပွားရေးပညာကို လက်တွေ့လေ့လာဆည်းပူးချင်တာလည်း တစ်ကြောင်း၊ ပြီးတော့"

ကိုတင့်မောင်သည် စကားကို ရုတ်တရက် ရှေ့မဆက်နိုင်သေး ဝရံတာမှကျော်၍ ပေတရာလမ်းပေါ် ငေးကြည့်နေ၏။ ထွက်လာသော အသံများမှာလည်း ရိုးရိုးသားသားမဟုတ်၊ တုန်တုန်လှုပ်လှုပ် ရှိလှတော့၏။

"ပြီးတော့ ဘာဖြစ်သလဲ ကိုတင့်မောင်၊ ကျွန်မရဲ့ မေတ္တာပန်းဖြူကို ချူချင်တဲ့ ရည်ရွယ်ချက်ကလည်း တစ်ကြောင်းပါသေးသလား၊ ရဲရဲပြောပါ ကိုတင့်မောင်၊ ကျွန်မ စိတ်မဆိုးတတ်ပါဘူး၊ အရပ်ထဲက ဘိလိယက်ခုံ ဂျပိုးတွေ ပိုးကြ ပန်းကြတာတောင် ကျွန်မ စိတ်မဆိုးတဲ့ဟာ ကိုတင့်မောင်လို လူတစ်ယောက်က"





"ထင်တဲ့အတိုင်းပါပဲ မြရယ်၊ ကိုတင့်မောင် ဒီကိုရောက်လာရတဲ့ ကိစ္စဟာ အမှန်ကတော့"

"ကျွန်မသိတာပေါ့ ကိုတင့်မောင်၊ ကိုတင့်မောင် ဖေဖေနဲ့ ကျွန်မ ဖေဖေဟာ ငယ်သူငယ်ချင်း၊ ပြီး ကိုတင့်မောင်တို့က လူချမ်းသာမျိုးရိုးလည်းဖြစ်ပြန်၊ ခေတ်ပညာကလည်း ဘီ-အေ၊ ဒီအခြေထိ သမီးပျိုရှိတဲ့ အိမ်မှာ လူပျိုကို လက်ခံထားတယ်ဆိုတော့ ဒီပြဿနာဟာ လယ်ပြင်ဆင်ပြေးသလို အဖြေးသား ပေါ်နေတာပဲ မဟုတ်လား၊ တိုတိုပြောရရင် လူကြီးတွေဆီက စကားအရိပ်အရောင် ထွက်မလာသေးပေမယ့်လည်း ရှင်နဲ့ ကျွန်မ လူငယ်ချင်း သင့်မြတ်သွားရင် ဝမ်းမြောက်ဝမ်းသာ နေရာချပေးမယ်ဆိုတဲ့ အလားအလာရှိတာကို ကျွန်မ အကဲခတ်မိတယ်လေ၊ ဒီထက် ရှင်းရှင်းပြောရရင် လူကြီးတွေက ရှင်နဲ့ ကျွန်မ သင့်မြတ်သွားမှုကို တောင့်တောင့်တတပဲ မျှော်လိုရှိနေကြတယ်၊ ဟုတ်ကဲ့လား ကိုတင့်မောင်"

မသိမသာ စိုကာပတ်ကုံးနှင့် တစ်လုံးချင်း ရှင်းပြောရန် စောင့်ဆဲထားသော ကိုတင့်မောင်သည် ထိုစကားများကို မိမိက မပြောလိုက်ရဘဲ မြမြတင်ကသာ အထစ်အငေါ့မရှိ တိတိကျကျ မချွတ်ပြောသွားသောကြောင့် ကိုတင့်မောင်မှာ ဘာစကားကို ပြန်မထောက်ရမည်ပင် စဉ်းစားမရနိုင်အောင် ရှိနေလေ၏။

"ဒီလိုဆိုရင်လည်း ပွင့်ပွင့်လင်းလင်း မေးပါရစေတော့ မြရယ်၊ ကိုတင့်မောင်အပေါ်မှာ မြ,ဘယ်လို သဘောထားတယ်ဆိုတာ မသိရဘူးလား ဟင်"

ကိုတင့်မောင်သည် မရဲတရဲနှင့် အကဲခတ်သလို ကြည့်ရင်းမေးလိုက်၏။ မြမြတင်မှာလည်း ရုတ်တရက် အဖြေမပေးနိုင်ဘဲ ငှက်မွေးကလေး ငိုင်သွားရာမှ ဝမ်းနည်းဝမ်းသာ ဘာမှန်း၍ မသိမသာ မျက်နှာအနေနှင့် ဏှာခြေရရ စိုက်ကြည့်နေသည်တွင်...

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ မြရယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ပြောလိုက်စေချင်တာပဲ၊ နို့မို့ရင် ကိုတင့်မောင် ရင်ဝမှာ မတင်မကျနဲ့ အနေရခက်လွန်းလို့ပါ မြရယ်၊ နို့-ကိုတင့်မောင်အပေါ်မှာ မြ မကျေနပ်နိုင်တဲ့ အချက်များကော ရှိနေသလားဟင်"

"ကိုတင့်မောင်မှာ ကျိတ်မနိုင်ခဲမရဖြင့်၊ သို့ တဖွဖွမေးနေသည့်တိုင်အောင် မြမြတင်သည် တစ်စုံတစ်ရာ ဘာမျှ မပြောသေးဘဲ လေးလေးနက်နက် စဉ်းစားနေသကဲ့သို့ နေလေ၏။

"မဟုတ်ပါဘူး ကိုတင့်မောင်၊ ဒီနေ့အထိတော့ ကိုတင့်မောင်အပေါ်မှာ မကျေနပ်တာရယ်လို့ လုံးလုံး မရှိသေးဘူး ဆိုပါတော့"

မြမြတင်မှာ တည်တည်ငြိမ်ငြိမ်နှင့် အတော်ကလေး ဣန္ဒြေရခဲ့သူဖြစ်သော်လည်း လက်ငင်းကိုယ်တွေ့ တော့တော့ဆိုင်ဆိုင်ချစ်စကားတွေ လှိုင်နေရသည်၌ စိတ်မထိန်းနိုင်၊ ယိမ်းယိုင်လုလုနှင့် သူ့အသိတရားကလေးမှာလည်း ပျံ့စင်လွင့်ပါးနေသည်ဟု ထင်ရလေ၏။ မျက်တောင်ကလေး ပေကလပ်နှင့် တဆတ်ဆတ်တုန်နေသော သူ့လက်ချောင်းကလေးများကို ကြည့်ခြင်းအားဖြင့် မြမြတင်မှာ စိတ်ခာတ်ကြံ့ခိုင်၍ ဉာဏ်မှာဘက်၌ ကောင်းကောင်းကြီး မနိုင်သေးကြောင်း ထင်ရှားနေတော့၏။

"ဝမ်းသာလိုက်တာ မြရယ်၊ အဟုတ်ပါပဲ၊ ခုတိုင်းဆိုရင် ကိုတင့်မောင်နဲ့ မြ နီးစပ်ဖို့ဟာ သိပ်မဝေးတော့ဘူးပေါ့နော်"

ဟုတ်ပုံပေါ်လျှင် အတော်ကလေး ဇက်ရဲ လာတတ်သည့် ယောကျ်ားတို့ ဓမ္မတာအတိုင်း ကိုတင့်မောင်သည် မရွံ့တရွံ့မဟုတ်၊ ဝုံဝုံစားစားကြီး ပြောပြော မေးမေး မေးလိုက်သောကြောင့် ...

"အရင်မလိုပါနဲ့ ကိုတင့်မောင်၊ ...ဖို့ ဝေးဖို့ ဆိုတာက ချက်ခြင်းပြောလို့ဖြစ်တဲ့ ကိစ္စမျိုးမဟုတ်တော့ ဟော(မာတလီ





မကောမန် ရောက်ချိန်တန်ပါပြီခင်ဗျာ)တဲ့ ကဲ-ကျွန်မ ရေဒီယို နားထောင်ချည်ဦးမယ် ကိုတင့်မောင်"

မြမြတင်လည်း ပြောပြောဆိုဆိုပင် ထိုင်ရာမှ ထ၍ ရည့်ခန်း ရေဒီယိုရှိရာသို့ လျှောက်သွားသောကြောင့် ကိုတင့်မောင်မှာ ကြောင်တွေငေးငိုင်နှင့် ထိုင်လျက်သား ကျန်ခဲ့လေ၏။ ချိုလျှင်ချို၊ ခါးလျှင်ခါး ပြတ်ပြတ်သားသားကြားလိုက်ရသော် ဉာဏ်မျှ စိတ်ပင်ပန်းဖွယ်ရာမရှိ။ ယခု မြမြတင်၏ အဖြေကို ရေရေလည်လည် မသိလိုက်ရသည်နှင့်အမျှ ကိုတင့်မောင်မှာလည်း သို့လောသို့လော တွေးတောရင်းဖြင့်သာ တဟင်းဟင်း သက်ပြင်းချနေရတော့၏။

ကိုတင့်မောင်တစ်ဦးတည်းသာ ဉာဏ်နည်းဉာဏ်မျှနှယ်၊ စိတ်ပင်ပန်းဖြင့် မရှင်မလန်းဖြစ်နေသလော မဟုတ်ပေ။ မြမြတင်သည်လည်း ထိုအတူ ရေဒီယို အနီးတွင် ထိုင်၍ နားသောတဆင်နေသည်ပင် ဖြစ်သော်လည်း အမှန်အားဖြင့် သူကြားနေရသည်မှာ ရေဒီယိုမှ မြန်မာ့အသံမဟုတ်၊ ချစ်တင်းနှိုးနေသံသာ ဖြစ်လျက်၊ ယူမြင်နေရသည်မှာလည်း ရေဒီယို၊ စားပွဲ၊ ကုလားထိုင်၊ တိုင်ကပ်နာရီသည်တို့မဟုတ်ဘဲ မဲ့လိုက်ပြုံးလိုက်နှင့် ပြောင်ချော်ချော် သရော်နေသော မြှားနတ်မောင်သာ ဖြစ်လေ၏။

❦

၁၁-နာရီထိုးရန် မိနစ်ပိုင်းလောက်သာ လိုတော့သည့် တစ်နေ့သော နံနက်အချိန်တွင် မြမြတင်သည် အိမ်အောက်ထပ် စားပွဲ၌ သတင်းစာ ဖတ်နေစဉ် စာနှစ်စောင် ရောက်လာ၏။ တစ်စောင်မှာ အလုပ်နှင့် ပတ်သက်သော ဦးညိုမောင်၏ စာဖြစ်၍ ကျက် အခြားတစ်စောင်မှာမူ လုပပိုင်းစက်သော လက်ရေးစာလုံးများဖြင့် မိမိနာမည် တပ်ထားသောကြောင့် ဖောက်ဖတ်ပြီးဆုံးသွားသည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုစာရွက်ကလေးကို စားပွဲပေါ်သို့ ချလိုက်ကာ တစ်စုံတစ်ရာ စဉ်းစားသလို တွေးနေလေ၏။

တစ်ဖန် ထိုစာရွက်ကိုပင် ကောက်ယူဖတ်ရှုနေပြန်၏။ စာဖတ်၍ ဆုံးသွားသည်နှင့် ခပ်လှမ်းလှမ်းဆီသို့ ငေး၍ တွေးတော စူးစိုက်နေပြီးမှ ထပ်၍ ဖတ်ပြန်၏။ ဤတစ်ကြိမ်၌မူ စိတ်ထဲကသာ မဟုတ်ဘဲ ပါးစပ်ကလည်း တီးတိုး ရေရွတ်နေသောကြောင့် အသံကလေးများပင် ထွက်လာတော့ကာ စာပါအကြောင်းအချက်ကလေးများကို တစ်ပိုဒ်စီ တစ်ပိုဒ်စီဖတ်ပြီး သူ့ထင်မြင်ချက်များကိုလည်း (အမေးအဖြေ)သဘောဖြင့် ပြောဆို မြည်တမ်းနေသော အသံမှာ ခပ်လှမ်းလှမ်းကပင် ပီပီသသ ကြားနေရတော့၏။

မြရေတဲ့။

(တစ်ခါတုန်းကပေါ့ နေဦးသည် မြူးထူးခုန်ပေါက်၍ ကသောကမြော ရောက်လာသည်။ ပန်းချီဆန်လှတဲ့ ညတစ်ညဟာဖြင့် တစ်လောကလုံးကို ငွေရည်လူးထားသည်။ မြတို့အိမ်ရှေ့ မြောက်ဘက် ခပ်ယွန်းယွန်းဆီမှာ အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်း ရပ်တည်နေတဲ့ မာလကာပင်အိုအောက်မှာ မောင်လေ... မောင့် အသဲနှလုံးဖြစ်တဲ့ မြရဲ့ သွေးတိုးစမ်းခြင်းကို ခံရင်း ရှမ်းနယ်ပင်ပန်းနေရတဲ့ အဖြစ်ကို မြကတော့ မြင်မယ်မဟုတ်ပါဘူးနော်)–

ခက် ခက်ရချည်သေးတော့ ကိုယ့်ဟာကိုယ် ဘာလုပ်ဖို့ ထိုင်နေတာမှန်းမှ မသိတာ၊ နို့ ဘာကြောင့် ရှမ်းနယ်နေရတာလဲ ဘယ်သူက အတင်း သွေးတိုးစမ်းနေလို့လဲ။





(အိုက်စပ်စပ်နှင့် အနေရကျပ်သော ကမ္ဘလာသည် ပတ်ဝန်းကျင်တစ်ခုလုံးကို အသစ် လွှမ်းခြုံစ,ပြုနေဆဲ လေပူကြမ်းသည် မလှမ်းမကမ်းဆီမှ ဝဲကာဝေ့ကာဖြင့် မထေ့တဆေ့ တလွှေ့လွှေ့ သရမ်းလိုက်တိုင်း၊ အပျိုဖြစ်သော မြစိမ်းရောင်မှသည် အအိုဖြစ်သော အနီဝါရောင် ညစ်မဲဘဝသို့ ရွေ့လျောနွမ်းရော်နေပြီဖြစ်သော မာလကာပင်အိုမှ ထိုထိုအရွက်တို့သည် ညှာခိုင်မှပြုတ်ကြွေ၍ လေထဲတွင် လွင့်ပါးနေခိုက် မြကတော့ ပြူးလို့၊ ဝရံတာမှာ ရပ်ပြီးတော့လေ ဟုတ်ဘူးလားကွယ်)

ဒါကဘာလဲ ရည်းစားစာလား မယ်မဒ္ဒီသစ်သီးရာခန်းလား၊ ါမှမဟုတ် တစ်ယောက်တည်း စိတ်ကူးယဉ်နေတာလား။

(မောင့်မှာတော့ မပြုံးနိုင်–မရယ်နိုင်၊ နုံးခွေလို့ ယိုင်ပြီး အို မောင့်ဘဝဟာဖြင့် အမြဲလိုလို အုံ့မှိုင်းရီမှောင်နေတော့တာပါပဲကွယ်၊ ညိုပုပ်ညစ်မှောင် အလင်းရောင်ကင်းမဲ့တဲ့ ပတ်ဝန်းကျင်ကို နောက်ခံကားပြုပြီး အလင်းရောင်ရှိရာ မြရဲ့ ရင်ခွင်ရိပ်မြုံဆီကို မလှမ်းဝံ့ဝံ့ လှမ်းဝံ့ဝံ့နဲ့ ရွံ့ရွံ့ကလေး လှမ်းခဲ့ရပေမယ်လို့)

မလှမ်းဝံ့ဝံ့ လှမ်းဝံ့ဝံ့တဲ့ အို ဖြစ်မှ ဖြစ်ရလေ ဘယ်လိုရောဂါ မျိုးများ စွဲကပ်နေလို့ပါလိမ့် အခုခေတ်မှာ အင်ဂျက်ရှင်းကောင်း ကောင်းတွေလည်း ရနိုင်သားနဲ့။

(မောင့်မျှော်လင့်ချက်တွေဟာဖြင့် မြရဲ့ ရက်စက်ခြင်းနှင့် မတူ လွင့်စင်ကျေသုဉ်းခဲ့သည်နှင့်အမျှ မောင်သည်လည်း မပြုံးနိုင်သော နုံ့နုံ့နုံးခဲ့ရတော့သည်။ သို့ပေမယ့် မောင်လေ အနိုင်မခံ အရှုံးမပေး၊ သန့်ရှင်းစင်ကြယ်တဲ့ မောင့်ပုံပြည်

www.burmeseclassic.com



ချက်အတိုင်း မမိုတ်မသုံ ဆက်လက်ချီတက်ဖို့ကိုတော့ မောင် သစ္စာပြုပြီးပြီ)

အို ခက်တော့တာပဲ ဘာကို ရည်ရွယ်တာမှန်း မသိဘူး။

(ရှုံ့လူးကျွဲလို မဲညိုပြာ ညစ်ထေးနှင့် ရေးရေးမှုံမှုံသာ ထင်နိုင်စွမ်းရှိသော ဘဝကြေးမုံပြင်ဝယ် မောင့်ဖြစ်စဉ်အတိတ် ပန်းချီကားသည် ပိန်းပိတ်အောင် မှောင်၍ ကျက်သရေကင်းမဲ့ လှသည့် ပတ်ဝန်းကျင်ကို နောက်ခံကားပြုကာ မျက်ရည်နှင့် မဲ့ပြုံးလုံးထွေးရစ်ပတ် အဆင်မပြေတဲ့ ဆေးနှစ်မျိုး ရောစပ် ခြယ်မှုန်းထားသလို အတိတ်ရဲ့ မျှော်လင့်ချက်တွေဟာဖြင့် နည်းနည်းကလေးမှ အနုပညာဆန်ခွင့် မရခဲ့ပါဘူး မြရယ် တသသ,)

'အင်း ကောင်းတာဆိုလို့ တစ်ခုမှမပါဘူး ညိုပြာညစ်ထေး၊ ကျက်သရေကင်းမဲ့၊ မျက်ရည်နဲ့ မဲ့ပြုံး၊ အဆင်မပြေ၊ ဒီလူတော့ ဘုန်းကြီးပျံတွေမှာ လိုက်ငိုရင် တော်တော် ဝင်ငွေလမ်းဖြောင့်မှာပဲ'

(မှတ်မိပါသေးသည်၊ မာလကာပင်အိုကြားက ယိုဆင်းလာတဲ့ ငွေသော်တာလရောင်ခြည် ပိုးမျှင်ကလေးတွေဟာ မောင့်ကို ယုယပိုက်ထွေးထားသည်။ အရွက်အင်အား ယုတ်လျော့နေတဲ့ အကိုင်းအခက်ကောက်ကွေ့ကွေ့တွေသည် ကော့နေကြသည်။ အသီးမာလကာ နွမ်းခြောက်ခြောက်များသည် မော့နေကြသည်။ မြကတော့ ဝရံတာမှာ ကြော့လို့၊ မြရဲ့ မျက်နှာကလေးက ချိုလို့ ဆိမ့်လို့ အီလို့ မြည်းကြည့်စမ်းချင်ပါဘိ)

'မြည်းကြည့်စမ်းပါဘိတဲ့၊ ဘယ်လို မြည်းမှာလဲ လျှာကလေးနဲ့ ငါတယ် မပြောလိုက်ချင်ဘူး'





(ခပ်ရှိုရှို့ကလေး ရပ်နေတဲ့ မြရဲ့ ဟန်ကလေးကလည်း မနှုဦးရဲ့ ညကို လှသထက်လှအောင် ကဗျာဆန်စေသည်။ အမှုအရာကလေးကဖြင့် အို စေးစေးထန်းထန်းကလေးရယ်)

'စေးစေးထန်းထန်းကလေးတဲ့၊ ထွီ တစ်နေ့က လွှင့်ပစ်လိုက်တဲ့ အဝတ်စုတ်ကို သူကိုင်မိပြီထင်ပါရဲ့'

(မြရဲ့ နှုတ်ခမ်းကလေးကလည်း ထုထည်အားဖြင့် ခံမျိုနံမိ ရေချိန်ကိုက် တိတိကျကျ ပါးလျားပြီး ရဲရဲနီနေသည်။ နီသည်မှာ ရီးရီး နီပုံမျိုးမဟုတ်၊ လျော့ရဲရဲအနီ ခပ်ဖျော့ဖျော့၊ ဒါပေမယ့် စိုသည် အို တစ်မျိုးပဲ)

'ဒီလူဟာ ဘာတွေ လျှောက်ရေးနေပါလိမ့် မလဲနော်'

(မောင့်မှာတော့ မြရဲ့ အလှပန်းချီကို မဝံ့တဝံ့ ကြည့်ကြည့်ရင်း၊ ပန်းလျှလျှနဲ့ တနုံ့နုံ့ နုံးနေရသည်မှအပ၊ အို ခက်ပါသည်။ တကယ်ပဲ ခက်ပါသည်။ မောင့်မှာတော့ နက်ရှိုင်းလှတဲ့ အချစ်မှောင် တောကြီးထဲကို တိုးဝင်စ,ပြုနေရပါပြီ။ မြေတစ်လှမ်း ဝင်လိုက်တိုင်း ဝင်လိုက်တိုင်း မောင့်အသဲတွေ အူတွေဟာ တဖြည်းဖြည်း ခြောက် သယောင်းလာသလိုလို ကြွမ်းရိလာသလိုလို)

'အို သနားစရာပဲ တနုံ့နုံ့နုံးနေရှာသတဲ့ ကောင်ကွ ဆေးစားမှားပြီ ထင်တယ်'

(နွေရာသီရဲ့ အနာဂတ်ပန်းချီကားအတွက် ပိတောက် ပင်အိုနှင့် သရက်ပင်ပျိုနုတွေကတော့ ပွင့်ဖူးရန် ပြင်ဆင်နေကြပါပြီ။ နေ့ခင်းလောက် မပီသပေမည့် ညရဲ့ ကောင်းကင်ပြင်ဟာ ခပ်မှုန်မှုန် အပြာ ဝိုးတိုးဝါးတား အပြာ အမှောင်ဘက်ကိုရေနေတဲ့ အပြာ (ဖျော့ညံ့ညံ့)

www.burmeseclassic.com

www.burmeseclassic.com



'ခက်တော့တာပဲ ဘာတွေမှန်းလဲမသိ ခုထက်ထိ လိုရင်း အချက် မရောက်သေးဘူး'

(တစ်မျိုးပဲ ဖြစ်သော ကောင်းကင်ပြာဝယ် စိန်ကြယ်ပွင့် ကလေးများသည် ဖြိုးဖြိုးဖျောက်ဖျောက် မျက်စ,ပစ်နေကြ သည်။ စန္ဒရားကတော့ ပြည့်ပြည့်ဝဝကြီး ရယ်နေသည်။ ပထမအဖြူ၊ ဆွတ်ဆွတ်ဖြူ၊ ဖွေးဖွေးညက်ညက် ဖြူနေရာမှ တဖြည်းဖြည်း အစိမ်းဘက်ကို ယိမ်းလာသည်။ ဟော စိမ်းလာပြီ စိမ်းလာပြီ "မြ"စိမ်းရောင်ကလေးပေါ့)

'ဒီလောက်တောင်ဖြစ်လှတာ ကဲ အတိတ်ပန်းချီဟယ်၊ စေးစေးထန်းထန်းဟယ်၊ တနုံ့နုံ့ဟယ်၊ အစုတ်စုတ်အပြတ်ပြတ် ဖြစ်ကရောက်ကဲ–ကဲသွား၊ ပယင်းယောင်ယိုနေတဲ့ (စာ)ဟို မြရောင်လွှမ်းနေတဲ့ မြက်ဖုတ်ပေါ်မှာ တနုံ့နုံ့နုံးနေချည်တော့'

မြမြတင်သည် စိတ်မရှည်တော့သည့်အလား စာရွက်ထပ် ကလေးကို ပြောရင်း စုတ်ရင်း လုံးထွေးလွှင့်ပစ်လိုက်လေ၏။

"ဘာများ ဒီလောက် ဒေါသကြီးနေတာလဲ မြရဲ့"

စာရွက်များကို ဒေါနှင့် မောနှင့် ဆွဲစုတ်နေစဉ်ကပင် ရောက်နေပြီဖြစ်သော ကိုတင့်မောင်သည် မြမြတင်နှင့် မျက်နှာချင်း ဆိုင်ဝင်ထိုင်ရင်း ဤသို့ မေးလိုက်သောကြောင့်–

"ဟာ ဘယ်လို သတ္တဝါတွေရယ် မပြောတတ်ဘူး ကိုတင့်မောင်၊ ကျွန်မကို ကြိုက်လို့ ရည်းစားစာပေးတာတဲ့၊ ရေးထားလိုက်တာ ဘာတွေမှန်းလဲ မသိပါဘူး၊ မပြောညှိညစ်တဲ့၊ ဘာကိုဆိုလား နောက်ခံကားပြုလို့တဲ့ အတိတ်ပန်းချီရော တနုံ့နုံ့ရော အိစုံနေတာပဲ"





မြမြတင်သည် ကြွင်းကျန်နေသေးသော စက္ကူစုတ် အစအန များကို ကောက်ယူလွှင့်ပစ်ရင်း ရှုံ့မဲ့ကာ ပြောလိုက်သောကြောင့်–

"အို ဒါနဲ့များ ဒီလောက် စိတ်ဆိုးရသလား မြရယ်၊ စိတ်မပင်ပန်းခံလို့၊ ကိုယ် သဘောမကျရင် မဖတ်ဘဲ လွှင့်ပစ်လိုက်ရုံပေါ့"

"မဟုတ်ပါဘူး ကိုတင့်မောင်၊ မိန်းမတစ်ယောက်ကို ချစ်လို့ပေးတဲ့ ရည်းစားစာမှာ ဝေသန္တရာဇာတ်တော်ကြီး ရေးသလို ဖွဲ့နွဲ့နေဖို့ လိုသလား"

"ဒါတော့ မြ မကြိုက်လို့ ဖြစ်မှာပေါ့၊ ခုခေတ်မှာ ဒီလို စာလှုံ့နှုံ့တို့ ဆန်းသစ်စ, စာပေတို့ဟာ ရည်းစားစာလောကထဲမှာ ကြိုကြိုကြဲတဲ့တော့ ခေတ်စားနေတာပဲ၊ တစ်ချို့က ဒါမျိုး တော်တော် သဘောကျတယ်၊ သေသေချာချာ စဉ်းစားပြီး ဖတ်လေ အဓိပ္ပါယ် ပြည့်ဝလေ၊ အရသာတွေ့ရလေပဲ"

မြမြတင်သည် ကိုတင့်မောင်ဆီသို့ ဆတ်ခနဲ မော်၍ အမောက်ကြာအောင် ကြည့်နေပြီးမှ–

"မြရဲ့ အမူအရာကလေးကတော့ စေးစေးထန်းထန်းကလေး တဲ့ ဒါ အဓိပ္ပါယ်ပြည့်ဝတဲ့ စကားလား၊ အမူအရာဆိုတာ ထိလို့ ကိုင်လို့ ရတဲ့ အရာဝတ္ထုပစ္စည်းမဟုတ်ဘူးနော်၊ ဒါဖြင့် ဘယ်လိုနည်းနဲ့ စေးစေးထန်းထန်းဖြစ်ကြောင်းသိနိုင်သလဲ၊ အမှန်က (စေးထိုင်းထိုင်း) ဖြစ်သော ကြားဖူးတယ်၊ ဒါဟာ အဓိပ္ပါယ်ရှင်းလို့၊ ဥပမာ ဆန်အိတ် ထမ်းလာနေတဲ့ ကုလီတစ်ယောက် ချွေးတွေက ရွှဲရွှဲစိုပြီး ဖုတ်တလူးလူး ကပ်နေတယ်၊ ဒါကြောင့် သူ့ကိုယ်ဟာ စေးထိုင်းထိုင်း ဖြစ်နေတယ်၊ ဒါမှမဟုတ်ဖြစ်တဲ့ စားပွဲကုလားထိုင် ဆိုပါတော့ မိုးဥတုအခါမှာ လေထုစိုထိုင်းမှုအားကြီးရင် အစိုပြန်ပြီး စေးထိုင်းထိုင်း ဖြစ်တတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဒါဖြင့် ထိလိုကိုင်လို့ မရတဲ့ အမှုအရာကတော့ ဘယ်အထော
အထားနှင့် ဓေးထိုင်းထိုင်းဖြစ်ကြောင်း သိနိုင်မလဲ"

ကိုတင့်မောင်သည် လေထဲတွင် လွင့်နေသော မြမြတင်၏ ဆံစနုနုလေးများကို ကြည့်ရင်း တွေနေရာမှ—

"သူ့ဟာနဲ့သူတော့ အဓိပ္ပါယ်ရှိမှာပေါ့ မြရယ်၊ မြက အရသာ မခံတတ်လို့ ဖြစ်မှာပေါ့"

"ထားပါတော့လေ၊ ကျွန်မက ဒီစာကို အရသာခံတတ် လောက်အောင် အဆင့်အတန်း မမြင့်သေးဘဲဟာကိုး၊ ဒါပေမယ် ပစ္စည်းမဲ့ ကျောမွဲ လူတန်းစားတွေရဲ့ ဘဝသစ်ကို ဖန်တီးနေပါတယ် ဆိုတဲ့ နိုင်ငံရေးသမားတစ်ယောက်ဟာ ကျောမွဲလူတန်းစားတွေ နားမလည်နိုင်တဲ့ စကားကြီးတွေသုံးပြီး တရားဟောတော့ စေတနာ ထားသလောက် အကျိုးရောက်ပါ့မလား၊ အဲဒီ ကျောမွဲလူတန်းစာ ကကော ဘာကို ရည်ရွယ်ပြောမှန်းမသိတဲ့ နိုင်ငံရေးသမားကို လိုက်လိုက်လှဲလှဲ အားပေးပါ့မလား"

"ဒီမှာ မြ"

"နေဦး ကျွန်မ စကားမဆုံးသေးဘူး၊ ပြောချင်တာက ဒီလိုပါ၊ ဘဝသစ်ဖန်တီးရေး လောကနိဗ္ဗာန်ထူထောင်မှု လူတန်းစေ နေထိုင်နိုင်ရေးဆိုတဲ့ ကြီးကျယ်သလောက် ဘာရယ်လို့ ပြတ်ပြတ် သားသား အဓိပ္ပါယ်မပါတဲ့ စကားတွေသုံးမယ့် အစား နေ့တိုင် ဆီပြန်ဟင်းနဲ့ ထမင်းစားနိုင်ရမယ်၊ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ် နေနိုင်ရမယ်၊ အနည်းဆုံး တစ်လတစ်ခါ အငြိမ့်ဇာတ်ပွဲ ကြည့်နိုင်ရမယ်၊ ဆောင်းတွင်းကျရင် စောင်ထူထူ ခြုံနိုင်ရမယ် မိုးတွင်းမှာ ထီးကိုယ်စီ ဆောင်းနိုင်ရမယ်၊ ပူအိုက်တဲ့ ရာသီမှာ ခြင်ထောင်ကိုယ်စီ ထောင်အိပ်နိုင်ရမယ်ဆိုတဲ့ ကျောမွဲလူတန်းစားတွေ





များထဲကို အတုံးလိုက် အတစ်လိုက် ဝင်သွားမယ့် စကားမျိုးနဲ့ ပြောရင် ပိုမကောင်းဘူးလားကိုတင့်မောင်၊ အဲဒီသဘောမျိုး ကျွန်မကိုဖြစ်ဖြစ်၊ ဘယ်သူ့ကိုဖြစ်ဖြစ် ချစ်လို့ပေးတဲ့ ရည်းစားစာ ဟာ တိတိကျကျနဲ့ ရည်းစားစာ ပီသဖို့ပဲ အရေးကြီးတယ်။ မွှဲ့နှဲ့ပြီး ချဲ့နေစရာမလိုဘူး၊ စင်စစ်တော့ ဒါတွေဟာ ပရိယာယ်တွေပဲ၊ နိုင်ငံရေးသမားဖြစ်ဖြစ်၊ ဘုန်းကြီးဖြစ်ဖြစ်၊ ယောကျ်ားမိန်းမ ဘယ်သူ ဖြစ်ဖြစ် စာပရိယာယ် စကားပရိယာယ် ကြွယ်ဝလာရင် သိပ်စိတ်မချ ရဘူး၊ အားလုံးထဲမှာဆိုရင်တော့ နိုင်ငံရေးသမားဟာ ကြောက်စရာ အကောင်းဆုံးပဲ၊ (ပရိယာယ်များတဲ့ နိုင်ငံရေးသမား)ကို ပြောတာနော် မကြည့်ပါလား သူတို့ ဘာပဲ လုပ်ချင်လုပ်ချင် (အခြေအနေအရ)ဆိုပြီး လုပ်လိုက်တာပဲ၊ အဲဒီ အခြေအနေဆိုတာကိုတော့ ဘာရယ်လို့ ရှင်းမပြတော့ဘူး၊ အဲဒီတော့"

"ကဲ တော်ပါတော့ မြရယ်၊ တကတည်း ဦးညိုမောင် သမီးလို့ မပြောရဘူး၊ စကားကြောရှည်တော်မူလိုက်တာ ဒါနဲ့ ကိုတင့်မောင်လည်း မြကို အခြေအနေအရ ပြောစရာ ရှိသေးတယ်"

"ဆိုစမ်းပါဦး ကိုတင့်မောင်၊ သေနင်္ဂဗျူဟာဆင်ပြီး ဆန်တိုက် ပွဲကျင်းပမှာလား၊ နည်းပရိယာယ်သုံးမယ့် ထွန်တုံးတိုက်ပွဲလား၊ ဒါမှမဟုတ် စေ့စပ်ရေး လမ်းစဉ်လား၊ ပဋိပက္ခတော့ မဖြစ်ပါရစေ နဲ့ရှင်၊ မတိုးတက်ချင်လည်း နေပါစေတော့ ကျွန်မတို့ မြန်မာတွေဟာ အသစ်အဆန်းတစ်ခုခု ပေါ်လာရင် ကောင်းတာ, မကောင်းတာ မစဉ်းစားဘဲ အတုခိုးလွန်းလို့ပါ"

မြမြတင် ဤသို့ပြောရင်း မျက်နှက်ဆံကလေး ဒေါင့်ကပ်၍ ရီးရီးခန့်ခန့် ကြည့်လိုက်သောအမူအရာမှာ ရီး၍ ခန့်သည်မှန်သော် လည်း ခါတိုင်းနှင့်မတူ ပြုံးပြုံးချိုချိုနှင့် နဂိုမျက်နှာပေးထက် အရွှင်အရေး ပိုပေးသလို ရှိနေသောကြောင့်...

www.burmeseclassic.com

www.burmeseclassic.com

"ပြောမယ့် စကားကတော့ တီးနေကျ ခေတ်ပြားကွဲကြီးပဲ ဆိုပါတော့ မြရယ်"

"ဒါဖြင့် မတီးပါနဲ့တော့လား ကိုတင့်မောင်"

ဤသို့ပင် ပြောလိုက်သော်လည်း မြမြတင်၏ မျက်နှာထားကလေးမှာ မပြုံးမရယ်နှင့် ချစ်ရည်လည်နေသည် ထင်ရ၏။

"ဘာလဲ မြ နားငြီးလို့လားဟင်"

"နားငြီးလို့ရယ်လို့တော့ မဟုတ်ပါဘူး ကိုတင့်မောင်၊ ရှင်ပင်ပန်းမှာ စိုးလို့ပါ၊ ကဲ လာလာ ထမင်းစားချည်ရအောင်"

မြမြတင်သည် ဤသို့ပြောရင်း ချစ်စဖွယ် ပြုံးနေသောကြောင့် ကိုတင့်မောင်မှာ မျက်တောင်ခတ်ရန်ပင် သတိမရနိုင်တော့သကဲ့သို့ ငေးစိုက်တွေဝေနှင့် ကြက်သေသေနေတော့၏။

"ဘာကြည့်တာလဲ လူကို ဟင်း"

မထိတထိနှင့် မခို့တရို့ ပြောလိုက်သော မြမြတင်၏ အသံကြားမှပင် ကိုတင့်မောင်မှာ မသိမသာ မျက်နှာပျက်သွားသော်လည်း မြင်တွေ့နေရသော မြမြတင်၏ အမူအရာမှာ မဆွတ်ခင်က ညွှတ်ချင်သည့် လက္ခဏာမျိုး မဟုတ်သော်လည်း ကြူချင်ရင် ချူလှည့်ပါဟူသော အသွင်ဆောင်နေသောကြောင့် ...

"ချစ်လို့ ကြည့်ရတာပေါ့ မြရယ်၊ မြက မကြည့်စေချင်ဘူးလား ဒီလိုဆိုလည်း"

အမှန်အားဖြင့် ဆိုလျှင် ကိုတင့်မောင် ညုလိုက်ခြင်းသာ ဖြစ်၏။ ဝမ်းနည်းသလိုလိုနှင့် မျက်နှာထားလည်း ညိုပြလိုက်၏။ ထိုသည့် အခြင်းအရာကိုကား မြမြတင် ဘာမျှ မမြင်လိုက်ရ၊ ချထားသော စက္ကူကြာခြေဖြင့် ခေါင်းငိုက်စိုက်တွေနေ၏။ ထွေထွေရာရာ ဘာစကားမှလည်း ထွက်မလာ၊ မျက်နှာလည်း မမော်သောကြောင့် ...





"တကယ်ပါ မြရယ် အလုပ်ဝတ္တရာ မိုသာ ဟိုသွား ဒီသွား သွားနေရတာ မှန်တာပြောရရင် အချိန်ရှိသလောက် မြရဲ့ မျက်နှာကလေးကိုသာ တစိမ့်စိမ့်ကြည့်ရင်း ကြည်နူးနေချင်တယ် ဆိုတာကိုတော့ ယုံစေချင်တာပဲ မြရယ်"

ထိုအချိန်အထိ မြမြတင် ဘာမျှ မပြောသေးဘဲ စားပွဲပေါ်ရှိ စာအုပ်ကိုသာ ဖွင့်လိုက်ပိတ်လိုက်ဖြင့် တွေဝေနေ၏။ ဆိတ်ဆိတ်နေခြင်းကား သဘောတူဝန်ခံခြင်းဖြစ်သည်ဟု ယူဆလိုက်သည်လား မပြောတတ်၊ ကိုတင့်မောင်သည် အပြောသာမဟုတ်တော့ဘဲ ခန္ဓာကိုယ်ကြီးပါ လှုပ်ရှားလာလျက် ရုတ်တရက် မြမြတင်အနီးသို့ ချဉ်းကပ်လာသောကြောင့် မြမြတင်သည် တည်တည်ခန့်ခန့်နှင့် ဆတ်ခနဲ မော်ကြည့်လိုက်၏။ ဤတွင်မှ ကိုတင့်မောင်မှာ ကိုယ်ရှိန်သတ်၍ ရပ်သွားတော့ကာ—

"ဒီမှာမြ မြရဲ့ သဘောထားကို ဘယ်တော့လောက်မှ တိတိကျကျ သိရမှာလဲ မြရယ်၊ ဟင် ဘာပဲဖြစ်ဖြစ် ကိုတင့်မောင်တော့ ချက်ချင်းလက်ငင်းသာ သိချင်တော့တာပဲ ပြောပါလား မြရယ်"

မြမြတင်သည် ထိုနေရာမှ တဖြည်းဖြည်းချင်း ထ,လိုက်၏။ ဦးခေါင်းကို မော်၍ အတော်ကြာအောင် ကြည့်နေပြီးမှ—

"ကျွန်မတို့လို မိန်းမသားတွေအဖို့ အိမ်ထောင်မှုဟာ သေရေးရှင်ရေးလောက်နီးနီး အရေးကြီးတယ်ဆိုတာတော့ ကိုတင့်မောင် နားလည်ထားစေချင်တယ်၊ အဲဒီတော့ကာ"

"ဒီလိုဆိုတော့ ကိုတင့်မောင်ဟာ မြရဲ့ တကယ့်အိမ်ထောင်ဘက်ဖြစ်ဖို့ အရည်အချင်း မပြည့်စုံသေးဘူးလို့ မြ ထင်နေတယ်ဆိုပါတော့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်မောင်၏ အသံနှင့် အမူအရာ မျက်နှာပေးမှာ သဲကြွေလု ဆွေးသွားသည်ဟု ထင်လိုက်ရလေ၏။

"လူတစ်ဖက်သားကို ဒီလို အကြောင်းမဲ့ အထင်မသေးသင့်ဘူး ဆိုတာကိုတော့ ကျွန်မ နားလည်ပါတယ် ကိုတင့်မောင်၊ ဒါပေမယ့် အထင်လည်း မကြီးဘူးလို့တော့ ဆက်ပြောပါရစေနော်"

"ဒါဖြင့် ကိုတင့်မောင် မြကို မျှော်လင့်ဖို့ အခွင့်အရေး မရှိတော့ဘူးပေါ့နော်"

"ဟာ ရှိတာပေါ့ ကိုတင့်မောင်"

ကိုတင့်မောင်၏ ညိုမျက်နှာမှာ သာသာယာယာကြီး လင်းလာ၏။

"ဒီလိုဖြင့် လူတစ်ဖက်သားကို ဘာဖြစ်လို့ ခုလို စိတ်ပင်ပန်းအောင် လုပ်နေချင်တာလဲ မြရယ်"

"ဟင် ဘယ်သူက စိတ်ပင်ပန်းအောင် လုပ်နေလို့လဲ"

"မြကပေါ့ ဒီမှာ ကိုတင့်မောင် မေးမယ်မြ၊ ကိုတင့်မောင်ကို မုန်းသလား၊ ချစ်သလား အဲဒါ တစ်ခုခုတော့ သိပါရစေ မြရယ်"

မြမြတင် တွေသွား၏၊ ငိုင်သွား၏။ ကိုယ်ကလေးကို ခပ်ယိုင်ယိုင် နွဲ့ပြီးမှ ကိုတင့်မောင်ကို လှမ်းကြည့်လိုက်၏။

"ကိုတင့်မောင်ကို ဘယ်လိုအကြောင်းကြောင့် ကျွန်မ မုန်းရမှာလဲ၊ ဒါတော့ သက်သက် ကျွန်မကို မိတ်ဆွေနည်းအောင် လုပ်တာပဲ"

"ဒါဖြင့် ချစ်တယ်ဆိုပါတော့ မြရယ်နော်"

မြမြတင်သည် ဖြည်းဖြည်းနှင့်မှန်မှန် ဟန်ပါပါ ခေါင်းခါပြလိုက်ပြီးမှ—





"မလွယ်ဘူး ကိုတင့်မောင်၊ ဒါကို အပြောလွယ်လို့ နည်းနည်းမှ မဖြစ်ဘူး၊ ခုနလည်း ပြောခဲ့ပါပြီ၊ ဒီကိစ္စဟာ အင်မတန် အရေးကြီးပါတယ်လို့"

"ဒီမှာ မြ ကိုတင့်မောင်ကို မမုန်းဘူးလို့ ပြောတယ်နော်၊ ပြီးတော့ မျှော်လင့်ချက် ရှိသေးတယ်လို့ ဆိုတယ်။ ဒါဖြင့် ဘာလိုသေးလဲ မြရယ်၊ ဟင် ကိုတင့်မောင် စောစောစီးစီး ဝမ်းသာနေမှာ စိုးလို့လား"

"ကိုတင့်မောင်နယ်နော်၊ ထူပုံထူပန်းနဲ့ အ,လိုက်ပါဘိဆိုတာကို ကျနေပြီကော၊ ကျွန်မပြောတယ်နော်၊ မျှော်လင့်ချက်လည်း ရှိပါသေးတယ်၊ မုန်းလည်းမမုန်းဘူးလို့၊ နို့ ဒီစကားထဲမှာ ချစ်တယ်ဆိုတဲ့ အရိပ်အရောင်ပါသလား၊ ခပ်ရှင်းရှင်းပြောရရင် ကိုတင့်မောင်ကို ကျွန်မ လင်တစ်ယောက်အဖြစ်နဲ့ ကြည့်ဖို့၊ မှီခိုဖို့ဆိုဒါတော့ ယနေ့အထိ စိတ်မကူးမိသေးတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကိုတင့်မောင်ကို ကျွန်မ အကဲခတ်လျက်ပဲဆိုပါတော့ရှင်၊ ကိုတင့်မောင် တစ်ယောက်တည်းကိုလားဆိုတော့ မဟုတ်ဘူး။ ကျွန်မကို မေတ္တာ ရှိနေတဲ့ လူတိုင်းကို ကျွန်မ အကဲခတ်နေတယ်။ အဲ နောက်ဆုံး ကျွန်မ တောင့်တမျှော်လင့်သလို ဖြစ်လာမယ့် လူဆိုရင်တော့ ဘယ်သူဖြစ်ဖြစ် ကျွန်မ ယူမှာပဲ၊ ဒီလူဟာ ကိုတင့်မောင် ဖြစ်ချင် လည်း ဖြစ်မပေါ့လေ၊ ကဲလာ ထမင်းစားကြစို့"

မြမြတင်သည် ကိုတင့်မောင် စကားမဆက်နိုင်မီ ရုတ်တရက် ထလာကာ လှေကားပေါ် တက်သွားပြီး အလယ်လောက်ရောက်မှ ခေါင်းလည်ပြန် ဟန်ပါပါလှည့်ကြည့်ရင်းက ငေးကျန်ရစ်သော ကိုတင့်မောင်အား ...

"လာလေ ကိုတင့်မောင်"

www.burmeseclassic.com



မျက်ခုံးကလေးချို၍ အကြည်လင်ဆုံးသော မျက်နှာပေးဖြင့် ပြုံးပြုံးကလေး ခေါ်လိုက်သော အမူအရာမှာ တစ်ဖက်လူကို အသက်ရှူပင် မှားစေလောက်သော အစွမ်းကို ဆောင်လျက်ရှိလေ၏။ ဝမ်းနည်းတ,သ, ယူကျုံးမရသလို အိုနေသော ကိုတင့်မောင်၏ မျက်နှာမှာ နတ်ရေစင်ဖြင့် ပက်ဖြန်းလိုက်သည့်အလား တမုဟုတ်ချင်း လန်းလာတော့လျက် သွက်လက်စွာပင် မြမြတင်၏ နောက်ပါးမှ တစ်ဖဝါးမကွာ တက်လိုက်သွားလေ၏။

❣

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ အချိန်ကုန်ခဲ့သည်။ မြမြတင်အဖို့ ချစ်သူဟူ၍ တိတိကျကျ လျာထားခဲ့သည်မှာ ယနေ့အထိ တစ်ယောက်မျှ မရှိသေး၊ တွေးဆဲ-ရွေးဆဲသာလျှင် ဖြစ်တော့၏။

တစ်ယောက်စကား-တစ်ယောက်နားဆိုသလို အိမ်ထောင်ရေးနှင့် ပတ်သက်၍ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် တည်းဟူသော (အချစ်လွတ်လပ်ရေး)ကို သမီးဖြစ်သူ မြမြတင်အား သဘောထားကြီးစွာနှင့် ပေးအပ်ထားသော ဦးညိုမောင်၏ သတင်းမှာ တစ်ရပ်လုံးပျံ့နှံ့လျက် ရှိလေ၏။ ချီးကျူးထောက်ခံ(မှန်သည်)ဟု ယူဆ၍ သဘောကျသူတွေလည်း ရှိ၏။ အစဉ်အလာကို ဖီလာဆန့်ကျင်တမင် အရွဲ့တိုက်သည်ဟု ယူဆကာ မဲ့ကြရွဲ့ကြသူတွေလည်း ရှိ၏။

မည်သူတွေ မည်သို့ဆိုကြစေ၊ ကာလသာလထုကြီး တစ်ရပ်လုံးကမူ တစ်ယောက်တစ်လေသော်မှ ကန့်ကွက်သူမရှိ၊ တိတိကျကျ ပြတ်ပြတ်သားသား ခြွင်းချက်မထားဘဲ လုံးဝ ထောက်ခံသည်သာ ဖြစ်လျက် ခြေသွက်လက်သွက်ရှိလှသော ကာလသားများ၏ ဇာပေါင်းများစွာသည်လည်း မြမြတင်ထံသို့ အဆီးအတား အကန့်





အသတ်မရှိ ရောက်ခဲ့လေ၏။ မြမြတင် ရရှိခံစားနေရသော (အချစ်လွတ်လပ်ရေး)သည် အနီးကာလသားများ၏ အကျိုးခံစားမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည် မဟုတ်ပါလော။

စားထပ်နှင့်တစ်သွယ်၊ ဘောလယ်နှင့် တစ်ခန်း၊ စာဆန်းနှင့် ကွန့်သူကွန့်၊ စာညွန့်နှင့် တစ်တန် မှန်မှန်ကြီး ရောက်ခဲ့သည်။ တစ်နေ့ တစ်စောင်ဆိုသည်မှာ မြမြတင်အဖို့ ရယ်စရာ၊ တစ်ခါတစ်ရံ တစ်နေ့တည်း ရှစ်စောင်ယိအောင် ဖတ်ခဲ့ရသည်။ မြမြတင် တုန်လှုပ်ခဲ့သည်ဟူ၍ မရှိ၊ သူ့အဖို့ ထိုထိုသော ချစ်စာလွှာများ ဖတ်ရသည်မှာ နေ့စဉ် ထမင်းစားရသကဲ့သို့ ရိုးနေသည်သာ ဖြစ်လေ၏။

သို့သော် မြမြတင်၏ အချစ်သည် ကိုတင့်မောင်ဘက်သို့ မသိမသာ ယိမ်းနေသည်ကိုကား ငြင်းဆန်၍မဖြစ်၊ သူ့အမူအရာအားဖြင့် ထင်ရှားနေခဲ့၏။ မိဘချင်းကလည်း သင့်မြတ်ကြသည်။ သူတို့ချင်းကလည်း နီးနီးကပ်ကပ် နေရသည်တွင် အခြားအခြားသော ယောကျ်ားများထက် ကိုတင့်မောင်က တစ်ပန်းသာခဲ့သည် မဟုတ်ပါလော။ မျက်နှာချင်းဆိုင်၍ ချစ်တင်းစကားပွေ့ လှိုင်ခွင့်ရသည်မှာ တစ်ယောက်နှင့်တစ်ဦး မေတ္တာကူးလူးရေးခြဲ သို့ နှုံးတွေ့-ဒူးတွေ့ လှေလာဆည်းပူးခွင့် ရခြင်းသည်ပင် အချစ်တိုက်ပွဲအတွက် အရေးပါသော ခြေကုပ်စခန်းတစ်ခု ဖြစ်တော့၏။

တစ်ဖန် ကိုတင့်မောင်၏ အရည်အချင်းကို အကဲခတ်သုံးသပ်ရာ၌လည်း ခေတ်ပညာ ဘီ-အေ ပဝေသဏီက ချမ်းသာခဲ့သော မြေပိုင်ရှင်မျိုး၊ လူကလည်း ရိုးသားသည်၊ ငယ်စဉ်ကတည်းက ကာယဗလ လိုက်စားခဲ့ကာ လောလောဆယ် အခြေတွင်လည်း အလေနှင့်အပျော် အတော်ကင်းရှင်းသူဖြစ်သောကြောင့် သူ့ချစ်ရေးမှာ အားရစရာကြီး ဖြစ်နေတော့၏။

www.burmeseclassic.com



ယခင့် ယခင်က ဆိုလျှင် ဒေါ်သင်းထုံရော၊ ဦးညိုမောင်ရော ထမင်းစားကြရာ၌ သမီးမပါလျှင် စားမဝင်သကဲ့သို့ (မဆာသေးလို့ပါ ဖေဖေ)ဟူသော အကြောင်းပြချက်ကိုပင် လက်မခံ၊ (သမီးနဲ့ အတူတူစားရမှ ဖေဖေတို့က မြိန်တယ် သမီးရဲ့)ဟု ဖွတ်အတင်းခေါ်၍ ဝိုင်းဖွဲ့စားခဲ့ကြသော်လည်း ယခု ကိုတင့်မောင်ရောက်လာသည်မှစ၍ ဦးညိုမောင်တို့၏ နည်းပရိယာယ်မှာ အဘယ်ကိုချိန်သည်ဟု အကင်းပါးလှသူ မြမြတင်အဖို့ တွေးစရာမလို၊ ကိုတင့်မောင်နှင့် မြမြတင် အစဉ်အလာ ထမင်းစားပွဲတွင် ဆုံစေလိုသော စီမံကိန်း အတိုင်း ဖန်တီးခဲ့ကြသည်။ မြမြတင်နှင့် ကိုတင့်မောင် နှစ်ဦးနှစ်ဝ မေတ္တာမျှသွားစေလိုကြသည်။ ဤအချက်ကို အကွက်လည်အောင် သဘောပေါက်ခဲ့သော မြမြတင်သည်လည်း မိဘတို့ အလိုဆန္ဒကို လည်း ဖြည့်လိုသည်။ မိမိစိတ်တိုင်းကျလည်း ဖြစ်စေလိုသည်။ ထို့ကြောင့်ပင် မြမြတင်သည် သူ့အိမ်ထောင်ရေးကို တွေးလိုက်တိုင်း ကိုတင့်မောင်ကလို ထိပ်ဆုံးက ထား၍ စဉ်းစားခဲ့သည်၊ အရေးပေးခဲ့သည်။ အကယ်၍ ဦးညိုမောင်တို့ကသာ ကိုတင့်မောင်နှင့် နေရာ ချပေးမည်ဟု ပွင့်ပွင့်လင်းလင်း ထုတ်ပြောခဲ့သော် မြမြတင် ကိုယ်တိုင်က ငြင်းဆန်မည် မဟုတ်ပေ။ သို့သော် သူ့ရထားသော အခွင့်အရေးကို သုံးလိုသေးသည်။ "သူ့ကိုယူ"ဆိုသော အာဏာကို လက်မခံလို၊ "သူ့ကို ကျွန်မယူမယ်"ဟူသော အခွင့်အရေးကို အရသာရှိရှိ သုံးလိုသည်။ မည်သို့ပြစ်စေ မြမြတင်၏ သဘောအရ ကိုတင့်မောင်ကိုပင် ကြည်နူးနေသည် ထားဘိဦး။ အနည်းဆုံး တစ်နှစ်လောက် အကဲခတ်လိုသေးသည်။ ထို့ကြောင့်လည်း (ချစ်တယ်) ဆိုသော စကားတစ်လုံးကို မြမြတ[illegible] လွယ်လွယ်မသုံး ခဲ့ခြင်း ဖြစ်လေ၏။

❦





"ဟား...ဟား...ဟား...ဟား ရယ်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း ရယ်တဲ့မှ ရယ်စရာ"

တစ်နေ့သော တနင်္ဂနွေနေ့ ညနေခင်းအချိန် မြမြတင်၏ အခန်းထဲမှ ဤသို့ ဟားတိုက်ရယ်ရင်း ပြောလိုက်သော မြမြတင်၏ အသံကြောင့် ဧည့်ခန်းတွင် ထိုင်၍ စာဖတ်နေသူ ကိုတင့်မောင်ပင် လျှင် ရုတ်တရက် ထိတ်လန့်သွားကာ ကပျာကယာ မြမြတင်အခန်း ထဲသို့ ပြေးဝင်သွားသည်၌ ခုတင်ပေါ်တွင်ထိုင်၍ ခွက်ထိုးခွက်လှန် ရယ်နေသော မြမြတင်နှင့်အတူ လက်ထဲတွင်လည်း စာတစ်စောင် တွေ့ရလေ၏။

"ဒီမှာ ကိုတင့်မောင်၊ မိန်းမသားတစ်ယောက်ထဲရှိတဲ့ အခန်း ထဲကို ဘယ်သူ့ခွင့်ပြုချက်အရ ဝင်လာတာလဲ၊ ဒါဟာ အတော်ရိုင်း စိုင်းတဲ့ အပြုအမူ"

ဟက်ဟက်ပက်ပက် ရယ်နေရာမှ ရုတ်တရက် မျက်နှာပိုး သပ်၍ ထ,ရပ်ရင်း ပြေးဝင်လာသူ ကိုတင့်မောင်အား ပြောလိုက် သဖြင့် ကိုတင့်မောင်မှာလည်း ပထမသော် တွေသွားပြီးမှ—

"ဟုတ်ကဲ့ ကိုတင့်မောင် တောင်းပန်ပါတယ်၊ မြရယ်နော်၊ ဖြန်းခနဲ ရယ်သံကြားရလို့ ဘာများလဲဆိုပြီး"

"လာ ဒါဖြင့် အပြင်သွားမယ်၊ ကာလံ၊ ဒေသံ၊ အဂ္ဂံ မနံတဲ့ရှင့် အပျို၊ လူပျိုဆိုတာ ချစ်တာ၊ ခင်တာက တစ်ခြား၊ လူ အထင်မသေးအောင် နေတတ်ဖို့ကလည်း အရေးကြီးသေးတယ်"

ပြောရင်းဆိုရင်း တန်းလန်းကပင် မြမြတင်သည် ခြေလှမ်း ကြဲနှင့် အခန်းထဲမှ ထွက်သွားသောကြောင့် ကိုတင့်မောင်လည်း နောက်မှ လိုက်ပါသွားကာ ဧည့်ခန်းတွင် ထိုင်မိကြသည်နှင့်—

"မြ စိတ်ဆိုးသလား၊ ကိုတင့်မောင်ကို"

"ဆိုးပါဘူး၊ [illegible]န်မ ဟားတိုက်ရယ်တာကို ထိတ်လန့်ပြီကြား ဖြစ်သွားလို့ ဝင်လာတာဆိုတော့ ဒီပြဿနာ ပြေလည်သွားပြီပဲဟာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ကဲ ဟောဒီစာ ဖတ်ကြည့်စမ်း၊ ဘယ်လောက် ရယ်စရာကောင်းသလဲလို့"

ပြောပြော ပေးပေး လှမ်းပေးလိုက်သော စာရွက်ကလေးများကို ကိုတင့်မောင် ဆွဲယူဖတ်ရှုကြည့်လိုက်သည်၌—

ဒီမှာ "မြ"

မိန်းမက ယောကျာ်းကို၊ ယောကျာ်းက မိန်းမကို (ချစ်တယ်)ဆိုတဲ့ ကိစ္စဟာ မဆန်းပါဘူး၊ ဒါကြောင့် မြကို ကျုပ်ချစ်တယ်၊ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ဒူးထောက်ပြီး တောင်းနေစရာမလိုဘူး၊ မျက်ရည်ခံထိုးနေဖို့လည်း မလိုဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်ဆိုတာ ကုန်ချင်းဖလှယ်တာပဲ၊ အချစ်ဆိုတာမှာ အနိမ့်အမြင့် အဆင့်အတန်းမရှိဘူး၊ နောက်ဆုံးကျတော့ လူလူချင်း၊ မိန်းမနဲ့ ယောကျာ်း စိတ်တူသဘောတူ ပေါင်းကြတာသာ ဖြစ်တယ်။ တစ်ယောက် တစ်ယောက်ချင်း ဖလှယ်ကြတာမို့ ဘယ်သူ့ ဘယ်သူမှ နာစရာမလိုဘူး။

အဲဒီတော့ ကျုပ် မြကို ချစ်တယ်၊ ကျုပ်ကိုလည်း မြက ပြန်ချစ်ပါ(တောင်းပန်ခြင်းမဟုတ်)၊ မချစ်လိုက နေနိုင်တယ်၊ ကျုပ် ဝမ်းမနည်း၊ မတုန်လှုပ်၊ ဒါပဲ—

ဘအေး

ကိုတင့်မောင်သည် စာဖတ်၍ ဆုံးသည်နှင့် မြမြတင်အား ပြုံးပြုံးကလေး ကြည့်လိုက်၏။

"အင်း ရည်းစားစာထဲမှာ ဒီလောက် တင်းမာတဲ့ စာမျိုးကို ကိုတင့်မောင်တော့ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"





ကုလားထိုင်နောက်ပိုင်းသို့ ခပ်လျောလျော မှီနေသော မြမြတင်သည် ဆတ်ခနဲ ကိုယ်ကို မတ်လိုက်ပြီး—

"မြန်မာတွေဟာ အဲဒါ ခက်တာပေါ့ ကိုတင့်မောင်၊ လူသုံးပစ္စည်းဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ်၊ စာပေဖြစ်ဖြစ်၊ အသစ်အဆန်း တစ်ခုခုပေါ်လာတယ်ဆိုရင် အဓိပ္ပါယ်ရှိ,မရှိ၊ ကောင်း,မကောင်း ဘာမှ မစဉ်းစားတော့ဘူး၊ အရမ်း အတုခိုးလိုက်တာပဲ"

မြမြတင်သည် ကိုတင့်မောင်လက်ထဲမှ စာကို ဆွဲယူလုံးထွေး၍ ပြတင်းပေါက်ဆီသို့ လှမ်းပစ်လိုက်လေ၏။

"နို့ ဒီစာက ဘာ ဘယ်လို အတုခိုးရေးထားတာမို့လဲ"

"ခု တလော စာပေနယ်ထဲမှာ ဗိုးတိုးဝါးတား ထင်ပေါ် သယောင်ယောင် ဖြစ်လာတဲ့ (ဗွစာ) စာရေးဆရာတစ်ယောက်ကို သတိထားမိရဲ့ မဟုတ်လား ကိုတင့်မောင်"

"အင်း သိပ်နာမည်ကြီးလို့လား မသိဘူး၊ သူ့ကလောင်အမည်တောင် မေ့နေပြီ၊ ဟို ဘုတွေ ဘောက်တွေ အမြဲရေးတဲ့ စာရေးဆရာမဟုတ်လား ဆိုစမ်းပါဦး"

"အဲ ဟုတ်ပြီ သူရေးတဲ့ ဝတ္ထုတိုင်းလိုလိုထဲက ဇာတ်လိုက်တွေဟာ မိန်းမကဖြစ်ဖြစ်၊ ယောကျာ်းကဖြစ်ဖြစ်၊ အမြဲဘုကျတယ်၊ ဘောက်ကျတယ်၊ အဲဒီဝတ္ထုတွေထဲမှာ ယောကျာ်းက ဘုကျလို့ မိန်းမက ကြိုက်သွားတာကို အဟုတ်ကြီးထင်ပြီး၊ သူက ရေးလိုက်တာ ထင်ပါရဲ့ သူ့နာမည်(ဘအေး) ဒီအရပ်ထဲကပေါ့၊ လူပုံက ဂိုက်မကျဆိုက်မကျ ပိန်ညှော်ညှော်နဲ့ တော်ကြာ ဆိုရှယ်လစ်၊ တော်ကြာ ကွန်မြူနစ်၊ တော်ကြာ ရဲဘော်ဖြူ မှုအမျိုးမျိုး ပြောင်းနေတဲ့ သတ္တဝါ၊ သူ့လိုဟာက ကျွန်မကို ဘုကျကျ စာရေးတော့ ရယ်စရာ ကောင်းမနေဘူးလား ကိုတင့်မောင်၊ ကျွန်မက ဘောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ သူက ဘုကျတယ်ဆိုရင်လည်း ဟုတ်သေးရဲ့၊ ခုတော့ တစ်ယောက်တည်း ရန်ဖြစ်သလို စိတ်ထဲဟုတ်တယ် ထင်တာနဲ့ အတုခိုးချင်တဲ့ မြန်မာ့ဝါသနာအတိုင်း အဓိပ္ပါယ်ရှိတာ မရှိတာကို ဘာမှ မစဉ်းစားဘဲ အသားလွတ် ဘုကျလိုက်တာလေ"

မြမြတင်သည် စကားကို ရပ်၍ မတ်ထားသော ကိုယ်ကလေးကို နောက်သို့ ခပ်မှိုမှိုလှန်ချလိုက်ကာ တစ်စုံတစ်ရာ တွေးသလို ငေးနေ၏။

"ခုလိုဆိုတော့ စာရေးဆရာတွေ ရေးတာကို ကိုယ်ပိုင်ဉာဏ်နဲ့ မတွေးဘဲ အရမ်းကာရော အတုခိုးတဲ့ လူတွေကိုသာ အပြစ်ဆိုဖို့ ရှိတာပေါ့ ဒီလိုလား"

ကိုတင့်မောင်သည် ချိတ်ထားသော ခြေတစ်ဖက်ကို ဖြုတ်၍ ခပ်ကားကား ပြင်ထိုင်ရင်း ဤသို့ မေးလိုက်သည်ကို–

"ဒီစကား မမှားဘူးလို့ ဆိုရမှာပေါ့ ကိုတင့်မောင်၊ ဒါပေမယ့် တိတိကျကျ မှန်တယ်လို့တော့ မပြောနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာဖတ်ပရိသတ်ဆိုတာ များသောအားဖြင့် စာရေးဆရာကို အထင်ကြီးတာပဲ စာရေးဆရာတွေ ရေးတာကို ဘာပဲဖြစ်ဖြစ် ကောင်းတယ်လို့ ယူဆပြီး တစ်ချို့ ဝတ္ထုတွေထဲက ဇာတ်လိုက်အတိုင်း တစ်သွေမတိမ်း လိုက်နာအတုယူလေ့ ရှိကြတယ်။ ဒီနေရာမှ နည်းပေးလမ်းပြသူနဲ့ လိုက်နာသူရယ်လို့ နှစ်ဦးပေါ်လာတယ်။

မြမြတင်သည် သေသေချာချာ အားပါးတရ ပြောပြတော့မည်ကဲ့သို့ ရုတ်တရက် စကားမဆက်သေးဘဲ ကုလားထိုင်ခေါင်း ခပ်ကျကျဆီသို့ ရွှေ့၍ ထိုင်နေစဉ်–

"အင်း ဆိုစမ်းပါဦး မြရယ်၊ မှန်တာပြောရရင် ကိုတင့်မောင်တော့ ဒီထိအောင် အတွေးနယ် မကျယ်မိဘူး"





"ခုခေတ် စာရေးဆရာမှန်ရင် ဘယ်သူဖြစ်ဖြစ် သူတို့ကိုယ်သူတို့ မြန်မာစာပေ ပြန့်ပွားအောင် ဆောင်ရွက်နေတယ်၊ တိုင်းပြည်ကို အလင်းရောင်ပေးနေတယ်၊ သင်ခန်းစာပေးနေတယ်၊ နည်းပေးလမ်းပြ လုပ်နေတယ်ရယ်လို့ အဲသလို ဂုဏ်ယူနေကြတယ်။ တကယ်လည်း ဒီစေတနာနဲ့ ရေးနေကြတာ အမှန်ပဲ စာဖတ်ပရိသတ်မှာ ဆိုတာက လူကြီးတော့ ပြောစရာမလိုပါဘူး။ လူငယ်ပိုင်းဆိုရင် ဉာဏ်အမြော်အမြင်ဟာ သိပ်မရင့်သန်ကြသေးဘူး၊ ဒါကို စာရေးဆရာတွေ ဝန်ခံရမယ်၊ ပြီး သူတို့ ရေးနေတာတွေဟာလည်း ဒီလို အမြော်အမြင် မရင့်သန်သေးတဲ့ လူငယ်တွေအတွက် အလင်းရောင်ပေးတာပါရယ်လို့ တစ်ညီတစ်ညွတ်တည်း ဝန်ခံကြရင် စာရေးဆရာတွေဟာ ဖြစ်ကတတ်ဆန်း မရေးသင့်ဘူး။ သူတို့တစ်တွေ ပေါ့ပေါ့ဆဆ အရေးချော်သည်နှင့်အမျှ လူငယ်တွေ အတုယူလျှော်ကန်မှာပဲ–

ဒီအတိုင်းသာဆိုရင်တော့ အတုယူချော်တဲ့ လူငယ်က (၂)တရားခံ၊ နည်းပေးလမ်းပြ လုပ်တာပါဆိုတဲ့ စာရေးဆရာက (၁) တရားခံပဲ"

မြမြတင်သည် သူစိတ်ပါဝင်စားနေသော , စကားများကို ပြောနေရ၍လားမသိ၊ မမောနိုင် မပန်းနိုင်နှင့် နဖူးကလေး မို့မို့တွင် ချွေးသီးများစို့နေသည့်တိုင်အောင် သွက်သွက်လက်လက် ရှိနေသေး၏။

"ဒါတော့ မြ ပြောတာ တစ်ဘက်သတ် မကျလွန်းဘူးလား၊ စာရေးဆရာတွေ ရေးတိုင်း အဟုတ်ကြီးထင်ပြီး အတုခိုးတဲ့ လူငယ်တွေ အသိဉာဏ်ခေါင်းပါးတာနဲ့ စာရေးဆရာကို ချပြီး စွတ်စွဲတာတော့ မတော်ဘူးထင်တယ် မြရယ်"

www.burmeseclassic.com

www.burmeseclassic.com



"နို့ တိုင်းပြည်တစ်ပြည် တိုးတက်ကြီးပွားအောင် ထူထောင်တဲ့အခါမှာ စာရေးဆရာမပါရင် မပြီးဘူးဆို၊ ဒီစကားအရ သူတို့ရေးတဲ့ စာတွေဟာ တိုင်းပြည်အတွက် ကောင်းတာတစ်ခုခု ပါရမယ် မဟုတ်လား၊ တစ်ခုတော့ ရှိသေးပေါ့လေ၊ စာရေးဆရာဆိုတာ စက်မဟုတ်လေတော့ အမြဲတမ်း ကောင်းတာ မပါတောင် အဆိုးမပါဖို့ကတော့ သတိကြီးကြီးထားပြီး ရှောင်သင့်တယ် မဟုတ်လားကိုတင့်မောင်၊ ဆိုပါတော့ ခုတလော ခေတ်စားနေတဲ့ နိုင်လွန်၊ အဲဒါဟာ တစ်ကိုက် ၁၅–ကျပ်က ၄၀–ကျပ်အထိ ပေးဝယ်မှရတယ်။ ပြီး မြန်မာအမျိုးသမီးတွေဟာ အလိုလိုကမှ အသစ်အဆန်းဆိုရင် ဘယ်လောက် ပေးရပေးရ၊ အလုအယက်ငန်းငန်းတက် ဝယ်ဝတ်လေ့ရှိရတဲ့အထဲ ကိုရွှေစာရေးဆရာတွေက သူတို့ဇာတ်လိုက်ကို နိုင်လွန်ဝတ်ထားလို့ ဘယ်လောက်လှပြီး ဘယ်အထိ ချောတယ်ဆိုတဲ့အကြောင်း အဖွဲ့အနွဲ့ကောင်းကောင်းနဲ့ ရေးလိုက်တော့ မဝယ်နိုင်လို့ မဝတ်ဘဲနေရတဲ့ အမျိုးသမီးတွေတောင် သူတို့အရေးကောင်းတာနဲ့ ကြံဖန်ပြီး ဝယ်ဝတ်ကြရော၊ ဒါဟာ နိုင်ငံခြားပစ္စည်းကို အခမဲ့ ကြော်ငြာပေးရာ ရောက်တဲ့အပြင် နိုင်ငံရေးစကားနဲ့ဆိုတော့ နယ်ချဲ့ကို အလုပ်အကျွေးပြုရာလည်း ရောက်မနေဘူးလား၊ အဲဒီသဘောမျိုး တိုင်းပြည်အကျိုးမဲ့ရာ မဲ့ကြောင်းတွေတော့ ရေးကိုမရေးသင့်ဘူးလို့ ကျွန်မ ထင်တာပဲ"

"သမီးရေ"

မြမြတင် တရားဟော စကားပြော ကောင်းတုန်းတွင်မှ ဒေါ်သင်းထုံ၏ အသံသည် ခပ်စူးစူးကလေးပေါ်လာသဖြင့် မြမြတင်သည် အသံလာရာ အောက်ထပ်ဆီသို့ ပြေးဆင်းလာခဲ့သည်၌





ဒေါ်သင်းထုံနှင့် လူရွယ်နှစ်ဦး လှေကားရင်းတွင်ရပ်၍ စကားပြောနေသည်ကို တွေ့ရလေ၏။

"ဪ ကိုလှမိုး ဘာကိစ္စပါလိမ့်၊ ဟိုနောက်က အိုကိုဆင့်သိန်းပါလား၊ လာကြ လာကြ ဟိုမှာ ထိုင်ရအောင်"

မြမြတင်သည် ပြောပြောဆင်းဆင်း ဆင်းသွားကာ စားပွဲအနီးမှ ကုလားထိုင်များ ဆွဲယူချပေးနေသောကြောင့် လူရွယ်နှစ်ယောက်လည်း ကုလားထိုင်များ အသီးသီး ဝင်ထိုင်လိုက်ကြရင်းက–

"အကြောင်းကတော့ သိပ်ထူးလို့ မဟုတ်ပါဘူး မြမြတင်၊ ဒီနေ့ည ကျွန်တော်တို့ လူငယ်များ ညီညွတ်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပရာမှ အမျိုးသမီးဌာနရယ်လို့ တိုးချဲ့ ဖွဲ့စည်းရေးကိစ္စတစ်ရပ် ပါဝင်မှာမို့ ဖြစ်နိုင်ရင် မြမြတင်လည်း အစည်းအဝေးတက်ပါလို့ လာပြီး ဖိတ်ကြားတာပါပဲ"

ကာယဗလသမားပင် မဟုတ်သော်လည်း အလုံးအရပ်အားဖြင့် အတော်ကြည့်ကောင်းသည့် လူရွယ်တစ်ယောက်က စကားစ, လိုက်သဖြင့် မြမြတင်သည် တစ်စုံတစ်ခု ဘာမျှမပြောသေးဘဲ အနီးတွင်ရပ်နေသော ဒေါ်သင်းထုံအား လှမ်းကြည့်လိုက်၏။ ဒေါ်သင်းထုံ၏ အမူအရာမှာလည်း ထိုအရေး၌ တစ်စုံတစ်ရာ ဘာမျှ ဝင်စွက်မည့် အရိပ်အရောင်မပြ၊ "သမီးသဘောပဲ"ဟူသော လက္ခဏာမျိုးသာ တွေ့ရသောကြောင့် ခပ်လှမ်းလှမ်းရှိ ပက်လက်ကုလားထိုင်ဆီသို့ ကြည့်လိုက်ရာတွင်လည်း ဦးညိုမောင်မှာ အိပ်ပျော်လျက် ရှိလေ၏။

"ဟုတ်ကဲ့ ကြားရတာ ဝမ်းသာစရာပါပဲ ကိုလှမိုး၊ ဒါပေမယ့် ကိုလှမိုးတို့ သိတဲ့အတိုင်း ကျွန်မက သိပ်အားတာ မဟုတ်ဘူး ဖေဖေတို့ လုပ်ငန်းထဲမှာ ဝင်ပြီး ကူညီနေရတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ဒါပေမယ့် နေ့စဉ်နေ့တိုင်း အလုပ်လုပ်ရမှာမှ မဟုတ်ဘဲ၊ အဖွဲ့ရယ်လို့ ဖြစ်သွားပြီးတဲ့အခါ ကျွန်တော်တို့ ရည်ရွယ်တာကတော့ အမျိုးသမီးတွေ စာပေလိုက်စားတဲ့ အလေ့အကျင့်ရသွားဖို့ တစ်ပတ်တစ်ခါ ဉာဏစလ တိုးတက်ရေးအတွက် ဟောပြောပွဲ၊ စကားရည်လုပွဲ ကျင်းပဖို့၊ တစ်လတစ်ခါဆိုသလို ထမင်းချက်ပြိုင်ပွဲ၊ ဟင်းချက်ပြိုင်ပွဲ စသဖြင့် အပျော်တမ်း လုပ်ကြရာက မသိမသာ ပြုပြင်သွားဖို့ပါပဲ"

"အေး–ဒီလိုဆို ကောင်းသားပဲဟ၊ ဒါမျိုးတော့ ဦးလည်း အားပေးမယ်၊ အလှူငွေ ဘယ်လောက် ထည့်ရမလဲ"

အသံလာရာဆီသို့ အားလုံးလှမ်းကြည့်လိုက်သည်၌ ဦးညိုမောင်သည် ကုလားထိုင်တွင်မဟုတ်တော့ဘဲ အိပ်ရာမှ နိုးလာကာ မြမြတင်တို့အနီးသို့ပင် ရောက်နေသည်ကို တွေ့ရလေ၏။

"ငွေထည့်ဖို့ မလိုသေးပါဘူး ဦးရယ်၊ ခုမှ အစည်းအဝေးလုပ်ဖို့ လာဖိတ်တုန်း ရှိပါသေးတယ်"

ကိုလှပိုလည်း ရှိသေသော မြန်မာ့ယဉ်ကျေးမှု အမူအရာဖြင့် ထိုင်ရာမှ ထ,ပြောရင်း ကုလားထိုင်ကိုပါ ဦးညိုမောင်ဆီသို့ ထိုးပေးနေသောကြောင့်...

"နေ–နေ မင်းသာထိုင်ပါကွာ၊ ဦးထိုင်ရလွန်းလို့ ညောင်းနေပါပြီ၊ ဩော် အစည်းအဝေး လာဖိတ်တာလား သမီးကို"

"ဟုတ်ကဲ့ပါ ခင်ဗျား"

"အေး–အေး စိတ်သာချ၊ သူမလာချင်ဘူးဆိုရင် ဦးက ကြိမ်လုံးနဲ့ ရိုက်ပြီး လွှတ်လိုက်မယ်၊ ဘယ့်နှယ့်ကွာ ဒါ ရပ်ရွာကောင်းစာရေးပဲ တတ်နိုင်သလောက် လုပ်ရမှာပေါ့"





ဦးညိုမောင်သည် စကားကို ဤတွင် လက်စသတ်ကာ စားပွဲပေါ်မှ ဆေးပြင်းလိပ်ကို လှမ်းယူမီးညှိနေလေ၏။ ထိုအချိန်၌ ကိုလှပိုသည် မြမြတင်အား အမျိုးသမီးအဖွဲ့နှင့် ပတ်သက်သော ကိစ္စအဝဝကို အသေးစိတ် ရှင်းပြနေလေ၏။

အမှန်အားဖြင့်ဆိုလျှင် ကိုလှပိုမှာ ထိုလူငယ်များ ညီညွတ်ရေးအသင်းတွင် အမှုဆောင်တစ်ယောက်သာဖြစ်လျက် ယခု ကိုလှပိုနှင့်အတူပါလာသူ ကိုဆင့်သိန်း(ဥက္ကဋ္ဌ)ကသာလျှင် ခေါင်းဆောင်ဖိတ်ခေါ် ပြောပြသင့်သည်မှန်သော်လည်း ကိုဆင့်သိန်းမှာ မြမြတင်နှင့် ရင်ဆိုင်ပြောဆိုရန် မဝံ့သကဲ့သို့ ရှိသည့်ပြင် သူ့အမူအရာမှာ ရှိုးတိုးရှန့်တန့် ဖြစ်သောကြောင့် ထိုလက္ခဏာကို ထောက်ခြင်းအားဖြင့် တစ်ကြိမ်သောတစ်ခါက မြမြတင်အား စာပေး၍ ချစ်ရေးဝင်ခဲ့သူ ကိုဆင့်သိန်းမှာ ဤ ကိုဆင့်သိန်းဖြစ်ကြောင်း ထင်ရှားနေတော့၏။

"ဩော် ဒါနဲ့ မောင်လှပို မင်းတို့အမေများကော မုန့်ဟင်းခါးအရောင်းအဝယ် ဘယ့်နှယ့်လဲ၊ ဟန်ရဲ့လားကွဲ့"

"ဟုတ်ကဲ့ ခါတိုင်းနဲ့ စာရင်တော့ ဟန်ပါတယ်ခင်ဗျာ"

ကိုလှပိုလည်း ထိုင်ရာမှ ထ,၍ ဤသို့ ရိုရိုသေသေ ဖြေလိုက်၏။

"ကောင်းပါလေ့ကွာ၊ မင်းကော အလုပ်ကလေး ဘာကလေး မလုပ်သေးဘူးလား၊ မင်းအမေ မစိန်ပွင့်လို မိခင်မျိုးတော့ ရှားသကွမှာ၊ အင်မတန်တော်တဲ့ မိန်းမ၊ မင်း ၁၀–နှစ်သားက မင်းအဖေဆုံးတာကို မင်းမျက်နှာငယ်မှာ စိုးတယ်ဆိုပြီး နောက်အိမ်ထောင်မပြုဘဲ ပင်ပင်ပန်းပန်း ဈေးရောင်းပြီး မင်းကို ရှာကျွေးခဲ့တယ်ပေါ့ နေပါဦး မင်း အခု ဘယ်နှစ်တန်းက ကျောင်းထွက်တယ်"

"၁၀–တန်းအောင်ပြီးမှပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ခုလို ၁၀–တန်းပညာအထိ သင်နိုင်တဲ့ မှဆိုးမမျိုးတော့ အရှားသားကွာ၊ သနားပါ သနားပါ၊ မင့်အမေကို မင်းလုပ်ကျွေးဖို့ အချိန်ရောက်နေပကွ သိရဲ့လား အလုပ်ရှာ အလုပ်ရှာ၊ တို့မြန်မာပြည်လောက် အလုပ်ပေါတာ ဘယ်မှာရှိမလဲ၊ လူမျိုးခြားတွေကြည့်စမ်း၊ အလုပ်ဆိုတာ ရှာလုပ်ရင်ရှိတာပဲ၊ စာရေးမှ မြို့အုပ်မှ အလုပ်မဟုတ်ဘူးကွ၊ ရှောက်သီးဆေးပြား ရောင်းတာလည်း အလုပ်ပဲ၊ နို့ မင်း ဆိုက်ကားနင်းရဲပါ့မလား မောင်လှပိုဦးဝယ် ပေးမယ်လေ"

"နောက်ဆုံးတစ်နေ့ ရေထမ်းရောင်းရမယ်ဆိုတာတောင် ကျွန်တော် မရှက်ပါဘူး ခင်ဗျာ"

မျက်နှာထားမပျက် ခပ်သွက်သွက် ဖြေလိုက်သော ကိုလှပို၏စကားကို ကြားရသည်နှင့် ဦးညိုမောင်သည် လက်တစ်ဖက်ဖြင့် မျက်မှန်ကို ချွတ်လိုက်ပြီး အခြားလက်က ကိုလှပို၏ ပခုံးကို ပုတ်ရင်း...

"အေး–ဦးက ဒီလိုမှ သဘောကျတာကွဲ့၊ စိတ်မဆိုးနဲ့နော်၊ ဦးက မင့်အကဲစမ်းကြည့်တာ၊ ပြီး ခုပြောနေတာဟာလည်း မင်းကို ချစ်လို့ကွဲ့ သိရဲ့လား၊ နို့ မင်း ဘာများလုပ်ဖို့ စိတ်ကူးသလဲ"

"ကျွန်တော် ၁၁–နှစ်သားကစပြီး ခု ၂၅–နှစ်သားအထိ ၁၅–နှစ်လုံးလုံး ကျွန်တော်တို့ ဝမ်းရေးနဲ့ ပညာရေးကိုပါ အထောက်အပံ့ပေးခဲ့တဲ့ မေမေ့မုန့်ဟင်းခါးလုပ်ငန်းကို သူများနဲ့ မတူအောင် တိုးချဲ့လုပ်ကိုင်ဖို့ ရည်ရွယ်ပါတယ်ခင်ဗျား၊ ခုလည်း ကျွန်တော် ကိုယ်တိုင် မေမေနဲ့ ဝိုင်းဝန်းလုပ်ကိုင် ကူညီနေပါတယ်"

ကိုလှပိုသည် တိုတိုရှင်းရှင်းနှင့် လိုရင်းကိုသာ ပြောပြနေသဖြင့် ဦးညိုမောင်သည် နောက်စေ့ကို ယာလက်ဖြင့်ပွတ်ရင်း ခေါင်းညွတ်နားစွင့်နေရာမှ...





"အိမ်း...ကြားရတာဖြင့် နားထဲကို ဆိမ့်သွားတာပဲ၊ ဟော့တို့မြန်မာတို့ကဖြင့် သူများ ဆေးပေါ့လိပ်ရောင်းလို့ ချမ်းသာတာမြင်တာနဲ့ သူတို့က ပါလိုက်ပြီး (ဆေးပေါ့လိပ်) လိုက်ကြတာပဲ။ မီးမပေါက်အောင် ဘယ်လိုထွင်ရမယ်ဆိုတာ မကြိုးစားကြဘူး၊ မင်းက မုန့်ဟင်းခါးကို သူများနဲ့ မတူအောင် (ထွင်မယ်)ဆိုတာကြားရတော့ ကြိုးစားပေါ့ကွာ၊ လောကကြီးမှာ ထွင်နိုင်ဆန်းနိုင်မှကြီးပွားမယ်၊ နို့ဆီခွက်ကို ကလေးကစားစရာ ထမင်းချိုင့် လုပ်ရောင်းစားတဲ့ လူတွေဟာ အဆန်းမထွင်သေးသမျှ နို့ဆီခွက် ကျွေးသလောက်ပဲ စားရမှာပေါ့၊ အေး–လိုတဲ့ အကူအညီသာပြော၊ မင်းလုပ်ပုံစနစ်ကျသည်နှင့်အမျှ ဦးလည်း အားပေးရတာပေါ့လကွာ နော်"

အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေကြပြီးမှ ကိုလှပိုသည် ဦးညိုမောင်ရော၊ မြမြတင်ကိုပါ ဣန္ဒြေရရ နှုတ်ဆက်နေနိက် ကိုဆင့်သိန်းမှာမူ သူကိုယ်တိုင်က မူမမှန်သူဖြစ်သောကြောင့် မြမြတင်အား ရဲရဲပင် မကြည့်ဝံ့ပဲ ဦးညိုမောင်ကိုသာ နှုတ်ဆက်ထွက်ခွာသွားလေ၏။

မြမြတင်မှာလည်း ကိုလှပိုတို့ ထွက်သွားပြီးသည့် အချိန်မှစ၍ အစည်းအဝေးတွင် မည်သို့မည်ပုံ ပြောဆိုရမည်ကို စဉ်းစားတွေးတောနေရသည်က တစ်ဖက်၊ ရွယ်တူကာလသားတွေအထဲတွင် မျက်နှာထားရဲရဲနှင့် ပြောမှ ထွက်ပါမည်လား၊ ရှက်ကိုးရှက်ကန်းနှင့် ကြောင်အမ်းအမ်း အသံတုန်နေမလားဟု တွေးပူရသည်ကိုလည်း တစ်ဒုက္ခ၊ အစည်းအဝေးမှ ကာလသားထု အကုန် ရပ်လုံးကျွတ်လှုံ့ဆော်လာကြမည်ဖြစ်၍ မိန်းမသားတို့ဘာဝ လှလှပပလေး ဝတ်ဆင်သွားလိုသေးသည်ဖြစ်ရာ ပဒုမ္မာအင်္ကျီနှင့် အဖြူခံ အနက်ကွက်တိုးဘရယ်တိုး ရိုးရိုးလေး ဝတ်သွားရကောင်းမည်လား၊ မွှေလေးပိုး

www.burmeseclassic.com

www.burmeseclassic.com



အချောစား ရင်ဖုံးကို ကြိုးကြိုးချိတ် သနပ်ခါးရောင်နှင့် အထက် အောက် ဟပ်မိအောင် ဝတ်သွားရ တော်လေမည်လား စသဖြင့် အဝတ်အစား အဆင်အသွေး ရွေးရသည်ကလည်း အမောဖြင့် မြမြတင်မှာ ဇောချွေးများပင် ပြန်လျက်ရှိလေ၏။

*"ယောက်ျားပီပီ တည်ကြည်သူ၊ ဓမ္မဒီပါ*
*တလွှားမှာ၊ တကယ်ရှာမှရှားတယ်၊ စုဉ်းစားကြည့်*
*ကွယ်၊ အမြင်ကျယ် အလယ်တိမ်၊ အချိန်မစီးတဲ့*
*ဌမ်းလို၊ လွှမ်းအောင်ပြောနိုင်မှ သဘောကျသူ*
*ခင်ပျိုရယ်... မျှော်မြင်စဉ်းစားသင့်တယ်၊ ရာသက်ပန်*
*ရွှယ်ကိုးလို့၊ ရိုးမြေကျ ပေါင်းပါ့မယ်..."*

အိပ်ခန်းအတွင်းမှ မှန်တင်ခုံတွင် ဖီးလိမ်းပြင်ဆင်နေခိုက် မြမြတင်သည် ဤသို့ ဆွဲဆွဲငင်ငင် သီဆိုလိုက်သော ကိုတင့်မောင်၏ ညသံခရာသံများဖြင့် ရောပြွမ်းနေသည့် အထက်ပါသီချင်းတစ်ပုဒ်ကို ကြားလိုက်ရသည်နှင့် ရွှင်နေသော မျက်နှာကလေးမှာ ရုတ်တရက် တွေသွားပြီး တပ်လက်စ,ကြယ်သီးကိုပင် ကိုင်လျက်တန်းလန်းဖြင့် ငေးနေမိလေ၏။

အမှန်အားဖြင့်ဆိုသော် မြမြတင်သည် (ဖို)သတ္တဝါ ပရိသတ် အလယ်တွင် ထည်ထည်ကြွကြွနှင့် အလုဂုဏ်ပြုရမည့် (မ)သတ္တဝါ တစ်ဦးအနေဖြင့် မြူးနေခဲ့သည်မှန်သော်လည်း ယခုကဲ့သို့ (သတိပေး စကားတွေနှင့် စပြီး သူသည် ရိုးမြေကျပေါင်းမည့်သူဖြစ်ကြောင်း)နှင့် အဆုံးသတ်ထားသော ထိုသီချင်းသံကို ကြားလိုက်ရသည်၌ မြမြတင် အတော်စိတ်မကောင်းဖြစ်သွား၏။ ပြေပြေပြစ်ပြစ်နှင့် ချော၍ သဘောကောင်းသော ကိုတင့်မောင်ကို သနားသွား၏။ မြမြတင် ကိုယ်တိုင်က အစည်းအဝေးသွားမည့်အကြောင်း ပြောစဉ်ကလည်း





ကိုတင့်မောင် တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိ၊ သို့သော် အနည်းငယ် မျက်နှာမကောင်းဖြစ်သွားသည်ကို မြမြတင် သတိထားမိလိုက်၏။

"ငါ အစည်းအဝေးတက်မယ်ပြောတော့ ကိုတင့်မောင် မျက်နှာမကောင်းဘူး၊ ဘာလဲ သူငါ့ကို အစည်းအဝေး မတက်စေ ချင်ဘူးလား။ ဘာကြောင့်လဲ–ဒီပြင် လူပျိုတစ်ယောက်ယောက်နဲ့ ငြိသွားမှာ စိုးလို့ထင်ပါရဲ့၊ ဘာဖြစ်လို့ သူဒီလို စိုးရိမ်ရသလဲ။ ငါ့ကိုချစ်လို့၊ အင်း ချစ်လို့၊ ဟုတ်မှာပါပဲ၊ သူ သူ ကိုတင့်မောင် ငါ့ကို တော်တော်ပဲ ချစ်ရှာတယ်၊ ဒါကြောင့် သူ ငါ့အတွက် တွေးပူရှာတယ်"

မြမြတင်သည် ဤသို့လျှင် စိတ်ထဲမှပြောရင်း မှန်ထဲသို့ ကြည့်လိုက်၏။ မူလ မြမြတင် တွေးနေစ,ကတည်းက သူ့မျက်နှာ ကလေးမှာ မသိမသာ ညှိုးနေရာ မှန်ထဲကြည့်လိုက်သည်နှင့် ညှိုးငယ်နေသော သူ့မျက်နှာကလေးကိုသာ မြင်နေရသဖြင့် ကြည့် ရင်းကြည့်ရင်း ညှိုးငယ်သည်ထက် ညှိုးငယ်လာကာ မျက်ရည်ပင် လည်လာတော့မတတ် ဖြစ်သွားသည်နှင့် မြမြတင်သည် ရုတ်တရက် မျက်နှာလွှဲပစ်လိုက်၏။ အံကို ကြိတ်၍ စိတ်ကိုလည်း တင်းလိုက်၏။

"ဘာလဲ မြမြတင်၊ ညည်း ဘာဖြစ်တာလဲ၊ အစည်းအဝေး တောင် မတက်ချင်တော့ဘူးလား၊ ဘာဖြစ်လို့ ကိုတင့်မောင် မျက်နှာမကောင်းတာနဲ့ နို့ ညည်း သူ့ကို ချစ်သလား၊ ဟုတ်ပါပြီလေ၊ သူက ညည်းကိုချစ်တာတော့ ဟုတ်သပေါ့၊ သူ့ကို ညည်းချစ်နေ ပြီလား၊ ဒါဖြင့် ကိုတင့်မောင်ကို ညည်းယူတော့မယ်ပေါ့ ဟုတ်စ၊ ပြောစမ်း–ဘယ်လိုလဲ သူဘယ်လိုလူစားလဲဆိုတာ သေသေချာချာ သိပြီးပလား မြမြတင်၊ အံ့–အံ့ပါသေးရဲ့အေ၊ သူက ချစ်လို့၊ သူတင် ဘယ်က,မလဲအေ၊ လုပ် လုပ် အစည်းအဝေး ရောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြမြတင်သည် ဤသို့ အကျိတ်အနယ် အပြန်အလှန် တစ်ယောက်တည်း အမေးအဖြေလုပ်နေရာမှ နောက်ဆုံး၌—

"ဟယ် သူ့ကို ယူမယ်လို့မှ မဆုံ ဖြတ်သေးဘဲ၊ ဆုံးဖြတ်ဦးတော့ ဒါ အစည်းအဝေးသွားတာပဲ၊ ဘာဖြစ်သလဲ"

ဟူသော ဆုံးဖြတ်ချက်ဖြင့် ဖီးလိမ်းပြင်ဆင်၍ အခန်းထဲမှ ထွက်လာကာ ဆင်းတော့မည် ပြုပြီးမှ ဝရံတာတွင် ရပ်နေသူ ကိုတင့်မောင်အား တစ်ချက် လှမ်းကြည့်လိုက်လျက် ရုတ်တရက် မဆင်းသေးဘဲ ကိုတင့်မောင်ရှိရာသို့ လျှောက်လာခဲ့လေ၏။

"ပျင်းနေသလား ကိုတင့်မောင်"

ရင်အုပ်ထွားထွားနှင့် ယောက်ျားပီပီ ခန့်တည်တောင့်တင်းသော ကိုတင့်မောင်၏ ကာယဗလနောက်ပိုင်းကို စိုက်ကြည့်ရင်း မေးလိုက်သည်နှင့် ကိုတင့်မောင်လည်း ရုတ်တရက် လှည့်လိုက်ကာ—

"ပျင်းတာပေါ့ မြရယ်၊ တကယ်ဆိုတော့ ကိုတင့်မောင်က မြကို အချိန်ရှိသလောက် ကြည့်နေချင်တာ"

ဝမ်းနည်းလိုက်ဖို့ မျက်ရည်ပင် ယိုတော့မည်ကဲ့သို့သော မျက်နှာထားဖြင့် ပြောနေသူ ကိုတင့်မောင်အား မြမြတင်သည် ကြာကြာကြည့်နေ၍ မဖြစ်တော့သကဲ့သို့—

"မကြာပါဘူး ကိုတင့်မောင် ခုပဲ ပြန်လာမှာပါ"

မြမြတင်လည်း အမြန်ဆုံးပြော၍ ကသောကမျော လှည့်ဆင်းလာခဲ့ရသည့်တိုင်အောင် သူလည်း စိတ်ကောင်းပုံမရ၊ တစ်ဘက်သားအတွက် ရတက်ပွားသည့်အသွင် ဆောင်နေရှာ၏။

"မြကို အချိန်ရှိသလောက် ကြည့်နေချင်တာ"တဲ့ သူက—

လှေကားမှ တစ်ထစ်ချင်း ဆင်းခဲ့စဉ် မြမြတင်သည် ကိုတင့်မောင် ပြောလျက်ရှိသော စကားကို စိတ်ထဲမှ ရေရွတ်လိုက်၏။





"မြလည်း ဒီလိုပါပဲတဲ့ မောင်ရယ်"လို့ ပြန်ပြောလိုက်ရင် ဘယ်လောက် ဝမ်းသာသွားမလဲလို့ ဟင်—

ဤသို့လည်း စိတ်ကူးယဉ်လိုက်သေး၏။

အချစ်သဘောကား ကျယ်ပြောရှုပ်ထွေးသည်နှင့်အမျှ တွေးဆ အကဲခတ်ရန် လွယ်ကူလှသည် မဟုတ်ပေ။ မိန်းမတစ်ယောက်သည် ရေးသွားရာ၌ တွေ့တွေ့သမျှသော ယောက်ျားတိုင်းကို မကြိုက် မနှစ်သက်စေကာမူ ယောက်ျားတိုင်း၏ အရေးပေးကြည့်ရှု မိုးပန်းမှုကို ခံယူလိုကြ၏။ ယောက်ျားလည်း ထို့အတူပင်။ အချို့သော အိမ်ထောင်သည် မိန်းမများပင်လျှင် လင်ယောက်ျားမပါဘဲ သွားလာရာ၌ ယောက်ျား၏ မိုးပန်းခြင်းကို ခံယူလိုသော သဘောရှိတတ်၏။ စင်စစ် ချစ်၍၊ ဖောက်ပြန်လို၍ကား မဟုတ်၊ သဘာဝ၏ လှုံ့ဆော်မှုကြောင့်သာ ဖြစ်၏။ ယောက်ျားကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

အိမ်ထောင်သည်အဖို့ဖြစ်သော မိန်းမ၊ ယောက်ျားများတွင် သော်မှ အချစ်၏ လှုံ့ဆော်မှုကြောင့် ထိုသို့ မရေမရာသော သာယာမှုကလေးများကို (ဖောက်ပြန်သောစိတ်ဖြင့်)မဟုတ်ဘဲ သဘာဝအလျောက် တောင့်တ,လိုလားမိကြသည်ဆိုလျှင် အပျို လူပျိုဖြစ်သော နုနယ်သူများအဖို့ဆိုသော်(မရေမရာ)မဟုတ်၊ (အသေအချာ)တောင့်တ,မည်သာ ဖြစ်၏။ ထို့ကြောင့်ပင် မဟုတ်လော၊ ထိုသို့သော အချစ်၏ သဘာဝ တောင့်တမှု ပြင်းထန်လာသောအခါတွင် မိန်းမချင်းပင် ဖြစ်လင့်ကစား၊ တစ်ဦးကိုတစ်ဦး မွှေ့ဖက်မွှေ့ရမ်း၍ နမ်းလိုနမ်း၊ ဆော့လိုဆော့နှင့် နော့ကြ ချော့ကြရင်း (ကိုကိုကလည်းကွယ်၊ အို ကြည့်ပါလား၊ ဟင့်အင်း ဟင့်အင်း) စသော ယောက်ျားစကားများပင် သုံးကာ ပြုံးကာဖြင့် လိုအင်ဆန္ဒကို ဖြစ်သည့်နည်းနှင့် ဖြေဖျောက်လေ့ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်မောင်နှင့် မြမြတင်ကား ဓာတ်ချင်း တူသူများ မဟုတ်၊ ဖိုနှင့်မ ဖြစ်သောကြောင့် ကိုယ်စီကိုယ်ငှ ဆွဲငင်သော သဘာဝရှိ၏။ မယိမ်းမယိုင်အောင် ထိန်းနိုင်ကြသည့် ထားဘိဦး၊ အချိန်အခါလိုက်၍ အချစ်၏ သဘာဝ တောင့်တမှု ပြင်းထန် လာသောအခါဝယ် (ချစ်သည်၊ မချစ်သည်)အပထား၍—

"ကိုတင့်မောင်က မြကို အချိန်ရှိသလောက် ကြည့်နေချင်တာ"ဟူသော (ဖို)သံကလေးကို နှာခံလို၏။

"မြလည်း ဒီလိုပါပဲတဲ့ မောင်ရယ်"

ဤသို့လည်း (မ)သံကလေးကို ပြန်ပေးချင်သေးသည်။ တစ်ဖက်ကလည်း ထိုလို(မ)သံကို ကြားချင်ပေမည်။

စင်စစ် ထိုထိုသော ဖိုသံ, မသံ ကြားရရုံဖြင့် သူတို့နှစ်ယောက် ချစ်နေကြပြီဟု ယူဆ၍ မဖြစ်သေး၊ အချစ်စိတ်၏ တောင့်တမှု ပြင်းထန်ချိန်တွင်သာ ပေါ်ပေါက်လာပြီး မကြာမီ ပျောက်သွားတတ် သေး၏။ တစ်ဖန် ထိုသို့သော ဖိုသံမသံ ကြားရဖန်များ၍ နားယဉ်သွားသောအခါ၌လည်း အပေါ်ယံဆန္ဒ ပြေပျောက်မှု အချစ်မှ သဲလှိုက်အူလှိုက်ချစ်သော အဖြစ်သို့ရောက်ကာ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက် ဆိုသလို ဖြစ်တတ်သေး၏။ အချစ်စိတ်သည် မဆန်းသလော၊ ဆန်းသည်နှင့်အမျှ ကြောက်စရာကောင်းလှ တော့၏။

"မြလည်း ဒီလိုပါပဲတဲ့ မောင်ရယ်"

ဟု အမှန်ပင်ပြောလိုက်ချင်၏။ စင်စစ် တကယ်ချစ်၍ကား မဟုတ်သေး၊ ဖိုဓာတ်ဖြစ်သော ကိုတင့်မောင် ပြောလိုက်သည့် (မြကို အချိန်ရှိသလောက် ကြည့်နေချင်တာ)ဟူသော စကားကို ဆွဲငင်ခိုက်၊ မြမြတင်၏ အချစ်ဆန္ဒကလည်း ပြင်းထန်လာခိုက်နှင့် ကြုံကြိုက်သွားသောကြောင့်သာ ဖြစ်လေ၏။





ယခု မြမြတင်ကား အစည်းအဝေးခန်း ထဲသို့ ရောက်ခဲ့လေ ပြီ၊ ဝတ်ကောင်းစားလှနှင့် ဂိုက်ကျဆိုက်ကျ သွားလာဝင်ထွက် ယောက်ယက်ခတ်နေသော လူမျိုးထုကို တွေ့နေရသည့်၌ မြမြတင် မှာ သဘာဝဖြစ်သော ဆန်းကြယ်သည့် အချစ်စိတ် လှုံ့ဆော်မှု ကြောင့် ပျော်သလိုလို ရှိနေ၏။ မြမြတင် တစ်ယောက်တည်းသာ လော မဟုတ်၊ အစည်းအဝေးခန်းထဲသို့ ရောက်နေကြပြီဖြစ်သော အခြား မိန်းမပျိုတိုင်း၊ ယောက်ျားပျိုတိုင်း ထိုစိတ်၏ လှုံ့ဆော်ခြင်းကို ခံနေကြရသည်သာ ဖြစ်လေ၏။

မြမြတင်အိမ်ပေါ်မှ ဆင်းမလာမီ မကြည်မလင် မြင်ခဲ့ရသော ကိုတင့်မောင်အား လှိုက်လှိုက်လှဲလှဲ အသည်းထဲက သနားခဲ့သည်၊ မခွာရက်၊ မခွဲရက် အစည်းအဝေ ခရီးစဉ်ကိုပင် ဖျက်မိတော့မလောက် စိတ်ကလေးချောက်ချား ခဲ့သည်။ ယခုသော်ကား ကိုတင့်မောင်ကို မေ့၍ မြင်တွေ့နေရသော ကာလသား လူပျို ထိုထိုဂေါ်သမားများဆီ တွင် မျက်လုံးကစားရင်း ကြည်နူးနေရာလေ၏။

မြမြတင်ဆိုးသလော၊ ဤ အပြုအမူစိတ်ထား ကြောင့် ဖောက် ပြားသည် ဆိုမည်လော၊ မသင့်ပါလေ။ ဤသို့ စွပ်စွဲရန် လုံးဝမသင့်၊ အချစ်သည် နက်နဲ၍ ဆန်းကြယ် ရှုပ်ထွေးသလောက် ကြောက်စရာ ကောင်း၏၊ အိမ်ထောင်သည် အအိုဖြစ်သော ထိုထို ကာမဘုံသား များသော်မှ အချစ်စိတ် ကလိကစားလာလျှင် အသိတရား တိမ်းချော် မတော်တရော် ဖြစ်ကြရသေးလျှင် လက်ရွေးစင်ချစ်သူသော်မှ မရှိသေးသော မြမြတင်လို လွတ်လပ်သူ အပျိုဖြူအား အဘယ်မှု အထောက်အထားနှင့် ဖောက်ပြားသည်ဟု ဆိုနိုင်တော့အံ့နည်း။

"အစည်းအဝေး စတင် ကျင်းပ,ပါတော့မယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မှုထာ မမှန်၊ နဂိုသံလည်း မဟုတ် တုန်တုန်လှုပ်လှုပ် ရှိလှသော ကိုဆင်သိန်း၏ စကား ကို ကြားလိုက်ရသည်နှင့် အသံတွေလည်း တိမ်၊ လူတွေလည်း ငြိမ်သွားလေ၏။

အစည်းအဝေး အစီအစဉ်အတိုင်း လူငယ်များ ညီညွတ်ရေး အသင်းနှင့် ပတ်သက်သော နှစ်ချုပ် အစီရင်ခံစာ၊ ငွေဝင်ငွေထွက် ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာများကို အသီးသီး ဖတ်ပြ အတည်ပြုကာ နောက်ဆုံး အမှုဆောင်သစ်များ ရွေးကောက်တင် မြှောက်၍ မူလအတွင်းရေးမှူးနေရာတွင် ကိုလှပိုအား ရွေးချယ် လိုက်သည်မှအပ အခြား အမှုဆောင်များမှာ ယခင်အတိုင်းပင် ရွေးကောက်တင်မြှောက်ပြီးသည်အထိ ချောချောမောမော ပြီးဆုံး သွားလေ၏။

"အစည်းအဝေး အစီအစဉ် အမှတ်(၇)အရ ခု အမျိုးသမီး အဖွဲ့ ဖွဲ့သင့်၊မဖွဲ့သင့်ဆိုတာ စဉ်းစားကြရပါလိမ့်မယ်၊ ရည်ရွယ်ချက် ကတော့ ကျွန်တော်တို့ အရပ်ထဲမှာရှိတဲ့ အမျိုးသမီးတွေ တစ်ဦးနဲ့ တစ်ဦး ခါတိုင်းထက် ပိုမိုရင်းနှီးလာမှု၊ စာရိတ္တဗလ၊ ဉာဏဗလ၊ ဖွံ့ဖြိုးတိုးတက်မှု၊ အဲဒါတွေကို ရည်ရွယ်ပါတယ်။ ကျွန်တော့် သဘောပြောရမယ်ဆိုရင်တော့ တကယ်ပဲ ဖွဲ့စည်းသင့်တယ်လို့ ယူဆပါတယ်၊ အဲဒါကို အမျိုးသမီးများ စဉ်းစားကြပါ"

ဥက္ကဋ္ဌ ကိုဆင့်သိန်းသည် စောစောကလောက် အသံတုန်ခြင်း မရှိစေကာမူ မသိမသာအားဖြင့် အမူအရာ ပျက်နေလျက် မျက်လုံး များမှာလည်း မြမြတင်ဆီတွင်သာ ဝဲလျက်ရှိလေ၏။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် တစ်ခု မေးပါရစေ၊ ခုန ကျွန်တော်တို့ ဆွေးနွေးကြတဲ့ ကိစ္စတွေနဲ့ ဂကွ၊ အမှုဆောင်သစ် ရွေးကောက်တဲ့အထိ အမျိုးသမီးတွေဟာ သူတို့နဲ့ ဘာမှ မဆိုင်သလို





ငုတ်တုတ်ထိုင်နေကြရပါတယ်။ ခု အမျိုးသမီးအဖွဲ့ ထပ်ဖွဲ့မယ့် ကိစ္စမှာ အမျိုးသားတွေနဲ့ ဆိုင်သလား၊ အဆိုသွင်းထောက်ခံခွင့် ရှိသလား သိပါရစေ"

သွက်လက်ချက်ချာ ဘာမဆို ပြောရဲဆိုရဲ ရှိသော လူငယ် တစ်ယောက်က ထိုသို့ ထ,၍ မေးလိုက်သဖြင့်...

"ဟုတ်ကဲ့၊ ကိုလှသန်း မေးတာကို ဖြေပါ့မယ်၊ အခု အမျိုးသမီးအဖွဲ့ မဖွဲ့ရသေးပါဘူး၊ ဖွဲ့ဖြစ်မယ်ဆိုရင်လည်း အမျိုးသား တွေဟာ ဘာမှ စွက်ဖက်ခွင့် မဲပေးခွင့် မရှိပါဘူး၊ အမျိုးသား ကိစ္စတုန်းက အမျိုးသားတွေနဲ့သာ ဆိုင်တာမို့ အမျိုးသမီးတွေကို ဝင်ရောက်စွက်ဖက်ခွင့် မပေးသလို၊ အမျိုးသမီး ကိစ္စတွေမှာလည်း သူတို့ဟာသူတို့ သဘောကျသလို လုပ်နိုင်ခွင့်ပေးရမယ်၊ ပူးပေါင်း ဖွဲ့စည်းမယ်ဆိုရင် အမျိုးသားဦးရေက များလို့ ခြေထိုးမှုတွေ ပေါ်လာမှာ စိုးတဲ့အတွက် ကာကွယ်ပေးတဲ့ သဘောပါ၊ ပြီးတော့ အမျိုးသမီးတွေအကြောင်းကို အမျိုးသမီးချင်းသာ ပိုသိလို့မို့ ဘဝ တူချင်း ရွေးကောက်ကြတာက ပိုပြီး တရားလိမ့်မယ်လို့ ယူဆတဲ့ အတွက်ပါပဲ"

ထို့နောက် အသီးသီး ဝေဖန်ရင်း ၁၅–မိနစ်ခန့်ကြာသော် ဖွဲ့စည်းသင့်သည့်ဖက်က သဘောတူသူ များသဖြင့် အမှုဆောင်အဖွဲ့ ရွေးချယ်ရမည့်အချိန်သို့ ရောက်လာလေ၏။

"မြမြတင်ကို ဥက္ကဋ္ဌတင်ဖို့ ကျွန်မ အဆိုသွင်းပါတယ်"

"ကျွန်မက ထောက်ခံပါတယ်"

"ကျွန်မလည်း ထောက်ခံပါတယ်"

"ကန့်ကွက်မယ့်သူများ ရှိပါသေးသလားရှင်"

"မရှိပါဘူး"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကိစ္စမျိုးနှင့်ပတ်သက်၍ ပွဲတိုးဖူးသူမဟုတ်သော မြမြတင်မှာ ငေးကြောင်ကြောင် ယောင်ချာချာနှင့် ဘာပြောရမည်မသိ၊ ဟိုကြည့်-သည်ကြည့်ဖြင့် တစ်မျက်နှာလုံး ရှက်သွေးတွေ ဖုံးနေလေတော့၏။

"ဒီမှာ ဒီမှာ၊ ကျွန်မ တစ်ခုပြောပါရစေရှင်၊ ဟို ဟို-ကျွန်မဟာ အိမ်မှာလည်း မိဘလုပ်ငန်းကို ကူညီပြီး လုပ်ပေးနေရတဲ့အတွက် ဒီအဖွဲ့ကိစ္စနဲ့ ပတ်သက်ပြီး အချိန်ပြည့် လုပ်နိုင်မှာ မဟုတ်တဲ့အတွက် ကျွန်မ လက်မခံပါရစေနဲ့၊ ပြီးတော့"

"အမှန်ကတော့ ဥက္ကဋ္ဌဆိုတာ သိပ်အလုပ်လုပ်ဖို့ မလိုပါဘူး"

"မှန်တယ်၊ ရပ်ရွာကောင်းကျိုးအတွက်မို့ မြမြတင် မငြင်းသင့်ဘူးလို့ ထင်ပါတယ်"

"ခု-မြမြတင် ဥက္ကဋ္ဌအဖြစ် လက်မခံဘူးဆိုတာကို သဘောတူကြပါသလား"

"မတူပါဘူး"

"အားလုံးက ဥက္ကဋ္ဌအဖြစ် ထောက်ခံတယ်ဆိုပါတော့

"အားလုံး တစ်ယောက်မကျန် ထောက်ခံပါတယ်"

သို့နှင့် မြမြတင်မှာ တစ်စုံတစ်ရာ ဘာမျှ မပြောနိုင်သေး၊ မျက်လုံးကလေး ချာချာလည်လျက် ရှိလေ၏။

"ဒီလောက် ပြောနေကြမှတော့ ငြင်းမနေပါနဲ့တော့ဗျာ၊ အားနာဖို့ ကောင်းပါတယ်၊ ကဲ-အတွင်းရေးမှူး ရွေးကြပါဦး"

ကိုဆင့်သိန်းသည် ချိုပြုံးမျက်နှာဖြင့် မြမြတင်အား မရဲတရဲ ကြည့်ရင်း ဤသို့ ပြောလိုက်သည်နှင့် အခြားအမျိုးသမီးများကပါ ဝိုင်းဝန်းတိုက်တွန်းနေသောကြောင့် မြမြတင်မှာ မငြင်းသာဘဲ ရှိလေ၏။





နာရီဝက်ခန့်ကြာသော် အမှုဆောင်များ ရွေးကောက်တင်မြှောက်၍ ရေ့လုပ်ငန်းစဉ်များကိုပါ နှီးနှောတိုင်ပင် ဆွေးနွေးပြီးဆုံးခဲ့သည်နှင့် ထ,ပြန်ခဲ့သော မြမြတင်သည် အလှမ်း ၂၀-မျှလောက် လျှောက်မိသည့်အခိုက်...

"မြ"

ထိုအသံနှင့်အတူ လူရွယ်တစ်ယောက်သည် သစ်ပင်အောက်မှ ရုတ်တရက် ပေါ်လာသောကြောင့် မြမြတင်မှာ ထိတ်ခနဲလန့်ပြီး ကိုယ်ကလေးပင် ရပ်ဆိုင်းဆိုင်းဖြစ်သွားကာ၊ ထွက်လာသော လူရွယ်အား သေသေချာချာ ကြည့်လိုက်ပြီးမှ...

"အို၊ ကိုတင့်မောင်ရယ်"

"လန့်သွားသလား မြ ဟင်၊ ကိုတင့်မောင် စိတ်မချတာနဲ့ လာကြိုတယ်လေ၊ ကိုတင့်မောင်တော့ မြတို့ အရပ်က လူငယ်တွေကို အတော်ပဲ ချီးကျူးမိတယ်၊ မိန်းမသားတစ်ယောက်တည်း မှောင်မှောင်မဲမဲ ပြန်လာရတာကို စောင့်ရှောက်လိုက်ပို့ဖော် မရကြဘူး"

ကိုတင့်မောင်သည် ပြောပြောဆိုဆို မြမြတင်နှင့် ဘေးချင်းယှဉ်ရပ်လိုက်သည်နှင့် မြမြတင်လည်း ခြေလှမ်းစ,ပြုရာမှ...

"ဘာဖြစ်လို့ ဒီလို အရမ်း စွပ်စွဲချင်ရသလဲ ကိုတင့်မောင်၊ သူတို့ အမှုဆောင်တွေထဲကဆိုရင် ကိုလှပိုကလွဲလို့ အားလုံးလိုလိုပဲ ပြောကြပါတယ်၊ (လိုက်ပို့ပါရစေ)လို့ ကျွန်မကလည်း အိမ်က သိပ်ဝေးတာ မဟုတ်တဲ့အတွက် မလိုပါဘူးလို့ ပြောခဲ့ရတယ်"

သို့ စကားတပြောပြောနှင့် လျှောက်လာကြရာမှ အိမ်ရောက်သည့်တိုင်အောင် ရုတ်တရက် အိမ်ပေါ်သို့ မတက်ကြသေးဘဲ ပန်းခြံကလေးအတွင်းရှိ ခုံတန်းရှည်ကလေးတွင် ထိုင်ကာ မြမြတင်သည် အစည်းအဝေးတွင် ပြောခဲ့-ကြားခဲ့ရသည်တို့ကို တဆင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြည်နူးနေကြသည်မှာ မည်မျှကြာသွားသည်မသိ၊ တပ်မတော် အသံလွှင့်ဌာန၏ (ဒါ–ဒို့တိုင်း ဒို့ပြည်ကို ကာကွယ်မည်)ဟူသော တီးလုံးသံ ထွက်ပေါ်လာမှပင် ကိုယ်စီကိုယ်ငှ အိမ်ပေါ်သို့ တက်သွားကြလေတော့၏။

❦

မြမြတင်တို့ အမျိုးသမီးအဖွဲ့ ဖွဲ့စည်းပြီးနောက် ဆယ်ရက်မြောက်သောနေ့ နံနက် ၉–နာရီခန့် အချိန် လူငယ်အဖွဲ့ ဥက္ကဋ္ဌ ကိုဆင့်သိန်းသည် မြမြတင်တို့၏ ခြံပေါက်ဝမှနေ၍ အိမ်အတွင်းသို့ လှမ်းမျှော်ကြည့်ရှုနေစဉ်...

"သြော် ကိုဆင့်သိန်း"

ထိုအသံနှင့်အတူ ဆောင်တော်ကူးပင်ကွယ်မှ ရယ်ပြုံးရင်းထွက်လာသော မြမြတင်ကို တွေ့ရသောကြောင့် ကိုဆင့်သိန်းမှာ ရုတ်တရက်အားဖြင့် မြမြတင်အား ရင်မဆိုင်ဝံ့သကဲ့သို့ ရှက်ကြောင်ကြောင် ဖြစ်နေလေ၏။

"ဘာကိစ္စပါလိမ့်၊ လာလေ"

မြမြတင်သည် မူမမှန်သော ကိုဆင့်သိန်း၏ အတွင်းသဘောကို အကဲခတ်မိသည်သာ ဖြစ်သော်လည်း လက်ငင်းအခြေအနေ၌ မိမိအား တစ်စုံတစ်ရာ စကားဖြင့် မဟားတရားပြောဆိုခြင်းမရှိသေးသည့် တစ်တန်၊ ဟန်မလုပ်နိုင်လောက်အောင်ပျက်ပြားနေသော တစ်ဖက်သား၏ ဣန္ဒြေကို လူယဉ်ကျေးပီပီဖေးမ,ဆည်တင်သော အားဖြင့် မြမြတင်သည် ထိုသို့ပြောရင်း အိမ်အောက်ထပ် ကုလားထိုင်များရှိရာသို့ ခေါ်သွားကာ နေရာထိုင်ခင်း ပေး၍ ကိုယ်စီကိုယ်ငှ ထိုင်မိကြသည်နှင့်

"ပြောစရာ ထွေထွေထူးထူး ရှိသလား ကိုဆင့်သိန်း"





ခန့်ခန့်တည်တည် ကြည်လင်သော မျက်နှာထားဖြင့် မေးလိုက်သော မြမြတင်အား ကိုဆင့်သိန်းသည် တစ်ချက် မော်ကြည့်ပြီးမှ ငုံ့သွားကာ–

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး မြမြတင်၊ စာဖတ်အသင်းကိစ္စအတွက် ဝင်ကြေး တစ်ကျပ်၊ လစဉ်ကြေး ငါးမူးရယ်လို့ ချထားခဲ့တဲ့အတိုင်း မနေ့က လိုက်ပြီး ကောက်ခံရာမှာ ထင်သလောက် မလွယ်တာကို တွေ့ခဲ့ရတယ်။ အသင်းသူ၊ အသင်းသား ၅၀–လောက်အနက်က ၂၀–လောက်သာ ငွေထည့်ကြပြီး ကျန်တဲ့ အသင်းဝင် ၃၀–က မထည့်ကြဘူး၊ ပိုက်ဆံမရှိဘူး၊ မုန့်ဖိုးမှ အနိုင်နိုင်လို့ ပြောနေကြတယ်"

ကိုဆင့်သိန်းသည် မြမြတင်အား မဝံ့တဝံ့နှင့် မော်၍ကြည့်ရင်း ပြောနေသည်ကို မြမြတင်သည် စိတ်ပါဝင်စားစွာ နားထောင်နေရာမှ

"နို့ အဲဒီ ဝင်ကြေးမထည့်နိုင်တဲ့ အသင်းဝင်တွေဟာ ဘယ်သူတွေလဲ ကိုဆင့်သိန်း၊ ကျွန်မ မသိရဘူးလား"

သို့ မေးလိုက်သည်နှင့် ကိုဆင့်သိန်းသည် အိတ်ထဲမှ စာရွက်ကလေးတစ်ခုကို ဆွဲထုတ်ဖြန့်ကြည့်နေရာမှ–

"ဘအေး၊ ညွန့်မောင်၊ အောင်ဖေ၊ မညွန့်ရီ၊ မနွယ်နွယ်မူ၊ သောင်းစိန်၊ အုန်းသန့်"

ကိုဆင့်သိန်းသည် ဝင်ကြေးမပေးသူများ၏ အမည်သုံးဆယ်နီးပါးခန့်ကို ဖတ်ပြ၍ ဆုံးသည်နှင့်–

"အင်း၊ ကျွန်မသိသလောက်ဆိုရင် ဖတ်ပြတဲ့အထဲမှာ တကယ်ဆင်းရဲလို့ မပေးနိုင်တာဟာ ၁၈–ယောက်ပဲ ပါတယ်။ ကျန်တဲ့ အသင်းဝင်တွေကတော့ ပေးနိုင်ရက်သားနဲ့ တမင်ကပ်သပ်တာ အမှန်ပဲ။ ကိုဘအေး၊ ကိုအုန်းသန့်၊ ကိုအောင်ဖေ သူတို့တစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ စီ ကရက်နေ့တိုင် သောက်၊ လက်ဖက်ရည်ဆိုင် အမြဲထိုင်၊ ရုပ်ရှင်ကား လဲတိုင်းတော့ ကြည့်နိုင်ပြီး ဝင်ကြေး ကလေး တစ်ကျပ်မှ မပေးနိုင်ဘူးဆိုတာတော့ တော်တော်အရုပ်ဆိုးတာပဲ"

"ဟုတ်တယ် မြမြတင် ကျွန်တော်လည်း အမျိုးမျိုး ချော့ပြီးတောင် ပါသေးတယ်၊ လောလောဆယ် မပေးနိုင်တောင် ရက်ချိန်းပေးဖို့ ပြောတော့လည်း သူတို့မှာ ဝင်ငွေမရှိလို့ ပေးကို မပေးနိုင်ဘူးလိုလို ပြောနေကြတယ်"

ဤအချိန်၌မူ ကိုဆင့်သိန်းသည် မြမြတင်အား ခပ်ရွှန်းရွှန်းမဟုတ်တော့ဘဲ ဝံ့ဝံ့စားစား ကြည့်ရင်း သိသိသာသာ လျှာသွက်လျက်ရှိလေ၏။

"ဒီမှာ ကိုဆင့်သိန်း ကျွန်မတို့ စာဖတ်အသင်းဟာ ခုရသလောက် ငွေနဲ့ပဲ တည်ထောင်နိုင်ပြီနော်၊ ဒါကို သူတို့ သိလို့ဒီ ငွေမထည့်လည်း ဖတ်ရမှာပဲဆိုတဲ့ စိတ်မျိုးနဲ့ ညစ်ပတ်တာပဲ၊ ဒါဟာ အချောင်သမားလမ်းစဉ်လိုက်တာပေါ့"

ခပ်ပြင်းပြင်းတိုက်လာသော လေကြောင့် စားပွဲပေါ်မှာ လွင့်ကျသွားသော စက္ကူတစ်ရွက်ကို ကမန်းကတန်း လိုက်ကောက်ပြီးမှ မြမြတင်သည် နေရာတကျ ပြန်ထိုင်ရင်း...

"လောကမှာ ဘာပစ္စည်းမှ အလကားရတာရယ်လို့ မရှိဘူး၊ ပန်းပင် မြေသြဇာပျိုးဖို့ နွားချေးလိုချင်တာတောင် ပိုက်ဆံပေးဝယ်ရတယ်၊ အလကားရတဲ့ဆီမှာ သွားကျူးဦးတော့ လမ်းစရိတ်တော့ကုန်သေးတာပဲ မဟုတ်လား ကိုဆင့်သိန်း၊ အဲဒီတော့ စာဖတ်အသင်းအတွက် ငွေမထည့်တဲ့ လူတွေကို အများနဲ့ တန်းတူ အခွင့်အရေး မပေးဖို့ စည်းမျဉ်းတစ်ခု ရေးဆွဲရင် ကောင်းမယ်။ စာဖတ်အသင်းဆိုတာ အခမဲ့ ဖြစ်သင့်တာမို့ပေါ့ရင်၊ ကျွန်မ သဘောတော့ ဒီလို





အချောင်သမားတွေကို စာဖတ်ခွင့်ပြုဖို့ ဆိုတာဖယ်ထား၊ အသင်းထဲတောင် မထားချင်ဘူး။ ဒီလို လူတွေပါနေလို့ အသင်းမှာ ခြေရှုပ်ရုံက လွဲလို့ ဘာမှ ထူးခြားတိုးတက်မှာ မဟုတ်တဲ့အပြင် သူတို့ကြောင့် လူကောင်းတွေပါ ပျက်စီးကုန်မှာ စိုးရသေးတယ်။

"ကဲ ဒါဖြင့် ညကို ၇-နာရီလောက်ပေါ့လေ၊ အမှုဆောင်အစည်းအဝေး ခေါ်ထားမယ်၊ ဆွေးနွေးတိုင်ပင်ကြရအောင် မြမြတင် လာနိုင်ပါ့မလား"

"ကောင်းပြီလေ လာတာပေါ့၊ ဟော ကိုတင့်မောင် ပြန်လာပြီလား ထိုင်လေ"

မြမြတင်သည် ကိုဆင့်သိန်းအမေးကို ဖြေနေခိုက် ရုတ်တရက် ရောက်လာသော ကိုတင့်မောင်အား ဤသို့ တစ်ဆက်တည်း နှုတ်ခွန်းဆက်လိုက်ပြီးနောက် ချက်ချင်းဆိုသလိုပင် ကိုဆင့်သိန်းလည်း နှစ်ယောက်စလုံးကို နှုတ်ဆက်ထွက်ခွာသွားလေ၏။

အမှုအရာတစ်မျိုးဖြင့် ညှိုးငယ်သော ကိုတင့်မောင်သည် ထိုင်မလို ထ,မယောင်ဖြင့် ခပ်ကြောင်ကြောင် ဖြစ်နေသောကြောင့်–

"ဘာဖြစ်သလဲ ကိုတင့်မောင် နေမကောင်းဘူးလား"

ပရိယာယ်မပါ၊ မာယာမနှော အသည်းထဲမှ ပြောလိုက်သကဲ့သို့ သောအသွင်ကို ဆောင်နေသည့် မြမြတင်၏ အမူအရာကို မြင်ရသည်တွင် ကိုတင့်မောင်၏ ရုပ်လက္ခဏာသည် ဒူးထောက်အညံ့ခံမည် လုပ်ပြီးမှ အပြုတ်တိုက်မည့်ဟန်သို့ တမဟုတ်ချင်း ပြောင်းသွား၏။

"ကိုတင့်မောင် ဘာမှ မဖြစ်ပါဘူး။ နေလို့လည်း ကောင်းတယ်၊ လူလည်း ကျန်းမာတယ်၊ စိတ်တော့ မချမ်းသာလှဘူး။ ကိုတင့်မောင် အသက်လောက်ချစ်နေတဲ့ မြဟာ ခုလို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ လွတ်လွတ်လပ်လပ် ရယ်ရယ်မောမော စကားပြောနေတာ တွေ့ရတော့"

www.burmeseclassic.com

www.burmeseclassic.com



"တော် ကိုတင့်မောင်၊ ဒီစကား ဒီတွင်ရပ်ရင် ကောင်းမယ်၊ ဒါ ကျွန်မရဲ့ ကိုယ်ပိုင်လွတ်လပ်ရေးရှင့်၊ ဖေဖေတောင် မကန့်ကွက်ဘဲနဲ့၊ ကိုတင့်မောင်က ချုပ်ချယ်ချင်သလိုလိုပြောတာ ကျွန်မဖြင့် အံ့သြတာပဲ။ ခပ်ရှင်းရှင်းပြောရရင် ကိုတင့်မောင် ကျွန်မကို ဇနီးလောင်းအဖြစ်နဲ့ အင်မတန်လိုလားနေတဲ့သူ၊ ယူမယ်မှ မကြံကြရသေးခင် ခုလို စိတ်မျိုးထားတယ်ဆိုတော့ ခက်တာပဲ၊ သဝန်တိုတဲ့ယောကျ်ား၊ အထင်တလွဲ စွပ်စွဲတတ်တဲ့ ယောကျ်ားမျိုးကို မိန်းမတွေ ဘယ်လောက်ကြောက်တယ်၊ ရွံ့ရယ်၊ နှလုံးနာတယ်ဆိုတာ ရှင်သိပါတယ် ကိုတင့်မောင်၊ ခုတော့"

မြမြတင်သည် စကားကိုပင် ရှေ့မဆက်နိုင်၊ ရှတ်တရက် ငိုင်သွားရာမှ ဆတ်ခနဲ ထ,လိုက်၏။ နားရွက်တွေလည်း ရဲလာ၏၊ မျက်ရည်လည်း ဝဲလာ၏၊ စားပွဲပေါ်သို့ ခပ်ရှုရှု ထောက်ထားသော သူ့လက်ကလေးများမှာလည်း တစ်စုံတစ်ရာကြောင့် တုန်ခါခါလှုပ်နေ၏။

"ဟုတ်တယ် ကိုတင့်မောင် မှားသွားပြီ၊ တောင်းပန်ပါတယ် မြရယ်နော်၊ ကျေနပ်ပါ မြ မကြိုက်တာဆိုရင် နောက် ဘယ်တော့မှ ကိုတင့်မောင် မပြော"

"ရှေ့မဆက်နဲ့တော့ ကိုတင့်မောင်၊ ကျွန်မ–စိတ်ကို ထိခိုက်သွားပြီ၊ ကဲ ပြောချင်ရင် နောက်မှပဲ ပြောတော့၊ ခု လောလောဆယ်တော့ ကျွန်မ စိတ်ပြေမယ် မဟုတ်ဘူး၊ ရှေ့ဆက် ပြောရရင်လည်း ကျွန်မ စကားတွေ မှားကုန်လိမ့်မယ်၊ သွား. . .သွား၊ ထမင်းစားချည်တော့ ကိုတင့်မောင်"

သူလျှော့လျှင် ကိုယ့်ကတင်း၍ သူတင်းမှ ကိုယ်ချွဲမည်ဟု မရဲတရဲ အကဲစမ်းလိုက်သော ကိုတင့်မောင်မှာ အတင့်ရဲမိသလောက်





ယခု ချွဲခွင့်ပင် မရနိုင်တော့သော မြမြတင်၏ စကားကို ကြားလိုက်ရသည်၌ ချစ်သဲညှာတစ်ခိုင်လုံး ပြုတ်ပြုတ်ပြုန်း ကြေမွသွားသည်ဟု ထင်ရလောက်အောင် စိတ်၏ ထိခိုက်ခြင်း ခံနေရှာ၏။ အကျိုးအကြောင်းပြ၍ တဖွဖွ တောင်းပန်လိုသော်လည်း "ဟင်" ဆိုလျှင် မရသော မြမြတင်၏ ထက်မြက်သောစိတ်ကို သိပြီးဖြစ်သည်နှင့်အညီ. . .

"မြ–ကိုတင့်မောင်ကို မြချစ်တဲ့အတွက် မြစကား နားထောင်မယ်နော်၊ ထမင်းစားလို့လဲ ဝင်တော့မယ် မထင်ပါဘူး မြရယ်၊ ကဲ–ကိုတင့်မောင် အလုပ်တိုက်ကိုပဲ ပြန်တော့မယ်"

ဝမ်းနည်းလှိုက်ဖို မျက်ရည်ပင် ယိုတော့မည့်နှယ် ညှိုးငယ်စွာ ပြောရင်း တစ်လှမ်းချင်း ထွက်ခွာသွားသော ကိုတင့်မောင်အား ကြည့်ရသည်မှာ မချိတင်ကဲ အသဲကြွေစရာ "ဟာ"ခနဲ မြည်တမ်းမိလောက်အောင် စိတ်ထိခိုက်စေသည့် အဆွေးနှင့်အလွမ်း ရောပြွမ်းနေသော ဇာတ်ကားတစ်ခုကို ကြည့်နေရသကဲ့သို့ ရှိလေ၏။

"ကိုတင့်မောင်"

မိန်းမသားတို့မည်သည် ဤသို့ ရင်ဆို့ဖွယ်ရာ မြင်တွေ့ကြားက မသနားဘဲ မနေနိုင်၊ အိုင်မျက်ရည်ဝေရွှဲနှင့် ဝမ်းပန်းတနည်း ဆွေးတတ်၏။ ထိုအချက်ကို နက်နက်နဲနဲ သဘောပေါက်နားလည်သည်သာ ဖြစ်သော ကိုတင့်မောင်သည် ဤလို ထိုလို ရင်တဖိုဖိုနှင့် "ကိုတင့်မောင်"ဟူသော မြမြတင်၏ ရှိုက်သံဖော်၍ ခေါ်လိုက်သည့် အသံကို ကြားရလေမလားဟု နားတစွင့်စွင့် မျှော်တလင့်လင့်ဖြင့် ခပ်ဖင့်ဖင့် လျှောက်လာခဲ့၏။ ခြံပေါက်ဝသို့ရောက် ကားပေါ်တက်၍ မောင်းထွက်လာသည့်တိုင်အောင် မြမြတင်ထံမှ ဘာသံမျှ ပေါ်မလာခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြမြတင်အဖို့သော်ကား အသံသာတိမ်နေသည်။ မျက်လုံးနှင့် စိတ်ထား ငြိမ်နေပုံမရ၊ ကျလုလု မျက်ရည်ဖြင့် ရီဝေဝေမျှော်ကားပေါ်တက်၍ မောင်းထွက်သွားသည်အထိသော ကိုတင့်မောင်အဖြစ်ကို ရင်နှင့်အောင် ကြည့်နေမိ၏။ စိတ်သည်လည်း မသက်သာ၊ ဖိုလိုက်လှုပ်တုန် ဝေဒနာတစ်မျိုးနှင့် ကြုံနေရသကဲ့သို့ ထုံထိုင်းနောက်ကျိ မချိတရိ ဖြစ်နေရှာ၏။ အဘယ်သို့သော အရေးအခင်းကြောင့် ဤမျှလောက် စိတ်ဒုက္ခ ရောက်ရသနည်းဟု မြမြတင်သည် အကြောင်းရင်းကိုရှာ၏။ မသေချာမရေရာနှင့် အဖြေမှာ ချာချာလည်လျက်သာ ရှိလေ၏။

ဦးခေါင်းငိုက်စိုက်နှင့် စိတ်အိုက်ရှုပ်ထွေ့ အတွေးကြီး တွေးနေသော မြမြတင်သည် မျက်စိအောက်တည့်တည့် စားပွဲသို့ ဖုတ်ခနဲကျလာသော စာအိတ်တစ်ခုကို တွေ့လိုက်ရသည်၌ လှည့်ထွက်သွားပြီဖြစ်သော စာပို့လုလင်ကို တွေ့ရသောကြောင့် တောက်တစ်ချက် ခေါက်လိုက်ရာမှ "အသံမပေး ဘာမပေးနဲ့"ဟု ရေရွတ်ရင်း စိတ်ပါဝင်စားခြင်း ကင်းမဲ့စွာဖြင့် စာကို ဖောက်လိုက်၏။

"မြမြတင်"

ဝိုင်းဝိုင်းစက်စက်မဟုတ် ဘဲဥသဏ္ဍာန် ခပ်လျားလျားဖြစ်သော ယောကျ်ားလက်ရေးဖြင့် ပထမဆုံး ခေါင်းစီးစာလုံးကို မြင်လိုက်ရသည်နှင့် မြမြတင်မှာ စိတ်ပျက်သလို မျက်နှာရှုံ့သွားပြီး ဆက်မဖတ်တော့ဘဲ နောက်တစ်ရွက်သို့ လှန်၍ စာအဆုံးရှိလိပ်စာကို ဖတ်လိုက်ရာ "လှပို"ဟူသော အမည်ကို တွေ့ရသည်နှင့်...

"ရည်းစားစာတွေကလည်း လာလာနိုင်လွန်းတယ်"

နှုတ်ခမ်းကလေး လှုပ်ရုံ အသံအုပ်အုပ်နှင့် ရေရွတ်ရင်း မြမြတင်သည် စာရွက်များကို လုံးထွေး၍ ဘေးပြတင်းပေါက်ဆီသို့ လှမ်းပစ်လိုက်လေ၏။





မြမြတင်သည် ဟိုကြည့်သည်ငေးဖြင့် တွေးနေရာမှ မျက်နှာချင်းဆိုင်ရှိ ဆေးထုပ်များဆီသို့ မျက်လုံးရောက်သွား၏။ ဂုံနီအိတ်ဖျင်များဖြင့် သပ်သပ်ရပ်ရပ် ထုတ်ထားသော ဆေးထုပ်ကြီးတစ်ခုပေါ်ဝယ် စာကလေးနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် နှုတ်သီးချင်းပွတ်၍ အညွတ်အနူး မြူးနေရာမှ တစ်ကောင်သော စာကလေးသည် အခြားတစ်ကောင်အား နှုတ်သီးဖြင့် ဇတ်ဇတ်ပါအောင် ဆိတ်လိုက်သဖြင့် ထို အဆိတ်ခံရသော စာကလေးသည် တစ်ရှိန်ထိုး ထ,ပျံမပြေးဘဲ ခုန်စွခုန်စွနှင့် မရွှေ့တရွှေ့ ရှောင်ထွက်သွားရင်း ထိုးဆိတ်သူစာကလေးကိုပင် မုန်းမာန်မဝင်သည့်အလားလည်တိုင်လှည့်၍ ခေါင်းငုံ့ကြည့်ရှုနေလေ၏။

မြမြတင်သည် ထိုစာကလေးနှစ်ကောင်အား ငေးကြည့်နေရာမှ မျက်ရည်လည်ရွှဲနှင့် ဝမ်းနည်းစွာ တောင်းပန်နေသော ကိုတင့်မောင်၊ လူမော့စိတ်ပန်းနှင့် တစ်လှမ်းချင်း ထွက်ခွာသွားသော ကိုတင့်မောင်ကို မြင်ယောင်လာ၏။ မျက်လုံးကိုမှိတ် အံကလေးကြိတ်ကာ စိတ်ကိုလည်း တင်းလိုက်၏။

"မိန်းကလေးနဲ့ ယောကျ်ားလေး၊ တစ်ယောက်နဲ့တစ်ယောက် သမီးရည်းစားအဖြစ် မေတ္တာမျှနေတဲ့အခါမှာ လင်မယားလို စိတ်မျိုးနဲ့ ချစ်တာလောက် ကြောက်စရာကောင်းတာ ဘယ်ရှိတော့မလဲ သမီးရဲ့၊ ရောမ မဟာအမှားတော်ကြီးပေါ့၊ တစ်ဦးနဲ့တစ်ယောက် သေမလောက်ချစ်ပေမယ့် ညားချင်မှ ညားတာ၊ ဒီတော့ (သမီးရည်းစား) ဆိုတာ(တစ်ယောက်နဲ့ တစ်ယောက် ယူသင့်, မယူသင့် ရင်းနှီးစွာလေ့လာအကဲခတ်ခြင်း)ရယ်လို့ သဘောထားပြီး မိတ်ဆွေအဖြစ်လောက်သာ ချစ်သင့်တယ်၊ အကြောင်းတစ်ခုခုကြောင့် မပေါင်းရသည့်တိုင်အောင် စိတ်မှာ သိပ်မထိခိုက်ဘူးပေါ့၊ အဲဒါ သတိထား။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ပြောရရေးရ လွယ်သလောက် လက်တွေ့ကျတော့ သတိတရား ကင်းမဲ့ပြီး အချစ်လုညှ့်စားသလို ခံရတာပဲ၊ အေး– ရည်းစားဖြစ်ဖြစ်၊ မိဘ၊ ဆွေမျိုး၊ ဘယ်သူဖြစ်ဖြစ် သိပ်မချစ်နဲ့၊ အလွန်အကျွံ ချစ်ရင် အလွန်အကျွံဘဲ ဒုက္ခတွေ့တတ်တယ်"

မြမြတင်သည် တစ်ကြိမ်သောအခါက တဖွဖွ သတိပေးရင်း တစ်လုံးချင်း ရှင်းပြောခဲ့သော ဦးညိုမောင်၏ အထက်ပါစကားများကို ကြားယောင်လာ၏။ အားငယ် ဝမ်းနည်းနှင့် မျက်ရည်စွဲနေသော မြမြတင်၏ မျက်နှာကလေးမှာ တဖြည်းဖြည်း ကြည်လင်၍ ခပ်ပြုံးပြုံး ရှင်လာ၏။ ရင်ကိုကော့၍ ခပ်မော့မော့ရယ်လိုက်၏။

"ကိုယ်နဲ့ ဘာမှ မတော်သေးတဲ့ ယောကျ်ားတစ်ယောက်က အတုမှန်းမသိ၊ အစစ်မှန်းမသိ (မချိတင်ကဲ ဝမ်းနည်းပူဆွေးမှု) ကလေးပြသွားရုံနဲ့ ငါ့ကိုယ်ငါ ဒီလောက်စိတ်ဒုက္ခ ဖြစ်အောင် ဆွေးမိတာဟာ စင်စစ်တော့ ရယ်စရာကြီးပဲ၊ သူနဲ့ငါ ဘာဆိုင် သေးတာမှတ်လို့"

မြ[illegible]င်သည် ဤသို့လျှင် စိတ်ထဲမှ ရေရွတ်လိုက်ပြီး ကြီးစွာသော အောင်မြင်မှုကို ရလိုက်ဘိသကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ကာ ဆတ်ခနဲ ထ၍ အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

ရေမိုးချိုး–အဝတ်အစားလဲ သနပ်ခါး ရေကျဲကလေး ပွတ်၍ ထွက်လာသော မြမြတင်၏ အမူအရာကို ကြည့်ရသည်မှာ တစ်စုံ တစ်ရာ သောက ဘာမျှ မရှိသလို ရွှင်ချိုချိုကလေး လန်းနေ၏။ ထမင်းစားခန်းသို့ဝင်၍ အသင့်ပြင်ထားသော နံနက်စာကို မြိန်ရေ ရှက်ရေ စားသောက်နေရာမှ တစ်စုံတစ်ရာကို တွေးမိသလို ငေးသွား၏။ ခါတိုင်းဆိုလျှင် နံနက်ရော၊ ညပါ ကိုတင့်မောင်နှင့်သာ လက်ဆုံစားခဲ့သော မြမြတင်သည် ယခုကဲ့သို့ အဖော်ကင်းဝေးနှင့် တစ်ယောက်တည်း တွေးနေရသည်၌ ဆွေးသလို ဟာသလိုလို ဘာလိုလို ဖြစ်သော်လည်း ထိုစိတ်သည် ကြာကြာ ခိုအောင်းခွင့်မရ၊ သတိနှင့် သမ္မဇဉ်ကို ဉာဏ်ယှဉ်၍ ထိန်းမိသော မြမြတင်သည် ဝင်လာသော ထိုစိတ်ရှုပ်ကို ခေါင်းခါ၍ ထုတ်ပစ်လိုက်၏။

လျှာထိုးမျှဉ်မျက်နှာကျက်တစ်ခုလုံး ကာကွယ်ထားသည် မှန်သော်လည်း ပူပြင်းလှသော သွပ်မိုးအရှိန်ကြောင့် မြမြတင်သည် အပေါ်ထပ်တွင် ကြာကြာမနေနိုင်တော့ဘဲ ယပ်တောင်ကလေး ကိုင်မြှောက်၍ အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ ထိုင်နေကျ ကုလားထိုင်ဆီတွင် ခပ်လှမ်းလှမ်းရှိ ပြတင်းပေါက်မှ နေပြောက် ထိုးနေသောကြောင့် တံခါးပိတ်ရန် လျှောက်လာခဲ့သည်၌ စောစောက လုံးထွေးပစ်လိုက်သော စာကလေးမှာ တစ်ဘက်အောက်သို့ ကျ,မသွားဘဲ တံခါးဘောင်ထောင့်နားတွင် ထူးထူးဆန်းဆန်း တက်နေသည်ကို တွေ့ရလေ၏။

ကိုတင့်မောင်ကိစ္စနှင့် စိတ်နောက်ရှုပ်ထွေး တွေဝေဝေဖြစ်နေစဉ် ထိုစာရောက်လာသောကြောင့် စိတ်ပေါက်ပေါက်နှင့် ရ[illegible]ပစ်ခဲ့သည် မှန်သောလည်း ယခု မြမြတင်မှာ စောစောက မြမြတင်မဟုတ် ကိုယ်လန်းစိတ်ရွှင် ကြည်ကြည်လင်လင် ဖြစ်နေလေရာ ထိုစာကို မြင်သည်နှင့် ရုတ်တရက်ကောက်ယူခဲ့ကာ ကုလားထိုင်တွင် ခပ်လွဲ လွဲထိုင်ချလိုက်ရင်း ကျေမွနေသော စာလုံးထွေးထွေးကို စန့်စန့် ရန့်ရန့် ပြန့်သွားအောင် ဖြန့်၍ ခေါင်းရှင်းရှင်းနှင့် ဖတ်နေလေ၏။

"မြမြတင်"

"ဒီစာဟာ မြမြတင်ကို ကျွန်တော်ချစ်လို့ ပေး[illegible] မေတ္တာစာသာ ဖြစ်တယ်ဆိုတာကိုတော့ မြမြတင် စော[illegible]က

www.burmeseclassic.com



သိထားရင် ကောင်းလိမ့်မယ်လို့ တင်ပါတယ်။ ခေတ်စကားနဲ့ ပြောရရင် ရာထူး၊ ပစ္စည်း၊ ဂုဏ်ဆိုလို့ မယ်မယ်ရရ မရှိတဲ့ ကျွန်တော်(လုပ်)လို ပစ္စည်းမဲ့ လူတန်းစားတစ်ယောက်ဟာ မြမြတင်လို သူဌေးသမီးတစ်ယောက်နဲ့ ချစ်လို့ ဖြစ်နိုင်၊မဖြစ်နိုင် ဆိုတာကတော့ မြမြတင်အပေါ်မှာသာ တည်ပါတယ်။

တကယ်လို့ မဖြစ်နိုင်ဘူးဆိုရင်တော့ ဒီစာကိုလည်း ဆက်ဖတ်နေဖို့ မလိုဘူး ထင်တာပဲ။

ကျွန်တော် မြမြတင်ကို ချစ်တယ်ဆိုတဲ့ ကိစ္စမှာ ဘာကြောင့် ချစ်သလဲဆိုတဲ့ မေးခွန်းပေါ်လာတယ်။ ပေါ်လည်း ပေါ်လာသင့်တဲ့ မေးခွန်းပါပဲ၊ ရိုးသားစွာ ဝန်ခံရမယ်ဆိုရင်တော့ မြမြတင်ဟာ ချောတယ်၊ လှတယ်၊ ကျက်သရေရှိတယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းတယ်၊ ဣန္ဒြေသိက္ခာရှိတယ်၊ အဲဒီလို အရည်အချင်းတွေနဲ့ ပြည့်စုံလို့ ကျွန်တော်ချစ်တယ်။

"နို့-အဲဒီအထဲမှာ သူဌေးသမီးမို့ဆိုတဲ့ အရည်အချင်းကော မပါဘူးလား"လို့ မေးမယ်ဆိုရင် ကျွန်တော်က "မပါဘူး"လို့ ဖြေရပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ (သူဌေးသမီး) ဆိုတဲ့ စကားထဲမှာ (ရှိပစ္စည်း သမီး အကုန်ပိုင်တယ်)ဆိုတဲ့ အဓိပ္ပါယ်မပါဘူး မဟုတ်လား မြမြတင်။ သူဌေးသမီးမို့ ချစ်တယ်ဆိုကတည်းက ဒီအချစ်ဟာ မသန့်ရှင်းတော့ဘူး၊ ငွေမက်လို့ဆိုတဲ့ သဘောမျိုး သက်ရောက်သွားပြီ။

တကယ်လို့ ကျွန်တော်ကိုယ်တိုင် မြမြတင်ကို သူဌေးသမီးမို့ ငွေမက်လို့ချစ်ပြီး မရိုသေ့စကား တစ်နည်းနည်းနဲ့





ညာ ကြပြီ ဆိုပါစို့၊ ကျွန်တော့်လို ပစ္စည်းမဲ့ သာမညသတ္တဝါနဲ့ မြမြတင်တို့ မိဘတွေက သဘောတူနိုင်မတဲ့လား၊ "အမွေပြတ်"ဆိုတဲ့ ကြော်ငြာဟာ သေသေချာချာ ထွက်လာမှာပဲ။ အဲဒီတော့ ငွေမက်မှုဆိုတဲ့ ကျွန်တော့်ရည်မှန်းချက်တွေဟာ ရေဖြစ်မကုန်ပေဘူးလား၊ အဲဒီတော့ ကျွန်တော် မြမြတင်ကို ချစ်ရာမှာ သူဌေးသမီးဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုကိုတော့ ဘယ်တုန်းကမှ ထည့်သွင်းမစဉ်းစားခဲ့ဘူးဆိုတာ ယုံကြည်စေချင်တယ်။

ရုပ်ရည်နဲ့ ပတ်သက်ပြီး "တကယ်လို့ ကျွန်မ အရုပ်ဆိုးနေရင်ကော ချစ်နိုင်ပါ့မလား"လို့ မေးရင်တော့ ဒါဖြေဖို့ သိပ်မလွယ်လှဘူး၊ လူမှန်ရင် ဘယ်သူဖြစ်ဖြစ် အမျိုးစားနားအသားချင်းတူသည့်တိုင်အောင် အဆင်အသွေးလှလှကလေးမှ ဝတ်ချင်တဲ့ လူ့စိတ်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ခု-မြမြတင် ချောတယ်-လှတယ်၊ ဒါကြောင့် (အရုပ်ဆိုးခဲ့သည်ရှိသော်)ဆိုတဲ့ ပြဿနာမေးခွန်းကတော့ ပေါ်ကို မလာသင့်ဘူး။ ဒီမေးခွန်းပေါ်လာရင်လည်း လိုရင်းမရောက်ဘဲ အခြေအနေ ရှုပ်ထွေးသွားရုံအပြင် ဘာမှ အထောက်အပံ့ဖြစ်မယ် မဟုတ်ဘူးလို့ ကျွန်တော် တွေးမိပါတယ် မြမြတင်-

ယဉ်ကျေးသိမ်မွေ့မှုနဲ့ ကိုယ်ကျင့်တရား၊ ဒါကတော့ လူတိုင်းလူတိုင်းအဖို့ အရေးအကြီးဆုံး သော့ချက်ပဲလို့ ဆိုချင်တယ်။ လူတစ်ယောက်ဟာ ဘယ်လောက်ချမ်းသာပြီး ပညာတွေ မိုးဂျုံအောင်တတ်နေပေမယ့် ကိုယ်ကျင့်တရား ညံ့ဖျင်းရင် လူမပီသတော့ဘူး။ အဲသလို ကိုယ်ကျင့်တရား

www.burmeseclassic.com

www.burmeseclassic.com



ညံ့ဖျင်းတဲ့လူဟာ သူ့အဖို့ သာအကျိုးယုတ်သလားဆိုတော့ မဟုတ်ဘူး၊ လူတိုင်း လူတိုင်းအဖို့လည်း အနှောက်အယှက် တစ်ခုပဲ၊ အဲဒီတော့ မြမြတင်သာ ခုလို ကိုယ်ကျင့်တရား မကောင်းရင်တော့ ကျွန်တော် ချစ်နိုင်ဖို့ ခဲယဉ်းမှာ အမှန်ဘဲ။

ကဲ ကျွန်တော် လိုလားတောင့်တ,သဘောကျနိုင်မယ့် အရည်အချင်းတွေတော့ ဖော်ပြခဲ့ပြီးပြီ၊ အဲဒီအရည်အချင်းတွေလည်း မြမြတင်မှာ အပြည့်အစုံရှိနေပြီ၊ ကျွန်တော်ကလည်း မြမြတင်ကို ချစ်ခဲ့ပြီ။ အဲဒါကြောင့် "ကျွန်တော့်ကို ပြန်ချစ်ပါလို့" ပြောလိုသလားဆိုတော့ ဒီလိုလည်း တစ်ကိုယ်ကောင်းတစ်ဖက်သတ် မပြောလိုပါဘူး။ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ရိုးမြေကျချစ်နိုင်ဖို့နဲ့ တစ်သက်လုံးအတွက် အကောင်းဆုံး အိမ်ထောင်ဖက် ရနိုင်ဖို့ဟာ သတိ ကြီးကြီး ထားပြီး ရွေးဖို့လိုပါတယ်။

ကျွန်တော့်ကိုလည်း ဝေဖန်ပါဦး၊ အကဲခပ် သုံးသပ်ပါဦး၊ လက်ရှိအခြေအနေကတော့ မြမြတင် သိတဲ့အတိုင်း မုဆိုးမ မုန့်ဟင်းခါးသည် တစ်ယောက်ရဲ့သား၊ ကျွန်တော်ကိုယ်တိုင်ကလည်း မုန့်ဟင်းခါးသည်၊ ဒါပေမယ့် တစ်လကို ၁၅၀က ၂၀၀အထိ ဝင်ငွေ ရှိပါတယ်။ ဒါတွေ ဖော်ပြနေတာက တစ်ခြားရည်ရွယ်ချက်ကြောင့်တော့ မဟုတ်ပါဘူး။ အိမ်ထောင်တစ်ခုရဲ့ သာယာမှုအတွက် ဒီဝင်ငွေဟာ လုံလောက် မလုံလောက်၊ ဒီလိုဝင်ငွေနည်းတဲ့ လူတစ်ယောက်ကို အိမ်ထောင်ဘက် ပြုသင့်, မပြုသင့်ဆိုတဲ့ အချက်တွေ ထည့်သွင်းစဉ်းစားနိုင်ဖို့ပါပဲ။





အဲဒီဝင်ငွေကိစ္စနဲ့ ပတ်သက်ပြီး မြမြတင်ကို နောက်ထပ် ပြောချင်တာကတော့ ခု–ဖော်ပြလိုက်တာဟာ လက်ငင်းအခြေအနေသာ ဖြစ်ပါတယ်။ ဒီထက် တိုးပွားနိုင်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးစားလျက်ပါပဲ။

ကျွန်တော့်ရုပ်လက္ခဏာ အင်္ဂါအရည်အချင်း၊ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့တော့ ကျွန်တော် ကိုယ်ရည်သွေးစရာ မလိုပါ၊ မြမြတင်ကိုယ်တိုင်ပဲ အကဲခတ်ဆုံးဖြတ်ပါတော့။ ဒါက တစ်ယောက်နဲ့ တစ်ယောက် ချစ်နိုင်၊ ဖြစ်နိုင်မှ သုံးသပ်ဆုံးဖြတ်ဖို့ လိုတဲ့ ကိစ္စပါ၊ မြမြတင် မချစ်နိုင်ရင်တော့ ဘာမှ စဉ်းစားဖို့ မလိုတော့ပေဘူး၊ ခုလို စာမျိုးရေးလိုက်မိတဲ့အတွက် မြမြတင် မကျေနပ်ဘူးဆိုရင် ကျွန်တော် တောင်းပန်ပါတယ်နော်။

တစ်ခုတော့ သတိပေးပါရစေ မြမြတင် တကယ်လို့ တစ်ယောက်နဲ့ တစ်ယောက် ချစ်နိုင်–ဖြစ်နိုင်မယ့် အလားအလာရှိတယ်ဆိုပါတော့။ ဒါပေမယ့် ကျွန်တော့်အပေါ်မှာ မြမြတင် မနှစ်မြို့နိုင်တဲ့ ချို့ယွင်းချက်ရှိနေလို့ ငြင်းပယ်ရတဲ့အခြေမျိုးတော့ မဖြစ်စေချင်ဘူး။ ဘာပဲဖြစ်ဖြစ် မြမြတင်သဘောမကျတာရှိရင် သိပါရစေ။ မြမြတင် စိတ်တိုင်းကျဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားဖို့တော့ အသင့်ပါပဲ မြမြတင်။

*လှရိ*

မြမြတင်၏ မျက်နှာကလေးမှာ စာဖတ်၍ ဆုံးသည်နှင့်အားရပါးရကြီး ပြုံးလိုက်၏။ ပြုံးရာမှ ရယ်လိုက်သဖြင့် ပုလဲသွယ်အလား တောက်ပြောင်သောသွားကလေးများပင် အဖွေးသား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၏။ ရယ်ရာမှတစ်ခါ ဝမ်းသာလွယ်လှသော သူ့စိတ်ကို သတိနှင့် ထိန်းလိုက်၍လာ မသိ၊ ချက်ချင်းဆိုသလိုပင် တည်တည် ငြိမ်ငြိမ်နှင့် ဣန္ဒြေရသွားပြန်၏။ မြမြတင်သည် ထိုစာနှင့် ပတ်သက်၍ စိတ်လှုပ်ရှားနေဟန် ရှိသော်လည်း သူ့ကြည့်ရသည်မှာ ပေါ့ပေါ့ဆဆ မတွေး လေးလေးနက်နက် စဉ်းစားနေသည့်အသွင် မှင်သေသေနှင့် တည်လှတော့၏။

၁၄-နှစ်ရွယ် အပျိုပေါက်ဘဝမှ အသက်၂၀ ရောက်ခဲ့သည် အထိ မြမြတင်အား ချစ်၍ပေးခဲ့သည့် မေတ္တာစာကား မနည်းလှပေ။ သေသေချာချာ သိမ်းဆည်းစုဆောင်းထားမည်ဆိုပါက အကြီးစား မုန့်သေတ္တာပုံးနှင့်ပင် ပြည့်မောက်လုလု ရှိပေလိမ့်မည်။ စောင်ရေ အားဖြင့် ဆိုကလည်း ရာ,ကျော်လျှင်ကျော်မည်၊ ထို့ထက်ကား လျော့မည်မဟုတ်ပေ။ မြမြတင်သည် ရသမျှသော စာများအနက် ဖတ်သည်လည်း ရှိ၏၊ မဖတ်သည်လည်းရှိ၏၊ ဖတ်[illegible]သည့်၍ မှတ်မိသမျှသော စာတိုင်း၏ လိုရင်းသဘော အတိုချုပ်မှာလည်း...

ချစ်ပါ၊ ချစ်ပါရစေ၊ ဂုဏ်ရည်မတူလို့လား၊ စားမဝင်၊ အိပ်မပျော်၊ ရူးရပါတော့မယ်၊ ဆင်းရဲသားမို့ မုန်းတာလား ခင်ရယ်၊ မစိမ်းပင်ကြီး၊ သေရပါတော့မယ် မမြင်ရမနေနိုင်...

အစရှိသော သဘောမျိုးသာပါ၏၊ ထို့ထက် ရှင်းရှင်း တွေးသော် မြမြတင်ထံမှ သူတို့ကသာ လိုလားချက်တွေ တွင်တွင် တောင်းတောင်းနေကြ၏။ မြမြတင်၏ လိုလားချက်ကား အဘယ်နည်းဟူသည်ကိုမူ သူတို့တစ်တွေ တွေးရန်လည်း မေ့နေ၏၊ မေးရန်လည်း သတိမရ၊ ပေးရန်ကိုသော်ကား လုံးလုံးလျားလျား စဉ်းစားစိတ်ကူးမိမည်ပင် မဟုတ်ပေ။

"ထွီ... တစ်ကိုယ်ကောင်းသမားတွေ"





မြမြတင်သည် ထိုအတိုင်း တွေးမိသဖြင့် ဤအတိုင်း ရေရွတ်လိုက်၏။ ယခင်သောအခါက မြမြတင်သည် ထိုသို့လည်း မတွေးမိ၊ ဤသို့လည်း မရေရွတ်ခဲ့။ ယခု ကိုလှပို၏ စာကို ဖတ်မိသည်တွင် အတွေးအခေါ်တွေ တစ်ပြုံတစ်ခေါင်းကြီး ဝင်လာ၏။ အမြင်လည်း မှန်လာ၏။

"ကွာတယ်၊ ကွာတယ်၊ ကွာတာမှ နည်းနည်းကလေး မဟုတ်ဘူး။ မြင့်မိုရ်တောင်နဲ့ ဇီးစေ့လောက်၊ သွေးကွက်နဲ့ ပင်လယ်လောက်၊ အုန်းမှုတ်ခွက်နဲ့ ရွှေဖလားလောက်ကို ကွာတယ်၊ ငါ့ကိုချစ်လှချည့်ရဲ့ဆိုတဲ့ အရင့်အရင့် သတ္တဝါတွေနဲ့ ကိုလှပိုနဲ့ ဟာလည်း အဲဒီအတိုင်းကိုပဲ ကွာတယ်၊ ကြည့်စမ်း ဘယ့်လောက် သဘောထားပြည့်ဝတဲ့ လူလဲ၊ သူကတော့ ငါ့ကို ဒီလို-ဒီလို အရည်အချင်းတွေ ရှိလို့ ချစ်တယ်၊ သူ့ကိုလည်း ငါလိုလားတောင့်တ တဲ့ အရည်အချင်းမျိုး ရှိ,မရှိ သိအောင် အကဲကတ်ပါဦးတဲ့၊ သူက ငါ့ကို ချစ်တယ်ဆိုရုံနဲ့ သူ့ကို ငါက မျက်စိမှိတ်ပြီး ပြန်မချစ်ပါနဲ့ဦး၊ စဉ်းစားပါဆိုတဲ့ အဓိပ္ပါယ်၊ ကဲ ဘယ်လောက် ယောကျ်ားကောင်း ပီသ,သလဲ"

မြမြတင်သည် ခပ်စောစောက စိတ်ပေါက်ပေါက်နှင့် လုံးထွေး ချေမုန်းပစ်သည်ကိုပင် ရင်ထုမနာ နှောင်တ,စိတ်တွေ ဖြာလာဘိ သည့်အလား ထိုစာရွက်အထပ်ကလေးကို စားပွဲပေါ်တွင် တစ်ရွက်စီ တင်ပြီး သူ့လက်နုနုကလေးဖြင့် ယုယုယယ ပွတ်ကာသပ်ကာ ဖြန့်နေရာမှ ဤသို့လည်း ခပ်တိုးတိုး ရေရွတ်လျက် ရှိလေ၏။

"ရောက်လာသမျှ စာတိုင်းလိုလိုပဲ ငါဘယ်လောက် ချော တယ်၊ လှတယ် ဆိုတာတွေ မြှောက်ရေးကြပြီး လိုရင်းကို ခြုံ လိုက်တော့ "မောင့်ကိုချစ်ပါ"ဆိုတာလောက်ပဲ အဖြေထွက်လာ

www.burmeseclassic.com



တယ်။ အရေးကြီးတာက သူတို့ အလိုပြည့်ဖို့ပဲ ထင်ပါရဲ့။ တစ်ဖက်သားရဲ့ အလိုပြည့်ဖို့ကိုတော့ မေ့နေကြတယ် ကိုလှပို ကတော့"

မြမြတင်သည် ဤသို့လျှင် စိတ်ထဲမှာ ရေရွတ်လျက် ချက်ချင်း ဆိုသလိုပင် ထိုစာ(၄)ရွက်ကို စာမျက်နှာအစဉ်လိုက်ထပ်၍ နောက်တစ်ကြိမ် ဖတ်နေပြန်လေ၏။ ယခုတစ်ဖန် ထပ်၍ ဖတ်ရာ၌ မြမြတင်သည် အတော်ကလေး သတိထားပြီး စဉ်းစားဖတ်သော ကြောင့်လားမသိ၊ စာစာကထက် ဆယ်မိနစ်ခန့် ပို၍ ကြာကာ အစ, အဆုံး အထိ သူ့မျက်နှာကလေး ပြုံးနေ၏၊ ရေရွတ်မြည်တမ်း သံဟူ၍ တစ်စုံတစ်ရာ ဘာမျှ မပေါ်လာစေကာမူ "ဟင်း"လေးလေး တွဲ့တွဲ့နှင့် ခပ်သဲ့သဲ့ပေါ်လာသော သက်ပြင်းချသံကလေးကား တစ်စုံတစ်ရာ ပြောဆိုလိုက်သည်ထက် လေးနက်သော အဓိပ္ပါယ်ကို ဆောင်လျက် ရှိလေ၏။

အပေါ်နှုတ်ခမ်းဖျားနှင့် နှဖူးမို့မို့ကလေးတွင် စို့နေသော ချွေးဥကလေးများကို အင်္ကျီလက်ဖျားကလေးဖြင့် တို့လိုက်ပြီးမှ မြမြတင်သည် ထိုစာရွက်ကလေးကို သေသေသပ်သပ် ခေါက်၍ ဘော်လီအိတ်ထဲသို့ ထည့်ရင်း ခပ်လှမ်းလှမ်းရှိ ပက်လက် ကုလားထိုင်ဆီသို့ ကြည့်လိုက်သည်တွင် မည်သည့်အချိန်က ဆင်းလာသည် မသိသော ဦးညိုမောင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရလေ၏။

ဦးညိုမောင်သည် အိမ်သားအားလုံးကို "လူ့ယဉ်ကျေးမှု"နှင့် ပတ်သက်၍ ဆုံးမရာ၌ "အလွန်စနစ်ကျခဲ့သည်နှင့်အမျှ သူကိုယ် တိုင်လည်း ထို(လူ့ယဉ်ကျေးမှု)ကို တိတိကျကျ လိုက်နာ ကျင့်သုံးသူ ဖြစ်၏။ ယခုလည်း မြမြတင် ပထမအကြိမ် စိတ်ဝင်စားစွာနှင့်





စာဖတ်နေသူ သမီးအား တစ်စုံတစ်ရာ အနှောက်အယှက် မဖြစ်စေ လိုသည့်အတိုင်း လှေကားဘေးမှ ကွေ့သွားသောကြောင့် မြမြတင် မမြင်လိုက်ရခြင်း ဖြစ်လေ၏။

မျက်နှာချင်းဆိုင်ရှိ လှေကားမှ ဆင်းလာသူ လူတစ်ယောက် လုံးကို မမြင်သည့်တိုင်အောင် ခြေသံကို ကြားသင့်ပါလျက် ဤမျှထိအောင် ထိုစာတွင် စိတ်ဝင်စားနေသဖြင့် လူကိုလည်းမမြင်၊ အသံကိုလည်းမကြား၊ ဖြစ်ရပုံ ဆန်းပြားလှသည်ကို တွေးမိသော မြမြတင်သည် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေရာမှ ယပ်တောင်ကို ဆွဲ၍ အိပ်နေသူ ဦးညိုမောင်ဆီသို့ လျှောက်သွားကာ ဘေးကျကျတွင် ရပ်လျက် ညင်ညင်သာသာ ယပ်ခပ်ပေးနေလေ၏။

မြမြတင်၏ လက်ကလေးတစ်ဖက်သည် မနှေးမမြန် အရှိန် မှန်မှန်ဖြင့် ယပ်ခပ်လျက်ရှိကာ သူ့မျက်လုံးများသည် ကြည်ညိုရို သေဖွယ် ကျက်သရေကြွယ်လှသော ဖခင်ကြီး၏ မျက်နှာဆီတွင် စူးစိုက်နေသည်မှန်သော်လည်း သူ့စိတ်မှာမူကား တစ်စုံတစ်ရာသော တွေးကွက်တွင် လေးနက်စွာ ကြည်နူးနေသကဲ့သို့ ရှိရာမှ ဘော်လီ အိတ်ထဲသို့ လက်နှိုက်စမ်းကိုင်လိုက်ကာ ပါးချိုင့်ကလေးပင် ပေါ်လာ သည်အထိ အတော်ကြာအောင် ပြုံးနေလေ၏။

မကြာမီပင် အိမ်ရှေ့ဆီမှ ကျွီခနဲ မော်တော်ကားရပ်သံနှင့် အတူ (လီဘာ)ကို နင်းရင်း ခပ်ပြင်းပြင်း စက်ရှိန်သတ်လိုက်သည့် အသံပါ ပေါ်ထွက်လာသည်နှင့် မြမြတင်သည် လက်ကလေး မြှောက်၍ နာရီကို ကြည့်လိုက်၏။ "ကိုတင့်မောင်လာပြီထင်ပါရဲ့" ဟုလည်း စိတ်ထဲမှ ရေရွတ်မိကာ မသိမသာအားဖြင့် ခြံပေါက်ဝဆီသို့ မျှော်ကြည့်လိုက်သည်တွင် ခေါင်းငိုက်စိုက်နှင့် ဝင်လာသူ ကိုတင့်မောင်ကို မြင်ရသောကြောင့် မြမြတင်မှာ စိတ်မကောင်းသလို မျက်နှာကလေး အိုသွား၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုတင့်မောင်သည် အောက်ထပ်အိမ်မကြီးအတွင်းသို့ ဝင်မိသည့်တိုင်အောင် အိမ်ပေါ်သို့ ရုတ်တရက် မတက်သေးဘဲ မြမြတင်ထိုင်လေ့ရှိသော စားပွဲဆီသို့ လှမ်းကြည့်လိုက်ရာတွင် မြမြတင်ကို မတွေ့ရသော်လည်း စားပွဲပေါ်ရှိ ငယ်ငယ်သေးသေးနှင့် အဖွေးသားပုံနေသော မိန်းမသုံးလက်ကိုင်ပုဝါကလေးကို မြင်လိုက်ရသည်နှင့် မြမြတင် အိမ်ပေါ်မတက်သေးကြောင်း အတပ်သိသွားသကဲ့သို့ ကိုတင့်မောင်သည် စားပွဲရှိရာသို့ လျှောက်လာပြီး အတွင်းဘက် လှမ်းကြည့်သည်၌ မြမြတင်နှင့် အကြည့်ချင်းဆုံသွားလေတော့၏။

သို့ မျက်စိချင်း ဆုံသွားရာ၌ ကိုတင့်မောင်သည် ခါတိုင်းကဲ့သို့ ရဲရဲတင်းတင်း မရှိလှဘဲ မျက်လွှာကို ရုတ်တရက်ချလိုက်ကာ ကွမ်းတံတွေး သုံးလေးစက်မျှ ပေနေသော သူ့ရှူးဖိနပ်၏ ဦးပိုင်းကို သာခေါင်းငုံ့ရှုးစိုက်ကြည့်နေလေ၏။

"ပြန်လာပြီလား ကိုတင့်မောင်၊ လာလေ အိမ်ပေါ်တက်ချည့်ရအောင်၊ ကိုတင့်မောင်ကို ထူးထူးဆန်းဆန်း ပြစရာတစ်ခု ရှိတယ်"

ယပ်တောင်ကလေးဖြင့် သူ့ကိုယ်သူယပ်ရင်း ဖြည်းညှင်းစွာ လျှောက်လာသော မြမြတင်သည် ကိုတင့်မောင်အနီးသို့ ရောက်သည်နှင့် ဤသို့ ခပ်ပြုံးပြုံး ပြောလိုက်ပြီး ကိုယ်ရှိန်မသတ်ရပ်လည်း ရပ်မနေတော့ဘဲ အပေါ်ထပ်သို့ တက်သွားသောကြောင့် ထက်ကြပ်မကွာ ကိုတင့်မောင်ပါ တက်လိုက်သွားလေ၏။

ရှေ့မှ တက်သွားသူ မြမြတင်သည် အပေါ်ထပ်သို့ ရောက်သည်နှင့် သူ့အိပ်ခန်းတွင်း ဝင်သွားခိုက် ကိုတင့်မောင်သည် အပေါ်အင်္ကျီချွတ်၍ နံရံတွင် ချိတ်လိုက်ပြီး ဧည့်ခန်းရှိ ဆိုဖာတွင် တစ်စုံတစ်ရာ စိတ်ညစ်သလို ခြေပစ်လက်ပစ် ထိုင်ချလိုက်သည့် မရှေးမနှောင်းတွင် မြမြတင်ရောက်လာကာ...





"ဒီမှာ ကြည့်စမ်း ကိုတင့်မောင် မလှဘူးလားလို့"

မြမြတင်သည် ပြောပြောဆိုဆို မျက်နှာချင်းဆိုင် လိုက်ရင်း လက်ထဲတွင် ပါလာသော ဓာတ်ပုံတစ်ခုကို လှမ်းပေးနေသောကြောင့် ကိုတင့်မောင်လည်း ထိုဓာတ်ပုံကို စိတ်ပါဝင်စားစွာနှင့် ကြည့်ရှုနေလေ၏။

လူသည် မျောက်နှင့် စိတ်ချင်းသာ တူသဖြင့် တော်တော့သည်၊ ခန္ဓာကိုယ်လှုပ်ရှားမှုချင်းပါ တူနေလျှင် ခက်ရချည့်၊ လူသည် အသိဉာဏ်အရာ၌ မျောက်ထက်သာသောကြောင့် စိတ်ကပင် လှုပ်ရှားသော်လည်း ခန္ဓာကိုယ်သည် မျောက်ကဲ့သို့ ခုန်ပေါက်ပြေးလွှား နေသည်မရှိ ကာယိန္ဒြေ၏ စောင့်စည်းမှုဖြင့် တည်ငြိမ်နေသည်သာ များ၏။

ထို့အတူ မြမြတင်၏ စိတ်သည်လည်း တည်ငြိမ်ခြင်းမရှိ၊ လှုပ်ရှားနေသည်မှာ ရိုးရိုးလှုပ်ရှားခြင်းမျိုးမဟုတ်၊ လောကီဘုံသားတို့အဖို့ အပြင်းအထန်ဆုံး အချစ်ကိစ္စ၏ စေစော်ချက်ဖြင့် သွက်သွက်ခါ ဒေါင်ချာစိုင်းလောက်သော လှုပ်ရှားမှုမျိုးဖြစ်၏။ သို့သော် နဂိုလိမ္မာမှု အခြေခံရှိသော မြမြတင်မှာ ဦးညိုမောင်၏ ပိရိပါးနပ်လှသော အဆုံးအမဩဝါဒကြောင့် မယိမ်းမယိုင် ထိန်းနိုင်ခဲ့သည်သာ ဖြစ်လေ၏။

သို့သော် ခန္ဓာကိုယ် လှုပ်ရှားဖောက်ပြန်မှုကိုသာ မြမြတင် ထိန်းနိုင်၏။ သူ့စိတ်ကား မနိုင်၊ ဟိုယိုင်သည်ယိမ်းဖြင့် အဆင်သင့်ရာ တိမ်းနေသေး၏။ နံနက်ပိုင်းက ကိုဆင့်သိန်းနှင့် မိမိ ပြေစရာရှိသည်ကို ဆွေးနွေးနေရာဝယ် မိမိ၏ စိတ်ထားသည် အလွန်စင်ကြယ်သည် ဖြစ်ပါလျက် ထိုသည့်အချက်ကို သက်သေမဲ့ စော်ကား၍ စွပ်လား–စွဲလားနှင့် မဟားတရား ပြောသူ ကိုတင့်မောင်

www.burmeseclassic.com

www.burmeseclassic.com



အား မြမြတင်သည် မထောက်မညှာ ခပ်နာနာကလေး ပြောခဲ့၏။ ပြောပြီး အတန်ကြာသော် အားနာလာ၏။ သို့အားနာလာသည့်၏ အဆုံးတွင်ကား "ငါ့နယ်နော် မေ့လို့ ဒီလောက် ရက်ရက်စက်စက် ပြောမိတယ်"ဟူသော မိန်းမတို့၏ ကြင်နာတတ်သော မိခင်စိတ်ကလေး ပေါ်လာကာ ကိုတင့်မောင်၏ စော်ကားမှုကိုပင် မေ့ပစ်လိုက်သေး၏။

မြမြတင်သည် သူ ရင့်ရင့်သီးသီး ပြောလိုက်သောကြောင့် ထမင်းပင် မစားနိုင်ရှာဘဲ စိတ်ဆင်းရဲစွာနှင့် ထွက်ခွာသွားရသော ကိုတင့်မောင်အား အသနားကြီး သနားခဲ့၏၊ အလိုက်သိဖို့ မျက်ရည်ပင် ယိုမတတ်ဖြစ်ခဲ့ရသော်လည်း သတိနှင့် သမ္ပဇဉ်ကို ဉာဏ်ယှဉ်၍ ထိန်းခဲ့၏။ သို့သော် မသိမသာ ယိမ်းနေပြီဖြစ်သော သူ့အချစ်စိတ်သည် ကိုတင့်မောင်အား တစ်နည်းနည်းနှင့် ချော့ရန် လှုံ့ဆော်ခဲ့၏။ သို့စေကာမူ မြမြတင်သည် မိန်းမသားဖြစ်သောကြောင့် တိုက်ရိုက်တဲ့တိုး ဣန္ဒြေမဲ့နည်းမျိုးဖြင့်ကား မချော့လို၊ ထို့ကြောင့်လည်း မာတ်ပုံကို ယိုးမယ်ဖွဲ့၍ နည်းပရိယာယ် နယ်ချဲ့ရန် မြမြတင် ကြံခဲ့၏။

ထို့နောက် တစ်ဖန် ကိုလှပိုထံမှ စာကို ဖတ်လိုက်ရသောအခါ၌ စိတ်ကလေးအညွတ်အနူးသည် ကိုလှပိုဆီသို့ ကူးသွားပြန်၏။ မြူးလည်းမြူး၊ ပျော်လည်းပျော်၊ အတော်ကလေး သာယာသလို ရှိနေခိုက် ကိုတင့်မောင် ရောက်လာသည်တွင် (အတွေး)အားဖြင့် ကိုလှပိုထံ ရောက်နေသော မြမြတင်၏ စိတ်ကလေးသည် (အတွေ့) ဖြစ်သော ကိုတင့်မောင်ဆီသို့ တမုဟုတ်ချင်း ရောက်လာပြန်ကာ မူလအစီအစဉ်အတိုင်း မာတ်ပုံနှင့် မာယာကို သုံး၍ မသိမသာ ပြုံးနေလေ၏။





"ဘယ့်နယ်လဲ ကိုတင့်မောင် မလှဘူးလား၊ အဲဒါ ကျွန်မ ၁၄-နှစ်သမီးတုန်းက ကျောင်းကပွဲမှာ ဝင်ကပြီး နောက်ဆုံးနေ့မှာ ရိုက်ထားတဲ့ မာတ်ပုံလေ ဆံထုံး၊ ဆံမြိတ်ပန်းရှည်၊ ထိုင်မသိမ်းအင်္ကျီ၊ ကြိုးကြီးချိတ်ထမိန်နဲ့လေ၊ ကတ္တီပါ ပိန်းတန်းဖိနပ်ကလေး စီးလို့ သေသေချာချာကြည့်စမ်း၊ ကျွန်မ လှတာထက် ရှေးမြန်မာအဝတ်အစားက ပိုပြီး ကျက်သရေမရှိဘူးလား ကိုတင့်မောင်"

ခပ်စပ်စပ်ကလေး အရိုက်ခံရသော သားငယ်သည် မိခင်၏ မုန့်ပေးကျော့မြူခြင်းခံရသည်၌ "မနက်တုန်းကတော့ လူများကို ရိုက်ပြီးမှ"ဟု စကားနာထိုးသလို ပြောလိုက်ချင်သော်လည်း မပြောဝံ့သည့် သားငယ်ကဲ့သို့ ကိုတင့်မောင်သည်လည်း ထို့အတူ-

"တော်ပါ မြရယ်...မနက်တုန်းကတော့ လူကိုတစ်ပြားမှ မတန်အောင် ပြောပြီးမှ"

ဟူသော စကားမျိုးဖြင့် မဲ့ကာရွဲ့ကာ ခနဲ့လိုက်ချင်၏။ သို့သော် မဝံ့၊ ရွံ့လက်စရှိနေသည့်အတိုင်း ဘာပြော၍ ဘာဖြေရမှန်းမသိ၊ မာတ်ပုံကိုသာ အကြောင်းသား ငေးကြည့်မိသည်တွင် မြမြတင်က ဤသို့ လိုက်လိုက်လျောလျော ပြောဆိုမေးမြန်းလိုက်သောကြောင့်...

"ဒီလို ဘယ်ဟုတ်မလဲ မြရဲ့၊ အဝတ်အစားကဘယ်လောက်ပဲ ကျက်သရေရှိရှိ ဝတ်ထားတဲ့ လူ လှမှပဲ ကြည့်ကောင်းတော့မပေါ့။ ခုအတိုင်းဆိုရင် အဝတ်အစားကလည်း ဣန္ဒြေရရနဲ့ယဉ်၊ မြကလည်း ချောတော့ ဘယ်ပြောစရာရှိသလဲ၊ တကယ်လို့ ရှင်တော်ဘုရားသာ သက်တော်ထင်ရှားရှိနေသေးရင် မြဟာ တော်ဝင်ဘွဲ့ထူးနဲ့ ချီးမြှောက်စားခြင်း မခံရဘူးလို့ ဘယ်သူမှ လောင်းရဲမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အလို ကိုတင့်မောင်ကလည်း မဲအဆွယ်ကောင်းသားပါက လား သိပ်လည်း မမြှောက်ပါနဲ့လေ၊ ခြေချော်လက်ချော် မတော်ကျ သွားမှဖြင့်"

"တကယ်ပြောနေတာ မြရဲ့၊ မြက မြှောက်ပြောနေတယ် ထင်နေရင်တော့ဖြင့် မတတ်နိုင်ဘူးပေါ့လေ၊ ကိုတင့်မောင် မြအပေါ် မှာ ဘယ်လို သဘောထားတယ်ဆိုတာ အစစ်အမှန်အတိုင်းသာ မြ သိမယ်ဆိုရင် မနက်ကလိုတောင် ခါးခါးသီးသီး မြ ပြောရက်မှာ မဟုတ်ဘူး"

ရယ်မလို ပြုံးမယောင်နှင့် မထစ်မငေါ့ ပြောနေသော ကိုတင့်မောင်သည် စကားဆုံးသည်နှင့် ပြုံးရာမှတည် မျက်နှာထား မကြည်မလင် ဖြစ်သွားသောကြောင့် မြမြတင်ပင်လျှင် ထိုညှိုးငယ် သွားသော ကိုတင့်မောင်၏ အမူအရာအတွက် စိတ်မကောင်းဖြစ်မိ တော့ကာ—

"ကဲပါ ကိုတင့်မောင်၊ ဖြစ်ခဲ့ပြီးတာတွေ မေ့ပစ်လိုက်ရင် ကောင်းမယ်၊ လာ–လာ ထမင်းစားကြချည်စို့"

မြမြတင်သည် တစ်စုံတစ်ရာ စကားကြောရှည်နေမည်စိုး၍ လားမသိ၊ ချက်ချင်းဆိုသလို ထမင်းစားခန်းသို့ ဝင်သွားသောကြောင့် ကိုတင့်မောင်လည်း ကမန်းကတန်း ရေမိုးချိုး အဝတ်အစားလဲနှင့် ၁၅–မိနစ်ခန့်ကြာသော် ကိုတင့်မောင်နှင့် မြမြတင် ထမင်းလက်ဆုံ စားရင်း ခါတိုင်းကဲ့သို့ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေကြပြန်လေ၏။

"ဒီနေ့ မနက်စာထမင်း ဘယ်မှာ စားသလဲ ကိုတင့်မောင်"

"မြအတွက် တစ်နေ့လုံး စိတ်ထိခိုက်နေတာ၊ ဘယ်ကဟော ထမင်းစားနိုင်ဦးမှာလဲ မြရဲ့"

"နို့ ခေါက်ဆွဲကလေး ဘာလေးမှ မစားဘူးလား"





ရွှင်ရွှင်ကြည်ကြည်နှင့် မျက်စောင်းကလေးချိ၍ ချစ်ဖွယ် ကြည့်ရင်း မေးလိုက်သော မြမြတင်၏ စကားကို ကြားလိုက်ရသည် နှင့် ကိုတင့်မောင် ရုတ်တရက် မျက်နှာပျက်သွားပြီးမှ ဣန္ဒြေ ပြန်ဆည်လိုက်ကာ ဘာ–ဘယ်လို ဖြေရမည်ကို မသိသကဲ့သို့ ယောင်တိယောင်ချာ ဖြစ်နေလေ၏။ ထိုအဖြစ်အပျက်အနက် အကျယ်ကို အကွက်လည်အောင် သတိထားမိသည်သာဖြစ်သော မြမြတင်လည်း တစ်စုံတစ်ရာ ဘာမျှ ထပ်မမေးသေးဘဲ ကြားရမည့် စကားကိုသာ နားစွင့်လျက်ရှိရာ ကိုတင့်မောင်သည် အတန်ကြာတွေ နေပြီးမှ—

"ဒီမှာမြ၊ ကိုတင့်မောင် မြအတွက်နဲ့ ထမင်းတောင် မစားနိုင်အောင် စိတ်ဒုက္ခရောက်ရတယ်ဆိုတာ မယုံဘူးပေါ့ ဟုတ်လား၊ ဘဝဆက်တိုင်း"

"တော်ပါ ကိုတင့်မောင်၊ ကျိန်တော့ မကျိန်ပါနဲ့"

မြမြတင် ဤသို့ ဟန့်တားလိုက်သည်မှာလည်း ကိုတင့်မောင် ၏ စကားကို အကြွင်းမဲ့ ယုံကြည်၍ကား မဟုတ်။ ကိုတင့်မောင် မျက်နှာပျက်သွားကတည်းက သူသည် ထမင်းပင်မဟုတ်သော်လည်း ခေါက်ဆွဲအစရှိသော အခြားစားသောက်ဖွယ်ရာ တစ်ခုခုကို မုချ စားလိမ့်မည်ဟု မြမြတင် ယုံကြည်၏။ သို့ စားသည့်တိုင်အောင် မြမြတင်အဖို့ တုန်လှုပ်ဝမ်းနည်းစရာ မရှိ၊ မိမိအပေါ်၌ အစစ်အမှန် မဟုတ်သော ပရိယာယ်ဖြင့် လှည့်ဖြားလိမ်လည်သည်ကိုကား မြမြတင်မကျေနပ်။ သို့သော် နောက်ထပ် ဘာမျှ မပြော၊ စကား ကြောရှည်နေမည်စိုးသောကြောင့် ဤသို့ ဟန့်တားလိုက်ခြင်းသာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် သဘောထားသည်ဖြစ်စေ၊ ကိုတင့်မောင် လှည့်ဖြားလိုက်သော စကားသည် မြမြတင်အား အနည်းနှင့်အများ စိတ်ထိခိုက်သွားစေသည်သာ ဖြစ်၏။ မြမြတင်အဖို့ တိတိကျကျ လျာထားသော ချစ်သူဟူ၍ ယနေ့အထိ မရှိ။ အကယ်တိ အကြောင်းတစ်ခုကြောင့် အိမ်ထောင်ပြုရမည်ရှိသော် ကိုတင့်မောင်ကိုသာ ထိပ်ဆုံးကထား၍ စဉ်းစားမည်သာ ဖြစ်၏။ ဤရွှေ့ဤမျှ နေရာပေး အရေးထားသူ တစ်ယောက်သည် မိမိအပေါ်၌ **"ကွယ်မေ့တွေ့ သေအောင်လွမ်း"**မည့် သဘောမျိုးဖြင့် လှည့်စားခြင်းခံရရာ၌ မြမြတင်သည် အတော် ဝမ်းနည်းသွား၏။

"ကျွန်မအတွက်နဲ့ မစားနိုင်၊ မသောက်နိုင်ဖြစ်နေမှ ချစ်မယ်ဆိုတဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ခု ရှင်ပြောပုံက ကျွန်မအတွက် ရတက်မွေပြီး ထမင်းတောင် မစားနိုင် ဆိုပေမယ့်လည်း ခေါက်ဆွဲတော့ စားသလိုလို ရှင့်အမူအရာက ပြနေတယ်၊ ဒါဟာ အစစ်အမှန် မဟုတ်ဘူး ကိုတင့်မောင်၊ တော်တော် ကြောက်စရာကောင်းတဲ့ ယောကျ်ားမာယာပဲ"

မြမြတင်သည် လက်ညှိုးတငေါက်ငေါက်နှင့် ဤသို့ ဘောက်ဆတ်ဆတ် ပြောလိုက်ချင်၏။ သို့သော် သူတစ်ပြန် ငါတစ်တွေ့ ဆင်ခြေဆင်လက်ဖြင့်သာ အချိန်ကုန်မည်ကို သိသည်နှင့် မြမြတင်သည် ထမင်းဆော်မှ ဝ,အောင်မစားတော့ဘဲ လက်ဆေး၍ ထ,လာခဲ့လေ၏။

ပန်းခြံကလေးအတွင်းဝယ် ဟိုလျှောက်သည်လှမ်းဖြင့် လမ်းသလားရင်း အတွေးပေါင်းချုပ်ဖြင့် စိတ်ရှုပ်နေပုံရသော မြမြတင် သည် မည်သို့သော စိတ်မျိုး ဝင်လာသည်မသိ။ ရုတ်တရက် ခြံဝင်းတံခါးဖြူကလေးကို ဖွင့်၍ ထွက်တော့မည်ပြုသည်နှင့်—





"ဘယ်လဲ မြ"

ထိုအသံကြောင့် မြမြတင် လှည့်ကြည့်လိုက်သည်တွင် စပို့ရှပ် လက်တိုနှင့် ပြုံးချိုချိုရပ်နေသော ကိုတင့်မောင်ကို တွေ့ရသောကြောင့်—

"ဪ ကိုတင့်မောင် ကျွန်မကို မေးသလား၊ ပျင်းပျင်းရှိတာနဲ့ ညဈေးတန်းဘက် လျှောက်သွားမလို့"

မြမြတင်သည် ပြောနေသော စကားမှ မဆုံးသေးမီ အပြင်ဘက်သို့ လှမ်းထွက်နေသောကြောင့်—

"ကောင်းသားပဲ ကိုတင့်မောင် လိုက်ပို့မယ်လေ"

"မလိုပါဘူး ကိုတင့်မောင်"

မြမြတင်သည် ပြောပြောဆိုဆို လှည့်ထွက်သွားသောကြောင့် သုံးလေးလှမ်းမျှပင် လျှောက်မိပြီဖြစ်သော်လည်း ကိုတင့်မောင်သည် ထက်ကြပ်မကွာ လိုက်သွားရာမှ—

"ဘယ်တော်မလဲ မြရယ်၊ မြ တစ်ယောက်တည်း ခုလို"

"ဘာဖြစ်လို့ မတော်ရမှာလဲ၊ နို့ ကိုတင့်မောင်လို ဆွေမတော် မျိုးမစပ်တဲ့ လူပျိုတစ်ယောက်နဲ့ တွဲသွားတာတော့ တော်တယ်လို့ ဆိုလိုသလား၊ ကဲ ရှင်လိုက်မလာရင် ကောင်းမယ်၊ ကိုတင့်မောင် ပြန်သွားပါ၊ ယဉ်ကျေးတယ်ဆိုတဲ့ လူတွေဟာ ဒီလောက်တော့ အလိုက်သိဖို့ ကောင်းပါတယ်"

မြမြတင်သည် ကိုတင့်မောင်အပေါ်၌ ထမင်းစားစဉ်ကပင် မကျေနပ်သလို ရှိခဲ့ရာတွင် ယခုကဲ့သို့ ကိုတင့်မောင်၏ အဆင်းပြေသော အပြုအမူနှင့် ကြုံရသည်၌ ဒေါသလည်းထွက်၊ ရှက်လည်းရှက်၊ မျက်ရည်ပင် ဝဲလာရာမှ ဤသို့ မညှာမတာပြောပြီး ချာခနဲ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားသောကြောင့် ကိုတင့်မောင်မှာလည်း နံနက်ကမှ အတိုင်းပင် ဝမ်းနည်းဖိုလှိုက် ခေါင်းငိုက်စိုက် လှည့်ပြန်ခဲ့ရလေ၏။

စိတ်ရှုပ်ရှုပ်နှင့်သာ ထွက်ခဲ့ရသည်၊ ရည်ရွယ်ချက်မရှိ။ မြမြတင်သည် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရရ လျှောက်လာခဲ့၍ ရေကျော်ဈေးအနီးသို့ပင် ရောက်ခဲ့သည့်တိုင်အောင် အဘယ်ကိစ္စနှင့် ထွက်လာခဲ့သည်ကို သူကိုယ်တိုင် စဉ်းစား၍ မရသေး။ သို့နှင့် ဆက်လက်လျှောက်လာခဲ့ရာမှ ဗိုလ်ချုပ်လမ်းနှင့် ရေကျော်လမ်းဒေါင့်သို့ရောက်သော် ခပ်လှမ်းလှမ်းရှိ မုန့်ဟင်းခါးဆိုင်ဆီမှ သင်းပျံ့သော ဟင်းနံ့သည် မြမြတင်၏ စိတ်ကလေးကို လှုပ်ရှားသွားအောင် ဖန်တီးလိုက်သလို ဖြစ်သွားလေ၏။

မြမြတင်လည်း ချက်ချင်းဆိုသလိုပင် လက်ျာဘက်သို့ ချိုးကွေ့လျှောက်သွားပြီး မြင်းပျံမတင့် ဆေးလိပ်ခုံရှေ့ ပလက်ဖောင်းပေါ်တွင် ကျကျနန ခင်းကျင်းထားသော မုန့်ဟင်းခါးဆိုင်ကလေးဆီသို့ လှမ်းဝင်သွားလေ၏။

"အလို မြမြတင် မုန့်လာမစားတာတောင် အတော်ကြာသွားပြီနော်၊ ခု ဘယ်က မျက်စိလည် လမ်းမှားလာတာလဲ ကဲ ထိုင် မုန့်ဟင်းခါး စားရအောင်"

"မုန့်ဟင်းခါး စားမလို့ လာတာပါပဲ ဒေါ်ဒေါ်စိန်"

မြမြတင်သည် ပြောပြောဆိုဆို ဒေါ်စိန်ပွင့်နှင့် အနီးဆုံးထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ထူးထူးခြားခြား ပြောင်းလဲနေသော ဆိုင်အခင်းအကျင်းနှင့် သန့်ရှင်းသပ်ရပ်မှုများကို ကြည့်ရင်း တအံ့တသြ ငေးမောနေမိလေ၏။

"ဘာအကြော် ထည့်မလဲ မြမြတင်"





ထိုသို့ မေးလိုက်သော ဒေါ်စိန်ပွင့်၏ အသံကို မြမြတင် လုံးလုံးမကြား၊ စိတ်ဝင်စားစွာနှင့် ကြည့်နေသော သူ့မျက်လုံးများမှာလည်း တစ်ဆိုင်လုံး အနှံ့အပြားသို့ ရောက်လျက် ရှိလေ၏။

"ငါ့တူမကြီး ဘာများ ဒီလောက် သဘောကျနေတယ် မသိဘူး။ ဒီက မေးနေတာဖြင့် နှစ်ခွန်းရှိပြီ၊ ဘာအကြော်စားမလဲလို့"

ဒေါ်စိန်ပွင့်သည် စောစောကထက် အသံကျယ်ကျယ်ပြု၍ ယခုလို ပြောလိုက်မှ မြမြတင်လည်း ရုတ်တရက် ကယောင်ကတမ်းဖြစ်သွားရာ ချာခနဲ လှည့်ကြည့်လိုက်ပြီး—

"ဘူးသီးကြော်လေ ဒေါ်ဒေါ်စိန်ရဲ့၊ ဟုတ်တယ် ကျွန်မလည်း သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ်ဖြစ်နေတဲ့ ဆိုင်ကိုကြည့်ရင်း သဘောကျနေတာနဲ့"

ဤတွင်မှ မြမြတင်၏ မျက်လုံးများသည် ဒေါ်စိန်ပွင့်ဆီသို့ ရောက်သွားတော့လျက် လက်တစ်ဖက်မှ (ပလိုင်ရာ)သဘောမျိုး သတ္တုညှပ်တစ်ခုကို ကိုင်၍ အခြားလက်တစ်ဖက်မှ ကပ်ကျေးကို ကိုင်ကာ ဘူးသီးကြော်ကို အုပ်ထားသည့် ကြေးဇကာအုပ်ဆောင်းကို မ,၍ ဖွင့်နေသော ဒေါ်စိန်ပွင့်ကို မြင်သည်နှင့် မြမြတင်မှာ အတော်ကလေး အံ့အားသင့်စွာဖြင့် ငေးကြည့်နေမိလေ၏။

ဒေါ်စိန်ပွင့် ပြောသည့်အတိုင်း မြမြတင် မုန့်ဟင်းခါးစား မရောက်ခဲ့သည်မှာ နှစ်လကျော်ကျော်မျှပင် ရှိခဲ့လေပြီ။ သို့မရောက်သည်မှာ မုန့်ဟင်းခါး မကြိုက်၍လော မဟုတ်၊ မြမြတင်သည် မုန့်ဟင်းခါး ကြိုက်လွန်းသောကြောင့် ဦးညိုမောင်ကပင် မြမြတင်အား "မုန့်ဟင်းခါးသူရဲမလေး"ဟူသော ဘွဲ့ထူးပေးခြင်း ခံရလေသည်။ သို့သော် မြမြတင်မှာ ခေတ်ပညာတတ်သည်အလျောက် စာပေလိုက်စားမှုက ပို၍ ကျယ်ဝန်းလာသည်နှင့်အမျှ ဟူသုတ

www.burmeseclassic.com

www.burmeseclassic.com



အရာတွင်လည်း ထူးထူးခြားခြား တိုးတက်ခဲ့သောကြောင့် ကိုယ်ကျင့်တရားနှင့် ကျန်းမာရေးကို အထူး ဂရုစိုက်လာ၏။

မုန့်ဟင်းခါးဆိုလျှင် အသံကြားရုံနှင့် သွားရေယိုအောင် နှစ်သက်ခဲ့သည် မှန်သော်လည်း ယခုမူ မြမြတင်သည် ဒေါ်စိန်ပွင့် အပါအဝင်ဖြစ်သော ရေကျော်တစ်ဝိုက်ရှိ မုန့်ဟင်းခါးဆိုင်များကို တဖြည်းဖြည်း ရှဲလာခဲ့၏။ ယင်တလောင်းလောင်းဖြစ်နေသော မုန့်ဟင်းခါးဇလုံနှင့် အကြော်ဗန်းကိုကြည့်၍ မသတီသလို ဖြစ်လာခဲ့၏။ ပါးစပ်သုတ်ရန် ချထားသော လက်သုတ်ပုဝါ ဆေးထိုင်းထိုင်းကို ကိုင်မိတိုင်း စိတ်မော‌ခဲ့၏။ ချေး(ကျီး)အထပ်ထပ်ဖြင့် မြင်မကောင်းအောင် ကပ်နေသော သောက်ရေအခွက်ကိုကြည့်၍ အော်ဂလီဆန်ခဲ့၏။ ထိုထိုသော အော့နှလုံးနာဖွယ်ရာ ဖြစ်ကတတ်ဆန်း ရောင်းချလေ့ရှိသည့် မြန်မာမုန့်ဟင်းခါး ကြာဇံကြီး လက်သုတ်သည်များ၏ မသန့်ရှင်းမှုကြောင့်သာလျှင် မြမြတင်သည် ဘာမျှ စားလိုစိတ်မရှိသည့်အတိုင်း ညဈေးတန်းသို့ မရောက်ခဲ့ခြင်း ဖြစ်လေ၏။

ယခု ညဈေးတန်းဘက်သို့ ထွက်ခဲ့ရာ၌ မြမြတင်သည် တစ်စုံတစ်ရာ စားလိုသောကြောင့်မဟုတ်၊ စိတ်ရှုပ်ရှုပ်ရှိလှသည်နှင့် ထွက်လာခဲ့သည်တွင် မုန့်ဟင်းခါးဟင်းနံ့ကို အကြောင်းပြု၍ ကိုလှပိုအား သတိရသဖြင့် ဒေါ်စိန်ပွင့်ရှိရာဆိုင်သို့ လျှောက်လာခဲ့ခြင်း ဖြစ်လေ၏။ သို့သော် သူတွေ့ချင်သော ကိုလှပိုအား မတွေ့ရသေးမီ၊ အံ့သြဖွယ် ပြောင်းလဲ၍ သန့်သန့်ရှင်းရှင်း ဖြစ်နေသော ကိုလှပို၏ မုန့်ဟင်းခါးဆိုင်ကို ကြည့်၍ ဝမ်းသာအားရနှင့် စားချင်စိတ်ပင် ပေါက်လာသည့်အတိုင်း ကျကျနန ဝင်ထိုင်လိုက်ခြင်း ဖြစ်လေ၏။

မည်သည့် လူမျိုးပင်ဖြစ်စေ၊ ဗဟုသုတနှင့်ပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကျန်းမာ





ရေးနှင့် သန့်ရှင်းမှုတို့သည်လည်း တိုးတက်ကောင်းမွန်းလာလေ့ရှိသည်ဖြစ်ရာ မြမြတင်သည်လည်း ထိုအတူပင်လျှင် မုန့်ဟင်းခါးသည်များ ဘူးသီးကြော်ကို လက်ဝါးနှင့်ဆုပ်၍ (ဖွဲ)ချေထည့်သည်ကို အော့နှလုံးနာနာနှင့် ရှုရှာခဲ့သူ ဖြစ်သည်။

ထိုစနစ်အတိုင်း လက်နှင့်သာ ချေလေ့ရှိခဲ့သော ဒေါ်စိန်ပွင့်သည် ယခုမူ လက်နှင့်ပင် မကိုင်မထိဘဲ ကိရိယာ တန်ဆာပလာတွေနှင့် သန့်သန့်ပြန့်ပြန့် ညှပ်ထည့်နေသည်ကို တွေ့ရသည်၌ ချက်ချင်းဆိုသလိုပင် "မေမေ့ မုန့်ဟင်းခါးကိုပဲ သူများနဲ့ မတူအောင် တစ်မျိုးထွင်ပြီး ကျွန်တော်ကိုယ်တိုင် ဝင်လုပ်နေပါတယ် ခင်ဗျာ" ဟူသော ကိုလှပို၏ စကားကို ကြားယောင်လာလေ၏။

"ဒေါ်ဒေါ်တို့ဆိုင် အသွင်ပြောင်းနေလို့ တူမကြီးက အံ့သြနေမှတ်တယ်။ ကဲ ရော့–ရော့–ငရုပ်သီးတော့ ကြိုက်သလောက်ထည့်စား"

ဒေါ်စိန်ပွင့်သည် ပြောပြောဆိုဆို ပန်းကန်ကို လှမ်းပေးပြီး ဖလ်အုပ်ကလေး တစ်ခုကိုပါ မြမြတင်အနီးသို့ ရွှေ့ပေးနေသဖြင့် မြမြတင်သည် မုန့်ဟင်းခါးပန်းကန်ကို နေသားတကျထားရင်း ဖလ်အုပ် အဖုံးကလေးကို ဖွင့်ကြည့်လိုက်သည်တွင် ကျကျနန လှော်ထားသော ငရုပ်သီးမှုန့်များကို တွေ့ရလျက် သင်းမွှေးလှသော အနံ့သည်လည်း နှာခေါင်းအတွင်းသို့ စူးဝင်သွားလေ၏။

"ဘာလဲ မြမြတင်၊ ဒေါ်ဒေါ်တို့ဆိုင်မှာ အစစ,အရာရာ ပြောင်းလဲနေလို့ ထူးဆန်းသလို ဖြစ်နေသလား၊ အဲဒါ တူမကြီးရဲ့ သူငယ်ချင်း လှပို စီစဉ်တာတွေပေါ့၊ ဒေါ်ဒေါ်က ဒီလောက် ဟိတ်ကြီးဟန်ကြီးနဲ့ မချဲ့ချင်ပါဘူးဆိုတာ သူက ဇွတ်လုပ်နိုင်းတာပဲ၊ သူ့စိတ်ကြိုက် စီမံရတော့တာပဲ။ ဒီလောက် ဘယ်လို စိတ်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားတယ် မသိဘူး တူမရဲ့၊ သူအင်မတန်နေချင်တဲ့ ကောလိပ်ကျောင်းကို ပို့ဖို့ဆိုပြီး ကျိတ်စုထားတဲ့ ပိုက်ဆံကလေး အကုန်ယူသွားပြီး တစ်ခါတည်း လျှောက်ဝယ်လိုက်တာ ဖယောင်းပုဆိုး၊ ဖန်လ်ဘူး၊ ဖလ်ခွက်၊ ဖလ်ရေချိုင့်၊ လက်သုတ်ပုဝါ၊ အို–စုံနေတာပဲ… ငွေတစ်ရာကျော် ချောရော"

မြမြတင်သည် မုန့်ဟင်းခါးစားရင်းက ဒေါ်စိန်ပွင့် ပြောသမျှကို နားစွင့်ခေါင်းညိတ်နှင့် အမြိန့်သား ကြည့်နူးနေ၏။ မျက်လုံးများသည်လည်း အငြိမ်မနေ၊ ယခင်က ဖြစ်ကတတ်ဆန်း ထောင်း၍ ရောင်းသော ငရုပ်သီးမှုန့် အပေါ်စားကို ဝယ်ပြီး ထောပတ်ဘူးသံခွက် အလွတ်နှင့် ထည့်ကာ ဖြစ်သလိုလုပ်ခဲ့သော ဒေါ်စိန်ပွင့်၏ ဆိုင်မှာ ယခု သင်းပျံ့မွှေးကြိုင်သော အိမ်ထောင်း ငရုပ်သီးမှုန့်ကို ဖလ်အုပ်ဖြင့် ကျကျနန ထည့်ထားသည်ကို စူးစိုက် ကြည့်ရှုနေမိလေ၏။

"ဒေါ်ဒေါ်ကတောင် မေးပါသေးတယ်။ လူလေး မင်း ကောလိပ်နေချင်လှချည့်ရဲ့ဆို ဒီတော့ သူက ပြန်ပြောတယ် စာအုပ်ဖိုး၊ ကျောင်းဝင်ကြေး နောက် လစဉ်ကုန်ရမယ့် စရိတ်နဲ့ ကျွန်တော်တို့ ဝင်ငွေနဲ့ဆိုရင် မဖြစ်ပါဘူး မေမေရယ်။ ကောလိပ်တက်တက်၊ မုန့်ဖက်ထုပ်ရောင်းရောင်း ကြီးပွားတာသာ လိုရင်း မဟုတ်လားဆိုပြီး အဲဒါတွေ လျှောက်ဝယ်တာပဲကွယ်။ သူ့မှာလည်း တစ်နေ့တစ်နေ့ အားရတယ်မရှိဘူး။ မနက်မိုးလင်းတယ်ဆိုတာနဲ့ ဖယောင်းပုဆိုးတွေဆေး၊ လက်သုတ်ပုဝါတွေလျှော်၊ အိုးခွက်ပန်းကန်တွေ တိုက်ချွတ်ဆေးကြော"

ယခင်က ကိုလှပို၏ လုချည်စုတ်၊ အင်္ကျီစုတ်နှင့် စောင်စုတ်များကိုသာ ဖြတ်၍ လက်သုတ်ပုဝါလုပ်ခဲ့သော ဒေါ်စိန်ပွင့်၏ ဆိုင်တွင် ယခု သုတ်ရက်စရာမရှိအောင် ဖွေးဖွေးဖြူနေသော လက်သုတ်ပုဝါများကို တွေ့နေရလေ၏။

"အဲသလို ဆေးစရာ၊ လျှော်စရာ ကိစ္စပြီးတာနဲ့ ဟင်းချက်ဖို့ ငှက်ပျောပင်ကို ကိုယ်တိုင်သွားဝယ်၊ ကိုယ်တိုင်ထမ်းလာတာပဲ။ ကူလီခ အကုန်မခံဘူး၊ အိမ်ရောက်တယ်ဆို ငှက်ပျောအူကိုလည်း သူ့ဟာသူ လှီးတယ်။ ခါတိုင်းဆိုရင် တော်ရုံတန်ရုံ ရင့်ပေမယ့် ဒေါ်ဒေါ်တို့ ထည့်ချက်လိုက်တာပဲ။ သူကတော့ မရဘူး၊ ငှက်ပျောအူကို နုပေ့ဆိုတာမှ ရွေးဝယ်တယ်။ အမျှင်တွေ ဘာတွေ မပါအောင် ဂရုစိုက်သေးသကွဲ့၊ ဟင်းကိုလည်း ကိုယ်တိုင်ဝင်ချက်ပြီး အရင်က ငါးတစ်ပိသာထည့်ရင် ခု သူက ကောင်းသထက် ကောင်းအောင် ဆိုပြီး ငါးဆယ်သား ပိုထည့်တယ်။ ပဲဆိုတာတော့ အရှင်းကို မသုံးတော့ဘူး၊ ငံပြာရည်ကိုလည်း သူကိုယ်တိုင် အကောင်းဆုံး လိုက်ရှာပြီး ဝယ်သုံးတယ် တူမရဲ့"

ထိုစကားကြားမှ မြမြတင်မှာ မုန့်ဟင်းခါး အရသာခံရန် သတိရလာ၏။ ဒေါ်စိန်ပွင့်ပြောသည့်အတိုင်းပင် ယခု စားနေသည်မှာ ခါတိုင်းထက် ထူးခြားစွာ ကောင်းမွန်နေသည့်ပြင် ငှက်ပျောအူဖတ်ကလေးများမှာလည်း အမျှင်ရှင်းရှင်းနှင့် နုနေသည်ကို တွေ့ရလေ၏။ ပထမ တစ်ပန်းကန်ကုန်၍ နောက်တစ်ပန်းကန် စားနေသည့်တိုင်အောင် ဒေါ်စိန်ပွင့်သည် လိမ္မာ၍ တာဝန်ဝတ္တရားနားလည်သော သားကောင်မိခင်ပီပီ မိမိကိုယ်တိုင်လည်း ဂုဏ်မြင့်ကာဖြင့် အနင့်သား ကျေနပ်နေလေ၏။

"ဒေါ်ဒေါ့်သားမို့ ပြောတာမဟုတ်ပါဘူး တူမကြီးရယ်၊ ဆေးတဲ့ကြောတဲ့နေရာမှာ တော်ရုံမိန်းမ လိုက်မမီဘူး၊ ဟောဒီမှာ ကြည့်စမ်း ပန်းကန်ဆေးတဲ့ သံပုံးတောင် နည်းနည်းလေးမှ ညှိ

www.burmeseclassic.com



အတင်မခံဘူး။ အထဲအပြင် ဖင်ပါမကျန် အကုန်တိုက်တာပဲ၊ ပစ္စည်းတွေတင် သန့်ပြန့်အောင် လုပ်သလားဆိုတော့ မဟုတ်သေးဘူး။ လူကိုပါ အတင်းသန့်ရှင်းခိုင်းလို့ ဒေါ်ဒေါ်ဖြင့် တစ်ခါတစ်ခါ စိတ်တောင် ညစ်မိတယ်"

ထိုအခိုက် မုန့်ဟင်းခါးစားရန် မိန်းမတစ်ယောက် ဝင်လာသဖြင့် စကားပြတ်သွားသည်တွင် မြမြတင်မှာ ပါးစပ်အဟောင်းသားနှင့် ငေးကြောင်ဖြစ်သွားလေ၏။ ဒေါ်စိန်ပွင့်လည်း ထိုင်ဝင်လာသူမိန်းမအား ပြင်ဆင်ထည့်ပေးပြီးနောက် ဆက်လက်၍—

"ရှက်ရှက်နဲ့ပဲ ဝန်ခံရမယ်ဆိုရင် ဒေါ်ဒေါ်က သနပ်ခါးလိမ်းရမှာနဲ့ ခေါင်းဖီးရမှာလောက် ပျင်းတာမရှိဘူး၊ ဒါကို ကိုရွှေလှပိုက သဘောကျတော်မမူဘူး။ (မေမေတို့ အဲဒါ ခက်တာပဲ၊ ဈေးသည်ဆိုတာ သန့်သန့်ပြန့်ပြန့် နေတတ်ဖို့ အရေးကြီးတယ်။ အစားအသောက်ရောင်းတဲ့ ဈေးသည်က ပိုပြီး သန့်သန့်ရှင်းရှင်းနေရမယ်။ ဒါမှ ဝယ်သူက သတိတော့မပေါ့)ဆိုပြီး ဆိုင်ထွက်ခါနီးမှဖြင့် မေမေ ရေချိုး၊ သနပ်ခါးလိမ်း၊ အင်္ကျီဒိုဘီကျဝတ်နဲ့ဟာ နားကို ညည်းနေတာပဲကွယ်၊ အင်္ကျီဆိုလည်း ဘော်လီကအစ သူကိုယ်တိုင်လျှော်၊ မီးပူတိုက်၊ ဒီကြားထဲ အချိန်ကျရင် သနပ်ခါးသွေးပေးလိုက်သေးတယ်။ အင်း ဒေါ်ဒေါ့်မှာဖြင့် (ကိုလှပို)အဖြစ်နဲ့ သားလိုအားကိုးရပြီး၊ (မလှပို)အဖြစ်နဲ့လည်း သမီးကို အဖော်ရလွန်းလို့ အချိန်ရှိသလောက် မိနစ်မခြား ဆုတောင်းနေရတယ်၊ ငါ့သားကလေး အသက်ရာကျော် ရှည်ပါစေလို့"

မိမိကိုယ်တိုင် အလွန်စိတ်ဝင်စားနေသော စကားကို ပြောနေရသည်တစ်ကြောင်း၊ နားထောင်သူကလည်း စိတ်ပါလက်ပါရှိလှသည် တစ်ကြောင်းကြောင့် ဒေါ်စိန်ပွင့်မှာ အတော်ကလေးအာဝဇ္ဇန်းရွှင်လျက် ရှိလေ၏။ မြမြတင်မှာလည်း ဒေါ်စိန်ပွင့်၏ ပီတိ ရွှမ်းနေသော မျက်နှာအမူအရာ ရောင်ပြန်ဟပ်မှုကြောင့် သူ့မျက်နှာကလေးမှာလည်း အလိုလို ကြည်နူးနေလေ၏။

"ဟုတ်တယ် ဒေါ်ဒေါ်စိန် ကျွန်မလည်း ခုလို သန့်သန့်ပြန့်ပြန့် မြင်ရတော့ သိပ်ဝမ်းသာအားရ ဖြစ်သွားတာပဲ၊ အရောင်းအဝယ်တော့ ခါတိုင်းထက် ဟန်မှာပေါ့နော်"

မြမြတင်သည် ပိတ်စိမ်းပါးကလေးနှင့် သပ်သပ်ရပ်ရပ်အုပ်ထားသော ဖလ်ရေချိုင့်မှာ ကြည်ကြည်လင်လင် ရေတစ်ခွက်ငှဲ့ရင်း ဤသို့မေးလိုက်သောကြောင့်—

"အင်း ပြောရဦးမယ် ပထမကတော့ ငါးဖိုးလည်း ပိုကုန်၊ ငှက်ပျောအူ၊ ငံပြာရည် အိုး အစစအရာရာဖိုး၊ ပိုကုန်ပြီး စရိတ်ကကြီးလာတော့ ဒီကောင်လုပ်ပုံနဲ့ ငါတော့ ဒုက္ခပဲ၊ ဟန်မှ ဟန်ပါ့မလားလို့ တထိတ်ထိတ်နဲ့ဟာ ဆယ်ရက်လောက်ဟာတော့ အရှုံးအရင်းနဲ့ သိမ်းရတာပဲ မမြတ်ဘူး၊ နောက် ဆယ်ရက်လောက်ကြာမှ သိသိသာသာ ဟန်လာပြီး၊ ခုတော့ တော်တော်နေရာကျနေပြီ တူမရဲ့၊ ဒီအချိန်ဟာ ထမင်းစားချိန်မို့ လူပါးနေသေးတာ၊ ည ၇နာရီကျော်တာနဲ့ တစ်ပြိုင်နက် ၁၀–နာရီလောက်အထိဟာ လက်မလည်တော့ဘူး၊ ကြိတ်ကြိတ်တိုးဆိုတာလို တစ်ချို့များ ထိုင်စရာမရှိလို့ မတ်တတ်ရပ် စားကြရရှာတယ်"

ဖုတ်တလှူးလှူး၊ ယင်တလောင်းလောင်းနှင့် ဖြစ်ချင်တိုင်းဖြစ်နေခဲ့သော ဒေါ်စိန်ပွင့်၏ အကြော်ဗန်းမှာ ယခု ကြေးဆန်ခါအုပ်ဆောင်းနှင့် သားသားနားနား ဖြစ်နေသည့်ပြင် မုန့်ထည့်သောဇလုံမှာလည်း ပိတ်စိမ်းဖြင့် အုပ်ထားသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို ဒေါ်ဒေါ်တို့က သန့်သန့်ပြန့်ပြန့် စီစဉ်ပြီး ဟင်းကိုလည်း ပိုကောင်းအောင်ချက်လို့ ခါတိုင်းထက်ပိုပြီး ရောင်းရတာကို အပြိုင် မုန့်ဟင်းခါးသည်တွေက မနာလိုကြဘူးကွဲ့၊ သူများလို တွင်ကျယ်စေချင်ရင် သူများလိုပဲ လိုက်လုပ်ပေါ့ ဟုတ်ဘူးလားကွယ်၊ ခုတော့ ဒီလိုလည်း မထွင်ချင်ကြဘူး၊ ပြီးတော့ သွားပုပ်လေလွင့် လျှောက်ပြောသေးတယ်။ ဒေါ်ဒေါ်တို့ ဟင်းချိုတာဟာလည်း အမဲရိုးတွေ ထည့်ပြုတ်သလိုလို"

ပြောရင်း နားထောင်ရင်းနှင့် တဖြည်းဖြည်း မှောင်စ,ပြုလာသောကြောင့် ပြန်ချင်နေပြီဖြစ်သော မြမြတင်သည် စကားမှ ပြတ်ပါစေတော့ဟူသော သဘောဖြင့်–

"ဒါနဲ့ ကိုလှပိုတစ်ယောက်လည်း မတွေ့ပါလား"

မြမြတင်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထ,၍ ဘော်လီအိတ်နှိုက်နေလေ၏။

"အေးကွယ် သူ့မလဲ အရောင်းအဝယ် အလုပ်ကတစ်ဖက်၊ အချိန်ရတိုင်း စာကျက်ရတာက တစ်ဖက်နဲ့ ခုလည်း ဆရာတစ်ယောက်ဆီမှာ စာအပြခိုင်းဖို့ ထွက်သွားလေရဲ့ ဘီ–အိုင်–အေ ဆိုလား၊ အလွတ်ဝင်ဖြေမယ်ပြောတာပဲ၊ တော်ကြာ ဝယ်သူကျချိန်ဆိုရင်တော့ ရောက်လာပါလိမ့်မယ်၊ ဟော ပြောရင်းဆိုရင်း"

ဒေါ်စိန်ပွင့်သည် စကားကို ဖြတ်၍ မြမြတင်၏ ဘေးဘက်ဆီသို့ မျက်လုံးလည်သွားသောကြောင့် မြမြတင် လှည့်ကြည့်သည်၌ မိမိနှင့် တစ်လန်ကွာလောက်သို့ပင် ရောက်နေပြီဖြစ်သော ကိုလှပိုအား စာအုပ် သုံးလေးအုပ်ကိုင်လျက်သား တွေ့ရလေ၏။

"ဩော် မြမြတင် မုန့်လာစားတယ်ထင်တယ်၊ ဦးတို့ ဒေါ်ဒေါ်တို့တော့ မပါဘဲကိုး"





"ဟုတ်ကဲ့ ကျွန်မလည်း ပျင်းပျင်းရှိတာနဲ့ ထွက်လာခဲ့တာ"

မြမြတင်သည် ကိုလှပိုအား မြင်လိုက်သည်နှင့် ရုတ်တရက် လှုပ်ရှားသလိုလို ရင်ကလေးဖိုသွားကာ ပြောလိုက်သော စကား သံနှင့် ဟန်အမူအရာမှာလည်း မသိမသာအားဖြင့် မူပျက်သလို ရှိနေသော်လည်း ကိုလှပိုမှာကား မျက်နှာထားမပျက် ရင့်ကျက်သောဣန္ဒြေဖြင့် မှင်သေသေ တည်လှတော့၏။ ကိုလှပိုလည်း ချက်ချင်းဆိုသလိုပင် ရွက်ထည်အမိုးအောက်သို့ ခေါင်းငုံ့ဝင်လာကာ မြမြတင်နှင့် မျက်နှာချင်းဆိုင် အခြားတစ်ဖက်တွင် ရပ်နေခိုက် မြမြတင်သည် အိတ်ထဲမှ ပိုက်ဆံထုတ်၍ ဒေါ်စိန်ပွင့်အား လှမ်းပေးလိုက်လေ၏။

သို့ လှမ်းပေးလိုက်သော မြမြတင်၏ လက်ကလေးမှာ ရုတ်တရက် လျှပ်ပြက်သလို ပြန်လည်ရုပ်သိမ်းလိုက်ရင်း မျက်လုံးကလေးများကလည်း ကိုလှပိုဆီကို မရဲတရဲနှင့် အကဲခတ်သလို ကြည့်လိုက်၏။ ကိုလှပိုလည်း မြမြတင် ဖြစ်ပျက်သွားသော အခြင်းအရာကိုမြင်သည်နှင့် ချက်ချင်းပင် မျက်နှာလွှဲထားနှင့်ပြီး ဖြစ်သောကြောင့် မြမြတင် လှမ်းကြည့်လိုက်သောအချိန်၌ ကိုလှပိုမှာ ရေသောက်မည်ကဲ့သို့ တစ်ဖက်ဆီသို့ လှည့်၍ ဖလ်ချိုင့်ကိုင်နေသည်ကို တွေ့ရလေရာ ဤတွင်မှ မြမြတင်မှာ အနေရချောင်သွားတော့၏။

ထိုစာရွက်ခေါက်ကလေးမှာ ယခုခေတ် လူငယ်များ ရည်းစားစာအဖြစ်သုံးသော စာရွက်မျိုးမဟုတ်၊ မျဉ်းသားထားသည့် ကျောင်းသုံး ကော်ပီစာအုပ်မှ ဆုတ်၍ ရေးထားသောစာ ဖြစ်သောကြောင့် ထိုစာရှင် ကိုလှပိုသည် မြင်မြင်ချင်း သူ့စာဖြစ်ကြောင်း ရိပ်မိ၏။ သို့သော် ဤလိုအခါမျိုး၌ ဤလို ယဉ်ကျေးမှုကို ပြုရမည်ဟု လူ့ဝတ္တရားကို နားလည်သော ကိုလှပိုသည် ချက်ချင်း မျက်နှာလွှဲပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ပွင့်ကား ဟင်းအိုးကို ငုံ့မွှေနေသောကြောင့် ဘာမျှ မသိလိုက်ပေ။

ငွေတစ်ကျပ်တန်ထင်၍ အယောင်ယောင်အမှားမှား နှိုက်ထုတ်ပေးလိုက်သော စက္ကူမှာ ငွေစက္ကူမဟုတ်ဘဲ ကိုလှပိုပေးပို့လိုက်သော စာဖြစ်နေသောကြောင့် မြမြတင်မှာ ထူပူဖိန်းရှိန်းနှင့် ကမန်းကတန်း လက်ကလေးကို သိမ်းလိုက်မိစေကာမူ ထိုအခြင်းအရာကို ကိုလှပို မြင်တွေ့ရမည်သာ ဖြစ်လျက် တစ်ဖက်သားရှက်သွားမည်စိုး၍ ဤသို့ မျက်နှာလွှဲကာ မသိမမြင် ဟန်ဆောင်လိုက်ခြင်းအားဖြင့် ယဉ်ကျေးခြင်း အမူအရာကို ပြလိုက်သည်ဟု မြမြတင် နားလည်၏၊ သဘောပေါက် ရိပ်မိ၏။

"ရော့... ဒေါ်ဒေါ်"

မြမြတင်သည် စာခေါက်ကလေးကို အိတ်ထဲ ပြန်ထည့်လိုက်ပြီး တစ်ကျပ်တန် စက္ကူတစ်ရွက်ကို လှမ်းပေးရင်း ဤသို့ ပြောလိုက်သည်တွင်...

"အမယ် မယူဘူး၊ ဆိုင်သစ်ဖွင့်ပြီးမှ ငါ့တူမ ပထမအကြိမ်စားတာမို့ မယူဘူး၊ နောက် စားမှပေး"

မြမြတင်ကလည်း အတင်းပေး၊ ဒေါ်စိန်ပွင့်ကလည်း ဇွတ်ငြင်းနှင့် နောက်ဆုံး မြမြတင် အရှုံးပေးရတော့ကာ ငွေစက္ကူကို အိတ်ထဲ ပြန်ထည့်ရင်း...

"ကဲမှောင်လာပြီ ပြန်မယ် ဒေါ်ဒေါ်၊ ကိုလှပို ပြန်ဦးမယ်"

ဤသို့ တစ်ပြိုင်တည်း နှုတ်ဆက်လိုက်သောကြောင့်—

"ဟုတ်ကဲ့ မြမြတင်၊ ဩော် ဒီနေ့ည အစည်းအဝေးဖိတ်ခိုင်းထားတယ်ဆို၊ ကျွန်တော် လာခဲ့ပါဦးမယ်"

"ကိုလှပို အားပါ့မလား၊ အလုပ်များနေရင်လည်း မလာနဲ့ပေါ့ရှင်၊ သိပ်အရေးကြီးတာမှ မဟုတ်တာ"





"ကိစ္စမရှိပါဘူး၊ ညီ–ဝမ်းကွဲတစ်ယောက် တစ်နေ့ကပဲ ရောက်လာလို့ ကိုယ်ခွဲရနေပါပြီ၊ လာတော့ လာခဲ့ဦးမယ်လေ"

❦

ညဈေးတန်းမှ ပြန်လာခဲ့စဉ် လမ်းတစ်လျှောက်လုံး၌ အတွေးပေါင်းစုံဖြင့် ရင်ကလေးခုန်ခဲ့သော မြမြတင်သည် အစည်းအဝေးလုပ်ရန် နာရီဝက်ခန့်သာ လိုတော့သည်ဖြစ်၍ အိမ်သို့ မပြန်တော့ဘဲ အသင်းတိုက်သို့ ကွေ့ဝင်ခဲ့သည်၌ အခန်းထဲရှိ မာတ်မီးရောင်အောက်တွင် တစ်စုံတစ်ရာ ရေးခြစ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်နှင့်—

"ဟင် မရီရီသန်း တစ်ယောက်တည်းပါလား"

"ကိုသိန်းထွဋ်နှင့် ကိုသောင်းတင်တို့တောင် ခုပဲ ပြန်သွားကြတယ် ထမင်းမစားရသေးလို့တဲ့ လာ ထိုင်လေ"

သို့နှင့် ထွေရာလေးပါး စကားပြောနေခိုက် ကိုဆင့်သိန်းရောက်လာကာ မွေ့ကိုင်ထားသော ဖိုင်တွဲတစ်ခုကို စားပွဲပေါ်သို့ ပစ်တင်လိုက်ရင်းက...

"ရောက်နေတာ ကြာပြီလား မြမြတင်"

"ဆယ်မိနစ်လောက်ပဲ ရှိပါသေးတယ်"

မြမြတင်သည် ဤသို့ ဖြေလိုက်သောအချိန်တွင် ကိုဆင့်သိန်းမှာ မြမြတင်နှင့် မျက်နှာချင်းဆိုင် ထိုင်မိပြီး ဖြစ်နေလျက် မရီရီသန်းမှာမူ ထိုင်ရာမှ ရုတ်တရက် ထ,လိုက်ပြီး...

"ကျွန်မ ကိုတင့်ဆွေတို့ကို သွားခေါ်ချည်ဦးမယ်"ဟု ပြောပြောဆိုဆို ထွက်သွားသောကြောင့် ကိုဆင့်သိန်းနှင့် မြမြတင် နှစ်ယောက်တည်း ကျန်ခဲ့လေ၏။ အတန်ကြာသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ ပြောဆိုခြင်းမရှိသေးဘဲ အတွေးကိုယ်စီနှင့် တည်ကြည်ငြိမ်သက်စွာ ရှိနေရာမှ...

www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ယောက်နှင့် တစ်ပိုင်းသာရှိတဲ့ ကျွန်တော်တို့ လူငယ်တွေတောင် စိတ်ရောကိုယ်ပါ ညီညွတ်အောင် စုစည်းလို့ မရတော့၊ တစ်ကမ္ဘာလုံး ညီညွတ်ဖို့ဆိုတာ မဖြစ်နိုင်ဆုံး တောင့်တချက်တစ်ရပ်လို့ မဆိုသင့်ဘူးလား မြမြတင်"

ကြီးကျယ်လှသော ကိုဆင့်သိန်း၏ စကားကို ကြားလိုက်ရသည်နှင့် မြမြတင်သည် ကိုဆင့်သိန်းအား တအံ့တသြ မော်ကြည့်လိုက်၏။ တစ်စုံတစ်ရာ မဖြေသေး၊ တွေးငေးကလေး ငေးရာမှ–

"ဒီလောက် အဓိပ္ပါယ်ကျယ်ဝန်းတဲ့ စကားကြီးကို ကျွန်မ ဖြေနိုင်လောက်အောင် ဉာဏ်မမီသေးပါဘူးရှင်။ ကျွန်မထင်တာကို တော့ ပြောပါ့မယ်၊ ဒါပေမယ့် ကမ္ဘာ့ရေးရာကို ဝေဖန်တဲ့ သဘောမျိုးတော့ မယူဆစေချင်ဘူး"

မြမြတင်သည် နေရာပြင်ထိုင်ရင်း လည်ချောင်းရှင်းလိုက်သလို...

အဟင်း ကမ္ဘာကို အသာထားပြီး ကျွန်မတို့ မြန်မာတွေ မညီညွတ်နိုင်တဲ့ အကြောင်းရင်းကို ရှာလိုက်တော့ (၁) တရားခံအဖြစ်နဲ့ (ဝါဒ)ဆိုတာကို တွေ့ရတယ်၊ ဒါ ကျွန်မ အထင်ပြောတာနော်။ ခု–ကြည့် မြန်မာပြည်ဆိုရင် ဝါဒ(၄)ခု အပြင်းအထန် သူမှန်–ကိုယ်နိုင် အပြိုင်တိုက်နေကြတယ်၊ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဓနရှင်ဝါဒ၊ တစ်သီးပုဂ္ဂလဝါဒ...

"နေပါဦး မြမြတင်၊ တစ်သီးပုဂ္ဂလဆိုတာ ပါတီတစ်ခုအဖြစ်နဲ့ ဝါဒရှိနေသမို့လား ဝါဒသမားတွေထဲမှာ တစ်သီးပုဂ္ဂလကိုကော့ ဆွဲမထည့်သင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"ကောင်းပြီ ကျွန်မ မေးမယ်၊ မြူနီစီပယ်ရွေးကောက်ပွဲပြီးသွားတော့ တစ်သီးပုဂ္ဂလလူကြီးတွေက ပထမဆုံး ဘာလုပ်သလဲရှင် သတိထားမိရဲ့လား"





ကိုဆင့်သိန်း ငိုင်သွား၏၊ တွေသွား၏၊ ဘာ ဖြေရမည်ဟုလည်း စဉ်းစား၍မပေါ်၊ အတော် ဦးနှောက်ခြောက်သွားဟန်ကူ၏။

"အဲဒါတော့ ကျွန်တော် သတိမထားမိဘူး မြမြတင်"

အတော်ကလေး ရှက်သွားသည့်နှယ် ရယ်ရယ်မဲ့မဲ့နဲ့ ခေါင်းငုံ့ဖြေလိုက်သော ကိုဆင့်သိန်း၏ စကားကို ကြားလိုက်ရသည်နှင့် မြမြတင်သည် "ဟင် ဒါနဲ့များ ကမ္ဘာ့အရေးကို အဝေးကြီးလှမ်းဝေဖန်နေသေးတယ်၊ မြန်မာ့အရေးနှင့် နံ့စပ်အောင် မလေ့လာဘဲနဲ့" ဟူသော မျက်နှာထားမျိုးဖြင့် ကြည့်ရင်း–

"ကျွန်မ ပြောပြမယ်နားထောင် တစ်သီးပုဂ္ဂလဆိုတဲ့ မြူနီစီပယ် လူကြီးတွေဟာ ပထမဆုံးဘာလုပ်သလဲဆိုတော့ သစ္စာမဖောက်ဖို့ဆိုပြီး ညှိနှိုင်းစည်းလုံးကြတယ်၊ ဒါဟာ ပါတီမဟုတ်သော်လည်း ပါတီဖွဲ့တဲ့သဘောမျိုး သက်ရောက်နေတယ်၊ နောက်မြို့နယ်ဝန် ရွေးတဲ့အခါမှာ အတိုက်အခံဘက်နဲ့ တစ်သီးပုဂ္ဂလဘက် အကြိတ်အနယ် ပြိုင်ကြတယ်။ အဲဒီနောက် ဘာလုပ်သတဲ့ မြူနီစီပယ် မင်းကြီးကို အတိုက်အခံ ဘက်တော်သားဆိုပြီး တစ်သီးပုဂ္ဂလတွေက ဖြုတ်ချဖို့ ကြိုးစားကြပြန်တယ်၊ ဒါက ဘာသဘောတွေလဲ သေသေချာချာတွေးကြည့်စမ်း၊ ပါတီသဘောဝါဒတွေပဲ မဟုတ်လား၊ (ပါတီ)ဆိုတာ ကိုယ့်ဘက်သား ကိုယ့်လူစုဘက်စပ် ပါဝင်သူလူစုလူဝေးရယ်လို့ အဓိပ္ပါယ်ရတယ်၊ အဲဒီ သဘောမျိုး တစ်သီးပုဂ္ဂလတွေဟာ ဘက်တော်သားအချင်းချင်း ဆိုပြီး စုစည်းညှိနှိုင်းထားတာမို့ တစ်သီးပုဂ္ဂလ ပါတီလို့ပဲ ခေါ်သင့်တယ်"

မြမြတင်သည် ကုလားထိုင်ကို ခပ်လှန်လှန် မှီ၍ ထိုင်နေရာမှ ရှေ့သို့ ရို့ရို့ကလေး ကုန်းလိုက်ပြီး လက်နှစ်ဖက်ကို စားပွဲတွင် ယှက်တင်ရင်း–

www.burmeseclassic.com

www.burmeseclassic.com



"ဝါဒဆိုတဲ့ စကားကို နားလည်အောင် အဓိပ္ပါယ်ကောက်လိုက်တော့ (ထင်မြင်ယူဆချက်)လို့ အဖြေထွက်လာတယ်၊ အဲဒီတော့ ခုနပြောတဲ့ တစ်သီးပုဂ္ဂလချင်း သွေးညီတာတို့၊ မြူနီစီပယ်မင်းကြီးကို ဝိုင်းဖြုတ်တာတို့ ဆိုတာတွေဟာ တစ်သီးပုဂ္ဂလတွေက ငါတို့လုပ်တာ မှန်တယ်ဆိုတဲ့ ထင်မြင်ယူဆချက်နဲ့ လုပ်တာပဲ မဟုတ်လား၊ အဲဒါ (တစ်သီးပုဂ္ဂလဝါဒ)ပေါ့၊ ကဲရှင် ဘာပြောချင်သလဲ"

မြမြတင်သည် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရရ မေးလိုက်သောကြောင့် ကိုဆင့်သိန်းသည် ငုံ့ထားသော ဦးခေါင်းကို မသိမသာ မော်၍ အတော်ကြာအောင် တွေနေပြီးမှ—

"ဒီလိုတော့ ဟုတ်ပါပြီ၊ နို့ မြမြတင် စကားတွေထဲမှာ တစ်သီးပုဂ္ဂလတွေကို သဘောမကျသလို လေသံမျိုး ပါနေသေးတော့ ကျွန်တော်တို့ ရပ်ကွက်က တင်လိုက်တဲ့ တစ်သီးပုဂ္ဂလ လူကြီးကိုကော ဘယ်လို သဘောထားသလဲ မကြိုက်ဘူးလား"

"သဘောကျလို့ပဲ ကျွန်မတို့ တစ်အိမ်လုံး မဲထည့်ခဲ့တာ ရှင်အသိသားနဲ့၊ အေး ကျွန်မတို့ လိုလားတာက ဘာပဲဖြစ်ဖြစ် မှန်တာလုပ်မယ်၊ ရပ်ရွာကောင်းကျိုး၊ ဆင်းရဲသားလူထု ကောင်းကျိုးကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်မယ်ဆိုတဲ့ တစ်သီးပုဂ္ဂလမျိုးကို လိုလားတာ(အတိုက်အခံ ပါတီဝင်မို့) ဖြုတ်ချမယ်ဆိုတဲ့ စိတ်မျိုးထက် (တိုင်းပြည်အကျိုးကို ထိခိုက်လို့) ဖြုတ်ချမယ်ဆိုတဲ့ စိတ်မျိုးကို ပိုပြီး တောင့်တ,တယ်၊ ဥပမာ အတိုက်အခံဘက်က ဆင်းရဲသားချောင်ချိရေး အဆိုသွင်းတယ်ဆိုပါတော့ ဒါကို အတိုက်အခံဘက်က သွင်းတဲ့အဆိုမို့ မထောက်ခံဘူးဆိုတဲ့ တစ်သီးပုဂ္ဂလမျိုးတော့ ဘာလုပ်ရမလဲ မလိုချင်ဘူး၊ တိုင်းပြည်အကျိုးယုတ်မဲ့ အဆိုတစ်ခုကို တစ်သီးပုဂ္ဂလတစ်ယောက်က တင်သွင်းတယ်ဆိုပါတော့၊ ဒါကို





ကိုယ့်ဖက်သားရယ် ဘာရယ် သဘောမထားဘဲ တိုင်းပြည်ထိခိုက်မှာကိုမြင်ပြီး အပြင်းအထန် ကန့်ကွက်တိုက်ဖျက်တဲ့ တစ်သီးပုဂ္ဂလမျိုးမှ သဘောကျတယ်၊ နောက်ဆုံးတော့ (တစ်သီးပုဂ္ဂလ)ဆိုတာ (သူ့ဖက်သား ကိုယ့်ဖက်သားမရှိ၊ အမျိုးနဲ့ တိုင်းပြည်ကို ထိလာရင် မချိအောင် နာရမယ်၊ မှန်တာလုပ်ရဲရမယ်)ဆိုတဲ့ အဓိပ္ပါယ်မျိုးသာ ဖြစ်စေချင်တယ် ဘယ့်နှယ့်လဲ"

ဒေါက်ဒေါက်ဒက်ဒက်နှင့် သွက်သွက်လက်လက်ကြီး ပြောချလိုက်သော မြမြတင်၏ စကားဆုံးသွားသည့်တိုင်အောင် ကိုဆင့်သိန်းမှာ အကြောင်းသား ငုံ့၍ တုတ်တုတ်မျှ မလှုပ်ဘဲ နားစွင့်နေလေ၏။ မြမြတင် အသံပျောက်သွားမှ ငေါက်ခနဲ မော်ကြည့်လိုက်ပြီး ခေါင်းတရမ်းရမ်း ခါနေရာမှ—

"ကျွန်တော်တော့ အံ့တာပဲဗျာ၊ မြမြတင် ဒီလောက် သဘောတရား ပြည့်ဝလိမ့်မယ်လို့ ထင်ကို မထင်ခဲ့ဘူး ခုတော့"

"ကျွန်မကို သိပ်အထင်ကြီးသွားသလား၊ စင်စစ်တော့ ဒါ ကျွန်မ သိပ်နားလည်လို့ ပြောနေတာ မထင်နဲ့၊ ဖေဖေ ပြောတာတွေ မှတ်ထားပြီး အချောင်အသားယူနေတာ၊ ဒါနဲ့ ဆက်ပြောပါဦးမယ်၊ ခုန စကားစ,ခဲ့သလို ကိုယ်ထင်မြင်ယူဆချက်သာ ကိုယ်မှန်တယ် ထင်နေတဲ့ ဝါဒသမား(၄)မျိုး (၄)စုဟာ တစ်စုနဲ့ တစ်စု အယူသည်းမှုတွေ မလျှော့သေးသမျှ ဘယ်တော့မှ ညီညွတ်မှာ မဟုတ်ဘူး၊ ခု ကျွန်မတို့ ခြောက်ယောက်နဲ့ တစ်ပိုင်းဆိုတဲ့ လူငယ်တွေ မညီညွတ်တာလည်း ဒီသဘောမျိုးပေါ့၊ ဝင်ကြေး လစဉ်ကြေးမထည့်ဘဲ အချောင် စာအုပ်ဖတ်ချင်တဲ့ လူငယ်ကလည်း သူ့ထင်မြင်ချက်ကို မှန်တယ်လို့ အယူသည်းနေတာပဲ၊ ရှင်တို့ ကျွန်မတို့လည်း အာဏာပိုင် အမှုဆောင်တွေဆိုပြီး ကိုယ်လုပ်ထား [illegible]ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



စည်းမျဉ်းဥပဒေဟာ မှန်တယ်လို့ အယူသည်းနေတာပဲ၊ အဲဒီတော့ တကယ်တမ်း ညီညွတ်ချင်ရင် နှစ်ဖက်စလုံးရဲ့ အယူသည်းမှုတွေ တရားမျှတစွာ လျှော့ပြီး တစ်ဖက်နဲ့ တစ်ဖက် ပွင့်ပွင့်လင်းလင်း"

မြမြတင် စကားဆက်ပြောမည့်အလုပ် ရုတ်တရက် ဆိုသလို ပင် ထွန်းထားသော အောက်လင်းဓာတ်မီးမှာ လေအားလျော့ကာ မှိန်သွားသောကြောင့် ဓာတ်မီးကို ဖြုတ်၍ လေထိုးနေသော ကိုဆင့်သိန်း၏ အမူအရာ ကြည့်ရသည်မှာ သွက်သွက်လက်လက် မရှိဘဲ တစ်စုံတစ်ရာသော တွေးကွက်တွင် လေးနက်စွာ စဉ်းစားနေ သကဲ့သို့ အသွင်လို ဆောင်နေရာမှ တိတိကျကျ ဆုံးဖြတ်ချက် ချလိုက်သလို ဓာတ်မီးကို အမြန်ဆုံး ပြန်ချိတ်လိုက်ပြီး–

"ကဲ မြမြတင် ကျွန်တော် အကြမ်းရေးထားတဲ့ စည်းမျဉ်း ကို ဖတ်ကြည့်စမ်းပါဦး"

ပြောပြောဆိုဆို ကိုဆင့်သိန်းသည် စားပွဲပေါ်ရှိ ဖိုင်ကို မြမြတင်အား လှမ်းပေးလိုက်သဖြင့် မြမြတင်လည်း တစ်စုံတစ်ရာ ဘာမျှ မပြောဘဲ ဖိုင်ကိုသာ ခပ်လောလော လှန်လိုက်သည်တွင်–

"မောင့်အချစ်ဆုံး မြ"

ဟု အစချီထားသည့် စာရွက်တစ်ခုကို ဖိုင်အတွင်းရှိ စာရွက်များ၏ အပေါ်ဆုံးတွင် ဖိညှပ်ထားခြင်း မရှိဘဲ တွေ့ရသော ကြောင့် မြမြတင်သည် ကိုဆင့်သိန်းအား လှမ်းကြည့်လိုက်၏။ ကိုဆင့်သိန်းလည်း ဤတွင်မှ မြမြတင်အား ရှက်အားနာအမူအရာ ဖြင့် မျက်လွှာကို လှန်ကြည့်ရင်း ထိုစာရွက်ကလေးကို ကမန်းကတန်း ဆွဲယူလိုက်ပြီးမှ–

"စိတ်မရှိပါနဲ့ မြမြတင်၊ ကျွန်ဘ် ဘာ် မေ့ပြီး ဖိုင်ထဲ ထည့်ထားမိတယ်"





မှုထားမမှန် နဂိုသံလည်း မဟုတ်၊ တုန်တုန်လှုပ်လှုပ်နှင့် ထစ်ထစ်ငေါ့ငေါ့ ပြောနေသော ကိုဆင့်သိန်းအား မြမြတင်သည် မပြုံးမရယ် တည်တည်ခန့်ခန့်နှင့် ရင်ကလေးဆန့်ပြီး ကြည့်နေရာမှ–

"အို ဒါ စိတ်ဆိုးစရာ မဟုတ်ပါဘူးလေ မတော်တဆ ဖြစ်ရတာပဲ"

ဣန္ဒြေ့ရှင်ပိပိ ခပ်တည်တည် ပြောလိုက်ပြီးမှ ဖိုင်တွဲရှိ စည်းမျဉ်းများကို ဖတ်နေလေ၏။

"မထူးတော့ပါဘူး မြမြတင်၊ ပြောပါရစေတော့ ကိုဆင့်သိန်း မြကို ချစ်နေတဲ့ အချစ်ဟာဖြင့်"

မြမြတင်သည် ကိုဆင့်သိန်းအား ဆတ်ခနဲ မော်ကြည့်လိုက် သောကြောင့် ကိုဆင့်သိန်းမှာ ရုတ်တရက် ရှုံ့သွားသလို ပခုံးနှစ်ဖက် တွန့်သွားလေ၏။ မြမြတင်သည် တစ်စုံတစ်ခု ဘာမျှ မပြောဘဲ ခပ်တွေတွေ စိုက်ကြည့်နေသော ကိုဆင့်သိန်းက ဆက်လက်၍–

"မေးပါရစေလား မြရယ်၊ ကိုဆင့်သိန်း တင်ပို့ထားတဲ့ အချစ်လျှောက်လွှာနဲ့ ပတ်သက်ပြီး မြ ဘယ်လိုသဘောထားတယ် ဆိုတာ ကိုဆင့်သိန်း မသိရဘူးလား ဟင်"

ရှိစုမဲ့စု အိမ်ပုကလေးတစ်လုံး ပုံးထဲပါသွားသောကြောင့် နှမြောဝမ်းနည်းဖြစ်နေသော မျက်နှာမျိုးဖြင့် ကိုဆင့်သိန်းသည် မြမြတင်ထံ အသနားခံလျက် ရှိလေ၏။ ဤသည့်အချိန်တိုင် အောင် မြမြတင်သည် ထူးထူးထွေရာ ဘာမျှ မပြောသေးဘဲ တစ်စုံတစ်ရာသော တွေးချက်ကို နက်နက်နဲနဲ စဉ်းစားသကဲ့သို့ ရှိလေ၏။

"ဒီမှာ ကိုဆင့်သိန်း၊ ရှင်ကျွန်မကို ချစ်တယ်ဆိုတာ ဟုတ်ပါပြီ၊ နို့ ရှင်ချစ်တယ်ဆိုတဲ့ အဓိပ္ပါယ်က ကျွန်မလို သူဌေးသမီးတစ်ယောက်ကို မယားအဖြစ် ပေါင်းရဖို့ပဲ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒီလိုမဟုတ်ပါဘူး မြမြတင်၊ ရာသက်ပန် ရှယ်ကိုးပြီး ရိုးမြေကျ ချစ်တဲ့ အချစ်ပါ"

"ဒါကို မေးတာ မဟုတ်ဘူးရှင့်၊ ဒီလို ဒီလို ကျွန်မကို အသည်းထဲက ချစ်တယ်လို့ တစ်ခါက ရှင်စာရေးဖူးတယ်နော်၊ ကောင်းပြီ၊ ခု ချက်ချင်းပဲ ရှင့်နောက်ကို ကျွန်မ ခိုးရာလိုက်ခဲ့ပြီ ဆိုပါတော့ ရှင်နဲ့ ကျွန်မ ညားကြပြီပဲ ထားပါလေ၊ ဒီလိုဆိုရင် ကျွန်မကို (အသည်းထဲက ချစ်တယ်)ဆိုတဲ့ ရှင့်တာဝန် ကျေပွန်ရောလား"

ကိုဆင့်သိန်း အဖြေမပေးနိုင်၊ ခေါင်းငိုက်စိုက်နှင့် ငိုင်နေ၏။

"ဝန်ကြီး လုပ်ချင်တာနဲ့ အမျိုးနဲ့ တိုင်းပြည်ကို အသက်လောက်ချစ်တယ်လို့ အသံကောင်းဟစ်တာမျိုးတော့ မဖြစ်ပါစေနဲ့ ရှင်၊ အမျိုးနဲ့ တိုင်းပြည်ကို တကယ်ချစ်ကြောင်း အလုပ်နဲ့ ပြဖို့ ကလည်း လိုသေးတယ် မဟုတ်လား ကိုဆင့်သိန်းရဲ့"

အချိန်မှာ ၇–နာရီနှင့် ၅–မိနစ်ခန့်ပင် ရှိနေပြီ ဖြစ်သော်လည်း အမှုဆောင်များကား ရောက်မလာကြသေး၊ မြမြတင်တို့မှာလည်း ပြောနေရသော စကားများတွင် စိတ်ဝင်စားနေကြ၍လား မသိ၊ အချိန်ကိုပင် သတိမထားနိုင်အောင် ရှိနေကြလေ၏။

"ကိုဆင့်သိန်း၊ မြကို ဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်လို အလုပ်မျိုးနဲ့ ပြရမှာလဲ မြရယ် ဟင်"

မြမြတင်သည် ကိုဆင့်သိန်းအား မျက်မှောက်ကုတ်၍ ကြည့်လိုက်ပြီးမှ–

"ကဲ–ရှင်နားရှင်းအောင် ပြောပြမယ်၊ ခု ကာလတန်ဖိုးနဲ့ ဆိုရင် ခုံဖိနပ်တစ်ရံကို (ငါးမူး)မပေး ဘဲ မရဘူးနော်၊ အဲဒါကို တစ်ပဲနဲ့ ရအောင် ရှင်ဝယ်နိုင်ပါ့မလား"





"ဒါတော့ ဘယ်ရပါ့မလဲ မြရယ်၊ ငါးမူးတန်ကို တစ်ပဲနဲ့"

"အဲ ဟုတ်ပြီ သက်မဲ့ပစ္စည်းဖြစ်တဲ့ ခုံဖိနပ်တောင် တန်ရာတန်ဖိုးပေးမှ ရနိုင်တယ်နော်၊ ဒီတော့ ကျွန်မဟာ လူရှင့်၊ လူ လူ၊ ခုံဖိနပ်ဝယ်စီးတယ်ဆိုတာက မစီးမဖြစ်လို့၊ ချစ်လို့ ဝယ်ရတာ မဟုတ်ဘူး၊ ကျွန်မကိုတော့ ရှင်ဟာ အသည်းထဲက ချစ်လို့ လိုချင်နေတာ၊ နို့ ကျွန်မကို တန်ရာတန်ဖိုး ပေးဝယ်ချင်လောက်အောင်ကော ချစ်ရဲ့လား ဟင်"

ကိုဆင့်သိန်း ခေါင်းငိုက်စိုက်နှင့် ငိုင်သွား၏။ တွေဝေမိန်းမောဘာ ဘယ်လိုပြောရမည်ပင် စဉ်းစားမရနိုင်အောင် ဖြစ်နေရာမှ–

"ဒီလိုဆိုတော့ ကိုဆင့်သိန်းဟာ မြနဲ့ မတန်ဘူးလို့ ဆိုလိုတာပေါ့နော်"

"ဟုတ်တယ်၊ ဗဟုသုတ ပညာအရည်အချင်း ကိုယ်ကျင့်တရားရယ်လို့ မယ်မယ်ရရ ဘာမှမရှိတဲ့ နိုင်ငံရေးသမားဟာ ဝန်ကြီးရာထူးနဲ့ မတန်သလို ကိုယ့်တစ်ဝမ်း တစ်ခါးတောင် ဝအောင် ရှာမစားနိုင်တဲ့ လူတစ်ယောက်ဟာလည်း ကျွန်မနဲ့ မတန်ဘူးလို့ပဲ ဆိုရလိမ့်မယ်"

မြမြတင်၏ ပါးစပ်ဖျားမှ ဤသို့သော ခါးခါးသီးသီးနှင့် ကြီးကျယ်လှသော စကားများ ထွက်လာသည်နှင့် ကိုဆင့်သိန်းမှာ ညှိုးငယ်ဝမ်းနည်းသောအသွင်မှ အရှက်နှင့် စိတ်နာမှုရောကာ ဒေါသူပုန်ထ,လာသကဲ့သို့သော အမူအရာသို့ ပြောင်းသွားလျက်–

"ဒါဖြင့် မြရဲ့အချစ်မှာ အဆင့်အတန်း ရှိတာပေါ့ ဟုတ်လား"

"ရှင်ကိုယ်တိုင် သိန်းထီပေါက်ပြီး၊ သမီးတစ်ယောက်ရတဲ့ အခါမှာ အဲဒီမေးခွန်းရဲ့ အဖြေကို အလိုလို သိလာလိမ့်မယ်၊ လူတွေဟာ အဲဒါ ခက်တာပေါ့၊ အရင်းရှင်တွေက အမြတ်ကြီးစား

www.burmeseclassic.com



ပြီး သွေးစုတ်တာရယ်၊ ဓားပြတွေက လူသတ်ပြီး ပစ္စည်းလုတာရယ်၊ နိုင်ငံရေးသမားတွေက အစိုးရဘဏ္ဍာတော်ငွေဘုန်းတာရယ်၊ ရှင်လိုလူက ကျွန်မလို မိန်းမကို လိုချင်တာရယ်၊ အဲဒါတွေဟာ ကိုယ့်အမြင်နဲ့ကိုယ်တော့ မှန်တယ်ထင်နေကြတာပဲ၊ ကိုယ်ချင်းစာတရားနဲ့တော့ မစဉ်းစားချင်ကြဘူး၊ ဒီမှာ ကိုဆင့်သိန်း ကျွန်မ နောက်ဆုံးပြောချင်တာကတော့–

ထိုအခိုက် အသင်းတိုက်အတွင်းသို့ လူငယ်လေးယောက်နှင့် အမျိုးသမီး သုံးယောက် ဝင်လာသဖြင့် စကားပြတ်သွားတော့ကာ မြမြတင်ကပင် ထိုလူငယ်များဆီဘက် လှည့်ကြည့်လိုက်ရင်း–

"အားရှိစရာကောင်းလိုက်ပါဘိတော့ရှင်၊ အနာဂတ် မြန်မာပြည်ကြီးရဲ့ တိုးတက်ကြီးပွားမှုကို ကိုယ်သန်ရာ သန်ရာဘက်က အားတက်သရော ဆောင်ရွက်မယ့်လူတွေမို့ထင်ပါ့၊ (၇)နာရီ ချိန်းထားတဲ့ အစည်းအဝေးကို (၇)နာရီခွဲ ရောက်လာကြတယ်"

မြမြတင် ခရီးရောက်မဆိုက် ဤသို့ ဆီး၍ အပြစ်တင်လိုက်သဖြင့် ဝင်လာသူ လူငယ်များမှာလည်း ရှက်ကိုးရှက်ကန်းနှင့် ရယ်ရယ်မဲ့မဲ့ ဝင်ထိုင်ကြရင်း အစည်းအဝေးကို စတင် ကျင်းပကြလေ၏။

❦

နေထွက်ကနေဝင်၊ နေဝင်က နေထွက် ရက်ပေါင်းတစ်ရာ ကျော်ခဲ့ပြီဖြစ်သော မိုးဦးကျစ, တစ်နေ့သော ညနေစောင်းအချိန်တွင် မြမြတင်သည် ဝရံတာရှိ ကုလားထိုင်တစ်လုံးတွင်ထိုင်ရင်း ဝရံတာလက်တန်းဘောင်ပေါ် မေးတင်လျက် ပြုံးပြုံးရွှင်ရွှင် ကြည်နူးနေလေ၏။ ခပ်စောင်းစောင်းထိုင်နေသော မြမြတင်၏ မျက်နှာချင်းဆိုင်တွင်မူ ကိုတင့်မောင်သည် သန်မာလုံးကျစ်သော လက်မောင်းကြွက်သားများ ထုတ်ပြနေသည့်အလား လက်နှစ်ဖက်ကို ကွေး၍ ဝရံတာတွင် တံတောင်ဆစ်များဖြင့် ထောက်ကာ ခပ်ကိုင်းကိုင်း ရပ်နေရာမှ...

"ချစ်တယ်နော် မြ"

"ဘယ်နှစ်ခါ ပြောရမလဲ ကိုတင့်မောင်၊ ဒါတော့ ပိုလွန်းပြီ ထင်တယ်ကွယ်"

မျက်ခုံးကလေးချီ၍ ကြည်ကြည်လင်လင် ပြောလိုက်သော မြမြတင်၏ အမူအရာမှာ သတိတရား တိမ်းချော်၍ မတော်တရော် ပြုမိမှားလောက်အောင် ချစ်စဖွယ်သော အသွင်ဖြစ်နေသည် မှန်သော်လည်း မြမြတင်၏ သမာဓိကို လေးစားရသောကြောင့် ကိုတင့်မောင်မှာ မချင့်မရဲနှင့် ဟဲခနဲ သက်ပြင်းချရုံမှအပ, ထို့ထက်တစ်ဆင့်ကဲ၍ အတင့်မရဲဝံ့။

"ထမင်းဟာ နေ့စဉ်နေ့တိုင်း စားရတဲ့ အစာ ဖြစ်ပေမယ့်လည်း အီသွားတယ်၊ မုန်းသွားတယ် မရှိသလို ချစ်တယ်ဆိုတဲ့ စကားကလေးကိုလည်း ကိုတင့်မောင်မှာ အချိန်ရှိသလောက် ကြားချင်တာ လွန်သလား မြရယ်"

"လွန်တယ်ရယ်တော့ မဟုတ်ပါဘူး ကိုတင့်မောင်၊ (စားပါများတော့ အီ၊ နမ်းများတော့ညှီ)ဆိုတာလို ရိုးသွားမှာစိုးတာလည်း တစ်ကြောင်း၊ နောက်ပြီးတော့ ကျွန်မဟာ အချစ်လွတ်လပ်ရေး ရထားတဲ့ မိန်းကလေးတစ်ယောက်နော်။ ကျွန်မကို ချစ်နေတဲ့ လူတွေ ပေါသလောက် ကျွန်မကလည်း ကြိုက်ရာလူကို ခေါင်းခေါက်ယူနိုင်တဲ့ အခွင့်အရေးရှိတယ်၊ ဒါပေမယ့် ယနေ့အထိ ဆိုရင် ကိုတင့်မောင်ကိုသာ ထိပ်ဆုံးကထားပြီး စဉ်းစားခဲ့တာမက ချစ်ပါတယ်ဆိုတဲ့ စကားကိုတော့ ဝစီကံမြောက် သုံးခဲ့ပြီ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားဟာ ကိုတင့်မောင်ကို ယူတော့မယ်ဆိုတဲ့ အဓိပ္ပါယ် မပါဘူးနော်၊ အဲဒါကို ကိုတင့်မောင် သတိပြုစေချင်တယ်"

"ဒါဖြင့် သိပ်မျှော်လင့်ချက်မရှိသေးဘူးပေါ့နော်"

"နားဝေးလှချည်လား ကိုတင့်မောင်၊ တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါသာ ပြောဖူးတဲ့ (ချစ်ပါတယ်)ဆိုတဲ့ စကားတစ်လုံးကို ကိုတင့်မောင်ကျမှ ပြုံးပြီး သုံးလိုက်တာဟာ ကိုတင့်မောင်အဖို့ ၇၅ ရာခိုင်နှုန်းလောက် သေချာတယ်လို့ မတွေးမိဘူးလား ရှင်ရယ်"

မြမြတင်အား အာသာငင်ငင်နှင့် အတောင့်တ,ခြင်းကြီး တောင့်တစွာ ဗျူဟာခင်းလိုကြသော ထိုထို(ဖို)ပရိသတ် အထဲတွင် မင်းစေကာအစ, အရာရှိ၊ နိုင်ငံရေးသမား၊ သူဌေးသားအထိသော အတန်းအစား အမျိုးမျိုးပါး၏။ သို့... ချစ်ကြသူအပေါင်းထဲမှ အတော်ဆုံး ရွေးရသည်မှာ မြမြတင်အဖို့ လွယ်ကူလှသည် မဟုတ် ပေ။ ကိုယ်နေဟန်ထား အချိုးအစား ပြေပြစ်၍ မိန်းမတိုင်း ချစ်စဖွယ်ရာရှိသော လူချောလူရှယ် ခပ်လည်လည် ကာလသား တစ်ယောက်အား မြမြတင် မျက်စိကျခဲ့စဉ်က—

"သမီး ဒီသူငယ်ကို သဘောကျနေသလား၊ သမီး မေတ္တာရှိရင်ယူပေါ့၊ ဖေဖေ မကန့်ကွက်ပါဘူး။ ဒါပေမယ့် သမီးစဉ်းစားဖို့ ရှိတာက ဒီသူငယ်ဟာ လူချော လူလှ၊ မိန်းကလေးတိုင်းကျလောက်တဲ့ ရုပ်မျိုးတော့ ရှိပါရဲ့၊ နို့ သမီးက အဲဒီရုပ်ရည်ကို သဘောကျလို့ ချစ်တာလား သမီးရယ်၊ ဟော့ အိမ်ထောင်ရေးဆိုတာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ချစ်နေလို့ ပြီးတာမဟုတ်ဘူး သမီးရဲ့၊ ဝတ်ရေး စားရေး နေရေး ထိုင်ရေးတွေက"

"ဒီမှာ ဖေဖေ (တူနှစ်ကိုယ် ကဲအိုပျက်မှာနေရ)ဆိုတဲ့ စကားတော့ ဘယ်သွားထားမလဲ၊ အချစ်ဟာ အချစ်ပဲ မဟုတ်လား"

"အေး–အေး–သမီးက အသက်မွေးဝမ်းကျောင်း ပညာဆိုလို့ ဘာမှ မရှိတဲ့ လူညံ့ကို ချစ်နေမင့်ဟာကိုး၊ ဒီစကားမျိုးနဲ့ ဆင်ခြေပေးမှာပေါ့၊ နို့(ရွှေပုံပေါ်မှစံရ)ဆိုတာကိုတော့ ဘာ့ကြောင့် ထည့်မစဉ်းစားသလဲ ပြောစမ်း သမီး"

မြမြတင် အဖြေမပေး၊ ငေးငေးကလေး ငိုင်နေ၏။

"သမီးတို့ မိန်းကလေးတွေဟာ အချစ်နဲ့ ပတ်သက်လာရင် ဘယ်တော့မှ ကိုယ်ပိုင်ဦးနှောက်ကို မသုံးချင်ကြဘူး။ အချစ်မှာ မျက်စိမရှိ၊ အချစ်မှာ အဆင့်အတန်းမရှိ၊ အချစ်ဟာ အချစ်ပဲ၊ တဲအိုပျက်မှာနေရ၊ ထမင်းရည်အတူ လျှက်ရစေတော့ ဆိုတဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို အတောက်အထားပြုပြီး ရူးချင်မိုက်ချင်နေကြတာပဲ"

"သမီး မေတ္တာရှိနေတဲ့ လူက ပစ္စည်းမဲ့ လူတန်းစားမို့ မချစ်သင့်ဘူး ဆိုပါတော့ ဖေဖေရယ်"

မြမြတင် နော့သလိုလိုနှင့် ငေါ့လိုက်၏။

"တော်–သမီးတော်၊ ဒါအိမ်ထောင်ရေးကိစ္စ၊ ပစ္စည်းမဲ့တို့၊ မနုရှင်တို့၊ လက်ဝဲလက်ျာ စကားတွေ မသုံးနဲ့။ အိမ်ထောင်ရေးလောကတစ်ခုလုံး တော်လှန်ရေးတွေ ဖုံးသွားပါ့မယ်၊ ကိုင်း ဖေဖေ မေးမယ်၊ ခု သမီးရုပ်ရှင်ကြည့်ဖို့ သွားတဲ့အခါ ဂျစ်ကား၊ ဆလွန်းကား ကြိုက်တဲ့ကား စီးသွားရတယ်၊ ရုပ်ရှင်ရုံရောက်တော့လည်း အနည်းဆုံး သုံးကျပ်တန်းက ကြည့်ရတယ်နော်၊ အေး– အဲဒီလို ဘဝကနေပြီး အကျီဂုတ်ပြဲ လုံချည်ဖင်ပေါက်နဲ့ လမ်းလျှောက်သွားရပြီး တစ်ကျပ်တန်းကပဲ ကြည့်ရမယ်ဆိုရင် သမီး ဘယ်လိုနေမလဲ စဉ်းစားကြည့်စမ်း"

မြမြတင်မှာ ငိုင်ငိုင်ငေးငေးနှင့် လေးလေးနက်နက် တွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယော–ဟိုမှာကြည့်စမ်း၊ ဆိုက်ကားနင်းသွားတဲ့ သူငယ်ကို တွေ့တယ် မဟုတ်လား၊ သူ့ခမြာ မလွဲသာလို့ ဆိုက်ကားနင်းနေရတာ အမှန်ကတော့ ဒီအလုပ်ထက် သက်သာတဲ့ ဘတ်စ်ကားဒရိုင်ဘာလုပ်ချင်မှာပဲ၊ ဘတ်စ်ကားဒရိုင်ဘာကလည်း ကားရှင်ဖြစ်ချင်မှာပဲ၊ ကားရှင်ကလည်း တစ်စီးပိုင်ရာက ဆယ်စီးပိုင်ချင်မှာပဲ၊ ပစ္စည်းမဲ့ လူတန်းစားတွေအတွက် ဘဝသစ် ဖန်တီးနေပါတယ်ဆိုတဲ့ နိုင်ငံရေးသမားတွေတောင် ရာထူးဆိုတဲ့ အထက်တန်းကို လှမ်းနေကြတယ်။ အဲဒီတော့ လူမှန်ရင် ဘယ်သူမှ မြင့်ရာက နိမ့်ရာကို မဆင်းချင်ကြဘူး။ နိမ့်ရာက မြင့်ရာကိုသာ တက်ချင်ကြတယ်။ နည်းနည်းချမ်းသာရာက များများ ချမ်းသာမှုကို ရှေ့ရှုနေကြတယ်။ သမီးက ဘာ့ကြောင့် အိမ်ကြီးအိမ်ကောင်းပေါ်ကနေပြီး တဲအိုပျက်ထဲ ဆင်းချင်ရသလဲ"

မြမြတင်ကား မတုန်မလှုပ်နှင့် ငုံ့မြဲတိုင်း ငုံ့ငေးကာ နားကလေးစွင့်၍ အနင့်သားတွေးလျက် ရှိလေ၏။

"နောင်ခါလာ နောင်ခါချေးဆိုတဲ့ နေရာမှာ **ဆင်ကန်းတောတိုး နွားသိုးကြိုးပြတ်** ရူးရူးမိုက်မိုက် ချစ်တတ်တာလောက်မှားတာ ဘယ်ရှိတော့မလဲ သမီးရဲ့၊ အချစ်ဆိုတာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသေအလဲ ချစ်နေရုံနဲ့ မပြီးဘူး။ ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှု၊ အို–အများကြီး ကျယ်ဝန်းပါတယ် သမီးရယ်၊ ဒီလောက်ပြောရင် သမီးရိပ်မိရောပေါ့။ အေး သမီးတို့လို မိန်းကလေးများအဖို့ အိမ်ထောင်ဖက်ရွေးတဲ့နေရာမှာ တစ်ချက်မှားရင် တစ်သက်သွားရော၊ ခု သမီးမေတ္တာရှိနေတဲ့ သူငယ်ဟာ ဘာအလုပ်အကိုင်ရှိသလဲ၊ ခုမရှိတောင် နောင်လုပ်ကိုင်နိုင်မယ့် အရည်အချင်းကော ရှိရဲ့လား၊ သူ့ကိုယ်ကျင့်တရား ဘယ်လိုလဲ အများကြီး စဉ်းစားဖို့ လိုသနော်"





**"သူက သမီးကို ချစ်တယ်၊ အင်း ချစ်တယ်တဲ့လား၊ သူနဲ့ လင်မယားဖြစ်ရင် ပြီးရောဆိုတဲ့ အချစ်မျိုးနဲ့တော့ သူတောင်းစားကလည်း ချစ်တတ်ပါတယ် သမီးရယ်၊ တန်ဖိုးရှိတဲ့ အချစ်မျိုးကို ရွေးတတ်စမ်းပါ–ရွေးတတ်စမ်းပါ"**

လတ်လျား–လတ်လျားနှင့် မိဘလုပ်စာ ထိုင်စားနေသော (ပညာမရှိ–ပစ္စည်းမဲ့) လူငယ်လူချောတစ်ယောက်ကို မြမြတင် သဘောကျသလို ဖြစ်ခဲ့စဉ်က ဦးညိုမောင်သည် ဤလို အကြောင်းပြ၍ ဖျောင်းဖျောင်းဖျဖျ ဆုံးမခဲ့၏။ မြမြတင်မှာလည်း ဦးညိုမောင် ပြောသော စကားများသည် မိမိအဖို့ အဆိုးသော၊ အကျိုးသောဟု စောကြောတွက်ဆ ကျကျနန တွေးခဲ့၏။ လေးလေးနက်နက် စဉ်းစားခဲ့၏။ အမှားအမှန် ဝေဖန်တတ်မှုအခြေခံရှိပြီး သတိနှင့် သမ္ပဇဉ်ကို ဉာဏ်ယှဉ်၍ သုံးတတ်သော အလိမ္မာတုံးကလေး ဖြစ်သည့်အတိုင်း...

**"တူနှစ်ကိုယ် တဲအိုပျက်မှာနေ၊ ရွှေပုံပေါ်မှာစံရ၊ ချစ်တာ ချစ်တာ ပဓာန"**ဆိုသော သီချင်းသည် သမီးရည်းစားအဖြစ်နှင့် အကိုးအကားပြုရမည့် သီချင်းမဟုတ်၊ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာဖြင့် အိမ်ထောင်ကျခဲ့ပြီးနောက် အကြောင်းမသင့် အခွင့်မသာ၍ စီးပွားပျက်ပြုန်း လုလုံးမလှသောအခါတွင်သာ ကြည်နူးရမည့် သီချင်းဖြစ်သည်။

မြမြတင်သည် အမြင်မှန်ရစွာဖြင့် ဤသို့ သဘောပေါက်ခဲ့၏။ ယင်းသည် လိမ္မာမှုကြောင့်လည်း မြမြတင်သည် ယခုထက်တိုင် ယိမ်းယိုင်မှုကင်းကင်းဖြင့် သူ့စိတ်ကို တင်းထားနိုင်ခဲ့သည် မဟုတ် ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ပညာလည်းမခေ၊ ရုပ်ရည်လည်း သန့်ချောနှင့် သဘော ကောင်း ပစ္စည်းကြွယ် ဘယ်ဘက်ကမှ အပြစ်ဆိုဖွယ်ရာ မရှိသော ကိုတင့်မောင်အား "ချစ်တယ်"ဟု ဖွင့်ဟ ဝန်ခံခဲ့ရာ၌ "ယူပါ့မယ်" ဟူသော သဘောမျိုးမပါ၊ မိဘကလည်း ကြည်ဖြူ၊ သူကလည်း လူကောင်းတစ်ယောက်ဖြစ်သည်တွင် မိမိအချစ်ကိုလည်း ရိုးသားစွာ တောင်းနေသူဖြစ်သောကြောင့် ထို"ချစ်တယ်"ပြောရုံဖြင့် လက်မလွှတ် တန်ရာ ဟူသော ထင်မြင်ချက်ဖြင့် ပြောခဲ့သည်မှန်သော်လည်း မြမြတင်သည် ကိုတင့်မောင်အား နည်းနည်းတော့ ချစ်သည်သာ ဖြစ်လေသည်။

သို့သော်–အချစ်၏ ဆန်းကြယ်ရှုပ်ထွေးမှုကို အကွက်စေ့စေ့ သဘောပေါက်ခဲ့သည်နှင့်အမျှ အိမ်ထောင်ရေးကိုလည်း ကျော်တွေး စဉ်းစားလာ၏။ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးသာမက သားရေး၊ သမီးရေး၊ မညားမီ ရိုးသလောက် ညားပြီးမှ ဆိုးတတ် သော ယောက်ျားများ (အရက်၊ မယားငယ်) စသဖြင့် ချာချာ လည်အောင် အတွေးနယ်ကျယ်မိသော မြမြတင်သည် ကိုတင့်မောင် အား ချစ်ပင်ချစ်သော်လည်း မယူရဲသေး၊ လေးလေးနက်နက် အကဲခတ်လျက်ပင် ရှိ၏။

"ချစ်တယ်နော် မြ"

"မေးပြန်ပြီလား"

"တစ်ခွန်းတည်းဖြစ်ဖြစ် ပြောပါ မြရယ်၊ ကိုတင့်မောင် နားထောင်ချစ်လွန်းလို့ပါ"

"ကဲ ကဲ ချစ်ပါတယ်တဲ့ ရှင်–ချစ်ပါတယ်တဲ့"

မြမြတင်သည် ပြောပြောဆိုဆိုပင် မျက်စောင်းကလေး ချိတ်ပြီး ရိပ်ခနဲ ထသွားသောကြောင့် ကိုတင့်မောင် တစ်မျက်နှာလုံး အမြိန့်သားပြုံး၍ ပီတိတွေ ဖုံးသွားလေတော့၏။

❦





"သြော်–ကိုလှပို–လာထိုင်ချည် ဒါနဲ့ ဒီလပဒေသာ မဂ္ဂဇင်း အတော် နောက်ကျတယ်နော်၊ ထွက်ထွက်ချင်း ဝယ်ဖို့တော့ မမေ့ ပါနဲ့ ကိုလှပို၊ ရှမဝနဲ့ သွေးသောက်ကတော့ လဆန်းရင် ထွက်တာပဲ။ တာရာလည်း ခုတလော နောက်ကျပြန်ပြီ"

ကိုလှပို နေသားတကျ ထိုင်မိသည်အထိ မြမြတင်သည် ဤသို့ စကားဖောင်လျက်ရှိနေရာမှ တစ်စုံတစ်ရာ တွေးမိသကဲ့သို့ ကိုလှလိုအား ငေးကြည့်နေလေ၏။ ကိုလှပိုလည်း ဘာမျှ စကား မစသေးဘဲ ပုခုံးစွန်းနှစ်ဖက်တွင် တင်နေသော မိုးဖွဲရေဥကလေးများ ကို လက်ဖြင့် ပုတ်ခါနေခိုက်–

"လာတဲ့ကိစ္စက အသင်းအတွက် ထွေထွေထူးထူး ပြောစရာ ရှိလို့ပဲ ထင်တယ်။ ဟုတ်လား ကိုလှပို"

"မဟုတ်ပါဘူး မြမြတင်၊ ခုလာတာ ကိုယ်ရေးကိုယ်တာ အတွက်ပါပဲ။ အချစ်ကိစ္စနဲ့ ပတ်သက်လို့ ပွင့်ပွင့်လင်းလင်း ဆွေး နွေးခွင့် ပြုမယ်ဆိုရင်တော့ မေးချင်ပြောချင်တာကလေးရှိလို့"

တုန့်လှုပ်ခြင်းမရှိ၊ ပကတိ ပီသသော အသံဖြင့် ဟန်မပျက် ပြောလိုက်သော ကိုလှပို၏ စကားကို ကြားလိုက်ရသည်တွင် ဤမှာဘက်၌ တည်ငြိမ်မှုကျင့်သားရပြီး ဖြစ်သော မြမြတင်သည်ပင် လျှင် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။ မြမြတင်သည် သူတွေ့ခဲ့ရသမျှသော ကိုတင့်မောင်အပါအဝင် ယောက်ျားဟူသမျှကို စကားဥက္ကာန္ဒြေအထွေထွေသော ဂုဏ်ပုဒ်ဖြင့် မတုန်မလှုပ် အနိုင်ယူခဲ့ လေသည်သာ ဖြစ်သော်လည်း ယခုကဲ့သို့ နိဒါန်းမဆွယ် သွယ်ဝိုက် ခြင်းမရှိ တိတိကျကျ ပြောလိုက်သော ကိုလှပိုကိုမူ ဝါဒတူချင်း ဖြစ်သောကြောင့်လားမသိ သူ မလေးစားဘဲ မနေနိုင် အငိုက်သား ကြည့်နေမိရာမှ . . .

www.burmeseclassic.com

"ဒါ မဆန်းပါဘူး ကိုလှပို မိသားဖသားပိပိ ဆွေးနွေးတာမျိုး သာဖြင့် ခွင့်ပြုဖို့ အသင့်ပါပဲ"

မိမိနှင့် မျက်နှာချင်းဆိုင်မိသော ယောကျ်ားဟူသမျှ ရှက်ကိုး ရှက်ကန်းနှင့် ဗရမ်းဗတာ တုန်လှုပ်နေကြသည်သာ မြင်ခဲ့ရဖူးသူ မြမြတင်သည် ထမင်းမြိန်မြိန် စားပြီး ရေခဲရေတစ်ခွက် သောက်နေသကဲ့သို့ အေးစက်စက်နိုင်လှသော ကိုလှပိုကို မြင်ရသည်၌ မြမြတင်မှာ မသိမသာအားဖြင့် ရှုံ့တုန့်သွားသည်သာ ဖြစ်လေ၏။

"မြမြတင်ကို ပေးခဲ့ဖူးတဲ့ စာတစ်စောင်နှင့် ပတ်သက်ပြီး မြမြတင်ရဲ့ သဘောထားကို သိချင်လို့ပါပဲ"

ပညာရှိချင်း ဆွေးနွေးရာ၌ လေးလေးနက်နက် စဉ်းစားပြောရမည်ဟု သဘောပေါက်နေ၍လားမသိ၊ မြမြတင်သည် အတန်ကြာ တွေနေပြီးမှ...

"သြော် သြော် လွန်ခဲ့တဲ့ ၅-လ လောက်က ပေးတဲ့ စာ ထင်ပါရဲ့၊ နို့ဒီလောက်ကြာတဲ့အထိ ကျွန်မဆီက ဘာမှ အကြောင်း မပြန်တာကိုထောက်ပြီး စဉ်းစားတတ်ရင် ဒီပြဿနာဟာ မေးနေဖို့ကို မလိုဘူးလို့ ထင်တာပဲ"

"အဲသလို ကျွန်တော် တစ်ဖက်သတ်ထင်လိုက်ရင် မှားသွားမှာပေါ့ မြမြတင်၊ ဗဟုသုတပြည့်ဝနေတဲ့ ခေတ်ပညာတတ် အမျိုးသမီး တစ်ဦးဟာ ယောကျ်ားတစ်ယောက်ဆီက စာတစ်စောင် ထဲ ရရုံနဲ့မေတ္တာရှိတယ်တဲ့ ထားဦးတော့ အကြောင်းပြန်ဖို့ဟာ သိပ်မလွယ်လှဘူးလို့ ကျွန်တော် နားလည်သပေါ့၊ ကျွန်တော် ကလည်း ပထမ စာတစ်စောင်ပေးပြီး နောက်တစ်လလောက် အကြာမှာ တစ်စောင် ထပ်ရေးဖို့ စိတ်တော့အကူးသား၊ ဒါပေမယ်..."

"အလုပ်တွေများပြီး မအားမလပ်ဖြစ်နေလို့လား"

မြမြတင်သည် ဤသို့ မေးရင်း စူးစူးစိုက်စိုက်ကြည့်၍ လေးလေးနက်နက် အကဲကတ်လျက် ရှိ၏။





"စာတစ်စောင် ရေးတာ နာရီဝက်ထက် ပိုပြီး မကြာပါဘူး မြမြတင်... မရေးဖြစ်တာကတော့ ကိုယ့်အခြေအနေက သိပ်မဟန်သေးတာနဲ့ မှန်တာပြောရရင် ဟိုစာထဲရေးလိုက်သလို မြမြတင်ရဲ့ အရည်အချင်းတွေကို ကျွန်တော် အင်မတန်ပဲ သဘော ကျပါတယ်၊ လေးလည်း လေးစားပါတယ်၊ တကယ်လည်း ချစ်ပါတယ်။ ဒါပေမယ့် အဆင့်အတန်းချင်းက မယှဉ်သာအောင် ကွာခြားနေတော့"

ကိုလှပိုသည် စကားကို ရှေ့မဆက်သေးဘဲ ရုတ်တရက် နားသွားသောကြောင့် မြမြတင်သည် ကြည်ကြည်ချိုချို ပြုံးလိုက်ပြီး...

"အဆင့်အတန်းချင်း တူတော့ကော ကျွန်မက မေတ္တာမျှလိမ့်မယ်လို့ ထင်နေသလား"

"ဒါကတော့ မြမြတင် စဉ်းစားရမယ့် အလုပ်ပါ၊ ဘာပဲ ဖြစ်ဖြစ် အဆင့်တူ အတန်းမခြားရင် ကျွန်တော့်အဖို့ ပြောအား ရှိတာပေါ့၊ ခု အခြေအနေနဲ့ဆိုတော့ ကျွန်တော့်အဖြစ်ဟာ ထမင်းကျန် ဟင်းကျန် တောင်းနေရတဲ့ သူတောင်းစားနဲ့ ဘာမှ မထူးတော့ဘူး"

မြမြတင်သည် ထိုစကားအတွက် နှစ်နှစ်သက်သက် ပြုံးလိုက်၏။

"နည်းနည်း သတိထားပြီး စကားပြောရင် ကောင်းမယ် ကိုလှပို၊ ပိုက်ဆံမရှိလို့ တောင်းစားတာ၊ ပိုက်ဆံရှိရင် ဝယ်စားမယ်၊ ဒီလိုလား၊ အဓိပ္ပါယ်က ကျွန်မကို ရွှေ-ငွေ ပစ္စည်း ဂုဏ်အဆင့် အတန်းနဲ့ ပေးဝယ်မယ်ဆိုတဲ့ သဘောမျိုးပေါ့"

"အဲဒီလိုပဲ သဘောထားတယ်ဆိုရင် ကျွန်တော် မှားမလား (အချစ်သဘော)ကိုတော့ ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကိုယ်ကျင့်တရား၊ ပညာအရည်အချင်း၊ ဂုဏ်ဆိုတာတွေကောလည်း၊

www.burmeseclassic.com

www.burmeseclassic.com

သူ့နေရာနဲ့သူ အိမ်ထောင်ရေးမှာ လိုလားအပ်တယ်လို့ ကျွန်တော် ယူဆတာကတစ်ကြောင်း၊ နောက်ပြီးတော့"

"ဘာလဲ ရှင် ကျွန်မကို ပစ္စည်းတွေ-ဂုဏ်တွေ မက်တဲ့ အနေမျိုး စွပ်စွဲနေသလား ကိုလှပို"

"ဒါတော့ ထင်ချင်သလို ထင်နိုင်ပါတယ် မြမြတင်၊ မိန်းမဆိုတာမျိုးဟာ စိတ်နဲ့ အခန့်မသင့်ရင် (အမဲရိုးက ဟင်းအိုးမှ အားမနာ)လို့လည်းပြောတတ်ရဲ့ (လူကိုချစ်တာပါ၊ ငွေကို ချစ်တာ မဟုတ်ပါဘူး)လို့လည်း ပြောတတ်ရဲ့၊ ဒီတော့ မခက်ဘူးလား"

မြမြတင်သည် အပွဲပွဲတွင် နွှဲခဲ့သမျှ ညပွဲတွင် ရှော်သွားလေပြီလော။ အပြိုင်အဆင် တောက်လျှောက်ကြီး နိုင်ခဲ့သမျှ ယခု ယိုင်စ,ပြုနေလေပြီ။ အဘယ်စကားနှင့် ချေရမည်ပင် စဉ်းစား၍ မပေါ် အတော်ကလေး ခေါင်းရှုပ်နေရှာ၏။

"စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က ဝမ်းထဲရှိတာကို မြုံမထားတတ်ဘူး၊ ကျွန်တော်ကလည်း လူတစ်မျိုးပဲ၊ မိန်းမတစ်ယောက်ရဲ့ အချစ်ကို တောင်းနေတဲ့နေရာမှာ (မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား)ဆိုတဲ့ လေသံနဲ့လည်း မတောင်းချင်ဘူး၊ ဖွဲ့နွဲ့ပလီခရာ တီတီတာတာလည်း ချွဲမနေချင်ဘူး"

"ဒါဖြင့် ကားနဲ့ အတင်းဆွဲတင်ပေါ့"

"ခွေးတွေတောင် ဒီလောက် မသောင်းကျန်းပါဘူး"

မြမြတင်သည် ထိုစကားအတွက် အားတက်သလို ပြုံးလိုက်၏။

"အချစ်ဆိုတာမှာ မျက်စိမရှိဘူးတဲ့"

"ဘာပြောတယ် အချစ်မှာ မျက်စိမရှိဘူး ဟုတ်စ"

"သည်းခံပါ မြမြတင် ကျွန်တော့်စကား ဆုံးအောင် နားထောင်ဦးမှပေါ့၊ အချစ်အကြောင်း ဘာမှ မသိသေးတဲ့ လူငယ်တိုင်း အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ စကားကို အဟုတ်ကြီး ထင်နေကြ

ပတ္တမြားငမောက်စာပေ



တယ်။ ဒါ မှားတာပေါ့၊ အချစ်မှာ မျက်စိရှိရမယ်၊ ရှိလည်း ရှိတယ်။ ဒါကြောင့် ကျွန်တော် မြမြတင်ကို အချစ်မျက်စိနဲ့ ကြည့်တယ်၊ ဣန္ဒြေသိက္ခာကိုယ်ကျင့်တရား ပီရိလိမ္မာမှု၊ ဒါတွေကို ကျေနပ်လောက်အောင် တွေ့ရတယ်။ ဒါကြောင့် ကျွန်တော် ချစ်တယ်၊ မြမြတင်ကလည်း ပြန်ကြည့်ပါ၊ သူနဲ့ ငါ ညားရင် ပြီးရောဆိုတဲ့ စိတ်နဲ့ မျက်လုံးကို မှိတ်မကြည့်ပါနဲ့၊ ရာသက်ပန်ကို ရှေ့ရှုတဲ့ တကယ့် အချစ်မျက်စိနဲ့ ကြည့်ပါ၊ ဝေဖန်ပါ။ အကဲခတ်သုံးသပ်ပါ။ ဒါ မြမြတင်ကို ကျွန်တော် တကယ်ချစ်လို့ သတိပေးနေတာပဲ၊ မြမြတင်ကလည်း ကျွန်တော့်ကို တကယ်ချစ်ရင် တကယ့်အချစ်မျက်စိနဲ့ ကြည့်ပါ"

"သြော် သြော် ကျွန်မက ရှင့်ကို တကယ်ချစ်ရင်တဲ့ ဟဲဟဲ" မြမြတင်သည် ပြောင်သလို ချော်သလိုဖြင့် ကိုလှပို၏ စကားကို သရော်လိုက်သောကြောင့်...

"ဒါ ရယ်စရာမဟုတ်ဘူး မြမြတင်၊ ခု ဆွေးနွေးတာဟာ အိမ်ထောင်ရေး ကိစ္စပါလားရယ်လို့ လေးစားဖို့ သင့်တယ်၊ ဒါ တော်တော် ကလေးကလားနိုင်တဲ့ အပြုအမူဘဲ။ တကယ့် တကယ်ကတော့ ဘယ်သူနစ်နာမလဲ"

ကိုလှပိုသည် ထိုသို့သော မြမြတင်၏ လှောင်သရော်မှုအတွက် အတော်ကလေး စိတ်ခုသွားဟန်တူ၏။ တစ်မူပြောင်းသွားသော သူ့ရုပ်လက္ခဏာမှာလည်း နမသည်အား စိတ်ဆိုးသွားသည့် အစ်ကိုကြီးကဲ့သို့သော အသွင်ကို ဆောင်နေလေ၏။ မြမြတင်မှာလည်း တည်တည်မှန်မှန်နှင့် မဟုတ်မခံစိတ်ရှိသော ကိုလှပို၏ အမူအရာကို မြင်ရသည်နှင့် မိမိပြုမိသော မလေးမခန့်မှုအတွက် အတော်ကလေး ရှက်သလိုဖြစ်သွား၏။ မိမိ၏ လှောင်သရော်မှုကို ယောကျ်ားတိုင်း ခံသွားရသည်သာ ဖြစ်သော်လည်း ကိုလှပိုကား ယောကျ်ားတိုင်းထဲက မဟုတ်ကြောင်း ရိပ်မိလာ၏။ ရှိသေလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ် ကိုလှပို ဟုတ်တယ်၊ ကျွန်မ မှားသွားတယ်"

"အင်း ဒါလည်း ကျွန်တော် လိုလာတဲ့ အရည်အချင်းတစ်ရပ်ပေါ့၊ ဒါနဲ့ မေးပါရစေ မြမြတင်၊ ကျွန်တော့်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ မသိရဘူးလား"

မြမြတင် ငိုင်သွား၏၊ တွေသွား၏၊ ဝေနေသော မျက်လုံးများမှာလည်း ရေတပေါက်ပေါက် ကျနေသော တံစက်မြိတ်ဆီတွင်သာ စူးစိုက်လျက် ရှိလေ၏။ ထိုမေးခွန်းကို ဖြေရမည်မှာ မြမြတင်အဖို့ လွယ်ကူလှသည် မဟုတ်ပေ။

ချစ်ချင်သူ တစ်ပုံတစ်ခေါင်းနှင့် စာပေါင်းများစွာ ရခဲ့သည့်အထဲမှ ကိုလှပို၏ စာကို ဖတ်လိုက်ရသည်တွင် မြမြတင်မှာ တုန်လှုပ်ချောင်ချား၍ ဗရမ်းဗတာ မှားမိတော့မလောက် အချစ်စိတ်ကလေး ဖောက်လာခဲ့၏။ သူ့ဘို့ ကိုယ့်ဘက် ရက်ရက်ရောရော စေတနာတွေ ဒလဟောသွန်ကာ မွန်မြတ်သော ယောကျ်ားကောင်းတစ်ယောက်ပီပီ၊ မှုမှုတတ ရေးလိုက်သော ကိုလှပိုအား မြမြတင် ချစ်မိသည်၊ သနားမိသည်။ မေတ္တာကရုဏာတွေပါ ပိုမိသည်မှန်သော်လည်း တော်မတော်, သင့်မသင့်ကို တစ်ဖက်ချင့်ရသေး၏။

"ကမ္ဘာပေါ်မှာရှိတဲ့ လူမှန်သမျှတွေဟာ နိမ့်ရာက မြင့်ရာကိုသာ ရှေ့ရှုချီတက်နေကြတယ်။ သမီးကတော့ ဘာကြောင့် အိမ်ကြီးအိမ်ကောင်းပေါ်ကနေပြီး တဲအိုပျက်ထဲကို ဆင်းချင်ရသလဲ"

အချစ်ဆိုသည်မှာ မိန်းမနှင့်ယောကျ်ား လင်မယားဖြစ်ခြင်းဟူ၍သာ သဘောထားခဲ့သော မြမြတင်သည် ဦးညိုမောင်၏ သွန်သင်ဆုံးမချက်အရ အချစ်ဆိုသည်မှာ (ကြောက်မက်ဖွယ်ရာ တာဝန်ကြီးလေးလှသော အိမ်ထောင်ရေး)ဟု သဘောပေါက်နားလည်လာရုံသာမက အထက်ပါ ဦးညိုမောင်၏ စကားအရ





ဆိုလျှင်လည်း မြမြတင်သည် ကိုလှပိုအားယူခြင်းအားဖြင့် အိမ်ကြီးအိမ်ကောင်းပေါ်မှ တဲအိုပျက်ထဲသို့ ဆင်းရာ ရောက်နေပြန်တော့မည်။

မြမြတင်သည် အချစ်နှင့်ပတ်သက်၍ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် ရှိသည်မှန်၏။ သို့သော် ကိုယ်ကလည်း နှစ်သက်၊ တစ်ဖက်ကလည်း မေတ္တာမျှ၊ မိဘကလည်း ကြည်ဖြူဆိုလျှင် ပို၍မကောင်းပါလော။ မြမြတင်သည် လိမ္မာသော သမီးပီပီ ဤအတိုင်းတွေးမိ၏။ အမျိုးမျိုးအဖက်ဖက်မှ လှည့်ထွက်စဉ်းစား၍ မမှားအောင် ထောက်ရှုရာ၌ ထွက်လာသော သူ့အဖြေမှာ—

"ဟာ ငါအခုနေရတဲ့ အခြေအနေမျိုးနဲ့ ကိုလှပို ထားနိုင်မှာလည်း မဟုတ်ပါဘူး"

ကိုလှပိုဆီသို့ မသိမသာ ယိမ်းနေသော သူ့စိတ်ကလေးကို ဤလို ရေရွတ်မြည်တမ်းရင်း တဖြည်းဖြည်းရုပ်သိမ်းခဲ့၏။ ကိုလှပိုသည်လည်း ထိုစာတစ်စောင် ပေးပြီးသည့်နောက် ငါးလလောက်ကြာသည်အထိ စာရေးခြင်း မရှိခဲ့သောကြောင့် မြမြတင်မှာ ကိုလှပို၏ အချစ်ကိစ္စနှင့် ပတ်သက်၍ လုံးလုံးလျားလျား မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့ကာ မိဘကလည်းကြည်ဖြူ၊ သူကိုယ်တိုင်ကလည်း မသိမသာ ချစ်နေခဲ့သည်သာ ဖြစ်သော ကိုတင့်မောင်အပေါ်တွင်သာ ကြည်နူးနှစ်သိမ့် အမြဲနိုးသားမေတ္တာဝေလျက်ရှိလေ၏။

ယခုတစ်ဖန် မျက်နှာချင်းဆိုင် စကားတွေ လှိုင်ရပြန်သောအခါ ကိုလှပိုသည် ချော့၍လည်းမပြော၊ နော့၍လည်း မမြှောက်၊ ချောက်၍လည်းမရ၊ တိကျရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောထုတ်သည့် မဟုတ်မခံ အမှန်သမားတစ်ယောက်ဖြစ်သည်ကို သိရသည့်အခါ မြမြတင် ကြည်ညိုလာ၏။

"ဒါ အားနာနေရမယ့် ကိစ္စမဟုတ်ဘူး မြမြတင် [illegible] ဝတ်နေရမယ့် အကျီအဖိုးတန်ကို အသိမို့လို့ အားနာတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အချုပ် အပ်လိုက်ရတယ်ဆိုတာ အဓိပ္ပါယ်မရှိဘူး၊ အဲဒီအကျိုးပုံပန်းမကျသည်နဲ့အမျှ ဝတ်တိုင်းဝတ်တိုင်း စိတ်ညစ်ရမယ် မဟုတ်လား၊ အဲသလိုပဲ သဘောထားပြီး ပြောပါ။ ကျွန်တော်နဲ့ ဖြစ်နိုင်၊မဖြစ်နိုင် ဆိုတာ သိရရင် ကျေနပ်လှပါပြီ မြမြတင်"

"ဒီမှာ ကိုလှပို ရှင်ပြောတဲ့စကားတွေကို သေသေချာချာ စဉ်းစားကြည့်တော့ ရှင်ဟာ မိန်းမတစ်ယောက်ရဲ့ အချစ်ကို မျက်ရည်နဲ့လည်း မတောင်းဘူး၊ ဒူးထောက်ပြီးတော့လည်း မတောင်း၊ လူမပီသတဲ့ ကားတင်တာမျိုးလည်း မလိုလားဘူးဆိုတော့ ကျွန်မရဲ့ အချစ်ကို ရှင်ဘယ်လိုနည်းနဲ့ တောင်းဖို့ ရည်ရွယ်သလဲ"

"ခွေးပါးစပ်က နတ်စကားထွက်တယ်လို့ ပြောချင်ပြော၊ မိန်းမတစ်ယောက်ရဲ့ အချစ်ကို တောင်းတဲ့ နေရာမှာ (ဒါ ဘယ်လောက်လဲ)လို့ မေးပြီး တန်ရာတန်ဖိုးသာ ပေးဝယ်လိုက်ချင်တာပဲ"

မြမြတင် မျက်နှာတစ်ခုလုံး ရက်သွေးတွေဖြင့် ဖုံးသွားတော့၏။ ဒေါသလည်းထွက် လက်တွေလည်းထုံ၊ အသံကလေး တုန်ဟုန်ဖြင့်–

"ရှင်ဟာ လူတစ်ယောက်ဖြစ်တဲ့အတွက် လူလိုစကားပြောရင် ကောင်းမယ်ထင်တယ် ကိုလှပို"

"သည်းခံပါ မြမြတင်၊ ကျွန်တော် ရှင်းပြပါ့မယ်၊ မှားမယ်ဆိုရင် ပါးထ,ချ၊ ကျွန်တော် ခံဖို့အသင့်၊ အင်း လူတွေဟာ တော်တော် ခက်တာပဲနော်၊ ပစ္စည်းမဲ့ ကျောင်းသားတစ်ယောက်က သူဌေးသမီးကို ချစ်ပါရစေ အသနားခံတော့ (ဒါ မာတက်ခေတ် မဟုတ်ဘူး)လို့ ဆိုချင်ကြပြီး၊ အဲဒီကျောင်းသားကပဲ လုံ့လဝီရိယ အကျိုးကြောင့် တိုးတက်ကြီးပွားလို့ သူဌေးသမီးကို လိုချင်ပါတယ်၊ ငွေဘယ်လောက် တင်တောင်းရမလဲ မေးပြန်တော့လဲ (သူတောင်းစားက ထမင်းဝ,လို့) ဘာညာနဲ့ ပြောကြဦးမယ်၊ ကဲ မခက်ဘူးလား မြမြတင်"





မြမြတင်မှာ ခေါင်းကလေးငုံ့၍ မလှုပ်မယှက် ငိုင်နေရာမှ မျက်နှာကိုဖော် မော်မော်ကလေးကြည့်ရာမှ ဤတစ်ချီ အပြုံးတ်နှံ့တော့မည်ကဲ့သို့–

"ဒီမှာ ကိုလှပို၊ ရှင်က ကျွန်မကို ငွေဘယ်လောက်များ တင်တောင်းနိုင်မှာမို့ ခုလို ကြီးကြီးကျယ်ကျယ် ပြောနေတာလဲဟင်"

ကိုလှပိုသည် ကိုင်းထားသော ကိုယ်ကို နောက်သို့ လှန်လျက် လက်နှစ်ဖက်ကို ကျကျနနပိုက်လိုက်ပြီးမှ–

"ဒါတော့ တန်ဖိုးဆိုတာ ရောင်းသူက စ,ဆိုရိုးထုံးစံပါ မြမြတင်၊ ပထမ အရေးကြီးတာက ရောင်းမယ်၊ မရောင်းဘူးဆိုတာပါပဲ"

ထိုစကားကို ကြားလိုက်ရသည်နှင့် မြမြတင်သည် မျက်နှာကို မော့ရင်ကိုကော့ကာ ခပ်ကြော့ကြော့ အမူအရာဖြင့်–

"ခပ်ရှင်းရှင်း ပြောရရင် ကျွန်မကို ချစ်ရေးမြွန်လာတဲ့ လူတိုင်းကို တန်ရာတန်ဖိုး ပေးဝယ်မလား ဘာလား၊ ညာလားနဲ့ ခါးခါးသီးသီး ပြောလွှတ်ခဲ့ဖူးတယ်၊ ဒါကို ရှင်တစ်ဆင့်ကြားပြီး ခု စကားမျိုးနဲ့ ချိုးလိုက်တာပေါ့လေ၊ ဒီလို ဘာရမလဲ ကိုလှပို"

ကိုလှပိုသည် နောက်လှန်မှီနေရာမှ ရှေ့သို့ ကုန်းလိုက်ပြီး–

"ဒါက မြမြတင် ထင်တာဖြစ်မှာပေါ့၊ ဒီလို ကိုယ်နဲ့မဆိုင်တဲ့ အကြောင်းအရာ စကားတွေ စုံစမ်းရအောင်ဟာ ကျွန်တော် ဒီလောက်ယဉ်ကျေးမှု မခေါင်းပါးသေးပါဘူး မြမြတင်၊ အမှန်ကတော့ ကျွန်တော် ကိုယ်ချင်းစာပြီး ပြောလိုက်တာပါပဲ။ တကယ်လို့ ကျွန်တော်သာ သူဌေးသား ပညာတတ် တစ်ယောက် ဖြစ်နေခဲ့ရင် ပဲပြုတ်သည်ကို ယူဖို့ဆိုတာ စဉ်းစားချင်မှ စဉ်းစားမယ်၊ ပဲပြုတ်သည်က ချောလို့ လှလို့ချစ်လို့ ယူသည့်တိုင် အောင် အပျော်လောက်ပဲ သဘောထားချင်ထားမိမယ်။ (ဒါက ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ လက်ရှိသူဌေးသားတွေကို ကြည့်ပြီး ပြောတာနော်) အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



မြမြတင်ဟာလည်း ကျွန်တော့်လို မုန့် ဟင်းခါးသည် တစ်ယောက်ကို လင်လုပ်ဖို့ဆိုတာ စိတ်ကူးချင်မှ စိတ်ကူးမိမယ်၊ နို့အဲသလို ကိစ္စတွေဟာ ဘယ်အပေါ်မှာ အကြောင်းခံနေတာပါလိမ့်လို့ စဉ်းစား လိုက်တော့ ရွှေ ငွေ ပစ္စည်း၊ ရာထူးဂုဏ်ဆိုတာတွေ အဖြေထွက် လာတယ်"

မြမြတင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ရုတ်တရက် မော်ကြည့်လိုက်ပြီးမှ—

"ရှင် ကျွန်မရဲ့ သမာဓိကို စော်ကားနေသလား ကိုလှပို"

"သည်းခံပါ မြမြတင်၊ စကားကို ဆုံးအောင် နားထောင်ပါဦး၊ ခုနပြောတဲ့ ပစ္စည်း၊ ဂုဏ်၊ ရာထူး၊ ပညာ၊ အရည်အချင်းဆိုတာတွေ ကို မြမြတင်တို့သာ မဟုတ်ဘူး၊ လူတိုင်းမက်ကြတာပဲ၊ (ဓနရှင်ဝါဒ– ပျက်စီးပါစေ)လို့ အာပေါက်မတတ် အော်ခဲ့တဲ့ နိုင်ငံရေးသမားတွေ တောင် ဓနရှင်နဲ့ ဆင်းရဲသား အစည်းအဝေးခန်းထဲ အတူတူယှဉ်ပြီး ဝင်သွားတဲ့အခါ ဓနရှင်ကိုသာ ပျူပျူငှာငှာနဲ့ ကုလားထိုင်အရင် ထိုးပေးကြတာပဲ၊ ဒါပေမယ့် လူတွေဟာ ဘယ်သူဖြစ်ဖြစ် ငွေမက် သလား မေးတော့ ဒေါပွတယ်၊ နေ့စဉ်နှင့်အမျှ တကုန်းကုန်း တကုတ်ကုတ် လုပ်နေကြတာ ငွေအတွက် မဟုတ်ဘူးလား၊ ဒါကြောင့် ငွေဆိုတာ မက်သင့်တယ်၊ ချစ်သင့်တယ်၊ ချွေတာ သင့်တယ်။ မြန်မာတွေ ငွေမချစ်တတ်၊ မချွေတာတတ်လို့ အရေးရယ် အကြောင်းရယ် ဆိုရင် ဟိုလက်ဖြန့်ရ၊ ဒီလက်ဖြန့်ရနဲ့ အေး ငွေမက်တဲ့ နေရာမှာ "တရားမျှတမှု"ကလည်း အရေးကြီးသပေါ့"

မြမြတင်မှာ ငိုင်ရင်း ငေးရင်း တွေးရင်းဖြင့်သာ ငြိမ်နေရှာ၏။

"ခု မြမြတင် ကျွန်တော် ပြောနေတာက ငွေမက်တာ၊ မမက်တာနဲ့ မဆိုင်ဘူး၊ တန်ရာတန်ဖိုး[illegible] ဆိုင်တယ်၊ ပစ္စည်း တစ်ခုကို နှစ်သက်မိပြီဆိုရင် ဘယ်လော[illegible] ပေးရ, ပေးရ ဝယ်မှာ ပဲ၊ မဝယ်နိုင်ရင် ဝယ်နိုင်အောင် ကြိုးစားမယ်၊ အချောင်ရတဲ့နည်း





နဲ့တော့ မယူဘူး၊ ရောင်းနိုင်, မရောင်းနိုင်ဆိုတာ သိချင်လို့ လာမေးတာပဲ၊ ဒါပေမယ့် စဉ်းစားဦးလေနော်၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို ထ,သွားသော ကိုလှပို၏ ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သော မြမြတင်၏ အမူအရာမှာ ဝမ်းနည်း ဝမ်းသာ ဘာဟူ၍ အကဲခတ်မရနိုင်အောင် ထူးခြားနေလေ၏။

❦

တစ်နေ့သော နံနက် ၈–နာရီခန့်အချိန် မြမြတင်သည် ညှော်ခန်းတွင် ထိုင်ရင်း သတင်းစာကို တစ်ရွက်ချင်းလှန်၍ ဖတ်ခဲ့ရာမှ ကြော်ငြာပိုင်းသို့ ရောက်သည်တွင် ထူးထူးခြားခြားနှင့် ထင်ရှားစွာ ပေါ်လွင်နေသော ခေါင်းစဉ်တစ်ခုကို တွေ့လိုက်ရသည်နှင့် စိတ်ဝင် စားစွာ ဆက်လက်ဖတ်ရှုလိုက်သည်တွင်

မှုးရွှေလက်တင်

အိစက်ညက်ညောသော ပဲမွေ့ရာပေါ်ဝယ် လက်ပေါ် နဖူးတင်၍လည်းကောင်း၊ နဖူးပေါ်လက်တင်၍ လည်းကောင်း မည်မျှကြာအောင် စဉ်းစား သည်ဖြစ်စေ၊ ပူသော–အေးသော–ဆိမ့်သော–ချိုသော ထိုထိုအရသာ သည် လက်တွေ့ အားဖြင့် ပေါ်လာမည် မဟုတ်ပါ။

မည်မျှအရသာရှိ၍ မည်မျှ ဆိမ့်ပြီး မည်မျှ ကောင်း သည်ကိုလက်တွေ့ကိုယ်တွေ့ ယနေ့ကြွရောက် သုံးဆောင် ကြည့်ပါ။ ကောင်းမွန် သန့်ရှင်းမှုကြောင့် လူမျိုးခြားများပင် လက်ဖျားတခါခါဖြင့် လာရောက်အားပေးနေကြပါပြီ—

ခိန်တစ်ပွင့်–မုန့်ဟင်းခါးဆိုင်
ရေကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထိပ်

www.burmeseclassic.com

www.burmeseclassic.com



မြမြတင်သည် ကြည်ကြည်လင်လင်ကလေး ပြုံး၍ သုံးလေးကြိမ်ဖတ်မိသည်အထိ စိတ်ဝင်စားနေမိတော့ကာ အင်္ဂလိပ်သတင်းစာကို ကိုင်၍ မျက်နှာချင်းဆိုင် ထိုင်နေသော ကိုတင့်မောင်အား လှမ်းကြည့်လိုက်ပြီး...

"ကိုတင့်မောင် ဟောဒါ ဖတ်ကြည့်စမ်း"

မြမြတင် ဤသို့ ပြောဆို လှမ်းပေးလိုက်သော သတင်းစာကို ဆွဲယူဖတ်ရှုပြီးဆုံးသွားသည်နှင့် ကိုတင့်မောင်သည် မြမြတင်အား "အဲဒါ ဘာဖြစ်သလဲ"ဟူသော မျက်နှာမျိုးဖြင့် ကြည့်နေလေ၏။

"ဘယ့်နှယ့်လဲ ကိုတင့်မောင်၊ ခေတ်မမီဘူးလား၊ ကြော်ငြာပုံကလေးက ငြိတယ်နော်"

"မဆန်းပါဘူး မြရယ်၊ ရောင်းကောင်းအောင်တော့ ဒီလိုကြော်ငြာရတာပဲ၊ ကြော်ငြာကောင်းတိုင်း ပစ္စည်းကောင်းတာ မဟုတ်ပါဘူး"

"ရှင် ဘာတွေ လျှောက်ပြောနေသလဲ ကိုတင့်မောင်၊ ကျွန်မက ကြော်ငြာပုံ ခေတ်မီ–မမီပြောနေတာ။ နို့ ဟိုတလောက ကျွန်မတို့ ပေါင်ဒါ ဝယ်လာတုန်းကတော့ သတင်းစာထဲ ကြော်ငြာတွေ့လို့ ဝယ်လာတာဆို"

မြမြတင်သည် ကိုတင့်မောင်ဖြေပုံကို မကျေနပ်သကဲ့သို့ အောက်ဆတ်ဆတ် ပြန်ပြောလိုက်ပြီးမှ ရုတ်တရက် ထ,ရပ်ကာ အောက်ထပ်သို့ ဆင်းသွားလေ၏။

"ဒီကြော်ငြာ ဖတ်ကြည့်စမ်းပါ ဖေဖေ"

လက်နှစ်ဖက် နောက်ပစ်၍ ထိုမှ ဤသို့ ခေါက်တုံ့ခေါက်ပြန် ခပ်မှန်မှန် လျှောက်နေသော ဦးညိုမောင်သည် မြမြတင် ဤသို့ ပြောရင်း လှမ်းပေးလိုက်သော သတင်းစာကို ဆွဲယူဖတ်ရှုလိုက်ပြီးမှ...





"ဒီ သူငယ် တယ်ဟုတ်ပါလားဟေ့၊ အလုပ်နဲ့ အပြောတစ်သဘောတည်း တစ်ထပ်တည်း ညီတဲ့ သူငယ်၊ အင်း ဒီအတိုင်းသာဆိုရင် ကြီးပွားဦးမပေါ့ကွယ်၊ ကဲ သမီးရေ ညကျရင် သူတို့ဆိုင်ဘက် လျှောက်ချည်ရအောင်နော်"

ဦးညိုမောင်သည် ပြောပြောဆိုဆိုပင် သတင်းစာကို ပြန်မပေးတော့ဘဲ ကုလားထိုင်တွင် ထိုင်၍ ဖတ်နေသောကြောင့် မြမြတင်လည်း အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

"မြ ခုန ကိုတင့်မောင် ပြောတာ စိတ်ဆိုးသလားဟင်"

"ဆိုးတာပေါ့"

မြမြတင်သည် မျက်စောင်းကလေးချိ၍ ချစ်ရည်လည်နေသော မျက်လုံးကလေးဖြင့် ကြည့်ကာ မထိတထိ ပြောလိုက်သည်ကို–

"သြော် သြော်...ကိုလှပိုထိရင် မချိအောင် နာလိမ့်မယ်လို့ အစက သိရင် မပြောပါဘူး မြရယ်"

"ဒါ ဘာစကားလဲ ကိုတင့်မောင်၊ ရှင်အခု ပြောတဲ့ စကားနဲ့ စောစောက အဖြစ်အပျက်နဲ့ ဘယ်လို သက်ဆိုင်သလဲ၊ လက်စသတ်တော့ ကိုလှပိုနဲ့ ကျွန်မကိုက တစ်မျိုးတစ်မည် ထင်နေလို့ မနာလိုစိတ်နဲ့ ခုန ကြော်ငြာတို့ ပုတ်ခတ်သလို ပြောတာကိုး၊ ရှင်တော်တော် သဘောထားသေးတဲ့ လူပါလား ကိုတင့်မောင်၊ တကယ်လို့ သူနဲ့ ကျွန်မနဲ့ ကြိုက်နေတယ်တဲ့ ထားပါဦးတော့ ရှင်ဒီလို မပြောသင့်ဘူး၊ သူလုပ်တာကောင်းရင် ကောင်းတယ်လို့ပဲ ချီးကျူးရမယ်၊ ခုတော့"

"မြ–မြ... ကိုတင့်မောင် တောင်းပန်ပါတယ် မြရယ်၊ စကားမှားသွားလို့ပါ၊ အမှန်ကတော့ မြကို ကိုတင့်မောင် ချစ်လွန်းလို့ (ဆံတစ်ပင်တင်း)ဆိုတာလို စိုးရိမ်လို့ ပြောမိတာပါ မြရယ်၊

www.burmeseclassic.com

www.burmeseclassic.com

ခုတလော ကိုလှပိုနဲ့ မြဟာ ခါတိုင်းနဲ့ မတူ တစ်မူကွဲပြားပြီး ရယ်လားမောလားနဲ့ ဖြစ်နေကြတော့"

"ဒါ ဘာဆိုင်သလဲ ကိုတင့်မောင်၊ အသင်းကိစ္စနဲ့တောင် စကားမပြောရတော့ဘူးလား၊ ရယ်လို့မောလို့တဲ့ နို့ ငိုပြောရမယ်ပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး မြရယ်၊ ကြိုးချင်းထား ကြိုးချင်း ထိဆိုတာလို"

"တော်တော့ ဒီစကား၊ ကြိုးချင်းထား ကြိုးချင်းထိ ဟုတ်တယ်၊ ထမိတန်းနဲ့ မျက်နှာသုတ်ပုဝါတန်းဟာ ထားတတ်ရင် ဘယ်တော့မှ မထိဘူး သိရဲ့လား၊ ကိုလှပိုကို ဖယ်ထား တစ်အိမ်တည်း နေတဲ့ ရှင်နဲ့တောင် မထိအောင် နေတတ်တဲ့ မိန်းမကို ဒါတွေ ပြောနေရင် ပိုတာပေါ့"

ဒေါသဖြစ်ဖြစ်နှင့် အနင့်သား ပြောချလိုက်ပြီးမှ မြမြတင်သည် သူ့စကား အတော်ကလေး လွန်သွားသည်ကို သတိရလာ၏။ ကိုတင့်မောင်၏ ပါးစပ်ဖျားမှမူ ဘာစကားမျှ ထွက်မလာ၊ ခေါင်းကိုသာ တွင်တွင်ကြီးကုတ်၍ စိတ်ရှုပ်နှင့် ဝမ်းနည်း ဒွန်တွဲမကြည် မျက်နှာကြီးလည်း နီနေသည်။

"ကျွန်မအကြောင်းလည်း သိသားနဲ့ ဘာဖြစ်လို့ ခနဲ့ချင်ရတာလဲ ကိုတင့်မောင်၊ ဒါပါနဲ့ဆို သုံးလေးခါ ရှိသွားပြီ။ ကဲ... ခုလို စကားတွေ များကုန်ကြတော့ ကောင်းသေးသလား၊ အရေမရ အဖတ်မပါနဲ့ အတော် စိတ်မချမ်းသာစရာ ကောင်းတာပဲ..."

"ကိုတင့်မောင် တောင်းပန်ပါတယ်"

"တော်ပါ ဒီတစ်ခါ ကျွန်မ တောင်းပန်ရမယ့် အလှည့်"

ဤသို့ ချစ်ဖွယ်ရာနှော၍ ပြုံးပြုံးကလေး ပြောလိုက်မှပင် ကိုတင့်မောင်ခမျာ ပျော်ပျော်ကလေး ရွှင်လာနိုင်သေး၏။ မကြာမီ ကိုတင့်မောင် အလုပ်တိုက်သို့ ထွက်သွားသောကြောင့် မြမြတင်မှာ ဧည့်ခန်းတွင် တစ်ယောက်တည်းထိုင်ရင်း တောင်တောင်အီအီ





အလီလီသော အတွေးများဖြင့် ထွေးလုံးရစ်သိုင်း ခေါင်းချာစိုင်းလျက် ရှိလေ၏။

ကိုတင့်မောင်၊ သူကား ယနေ့အထိ ဘာမှ အပြစ်ဆိုစရာ မရှိသော လူရိုးလူကောင်း တစ်ယောက်ဖြစ်လျက် နှစ်ဖက်သော မိဘများကလည်း ကျေနပ်ပြီးသား ဖြစ်ရာတွင် မိမိကိုယ်တိုင်ကပါ ချစ်သလိုလိုရှိခဲ့သည်မှန်သော်လည်း ဤလို သဘောထားသေးစွာဖြင့် စွပ်စွဲလာသောအခါတွင်မူ တွန်းထုချေဆုတ်၍ ထင်သလို လုပ်ပစ်ချင်လောက်အောင် အော့နလုံးနာမိလေ၏။

လူတို့မည်သည် အစစ်အမှန်ဖြစ်သော အပြုအမူ စိတ်သဘောထားကို မည်မျှပင် ဟန်လုပ်ဖုံးကွယ်ထားစေကာမူ ကြာသော် ဖူးပေါ်သလို မပေါ်သည့်တိုင်အောင် အစွန်းအစ,ကား ပေါ်လေ့ရှိသည်သာ ဖြစ်လေ၏။ ဤသည့်သဘောကို စောကြောတွက်ဆ ကျကျနန သတိပြုမိသော မြမြတင်သည် ကိုတင့်မောင်၏ ထိုအစွန်းထွက်လာသည့် စိတ်သဘောထား နမူကြောင့် ယခုထက်တိုင် အကဲခတ်နေသေးခြင်း ဖြစ်လေသည်။

❣

နံနက် မိုးလင်းကတည်းက သဲသဲမဲမဲ မစဲဘဲရွာနေသော မိုးသည် နေ့ဝင်လုလု အချိန်လောက်တွင်မှ တိတ်သွားသောကြောင့် ရေကျော်ရပ်ကွက်ကလေးမှာ လူသွားလူလာသွက်၍ အသက်ဝင်လှုပ်ရှားလာလေတော့၏။ ဦးညိုမောင်နှင့် မြမြတင်မှာလည်း ညစျေးတန်းထွက်ရန် ဟန်တပြင်ပြင်ရှိနေရာ မိုးတိတ်သွားသည်နှင့်...

ကဲ–သွားစို့ သမီး၊ ဟော့ မောင်တင့်မောင်ကော လိုက်မယ် မဟုတ်လား၊ မုန့်ဟင်းခါးစားလေ၊ မသင်းထုံ ထ,လေကွာ သမီးက ထမင်းချိုင့်အလွတ်တစ်ခု ယူလာခဲ့၊ မထွေးတို့ မဖွေနဲ့တို့ဖို့ ဝယ်လာရအောင်၊ ဟာ ရှုပ်ပါသကွာ မယူနဲ့တော့၊ မုန့်ဟင်းခါးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မှာ ထိုင်စားမှကောင်းတာ၊ တို့ပြန်လာမှ သူတို့ သပ်သပ်သွားစားပစေတော့"

ဦးညိုမောင်သည် ဤသို့ တစ်ဆက်တည်း လျှောက်ပြောရင်း သူ့ခေါ် ငါ့ခေါ်နေသည့်အခိုက် ကိုတင့်မောင်သည် မြမြတင်အား မသိမသာ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ—

"ကျွန်တော် မလိုက်တော့ဘူး ဦးရယ်၊ စာရင်း လုပ်စရာကလေး နည်းနည်းကျန်နေသေးတယ်"

အမှန်အားဖြင့်ဆိုသော် ကိုတင့်မောင် လိုက်ချင်သည်မှာ တစ်ပိုင်းမဟုတ်၊ တစ်ကိုယ်လုံး သေနေသည်ဖြစ်သော်လည်း မြမြတင်ကိုယ်တိုင်က မခေါ်သဖြင့် မလိုက်စေလိုဟု ယူဆကာ ဤသို့ ငြင်းပယ်လိုက်ခြင်း ဖြစ်လေ၏။ မြမြတင်မှာလည်း မိမိနှင့် တစ်စုံတစ်ရာ ဘာမျှ တော်စပ်ခြင်းမရှိသေးသော လူပျိုတစ်ယောက်သည် လူမြင်ကွင်းသို့ သွားရာ၌ ပူးကပ်လိုက်ပါခြင်းကို အလိုမရှိ။ အနည်းနှင့်အများဆိုသလို မိမိ၏ အပျိုတန်ဖိုးကို ယုတ်လျော့စေမည်သာ ဖြစ်သောကြောင့် ကိုတင့်မောင်အား လောကွတ်ပျူငှာနှင့် ပျာပျာသလဲ မခေါ်ခြင်းဖြစ်လေရာ ကိုတင့်မောင်ကလည်း ဤသို့ အလိုက်သိစွာ နေရစ်ခဲ့မည်ရှိသည်၌ မြမြတင်မှာ ကိုတင့်မောင်၏ စေတနာထားမှုအတွက် မသနားဘဲ မနေနိုင်အောင် ဖြစ်ရပြန်လေ၏။

ဦးညိုမောင်၊ ဒေါ်သင်းထုံနှင့် မြမြတင်တို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြ၍ ဒေါ်စိန်ပွင့်၏ မုန့်ဟင်းခါးဆိုင်အနီးသို့ ရောက်သည်နှင့် သုံးယောက်စလုံး တအံ့တသြ ငေးမောသွားကြပြန်လေ၏။ မြမြတင်တစ်ယောက်တည်း လာစားခဲ့သည့် နောက်တစ်နေ့တွင် မြမြတင်၏ ပြောကြားချက်အရ ဦးညိုမောင်ရော၊ ဒေါ်သင်းထုံပါ လာရောက်စားသွားကြသည်မှာ မကြာသေးသော်





လည်း ယခုဆိုင်၏ အခြေအနေကား ထိုနေ့ကနှင့် မတူဘဲ တစ်မူတစ်ထွေ ပြောင်းလဲနေပြန်တော့၏။

ဒေါ်စိန်ပွင့်ဆိုင်နှင့် ကပ်လျက် ဝဲယာနှစ်ဖက်တွင် ဖွင့်ခဲ့ဖူးသော လက်ဖက်–ဂျင်းသုတ်ဆိုင်နှင့် ဆေးလိပ်ဆိုင်မှာ ယခုမရှိတော့ဘဲ ထိုနေရာများတွင် ဖယောင်းပုဆိုး အဖြူခင်းထားသော စားပွဲရှည်ကြီး နှစ်လုံးနှင့် ကုလားထိုင်အသစ်များ စီရရီချထားလျက် ထိုဆယ့်ငါးလုံးမျှသော ကုလားထိုင်များတွင်လည်း နေရာလပ်မကျန်အောင် မုန့်ဟင်းခါးစားနေသူများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရလေ၏။ ထို့ထက် ထူးခြားသော အခြင်းအရာသည်ကား ပလက်ဖောင်းဘေးတွင် ရပ်ထားသော ကိုယ်ပိုင်ကား နှစ်စီးပေါ်ရှိ အိန္ဒိယတိုင်းရင်းသား လူမျိုးခြားများ မုန့်ဟင်းခါးကို အားပါးတရ စားနေခြင်းပင် ဖြစ်တော့၏။

ဒေါ်စိန်ပွင့်မှာလည်း ထိုင်စားသူများကို ပြင်ပေးရ၊ ချိုင့်နှင့် လာဝယ်သူများကို ထည့်ပေးရနှင့် လက်မလည်နိုင်အောင် ရှိနေတော့လျက် ကိုလှပိုခေါ်၍ အလုပ်ပေးထားဟန်တူသော အရပ်ထဲမှ လူငယ်ကလေးနှစ်ယောက်နှင့် အခြားလူငယ်တစ်ယောက် ပေါင်းသုံးယောက်မှာ သန့်ရှင်းဖြူဖွေးနေသော ရှပ်လက်တို၊ ဘောင်းဘီရှည်၊ ကင်းဘတ်ဖိနပ်ဖြူနှင့် သေသေသပ်သပ် ဝတ်စားထားလျက် ဝဲဖက်အိတ်ပေါ်တွင် (1)(2)(3)စသဖြင့် အမှတ်အသား နံပါတ်တပ်ထားပြီး ယာဘက်ရင်ဘတ်ပေါ်တွင်မူ(စိန်တစ်ပွင့်)ဟူသော ရွှေရောင်စာတန်း ရင်ထိုးကလေးများ ကိုယ်စီကိုယ်ငှ ထိုးချိတ်ထားသည်ကို တွေ့ရလေ၏။ ထိုလူငယ်သုံးယောက်မှာလည်း မုန့်ပန်းကန်ပို့၊ ဟင်းရည်လိုက်၊ ပန်းကန်လွှတ်ပြန်သိမ်းဖြင့် အလုပ်ရှုပ်နေကြ၏။

ဦးညိုမောင်တို့ သမီးအဘ သုံးရောက်သည် ဤလိုအားကျဖွယ်ကောင်းအောင် တိုးတက်နေသော ဒေါ်စိန်ပွင့်တို့ဆိုင်ကို ခပ်လှမ်းလှမ်းမှပင် လူအရှင်းကို စောင့်ရင်း ကြည့်ရှုဝမ်းသာနေကြရလေ

www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် မြမြတင်၏ အမူအရာကား သတင်းစာတွင် ကြော်ငြာတွေ့လိုက်ရစဉ်ကလောက် ဝမ်းမြောက်နေသည့် အမူအရာမျိုးကို မမြင်ရဘဲ တစ်စုံတစ်ရာကို မကျေနပ်သလို မျက်နှာထားအိုနေရှာ၏။

ယခင်တစ်ခေါက် မိမိရောက်စဉ်ကလည်း ကိုလှပို ဆိုင်တွင်မရှိ၊ ယခုတစ်ဖန် ရောက်လာပြန်သော်လည်း ကိုလှပိုအား မတွေ့ရ၊ ဒေါ်စိန်ပွင့်နှင့် တကွသော ဆိုင်ရှိ လူအားလုံးမှာ ယား၍မကုတ်အားအောင် အလုပ်များနေသည့် အချိန်မျိုးတွင် ကိုလှပို ဘယ်သွားနေရဘိသနည်း။ ညကျောင်းသွားတက်သည်ဟု ဆိုရမည်ကလည်း ကိုလှပို၏ ဆရာ ဖျားနေသည်ကို မြမြတင် သိပြီးဖြစ်၏။ ယခုလို ဝယ်သူကျချိန်တွင် ကိုလှပိုကိုယ်တိုင် အားကြိုးမာန်တက် လုပ်ကိုင်ကူညီရန် သင့်သည်မဟုတ်ပါလော၊ ဒေါ်စိန်ပွင့်မှတစ်ဆင့် ကိုလှပိုအကြောင်း ကြားရသည်မှာ ရွှမ်းရွှမ်းဝေခဲ့သည်မှန်သော်လည်း မျက်မြင်အားဖြင့် ယခုလို လူရှုပ်ချိန်တွင် ကိုလှပိုမည်သို့ မည်ပုံလုပ်ကိုင်သည်ကို တွေ့လိုမြင်လိုလှ၏။ သို့ မြမြတင်ရောက်တတ်ရာရာ တွေးနေသည်မှာ မည်မျှ ကြာသွားသည်မသိ။

"ဟာ–သမီး"

ဟု လက်တို့ခေါ်သွားသော ဦးညိုမောင် အသံကြားမှပင် မြမြတင် သတိရလာတော့ကာ ရောယောင် လိုက်သွားပြီး လက်ျာဘက်ရှိ လူရှင်းသွားပြီဖြစ်သော ကုလားထိုင်များတွင် အသီးသီးဝင်ထိုင်မိကြသည်နှင့်–

"ဟော–ကိုညိုမောင်တို့ပါလား"

ဒေါ်စိန်ပွင့်သည် ဤသို့ လှမ်းနှုတ်ဆက်ပြီး မုန့်သုံးပန်းကန်ပြင်၍ ပို့လိုက်လေ၏။ အနည်းငယ် လူပါးသွားပြီဖြစ်သောကြောင့် ဒေါ်စိန်ပွင့်သည် ရုတ်တရက် ထ,လိုက်ပြီး အနီးတွင် မုန့်ပြင်ပေး





နေသော အခြား မိန်းကလေးတစ်ယောက်ကို ထိုင်ခိုင်းလျက် ဒေါ်စိန်ပွင့်မှာမူ ဦးညိုမောင်–တို့ ထိုင်နေရာဆီသို့ လျှောက်သွားပြီး အနီးဆုံး ကုလားထိုင်တွင် ထိုင်ချလိုက်၏။

"အို မစိန်ပွင့် လုပ်မှာသာ လုပ်ပါ၊ ကျွန်မတို့ဟာ ကျွန်မတို့ စားမှာပေါ့၊ ဧည့်သည်တွေမှ မဟုတ်တာကပဲ၊ လူကိုယ်တိုင်များထ,ပြီး ဧည့်ခံနေရတယ်လို့"

ဒေါ်သင်းထုံက ရင်းနှီးသူများ ဖြစ်သည့်အတိုင်း တွန်းတွန်းနှင်နှင် နှင်နေသောကြောင့်–

"တစ်ညနေလုံး ထိုင်နေရတာ ညောင်းလွန်းလို့ပါ၊ ခုထမင်းစားချိန် လူပါးတုန်းမို့ ခဏထ,ရတာ၊ (၇)နာရီက ကျော်ရင်တော့ ပြီးရော၊ စိတ်ပျက်အောင်ကို ပင်ပန်းတာပဲ"

ဒေါ်စိန်ပွင့်သည် ပုထုဇဉ်တို့ ဘာဝ တိုးတက်နေသောသူတို့၏ အခြေအနေအတွက် ဂုဏ်ယူသော မျက်နှာထားဖြင့် ပြုံးပြုံးရွှင်ရွှင် ပြောနေလေ၏။

"မြင်ရတွေ့ရတာဖြင့် အားတက်စရာကြီးပါပဲဗျာ၊ ကျုပ်ဖြင့် သိပ်ဝမ်းသာတာပဲ၊ ဒီလို သန့်သန့်ပြန့်ပြန့်နဲ့ ကျကျနနရောင်းတဲ့ မုန့်ဟင်းခါးဆိုင်ဆိုရင် ရန်ကုန်မြို့မှာ ဒီတစ်ဆိုင်တည်းရှိသေးတယ်။ ခု တစ်ပန်းကန် အကြော်နဲ့ သုံးမူးယူတယ် မဟုတ်လား၊ အမှန်မတော့ ငါးမူးယူလည်း မများပါဘူး၊ ဘယ့်နှယ်ဗျာ မုန့်ဟင်းခါးကောင်းရင် ဘယ်သွားရည်စာ လိုက်လို့ မှီမှာလဲ၊ ပန်းသေးခေါက်ဆွဲတောင် တစ်ကျပ်ပေးစားနေကြသေးတာ"

"မလုပ်ပါနဲ့ ကိုညိုမောင်၊ မြန်မာတွေအကြောင်း သိတယ်မဟုတ်လား၊ လူမျိုးခြားပစ္စည်းသာ ဈေးကြီးကြီး ပေးစားတာ၊ ခု မုန့်တစ်ပန်းကန် သုံးမူးရောင်းတာပဲ များတယ် ပြောနေကြသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဦးညိုမောင်သည် ဒေါ်စိန်ပွင့် စကားဆုံးသွားသည်ကိုပင် သတိမထားမိတော့ဘဲ စားပွဲပေါ်တွင် ကျကျနန ထောင်ထားသော စက္ကူကပ်ကလေးကို ဆွဲယူဖတ်ရှုနေလေ၏။

"အစီရင်ခံပါသည်"

နံနံပင်နှင့် မုန့်ဟင်းခါးမှာ အလွန်ဘက်ညီသော အာဟာရ ဖြစ်သော်လည်း ယခု ရာသီမှာ နံနံပင် လှိုင်လှိုင်ထွက်သော ရာသီမဟုတ်သောကြောင့် အလွန့်အလွန့် ရှားပါးလှပါသည်။ သို့သော် နံနံပင်နှင့်မှ အရသာခံတတ်သော် မုန့်ဟင်းခါး သုံးဆောင်သူ ကျေးဇူးရှင်များအတွက် နံနံပင်ကို ရှားရှား ပါးပါးပင် အသင့်ဝယ် ယူထားရှိပါသည်။

ဝမ်းနည်းစွာနှင့် အစီရင်ခံလိုသည်မှာ ရှားပါးမှုကို အကြောင်းပြု၍ နံနံပင်နှင့် ပြင်ပေးရသော မုန့်ဟင်းခါး အတွက် တစ်ပန်းကန်လျှင် တစ်ပဲကျ နံနံပင်ဘိုး ယူပါသည်။

"စိန်တစ်ပွင့်"

ဦးညိုမောင်သည် သပ်သပ်ရပ်ရပ် မြန်မာလက်နှိပ်စက်ဖြင့် ရိုက်ကပ်ထားသော စာကို ဖတ်၍ ဆုံးသည်နှင့် စားပွဲပေါ်သို့ ပြန်ချလိုက်သည်တွင် မြမြတင်က ကောက်ယူဖတ်ရှုနေပြန်လေ၏။

"တကယ်တော်တဲ့ သူငယ်ပါပေပဲဗျာ၊ မစိန်ပွင့် အင်မတန် ကံကောင်းတယ်၊ သားအဖိုးတန်ကို ရထားတာပဲ၊ ဒီနေ့ ကျုပ်တို့ မုန့်လာစားဖြစ်တာတောင် သတင်းစာကြော်ငြာတွေ့လိုက်လို့ပေါ့၊ နို့ မောင်လှပို ဘယ်သွားသလဲ၊ မမြင်ပါလား ဒီသူငယ်"

မြမြတင်သည် အဘယ်ကြောင့်ဟူ၍ မသိ၊ သူအလွန်သိချင် နေသော မေးခွန်းတစ်ခုကို ဦးညိုမောင်က မေးလိုက်သဖြင့် မျက်နှာ အပေါ်ပင့်၍ သေသေချာချာ နားစွင့်နေလေ၏။





"ဒီအကောင်တော့ မပြောချင်ပါဘူး ဦးညိုမောင်၊ လူတစ်ဖက် သားကို သနားတတ်လိုက်တာလည်း သူ့အပြင် မရှိဘူး၊ ညနေ စောင်းလောက်ကပေါ့၊ ဆိုင်ခင်းနေတုန်း ကရစ်လမ်းထိပ်မှာ လက် တွန်းလှည်းတစ်စီး လော်ရီက ဝင်တိုက်သွားလို့ ကုလားတစ်ယောက် တော့ သေမလား ရှင်မလားဘဲ၊ လော်ရီကတော့ ထွက်ပြေးရော၊ အဲဒါ လှပိုက ဘတ်စ်ကားတစ်စီး ငှားပြီး ဒဏ်ရာရတဲ့ ကုလား နှစ်ယောက်စလုံး ဆေးရုံသွားပို့သတဲ့လေ၊ ခုထက်ထိ ပြန်မလာ သေးဘူး"

ဦးညိုမောင်ကား ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလျက် ဒေါ်သင်းထုံလည်း စုတ်တသတ်သတ်ဖြစ်နေခိုက် မြမြတင်မှာမူ အလျှင်စလို အထင်မှားမိသော သူ့စိတ်ကို အပြစ်တင်မိလေ၏။

"ဟိုတစ်နေ့ကလည်း ဒီအနားမှာ ဘတ်စ်ကားက ဆိုက်ကား ကို တိုးမိလို့တဲ့၊ ဝိုင်းလာလိုက်တာ ဆိုက်ကားသမားတွေ မနည်းပါ ဘူးရှင်၊ ဘတ်စ်ကားဒလိုင်ဘာ(ဒရိုင်ဘာ)ကို ဝိုင်းရိုက်ကြမယ် တကဲကဲနဲ့ ပုလင်းတွေ၊ အုတ်ခဲတွေ၊ တုတ်တွေ ကိုယ်စီကိုင်လို့၊ ဒီအထဲ ကိုရွှေလှပိုက ဝင်ပြီး ဖျန်ဖြေတာနဲ့ ရိုက်ပွဲမဖြစ်ဘဲ ဆိုက်ကားသမားက တစ်ဆယ်လျော်ရမယ်ပြောတော့ ဘတ်စ်ကား သမားက ဘီးခွင်သွားရုံနဲ့ တစ်ဆယ်မပေးနိုင်ဘူး၊ နှစ်ကျပ်ပဲ ပေးမယ်ဆိုတာနဲ့ ဆူဆူပူပူ ဖြစ်လာပြန်ပါရော၊ နောက်ဆုံး လှပို က ဝင်ပြီး ကဲ ဘတ်စ်ကားသမားကလည်း တစ်နေ့လုံး မောင်းလို့ တစ်ဆယ်မရဘူး၊ ဆိုက်ကားသမားကလည်း မတရားမတောင်းနဲ့ အဲဒီတော့ ကျုပ်ကပဲ ကြားထဲက စိုက်ပေးမယ် ၅-ကျပ်နဲ့ ကျေနပ်တော့ ဆိုပြီး ကျွန်မဆီက ငွေငါးကျပ် တောင်းပေးလိုက် သလေ၊ လွန်ခဲ့တဲ့ ၁၀-ရက်လောက်တုန်းကလည်း မိန်းမတစ် ယောက် တာမွေက ရေကျော်အထိ လန်ခြားစီးလာပြီး ငါးမူးထဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ ကုလားကထပ်တောင်းတော့ ရိုက်မယ်၊ ပုတ်မယ် လုပ်တာနဲ့ လှပိုကပဲ အဲဒီမိန်းမကို တောင်းပန်ပြီး သူက ငါးမူးစိုက်ပေးလိုက်တယ်၊ တစ်ခါတော့ မြန်မာတစ်ယောက် လန်ချားခေါ်တာ မလာရကောင်းလားဆိုပြီး လန်ချားကုလားကို ဆွဲထိုးလို့ လှပိုက အဲဒီလူကို လိုက်ရိုက်သတဲ့၊ အဲဒါ တစ်ဆိတ်လောက် တွေ့ရင် ဆုံးမပါဦး ကိုညိုမောင်၊ လူတစ်ဖက်သား သနားတတ်တာနဲ့ ဘယ်နေ့ သူခေါင်းကွဲမလဲ မသိဘူး"

မြမြတင်မှာ မျက်နှာကလေးက အကြောင်သား ငေး၍ နားစွင့်နေသော်လည်း စိတ်ကလေးကမူ အတွေးမျိုးစုံဖြင့် ဗလုံဆန်တော့၏။

"ကိုလှပို ကိုလှပို လူတစ်ဖက်သားကို သနားတတ်တဲ့ ကိုလှပို သနားတယ်ဆိုတာ နူးညံ့သိမ်မွေ့တဲ့ စိတ်ဓာတ်က ပေါက်ဖွားလာတာ သနားရင် ကြင်နာမယ်၊ ကြင်နာတတ်တယ်ဆိုကတည်းက ယုယတတ်ဖို့ဟာ မခဲယဉ်းတော့ဘူး၊ သနားကြင်နာယုယတတ်တဲ့ သိမ်မွေ့မှုဟာ ကိုယ်ချင်းစာတရားရဲ့ သော့ချက်ပဲ၊ အင်း ပြီးတော့ မတရားရင် နည်းလမ်းမကျရင် မခံဘူး။ ဒီလို စိတ်ထားမျိုး ယောကျ်ားတိုင်းမှာ ရှိသလား၊ ရှိရင် ဘယ်လောက်ကောင်းမလဲ၊ ကိုတင့်မောင်သာ ဒီလိုစိတ်မျိုးရှိရင်–

မြမြတင် ဆက်လက်တွေးတောခွင့်မရ၊ ရုတ်တရက် ပေါ်ထွက်လာသော ဦးညိုမောင်၏ အသံသည် မြမြတင်၏ အတွေးကို ထွေးသွားအောင် ဖန်တီးလိုက်သကဲ့သို့–

"ဘယ်ဆုံးမဖို့လိုမလဲ မစိန်ပွင့်ရ ဒါသူရဲကောင်းစိတ်၊ လူပီသတဲ့ စိတ်မျိုးပေါ့၊ တော်တော့လူ၊ ဒီလို စိတ်မျိုး ဘယ်ထားနိုင်မတုန်း၊ အင်း ဒါပေမယ့် မောင်လှပိုက မဟုတ်မခံ၊ မှန်လွန်းအားကြီးနေတယ်၊ လောကကြီးက သိပ်မှန်ရင် ရန်များတဲ့ လောက





ကြီးမို့ တွေ့မှ သတိပေးရဦးမယ်၊ ကဲ သွားကြစို့ဟေ့ မစိန်ပွင့် ပြန်ဦးမနော်"

ဦးညိုမောင်သည် ပြောပြောဆိုဆို ထ၍ ခြေလှမ်းစပြုလိုက်သောကြောင့် ဒေါ်သင်းထုံရော၊ မြမြတင်ပါ ထ၍လိုက်သွားကြလေ၏။

❦

မိုးလင်းက မိုးချုပ်၊ မိုးချုပ်က မိုးလင်းနှင့် ၁၄–ရက်တင်းတင်းပြည့်ခဲ့ပြီဖြစ်သော နံနက် ၁၁–နာရီခန့်အချိန် အိမ်အောက်ထပ် စားပွဲတွင် ကိုလှပိုနှင့် မြမြတင်သည် ရီဝေသော မျက်လုံးများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း တစ်ဦးကိုတစ်ဦး အကဲခတ်နေကြလေ၏။

"လူမှန်ရင် ဘယ်သူဖြစ်ဖြစ် မျှော်လင့်ချက်တစ်ခု ရှိမှ ကြိုးစားရတာ အားရှိမယ် မဟုတ်လား မြမြတင် (တို့ ကိုယ်ကျိုးလုံးလုံးမပါ)ဆိုတဲ့ နိုင်ငံရေးသမားတွေတောင် လူထုခေါင်းဆောင်ဖြစ်ချင်၊ ဖြစ်လိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်နေကြတာဆိုရင် မှားမလား၊ အဲဒီတော့ ခု ကျွန်တော် ကြိုးစားနေတာဟာလည်း မြမြတင်နဲ့ နီးစပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပဲ၊ ဒါပေမယ့် ကျွန်တော့်အပေါ် မြမြတင် ဘယ်လို သဘောထားတယ်ဆိုတာ မသိရသေးသမျှ မျှော်လင့်ချက်ကတော့ သိပ်မရှိလှဘူး။ တကယ်လို့ မြမြတင်ဆီက (ချစ်ပါတယ်)ဆိုတဲ့ စကားမျိုး မကြားရနဲ့ဦးတော့ မျှော်လင့်စရာ ရရှိနိုင်သေးတဲ့ အဖြေတစ်ခု ရမယ်ဆိုရင်"

ကိုလှပိုသည် စကားကို ရှေ့မဆက်တော့ဘဲ မျက်နှာကို ငုံ့ချလိုက်ကာ တစ်စုံတစ်ရာ တွေ့နေသလို ငေးတွေကြီးဖြစ်နေလေ၏။ မြမြတင်မှာလည်း ပူဆွေးသလိုလိုနှင့် မှေးထားသော မျက်လုံးနှစ်ပွင့်ကို နဂိုအနေသို့ ဖွင့်လိုက်ပြီး မျက်တောင်ကလေးဝင့်ကာ ကပျာကရာ ခတ်လိုက်ရင်းက...

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုလှပို၊ ရှင်ဟာ ကျွန်မနဲ့ နီးစပ်ဖို့ကို ရည်ရွယ်ပြီး ကြိုးစားနေတယ်ဆိုတော့၊ ရှင် သူဌေးဖြစ်မှ ကျွန်မနဲ့ နီးစပ်မယ်ဆိုတာ မျိုးလား၊ ရှင့်စကားဟာ အနှောင့်အသွား မလွတ်ဘူး ကိုလှပို၊ ဒီလိုဆိုတော့ မိန်းမတစ်ယောက်ရဲ့ အချစ်ဟာ "သူဌေး"ဆိုတဲ့ ဂုဏ်ပေါ်မှာ တည်သလို ဖြစ်နေပြန်ပြီကော"

"ဒီလို စကားမျိုးနဲ့ ပတ်သက်လို့ ဟိုတစ်နေ့က ရှင်းခဲ့ပြီး ပါပြီ မြမြတင်၊ ဒါတွေ ပြောမနေပါနဲ့တော့။ အမှန်က ကျွန်တော် မြမြတင်ကို ချစ်တယ်၊ အဲဒီ (ချစ်တယ်)ဆိုတဲ့ စကားကို ပေါ့ပေါ့ဆဆ ပြောလိုက်တာရယ်လို့ မထင်ပါနဲ့။ ခု ဆိုရင် မြမြတင်ဟာ သောင်းငါးထောင်တန် ကားကို စီးရတဲ့ဘဝမှာ ရှိတယ်နော်၊ အေး ကျွန်တော်ချစ်တဲ့ အချစ်ဟာ အဲဒီ ငါးသောင်းတန် ကားထဲက ဆွဲချပြီး လန်ခြားသာ စီးခိုင်းမယ့် အချစ်မျိုး မဟုတ်ဘူး၊ သောင်းငါးထောင်တန် ကားပေါ်က ပွေ့ယူပြီး ငါးသိန်းတန် ကိုယ်ပိုင် လေယာဉ်ပျံပေါ်တင်မယ့် (တကယ့်အချစ်)မျိုးသာ ဖြစ်တယ်။ ဒါကြောင့်လဲ ကြိုးစားနေတယ်၊ ခက်တာက ကိုယ်စီး စေချင်တဲ့ သူက စီးမယ်–မစီးဘူးဆိုတာ ကွဲကွဲပြားပြား မသိရတော့"

ကိုလှပိုသည် စကားကိုဖြတ်၍ ရပ်နားထားရာမှ မြမြတင်အား စူးစိုက်ကြည့်ရှုနေသော အမူအရာမှာ တကယ့် စေတနာသဒ္ဓါအနှစ်ဖြင့် ရက်ရက်ရောရော ချစ်လှသည့်အသွင်မျိုး ဆောင်လျက် ရှိလေ၏။

"ခု ကိုလှပို ပြောပုံက ရှင်ဟာ ကျွန်မတို့ထက်သာအောင်၊ သို့မဟုတ် တန်းတူအခြေမျိုးရောက်အောင်တော့ ကြိုးစားမယ်၊ ဒီအခါမှာ ကျွန်မက ရှင့်ကို ယူနိုင်–မယူနိုင်၊ ခုကတည်းက သိထားချင်တယ်ဆိုပါတော့"

"ဒါ အရေးကြီးဆုံး အချက်ပေါ့ မြမြတင်"





"နို့ ကိုလှပိုရဲ့ ကြိုးပမ်းမှုဟာ ဘယ်နှစ်ခုနှစ်ကျမှ အောင်မြင်မှာလဲ၊ နောက် အနှစ်နှစ်ဆယ်လောက် ကြာမှ ကျွန်မတို့အဆင့် အတန်းမှီမယ်ဆိုတော့ကော အဲဒီ အနှစ် ၂၀လုံးလုံး စောင့်နေရမှာလား၊ မဖြစ်နိုင်တာပဲ ကိုလှပို ဟိုဒင်းပြောတာလို"

"ဘာဒင်းမှ မပြောပါနဲ့ မြမြတင်၊ ကျွန်တော် လေးငါးနှစ် အတွင်း ဖြစ်နိုင်အောင် ကြိုးစားရမယ်ဆိုရင်ကော"

"ဒီမှာ ကျွန်မ မေးစမ်းပါရစေဦး၊ ကိုလှပိုဟာ ကျွန်မအဖို့ ရည်ရွယ်ပြီး(ဆိုပါတော့) ခုန ပေးထားတဲ့ ဥပမာလို ငါးသိန်းတန် လေယာဉ်ပျံ တစ်စီး ဝယ်နိုင်အောင် ကြိုးစားနေတယ်နော်၊ "နို့ မစီးချင်ပေါင်"လို့ ခုကတည်းက ကျွန်မ ငြင်းပယ်ထားရင်၊ ကိုလှပို ဆက်လက်ပြီး မကြိုးစားတော့ဘူး ဆိုပါတော့ ဒီလိုလား"

ထိုအမေးကြောင့် ကိုလှပို ငေးသွား၏။ ထိုင်ထားသော ဖင်မှာလည်း ဟိုရွှေ့သည်လှုပ်ဖြင့် အဖြေထုတ်မရတိုင်း ခေါင်းကုတ် တွေးတော ငေးငေးကြီး မောနေရှာ၏။

"ကျေးဇူးအများကြီးတင်တယ် မြမြတင် တကယ်လို့ ဒီမေးခွန်းသာ ပေါ်မလာရင် ကျွန်တော် ဘယ်အထိ မှားဦးမယ် မသိဘူး။ အစ ပထမတော့ မြမြတင်ကသာ ငြင်းမယ်ဆိုရင် ငါကြိုးစားမှုဟာ အချည်းအနှီး ဖြစ်မှာပဲဆိုပြီး၊ လက်လျှော့လိုက်ဖို့တောင် စိတ်ကူးထားတယ်။ ခုတော့ မြမြတင် ကျေးဇူးကြောင့် အမြင်မှန် ရလာလေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကြိုးစားမယ်၊ ဒီထက်ကို ပြင်းပြင်းထန်ထန် ကြိုးစားမယ်။ နောက်ဆုံးတစ်နေ့ ကျွန်တော့် ကြိုးစားမှုဟာ အလကားတော့ မဖြစ်နိုင်ပါဘူး။ ရည်ရွယ်ချက် ကတော့ ခုနပြောတဲ့ ဥပမာလို သောင်းငါးထောင်တန် ကားပေါ်က မြမြတင်ကို ငါးသိန်းတန် လေယာဉ်ပျံပေါ် တင်ဖို့ပဲ ဆိုပါတော့ ဒါပေမယ့် ကိုယ်စီးစေချင်တဲ့သူက "စီးချင်ပေါင်"လို့ မတော်တဆ

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်လိုက်တဲ့အခါ "စီးချင်သူ"တစ်ယောက် တစ်လေတော့ဖြင့် လိုလိုမယ်မယ် ဆိုသလို ရှာထားရမလို ဖြစ်နေပြီကော တတ်နိုင်ဘူးလေ၊ ဖြစ်စေချင်သလို မဖြစ်တော့ ဖြစ်သလိုပဲ လုပ်ရတော့မှာပေါ့ မြမြတင်ရယ်"

ထိုစကား လားလားမျှ သဘောမကျနိုင်သလို မြမြတင် ငိုင်သွား၏၊ တွေသွား၏။ တွေနေသော စိတ်ကလေးမှာလည်း လျှင်မြန်သော အဟုန်ဖြင့် ဗလုံဆန်ရှုပ်ထွေးကာ အတွေးပေါင်းစုံဖြင့် ချာချာလည်နေရှာ၏။

"ဒါက ဘာသဘောလဲ ကိုလှပို၊ ရှင့်အချစ်က ကျွန်မအပေါ် တစ်သီးတစ်သန့် စုပုံထားတာမျိုး မဟုတ်ဘဲ တစ်ဦးတစ်ယောက်ကို ခွဲဝေပေးရဦးမယ်ဆိုတဲ့ အဓိပ္ပါယ်လား၊ တစ်နည်းအားဖြင့် ကျွန်မကို မရလည်း အရေးမကြီးဘူး၊ ပိုက်ဆံရှိရင် လိုချင်တဲ့ မိန်းမ ရနိုင်တယ်ဆိုတဲ့ သဘောမျိုးပေါ့ ဟုတ်လား ကိုလှပို"

"အင်း ဒီအတိုင်းပဲဆိုရင် မြမြတင် မကျေနပ်ဘူးလား။ နို့ ကျွန်တော့် အချစ်တွေ စုပြီး ဘယ်သူ့အပေါ်မှာ တစ်သီးတစ်သန့် ပုံထားရမှာလဲ။ တကယ်လို့ တစ်ဦးတစ်ယောက်ကို ကျွန်တော့်အချစ်တွေ မှုပုံအပ်ထားတယ်ဆိုပါတော့ အဲသလို ကျွန်တော့်ရဲ့ တစ်ဖက်သတ်ချစ်ခြင်း ခံနေရတဲ့ "သူ"က ကျွန်တော့်ကို အနှစ် ၂၀ လောက်ကြာမှ ယူနိုင်မယ်ဆိုတော့ကော အနှစ် ၂၀ ပြည့်အောင် စောင့်နေရမှာလား၊ မဖြစ်နိုင်တာပဲ မြမြတင်၊ ဟိုဒင်း ပြောတာလို"

ကိုလှပိုသည် စကားကို ရှေ့မဆက်တော့ဘဲ ထက်မြက်စူးရှလှသော မျက်လုံးများဖြင့် မြမြတင်အား စိုက်ကြည့်ရင်း အကဲခတ်နေခိုက် ဝမ်းနည်းသလို တည်ငြိမ်၍ ဖြေ့ရှိရှိ ပိရိနေသော မြမြတင်၏ မျက်နှာကလေးသည် ကိုလှပို စကားဆုံးသည်နှင့် ရှက်ပြုံးကလေး ပြုံးတုံ့ကာ ခေါင်းကလေးလည်း ငုံ့သွား၏။





မိမိစကားနှင့် မိမိကို ပြန်နှက်ကာ အကွက်စေ့စေ့ကလေး ထေ့လိုက်သော ကိုလှပိုအား ခေါင်းဖော်၍ မော်မကြည့်ဝံ့အောင်ပင် ရှက်နေသည်မှန်သော်လည်း ထိုအပြောကိုကား သဘောကျသလို ပြုံးနေ၏။

စင်စစ်အားဖြင့် ကိုလှပို ဤသို့ ပြောလိုက်သည်မှာ စိတ်ထဲက ပါလှ၍မဟုတ်၊ "နောက် အနှစ် ၂၀ လောက်ကြာမှ ကျွန်မတို့ အဆင့်အတန်းကို မှီမယ်ဆိုတော့ကော အနှစ် ၂၀ လုံးလုံး စောင့်နေရမှာလား၊ မဖြစ်နိုင်တာပဲ ကိုလှပို"ဟု ခိုင့်ထက်စီးနင်း ပြောလိုက်သော မြမြတင်၏ စကားကို ချေပလိုသောကြောင့်သာ ဖြစ်၏။ တစ်နည်းအားဖြင့် မခံချင်အောင် ခနဲ့လိုက်ခြင်း ဖြစ်၏။ ကိုလှပိုချိန်ရွယ်၍ ပစ်လိုက်သော မြှားချက်ကား မြမြတင်၏ အသဲကို ဖွက်ခနဲ စူးစိုက်၍ လိုရင်းသို့ ခိုက်သွားသည်သာ ဖြစ်လေ၏။

"ရှင့်အချစ်က ကျွန်မအပေါ် တစ်သီးတစ်သန့် စုပုံထားတာမျိုး မဟုတ်ဘဲ တစ်ဦးတစ်ယောက်ကို ခွဲဝေပေးဦးမယ်ဆိုတဲ့ အဓိပ္ပါယ်လား"

ထိုစကားအရ မြမြတင်သည် ချစ်ခြင်းချစ်လျှင် သူတစ်ဦးတည်းကိုသာ မှုမှန်အဖြစ် သီးသီးသန့်သန့် ချစ်စေလို၏။ မိမိချစ်ဝေစုထဲမှ တစ်စုံတစ်ယောက်အား ခွဲဝေပေးမှုကို မလိုလားနိုင်။ တစ်ဦးတည်းသာ ပိုင်လိုဇောဖြင့် အလောသုံးဆယ် ပြောပြီးမှ မိမိစကားမှာ အသွားမလွတ်၊ အနှောင့်မလွတ်နှင့် ကိုလှပိုဆီသို့ပင် အချစ်စိတ်တွေ ညွှတ်နေသယောင်ယောင် အဓိပ္ပါယ်မျိုး ဆောင်နေသည်၏ အဖြစ်ကို ယခုမှပင် တွေးမိတော့၏။

"တကယ့် တကယ်ကျတော့ ကျွန်တော်ဟာ ဒီလောက် ဖြစ်ကတတ်ဆန်းနိုင်မယ့် လူမဟုတ်ပါဘူး မြမြတင်၊ ဟာမင် မခံချင်အောင် ရွဲ့လိုက်တာပါပဲ၊ စိတ်ဆိုးချင်ဆိုးတော့၊ အေး-

www.burmeseclassic.com

www.burmeseclassic.com



မြမြတင် ကတိမပေးချင်နေ၊ ကျွန်တော် ကတိပေးမယ်၊ ချစ်တာကိုလေ အဲဒီတော့ ကျွန်တော်ကြိုးစားမယ်၊ ပြင်းပြင်းထန်ထန်ကို ကြိုးစားမယ်၊ မြမြတင်ရဲ့ အချစ်ကို အမျှော်လင့်ကြီး မျှော်လင့်ပြီးတော့ကိုပဲ ကြိုးစားမယ်၊ အဲဒီတော့—

ထိုအခိုက် အိမ်ရှေ့ခြံပေါက်ဆီမှ မော်တော်ကား ရပ်သံတစ်ခု ပေါ်လာသဖြင့် ကိုလှပိုလည်း စကားကို ရှေ့မဆက်သေးဘဲ အသံကြားရာသို့ လှမ်းမျှော်ကြည့်နေမိလေ၏။ ဂျစ်ကားတစ်စင်းသည် မြမြတင်တို့ ခြံရှေ့တွင် အရှိန်သတ် ရပ်ဆိုင်းနေပြီးမှ ရုတ်တရက်ဆိုသလို ပြင်းပြင်းသွက်သွက် မောင်းထွက်သွားပြန်သဖြင့်—

ဒီအိမ်ကကား မဟုတ်လား မြမြတင်"

"ဟုတ်တယ်လေ ကိုတင့်မောင်ရယ်၊ ထမင်းစားပြန်လာတာ ဘာမေ့လာလို့ ပြန်ထွက်သွားတယ် မသိပါဘူး"

"သြော် သြော် ကဲ ပြန်ဦးမယ် မြမြတင်၊ ဟင်းချက်ဖို့ အချိန်နီးနေပြီ"

စကားမဆုံးမီကပင် ကုန်းကုန်းကွကွနှင့် ထ,ရပ်ပြီးသား ဖြစ်နေသော ကိုလှပိုသည် စကားပြတ်သည်နှင့် ဆတ်ခနဲ လှည့်ထွက်သွားသောကြောင့် မြမြတင်မှာ အကြောင်းသား ငေး၍ တဖြည်းဖြည်း ဝေးသွားသော ကိုလှပိုအား စူးစိုက်ကြည့်ရှုရင်း ကျန်ရစ်ခဲ့လေ၏။

❦

"ပြောလေ ကိုတင့်မောင် ဘာပြောမလို့လဲ"

ည ၉-နာရီ မိနစ် ၃၀ ကျော်ခဲ့ပြီဖြစ်၍ ရေဒီယိုမှ (မာတလိ)အသံသည် တဖြုန်းဖြုန်း ရွာနေသော မိုးသံနှင့်အတူ မှန်မှန်ကြီး ကြားနေရလေ၏။ ထိုအသံများကြားမှ စူးစူးရှရှကလေး ထွက်လာသော မြမြတင်၏ မေးခွန်းသည် ဝရံတာရှိ ကုလားထိုင်တွင်





ခေါင်းငိုက်စိုက်နှင့် ငိုင်နေသူ ကိုတင့်မောင်အား ခေါင်းမော်လာအောင် ဖန်တီးလိုက်သလို ဖြစ်သွားလေ၏။

ဦးခေါင်းပင် မော်လာသော်လည်း အတော်ကြာအောင် ဘာမျှ မပြောသေးဘဲ ကိုတင့်မောင်သည် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် မြမြတင်အား စူးစိုက်ကြည့်နေရာမှ...

"မြဟာ ကိုတင့်မောင်ကို အကြောင်းမဲ့ သက်သက် နှိပ်စက်နေတာပဲနော်"

"ဘာ ဘာ ဘယ်လိုလဲ ကိုတင့်မောင်၊ ရှင် ဘာကို ရည်ရွယ်ပြောနေတာလဲ၊ ကျွန်မ နားမရှင်းဘူး"

မြမြတင်သည် တအံ့တသြနှင့် အလောသုံးဆယ်မေးလိုက်၏။

"ကိုတင့်မောင် မြကို အသက်လောက် ချစ်ပေမယ့် မြကတော့ မချစ်ဘူး"

"အင်း ဆိုစမ်းပါဦး"

"၂-နှစ် နီးပါးလောက် အနွံအတာခံပြီး တောင်းပန်နေတာဟာ တော်ရုံတန်ရုံ ချစ်လို့ မဟုတ်ဘူးနော်"

"ကျွန်မ သိတာပေါ့ ကိုတင့်မောင်"

"ဒါပေမယ့် မြဟာ ကိုတင့်မောင်ကို လှည့်စားနေတယ်"

"ဘယ်လို ဘယ်လို"

"ကိုတင့်မောင်ကတော့ မြကို ချစ်လွန်းလို့ ဒီပြင် ယောကျ်ားတွေ ကြည့်တာတောင် မခံနိုင်ဘူး"

"ဒါကတော့ သဝန်တိုရာ ကျလှတယ် ကိုတင့်မောင်"

"ဟုတ်တယ်၊ ကိုတင့်မောင်က သဝန်တိုရာ ကျလှတယ်၊ မြကတော့ မြွေဟောက်လို လျှာနှစ်ခွရယ်နဲ့ လာလာသမျှကိုပဲ လက်သင့်ခံ"

www.burmeseclassic.com

www.burmeseclassic.com

"တော် ကိုတင့်မောင် ရှင် လူလိုပြောပါ၊ မနက်ကတည်းက ဒီလို ပြောဦးမယ်ဆိုတာ ကျွန်မသိတယ်၊ ရှင် မနက်က ထမင်းစား ပြန်လာတော့ ကျွန်မနဲ့ ကိုလှပို စကားပြောနေတာ မြင်တာနဲ့ ဒေါပွပြီး ပြန်ထွက်သွားတယ် မဟုတ်လား၊ ဒါ မညားသေးလို့၊ ညားရင် ရှင် ဘယ်လောက် ချုပ်ချယ်မယ် မသိဘူး"

မိုးရွာနေသည်ပင် မှန်သော်လည်း ဒေါသဖြစ်လွန်းသောကြောင့်လားမသိ မြမြတင်၏ မျက်နှာကလေးမှာ ချွေးများပင် ရှိုလာလေ၏။

"ကဲ ဒါတွေ ထားလိုက်ပါလေ၊ နောက်ဆုံး ကိုတင့်မောင် သိချင်တာက ကိုတင့်မောင်ကို မြ ယူမယ်, မယူဘူး ဒါပဲပြောပါ"

"အာဏာသံပြင်းလှချည်လား ကိုတင့်မောင်၊ ဒါအိမ်ထောင်ရေးရှင့်၊ ကလေးကစားတာ မဟုတ်ဘူး"

"အင်း ခုထက်ထိ လှည့်တုန်းရှိပါသေးလား မြရယ်၊ ဟင် မြ ဖေဖေကတော့ ပြောပါရဲ့၊ မြ ကျေနပ်မယ်ဆိုရင် အချိန်မရွေး ပေးစားမယ်တဲ့၊ မြကတော့ ဆောင်းလေပမာညီ"

"ဟင် နံလိုက်တာ အရက်တွေ သောက်လာသလား ကိုတင့်မောင် ရှင် အရက်တွေ"

"သောက်လာတယ်လေ စိတ်ညစ်လွန်းလို့ မြအတွက် စိတ်ညစ်လွန်းလို့"

ရုတ်တရက် လေငွေ့သွားသောကြောင့်လား မသိ၊ ယခုမှပင် ကိုတင့်မောင် အရက်သောက်လာမှန်း သိရတော့ကာ မြမြတင် ထိုင်ရာမှ ဖြုန်းခနဲ ထ၍ နောက်နားဆီသို့ ခပ်ရို့ရို့ဆုတ်လိုက်ပြီးမှ—

"အင်း ခုမှပဲ အချိန်ဆွဲထားတဲ့ အကျိုး ခံစားရတော့တယ်။ ရှင်ဟာ ဟန်ဆောင်မှုဖုံးကွယ်ထားတဲ့ အရေခြုံမှ အရေခြုံအစစ်ပဲ၊ ရှင့်လို အရက်သမားမျိုးတော့လား ဝေးပါသေးတယ်၊ ရှင် ကျွန်မကို မမျှော်လင့်နဲ့တော့ ကိုတင့်မောင်၊ မမျှော်လင့်နဲ့တော့"





"သိပါတယ်လေ မြရော၊ မြ ဖေဖေပါ ကိုတင့်မောင်ကို မက်လုံးပြပြီး ညာခိုင်းနေတယ်ဆိုတာ"

"တော်တော် ရှင် မပြောနဲ့ မူးမူးရူးရူး"

မြမြတင်သည် စကားပင် ဆက်မပြောတော့ဘဲ ချာခနဲ လှည့်ဝင်တော့မည်အပြု ကိုတင့်မောင်လည်း ထိုင်ရာမှ ဖျတ်ခနဲ ထ၍ မြမြတင်၏ လက်ကို ဆတ်ခနဲ ဆွဲလိုက်သဖြင့် ရှေ့သို့ ငိုက်၍ ပါသွားသော ကိုယ်ကလေးကို ထွေးပိုက် ဖက်ရမ်းကာ အားပါးတရ နမ်းပစ်လိုက်လေ၏။ မြမြတင်မှာလည်း ရုတ်တရက် အငိုက်မိသွားသောကြောင့် အတန်ကြာ ငြိမ်နေမိပြီးမှ လျှက်ပြက်သလို ရုန်းတွက်လိုက်ရင်းက—

"ဟောဒီမှာ ဖေဖေ"

ထိုအော်သံနှင့် မရှေးမနှောင်းဆိုသလို အိမ်ထဲမှ ပြေးထွက်၊ လှေကားမှ ပြေးတက်နှင့် ခြေသံချင်း ရောယှက် ဆူညံစွာ ကြားရသည်တွင်မှ ကိုတင့်မောင်လည်း မြမြတင်အား လွှတ်လိုက်လေ၏။

"ဘာဖြစ်ကြတာတုန်း သမီးတို့"

ဤသို့ မေးလိုက်သော ဦးညိုမောင်၏ အသံကိုကြားမှပင် မြမြတင်မှာ ကြောင်တွေတွေ ငေးနေရာမှ ရုတ်တရက် လှုပ်ရှားလာပြီး အနီးသို့ရောက်လာသော ဒေါ်သင်းထုံအား ပြေးဖက်လိုက်ရင်းက—

"သူလေ သူ သူ လူကိုယ်နှင့် ခွေးလိုစိတ်မျိုး ရှိတဲ့ သတ္တဝါ အရက်တွေ သောက်လာပြီး သမီးကို"

မြမြတင်မှာ စကားကိုပင် အဆုံးမသတ်နိုင်ရှာဘဲ ယိုမလို ဝဲနေသော မျက်လုံးများဖြင့် တစ်မျက်နှာလုံး ရှုံ့ရှုံ့စိုသွားအောင် ငိုချ လိုက်လေ၏။

"ယောကျ်ားပဲ သမီးရယ်၊ နည်းနည်းပါးပါးတော့ သောက်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"တော်ပါ ဖေဖေ၊ ဒါ လူမိုက် အားပေးစကားတွေပါ၊ နို့ ယောက်ျားတိုင်း နည်းနည်းပါးပါး သောက်ရမလား၊ နည်းနည်း ဖြစ်ဖြစ် သောက်တတ်မှပဲ ယောက်ျားပီသတော့မလား၊ ဖေဖေတော့ ဘာလို့ မသောက်သလဲ"

မြမြတင် အသံတိတ်သွားသောအချိန်၌ အိမ်သားအားလုံး၏ မျက်စိများမှာ အတွင်းဧည့်ခန်းဆီသို့ ရောက်နေကြလျက် အပေါ် အင်္ကျီကို ဒရွတ်တိုက်ဆွဲ၍ အခန်းထဲမှ ဆင်းထွက်သွားသော ကိုတင့်မောင်အား အကြောင်သား ငေးကြည့်နေမိကြလေ၏။ ချက်ချင်းဆိုသလိုပင် ဦးညိုမောင်လည်း ကိုတင့်မောင်နောက်သို့ ဆင်းလိုက်သွားမည်ဟု ခြေလှမ်းပြင်လိုက်သည်နှင့် တစ်ပြိုင်နက်—

"လိုက်ခေါ်မလို့လား ဖေဖေ၊ သူပြန်တက်လာရင် သမီး ဆင်းသွားရပါလိမ့်မယ်"

ခြေတစ်လှမ်းလှမ်းမိနေပြီ ဖြစ်သော ဦးညိုမောင်၏ ခန္ဓာကိုယ် ပုံ့ပုံ့ကြီးမှာ ရုတ်တရက် တုံ့ဆွဲလိုက်သလို ရပ်တန့်သွားလေ၏။

"ထိုင်ပါ ဖေဖေ မေမေ သမီးပြောပြမယ်"

မြမြတင်သည် ဖြစ်သမျှအကြောင်းကို အစမှအဆုံး တစ်လုံးမကျန် ရှိုက်သံလေးနှော၍ ပြောပြပြီးသည်နှင့် အခန်းထဲ ပြေးဝင် ခုတင်ပေါ် ပစ်လှဲ၍ ခေါင်းအုံးထဲ မျက်နှာမြှုပ်ကာ တရှုံ့ရှုံ့ ဖြစ်နေရှာလေ၏။

ထိုနေ့ညအဖို့ မိုးထိန်ထိန်လင်းသည့်တိုင်အောင် ကိုတင့်မောင် ပေါ်မလာသဖြင့် ဦးညိုမောင်မှာ လူကြီးပီပီ ဝတ္တရားရှိသည့်အတိုင်း စတော့ကိတ်လမ်းရှိ အလုပ်တိုက်သို့လည်းကောင်း၊ ကိုတင့်မောင် သွားတတ်လာတတ်သော အိမ်များသို့လည်းကောင်း၊ အနှံ့အပြား လိုက်လံရှာဖွေပါသော်လည်း ၁၁–နာရီထိုးသည့်အထိ အစအန





သော်မျှ မတွေ့ရသောကြောင့် လက်လျှော့ရတော့ကာ ကိုတင့်မောင် မိဘများရှိရာ မန္တလေးသို့ သံကြိုးရိုက်အကြောင်းကြားပြီး ပြန်လာခဲ့ရလေ၏။

❦

တစ်နေ့တစ်နေ့နှင့် တရွေ့တရွေ့ အချိန်ကုန်ခဲ့ပြီးသည့်နောက် ၁၀–ရက်မြောက်သော နေ့တစ်နေ့တွင် ကိုတင့်မောင်၏ မိဘများထံမှ စာတစ်စောင် ရောက်လာသောကြောင့် ဦးညိုမောင်သည် စိတ်မကောင်းခြင်းကြီးစွာနှင့် စာကို ဖတ်လျက် ရှိလေသည်။

"ကဲ–မသင်းထုံ၊ မောင်တင့်မောင်တော့ မန္တလေးပြန်ရောက်နေပြီတဲ့။ သူ့အဖေကတော့ တို့အပေါ်မှာ မကျေနပ်သလို ရေးလိုက်တာပဲ၊ နောက်ပြီး သူ့သားနဲ့ ငါ့သမီး ပေးစားမယ်၊ မပေးစားဘူးဆိုတာလဲ နောက်ဆုံး စကားအနေနဲ့ သိချင်သတဲ့လေ"

"ရှင်ကလည်း ပြန်ရေးပေါ့ ကိုညိုမောင်၊ သူ့သားက လူပါးဝတာတော့ ထည့်မပြောဘူး။ နို့ သူတို့ ကလေးချင်းကိစ္စကိုကော ရှင် ဘယ်လို သဘောထားသလဲ၊ ပေးစားမလား"

"မဖြစ်နိုင်တာ မသင်းထုံ၊ သူတို့ လူငယ်ချင်းမှ မသင့်မြတ်ကြတာ၊ နောက်ဆုံးကျတော့ အိမ်ထောင်ရေးဆိုတာ ပေါင်းရမယ့် လူချင်း ဆုံးဖြတ်တာ အကောင်းဆုံးပဲပေါ့ကွာ"

ထိုနေ့၊ ထိုအချိန်၊ ထိုအခါမှစ၍ မြမြတင်မှာလည်း နောက်ဆံမတင်း စိတ်ကလေး ရှင်းရှင်းနှင့် ကိုလှပိုအပေါ်တွင်သာ အချစ်မဲတင်း၍ တင်း၍သာ နေလေမိ၏။ ဟန်ဆောင်မှုအရေခြုံ၍ မြူထားတတ်သူများ၏ စကားနှင့် အမူအရာသည် နားဝင်ချို၍ အတွေ့ကောင်းသလောက် ဖောက်ပြန်လာသောအခါ၌ကား ထိုလူမျိုးထက် ကြောက်စရာကောင်းသူမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထဲရှိသလောက် ဒိုးဒိုးဒေါက်ဒေါက်နှင့် မထောက်မညှာ ပြောတတ်သော လူဖြောင့်များ၏ စကားနှင့် ဟန်အမူအရာသည်ကား နားမဝင် အမြင်မခံတော် ထော်လော်ကန့်လန့်နိုင်သည် မှန်သော်လည်း ထိုလူမျိုးကား သူ့ဝမ်းထဲတွင် မည်ကဲ့သို့သော စိတ်မျိုးရှိကြောင်း "အတွင်းသဘောကို တိုးလျိုပေါက် မြင်နိုင်သော" မှန်သေတ္တာတွင် ထည့်၍ ပြထားဘိအလား အရှင်းသား မြင်နိုင်သည်ဖြစ်ရာ ဟန်လုပ်၍ ဖုံးကွယ်ထားသူထက် အကဲခတ်ရ လွယ်သည်သာ ဖြစ်လေ၏။ ဤသို့ တွေး၍ ထိုသို့ သဘောပေါက်နေမိသော မြမြတင်သည် အကြိုက်ကိုလိုက်၍ တွေးခြင်းလော၊ အမှားအမှန် ဝေဖန်ပိုင်းခြားလျက် ပြတ်ပြတ်သားသား တွေးခြင်းလော–ဟူ၍ကား သူကိုယ်တိုင် သတိမထားမိ။ ယင်းသည့်အတိုင်း မဟုတ်မခံ မှန်ရာကို ပွင့်ပွင့်လင်းလင်း ပြောတတ်သော ကိုလှပို၊ သူ့ဖို့ ကိုယ့်တွက် နှစ်ဖက်မျှ စဉ်းစားတတ်သော ကိုလှပို၊ ကြင်နာသနား တတ်သော ကိုလှပို။

*"ကျွန်တော်ချစ်တဲ့ အချစ်ဟာ မြမြတင်ကို သောင်းငါးထောင်တန် ကားပေါ်က ဆွဲချပြီး လန်ခြားစီးနိုင်းမယ့် အချစ်မျိုး မဟုတ်ဘူး။ သောင်းငါးထောင်တန် ကားပေါ်က မွေ့ယူပြီး ငါးသိန်းတန် ကိုယ်ပိုင်လေယာဉ်ပေါ်တင်မယ့် တကယ့်အချစ်မျိုးပါ မြမြတင်"*

ဤလိုစကားမျိုးဖြင့် အချစ်သဘောတရားကို လေးလေးစားစား တန်ဖိုးထားတတ်သော ကိုလှပိုအား မြမြတင် ချစ်မိသည်မှာ နည်းနည်းကလေးမဟုတ်၊ ကိုတင့်မောင်အပေါ်မှာ အခြေအနေအရ ရုပ်သိမ်းလိုက်သော အချစ်ဟူသမျှ အကုန် ကိုလှပိုအပေါ်တွင် စုပုံပေးအပ်၍ အသဲလှပ်လှပ်တုန်အောင် ချစ်မိသည်သာ ဖြစ်လေ၏။





သို့သော် စစ်ပြီးခေတ်တွင် ဖြစ်သလို ထူထောင်ထားရသော တဲအိုပိုင်ရှင် ထဲမှ ပစ္စည်းမဲ့လူတန်းစား မုန့်ဟင်းခါးသည် တည်း ဟူသော ဂုဏ်ရည်ကင်းမဲ့လှသည့် ကိုလှပိုလို လူတစ်ယောက်ကို မြမြတင် ယူ၍ ဖြစ်ပါမည်လော။ မြမြတင်ကိုယ်တိုင်က ဖြစ်သည် ထားဘိဦး၊ မိဘများက ရှိသေးသည်၊ အချစ်ကိစ္စနှင့် ပတ်သက်၍ ရက်ရက်ရောရော သဘောထား ပွင့်ပွင့်နှင့် ရောမ အခွင့်အရေး ပေးထားသူ မိဘများအား မြမြတင်သည် တော်လှန်ပုန်ကန်၍ အမှန်ကို မျက်နှာလွှဲမည်လော။ အချစ်တွင် အဆင့်အတန်း ရှိသည်ဟု တယူသန်စွဲနေသော ဦးညိုမောင်သည်ပင် မှန်သလော"

**"ချစ်အနုမြူ"**

စိတ်မချမ်းသာဖွယ်ရာ ရှုပ်ထွေးဆန်းကြယ်လှသော "အချစ်" ၏ သဘာဝကို ကျကျနန ရှင်းပြနေသည့် ရုပ်ရှင်ကားပေါ်ဝယ် မြမြတင်သည် စိတ်ဝင်စားစွာနှင့် စူးစိုက်ကြည့်ရှုလျက် ရှိလေ၏။

ဒါရိုက်တာ စာရေးဆရာ သုခ ကိုယ်တိုင် စီမံရိုက်ကူး လိုက်သော **"ချစ်အနုမြူ"**ဇာတ်ကားမှာ ဇာတ်ကွက်၊ ဇာတ်အိမ် ထိသလောက် ပါဝင်သူများ၏ အမူအရာမှာလည်း မိလှပေသည်။ ထို့ကြောင့်လည်း မြန်မာရုပ်ရှင်ကို အမြဲအထင်သေးကာ အင်္ဂလိပ် ရုပ်ရှင်ကိုသာ ကြည့်လေ့ရှိသော မြန်မာပရိသတ်များ အငိုကြီး ငိုသွားရလေသည်။ (အချို့သော မြန်မာရုပ်ရှင်ဇာတ်ကားများမှာ ယခု ထက်တိုင် အထင်သေးဖွယ်ရာ အဆင့်အတန်းတွင်သာ ရှိနေ သေးသည်။ ။ စာရေးသူ)

ငါးကျပ်တန်း တစ်နေရာတွင် ဦးညိုမောင်နှင့် ဒေါ်သင်းထုံ၏ အလယ်ဗဟိုတွင် ထိုင်နေသော မြမြတင်သည် ရုပ်ရှင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရသော အချက်အလက်အကွက် အစိတ်များကို တဒိတ်ဒိတ် ခုန်နေသော ရင်ကလေးကို ဖိကာ မချိတရိ ဖြစ်နေရှာ၏။

အချစ်ကို အလွဲသုံးစား လုပ်ခဲ့မိသော ခင်အုန်းမြင့်၊ အိမ်ကြီး အိမ်ခေါင်းပေါ်မှ တဲအိုပျက်ထဲ ဆင်းခဲ့မိသော ခင်အုန်းမြင့်၊ သူတစ်ထူးအိမ်မှာ အစေခံလောက်နီးနီး ဒုက္ခကြီးတွေ့ရပုံ အခန်း ကလေးသည် မြမြတင်အား "ဟင်းခနဲ" သက်ပြင်းချမိလောက် အောင် ထိခိုက်တုန်လှုပ်သွားစေလေ၏။ ဘာပဲဖြစ်ဖြစ် လင်မယားလို ချစ်ရရင်ပြီးရော သဘောထားကာ ပေတောလေလွင့် ဖြစ်ချင်တိုင်း ဖြစ်နေသော တက္ကသိုလ်မျိုးချစ်၏ အမှုအရာမှာလည်း ပရိသတ် တစ်ရုံလုံး အော့နလုံးနာလောက်အောင် သဘာဝကျလှတော့၏။ ဘချစ်ကြီးကား အထူးပြောဖွယ်ရာ မလိုတော့ပေ။

အားလပ်ချိန်ပေး၍ မွှေးခနဲ မီးပွင့်လာမှပင် မြမြတင်မှာ အသက်ဝင် လှုပ်ရှားလာတော့၏။ အာရုံ စိုက်ရလွန်းသောကြောင့် ညောင်းနေသော သူ့ဇက်ကလေးကိုလည်း ဘယ်လိမ့်ညာလှဲ့ဖြင့် ခါ၍ခါ၍ နှိပ်နေလေ၏။ ရှစ်မိနစ်ခန့်ကြာသော ရုပ်ရှင်ကားပေါ်တွင် ဆေးရုံမှ သွေးအလှူခံသော ကြော်ငြာ နီရဲရဲတစ်ခု ပေါ်လာပြီး ရှေ့ဆင့်၊နောက်ဆင့်ဆိုသလို ကြော်ငြာမျိုးစုံ တစ်ခုပြီးတစ်ခု ပေါ်လာရာမှ မြမြတင်သည် ရုတ်တရက် အလန့်တကြား ဆိုသလိုပင် ဦးညိုမောင်အား လက်တို့လိုက်ရင်း...

"ဖေဖေ ကြည့်စမ်း ကြည့်စမ်း ဟိုမှာ"

ဟု ပျာပျာသလဲ ပြောလိုက်သဖြင့် ဦးညိုမောင်ရော၊ ဒေါ်သင်းထုံပါ မြမြတင်၏ လက်ညှိုးညွှန်ရာသို့ လှမ်းကြည့် လိုက်သည်၌...





ဟုတ်ကဲ့ ...

ရန်ကုန်မြို့မှာ ဆိုရင်တော့

ရေကျော် "စိန်တစ်ပွင့်"

မုန့်ဟင်းခါးဟာ အကောင်းဆုံးပဲလို့

လူတိုင်းက

ပြောနေကြပါတယ်ခင်ဗျာ။

ဟူသော ကြော်ငြာဆလိုက်ကို တွေ့လိုက်ရပြီး မကြာမီ ပျောက်ကွယ်သွားလေ၏။ မြမြတင်သည် တစ်စုံတစ်ရာ ချီးကျူးသံကို ကြားရလေမည်လားဟု အားရဝမ်းသာနှင့် ဦးညိုမောင်၏ မျက်နှာကို ကြည့်လိုက်သည်တွင် မပြုံးမရယ် ထည်ခန့်သော မျက်နှာထားဖြင့် "ဒါ ဘာဖြစ်သလဲ" ဟူသော အကြည့်မျိုးကြည့်ကာ ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်သောကြောင့် မြမြတင်မှာအတော်ကလေး စိတ်မကောင်း ဖြစ်သွားလေ၏။ သို့ပြုမူလိုက်သော ဦးညိုမောင်၏ မျက်နှာထား အဓိပ္ပါယ်ကိုလည်း ချက်ချင်းသဘောပေါက် ရိပ်မိသွားသည့်အတိုင်း၊ မြမြတင်တွင် မျက်နှာထားကလေး အိုလျက် "ကိုလှပိုကို ငါ့ယူလို့ တော့ ဖြစ်မယ် မထင်ပါဘူး ဖေဖေ့ အမူအရာက သဘောတူပုံမရ သလိုပဲဟင်" ဟူ၍ပင် စိတ်ထဲတွင် ခဲပြီး သဲသဲမဲမဲကြီး ငြီးပစ် လိုက်လေ၏။

❣

ကိုတင့်မောင် ထွက်သွားသည့် နေ့မှသည် ဤမှာ ...ကိုသို့ ပြက္ခဒိန်သုံးရွက်တိတိ လှန်ခဲ့ရပြီးဖြစ်လေရာ ထိုလွန်ခဲ့သော သုံးလ အတွင်း ကိုလှပို၏ ဆိုင်အခြေအနေမှာလည်း ...သိသာသာ တိုး

www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့လေ၏။ သို့သော် တရားသောနည်းဖြင့် လုပ်ကိုင်ရောင်းဝယ်သူများအဖို့ ခြောက်လ၊ တစ်နှစ်အတွင်း ဖြုန်းခနဲ ဟုန်းခနဲ ချမ်းသာ ကြွယ်ဝလာရန်မှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်စရာအကြောင်းမရှိပေ။ တစ်နေ့လျှင် သုံးလေးကျပ်မျှသာ ကိုယ်တွက်ကျန်သောအခြေမှ ကိုလှပို၏ ကြိုးပမ်းချက်ကြောင့် ယခုအခါတွင် တစ်နေ့လျှင် တစ်ဆယ်မှ ဆယ့်ငါးကျပ်အထိ မြတ်စွန်းသောအခြေသို့ တိုးတက်ခဲ့လေ၏။ ထိုစံချိန်အတိုင်း မှန်မှန်ကြီးရောင်းနေရသော် တစ်နေ့ ၁၅–ကျပ်၊ တစ်လ ၄၅၀၊ တစ်နှစ် ၅၄၀၀ ဆယ်နှစ်ကြာအောင် ချွေချွေတာတာ စုနိုင်ပါမှ ငါးသောင်းလေးထောင်မျှသော ငွေကို ရပေလိမ့်မည်။ ထိုဆယ်နှစ်အတွင်းတွင်လည်း သူတို့၏ စီးပွားရေးမှာ တိုးလည်းတိုးနိုင်၊ ဆုတ်လည်းဆုတ်ယုတ်နိုင်သေးသည်ဖြစ်ရာ သုံးလေးသိန်းခင်းလောက် ချမ်းသာနေပြီဖြစ်သော ဦးညိုမောင်တို့ အဆင့်အတန်းကို မည်မျှကြာမှ မီနိုင်ပေမည်နည်း။

ကိုလှပို၏ စီးပွားရေး တစိမ့်စိမ့် တိုးတက်နေခိုက် ဦးညိုမောင်၏ စီးပွားရေးကား ထိုအတိုင်း ရပ်တန့်နေမည်လော။ ပြိုင်တူပင် တိုးတက်ကြီးပွားနေကြသည် ဆိုပါစို့။ ငွေရင်းများသော ဦးညိုမောင်အား ကိုလှပိုသည် မီနိုင်ဖွယ်ရာ ရှိပါသေး၏လော။ ငွေသုံးလေးရာမျှနှင့် ရင်းနှီးရသော ကိုလှပိုပင် တစ်နေ့ ၁၅–ကျပ် အသားတင် မြတ်နေသေးလျှင် ငွေရင်းသုံးလေးသိန်းပြုပြီး လုပ်ကိုင်နေသော ဦးညိုမောင်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့ သနည်း။

ထိုအတိုင်း ဇယားချ၍ တွက်ခဲ့သော မြမြတင်မှာ ထိုအရေးကို တွေးမိတိုင်း စိတ်မောလူမောနှင့် ဓာချွေးများပင် ပြန်ခဲ့ရသည့် အကြိမ်ပေါင်းလည်း မရေမတွက်နိုင်တော့ပေ။

❦





"အော်... ကိုမျိုးညွန့် ဘယ်က လှည့်လာသလဲ"

"လုပ်တော့မယ် မြကဖြင့်၊ ဒီကို တမင်လာတာ သိရက်သားနဲ့၊ ဘယ်လိုလဲ မြရယ် ဟင်၊ ကိုမျိုးညွန့်အဖို့ မျှော်လင့်ချက်ကလေးများ ရှိသေးရဲ့လား"

"ရှိပါသော်ကော ရှင် ကျွန်မ ပြောခဲ့ဖူးတယ် မဟုတ်လား၊ တစ်နှစ်လောက်တော့ အကဲခတ်ပါရစေဦးလို့၊ အဲဒီတော့ တိတိကျကျ ဘာအဖြေမှ မပေးသေးရင် မျှော်လင့်ချက် ရှိတယ်လို့သာ မှတ်ပါတော့"

"ဝမ်းသာလိုက်တာ မြရယ်၊ ဒီစကား ကြားရတာ"

ရွှေကိုင်းမျက်မှန်နှင့် ဟန်ကောင်းဂိုက်ကျ ကျက်သရေရှိရှိ ခန့်လှသော လူရွယ်သည် ဤသို့ ပြောရင်း မြမြတင်အား စိုက်ကြည့်နေသော မျက်နှာထားမှာ မိန်းမတိုင်း မက်လောက်သော အသွင်ကို ဆောင်နေတော့၏။

ကိုမျိုးညွန့်မှာ ရုပ်ရည်အားဖြင့်သာ ချောမောပြေပြစ်သည် မဟုတ်၊ ပညာလည်း မခေလှပေ။ ဘီအေ–ဘီအယ်(လ်) အတွင်းဝန်ရာထူးလက်ရှိ ဖြစ်သည့်ပြင် မိဘများမှာလည်း ယခုအခါတွင် အတော်ကလေး ခေတ်စားနေသည့် (အင်ပို့လိုင်စင်)ကြောင့် သိန်းချီ၍ စီးပွားလမ်းဖြောင့်နေသူ ကုန်သည်များ ဖြစ်လေ၏။ ဦးညိုမောင်နှင့် သူ့မိဘများ မည်သို့ အချိတ်အဆက်ရှိသည် မသိရသော်လည်း လွန်ခဲ့သော နှစ်လလောက်ကစ၍ ကိုမျိုးညွန့်သည် စာနှင့်တစ်တန်–ဟန်အမူအရာဖြင့် တစ်သွယ် အမယ်မယ်သော နည်းများဖြင့် မြမြတင်အား ချစ်ရေးငင်ခဲ့ပြီး ယခုအခါတွင်မူကား ပါးစပ်မှပင် ရဲရဲဝံ့ဝံ့ ထုတ်ပြော ခွင့် ရသည်အထိ နီးစပ်လာခဲ့လေ၏။

❦

www.burmeseclassic.com

www.burmeseclassic.com

"လာ–မြမြတင် တစ်ယောက်တည်း ထွက်လာတယ် ထင်ပါရဲ့"

"ဟုတ်တယ် ကိုလှပို မုန့်ဟင်းခါး စားချင်တာနဲ့ပဲ"

မကြာမီ မုန့်ပန်းကန်ရောက်လာသောကြောင့် မြမြတင်လည်း အားရပါးရ ငုံ့စားနေစဉ် မျက်နှာရော၊ ကိုယ်ပါ ရုတ်တရက်အားဖြင့် ဆေးခနဲ စိမ့်သွားသောကြောင့် လှည့်ကြည့်လိုက်သည်တွင် ၁၀–နှစ်သမီးခန့်ရှိ မိန်းကလေးတစ်ယောက်သည် မိမိအားတွင် ရပ်လျက် ရှိရှိသေသေ ယပ်ခပ်ပေးနေသည်ကို တွေ့ရသဖြင့် တအံ့တဩ ငေးမောကြည့်နေမိ၏။ ထိုမိန်းကလေးမှာလည်း အဖြူနှင့် အစိမ်းရင့် အမြင်တင့်အောင် စက်ချုပ်ထားသည့် ဂါဝန်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြန်သောကြောင့် ကိုလှပို၏ ဆွေမျိုးထဲမှ ကျောင်းသူ တစ်ယောက်ဖြစ်ကောင်း ဖြစ်နိုင်စရာရှိလျက် မိမိအား သီးသန့် ယပ်ခပ်ပေးရန် ကိုလှပိုကပင် ညွှန်ကြားခိုင်းစေထားခြင်း ဖြစ်လေ သလောဟု တွေးမိပြီး ကိုလှပိုရှိရာ အခြားစားပွဲသို့ လှမ်းကြည့် လိုက်သည်တွင် ဤမိန်းကလေးနည်းတူ သပ်သပ်ရပ်ရပ် ဖီးလိမ်း ပြင်ဆင်ထားသည့် အခြား မိန်းကလေး ၂–ယောက်သည် ယပ် တောင်ကိုယ်စီကိုင်၍ မုန့်ထိုင်စားနေသူ လူလေးငါးယောက်အား ယပ်ခပ်ပေးနေသည်ကို တွေ့ရလေ၏။

"ဘယ့်နှယ် ကိုလှပို၊ တယ်လည်း ထွင်လိုက်ပါလား၊ ရုတ်တရက်တော့ ဒီကလေးမလေးကို ရှင့်ဆွေမျိုးထဲက ကျောင်းသူ ကလေးများလားလို့တောင် ထင်မိတယ်"

"ကျွန်တော့်တို့ အိမ်နားက သဘော်ကြီး ကုလီတစ်ယောက် ရဲ့ သမီးကလေးလေ၊ ဆင်းရဲရှာတယ်ဗျာ၊ ကျွန်တော်ကပဲ စရိတ်ခံပြီး နေ့ကို ကျောင်းတက်၊ ညကို ဆိုင်မှာ အလုပ်လုပ်ခိုင်းပြီး တစ်နေ့ တစ်ကျပ်ပေးတယ်၊ တစ်ချို့ လာစားတဲ့ လူတွေဟာ ချွေး





တပြိုက်ပြိုက်နဲ့ မြင်ရတာ စိတ်မကောင်းလွန်းလို့ ခုလို ယပ်ခပ်ပေး ရတာပဲ၊ ငွေရင်းမရှိလို့ပေါ့ မြမြတင်၊ ဟိုဘက်နားက တိုက်ခန်းက အပျောက် ၂၀၀၀ ပေးရင် ဖယ်ပေးမတဲ့။ အဲဒီအခန်း ယူပြီးတော့ များ ကျကျနန ပန်ကာနဲ့ ဘာနဲ့ ရောင်းလိုက်ရရင် ဘယ်လောက် ကောင်းမလဲလို့"

ထိုစကား ကြားလိုက်ရသည်နှင့် မြမြတင်မှာ ပြုံးရုံမျှပင် မရှင်နိုင်ဘဲ ရင်ထုမနာ သနားစိတ်တွေ ဖြာသွားမိလေ၏။

"ကြိုးစားပေါ့ ကိုလှပို၊ ကြိုးစားပေါ့"

"ဒါတော့ စိတ်ချပါ မြမြတင် အရောင်းအဝယ်ဘက်တွင်သာ မဟုတ်ပါဘူး၊ ပညာရေးဘက်ကလည်း ကြိုးစားနေရက်ပါ။ ခု လာမယ့် အို–အေ စိနီယာကို ဝင်ဖြေဖို့ပဲ အသင့်စီစဉ်ပြီးပါပြီ။ ရည်ရွယ်သလို ဖြစ်တာ, မဖြစ်တာကတော့ ကံတရားလို့ပဲ ဆိုရမလား မသိဘူး။ ထ,မြောက်အောင် ကြိုးစားမှာပဲ၊ အရောင်းအဝယ်နဲ့ ပတ်သက်ပြီး ဘယ်အထိ ရည်ရွယ်သလဲ ဆိုတော့ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ တာမွေ၊ ကျောက်မြောင်း၊ တောင်ညွန့် အစရှိတဲ့ အရပ်တိုင်းမှာ ဆိုင်ခွဲတွေ ဖွင့်ပြီး ဒီ စနစ်အတိုင်း လုပ်သွားမယ်။ အဲဒီအခါကျတော့ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ မှိုကြွပ်ကြော်၊ ပဲဘရာကြော် အကုန်လုံး ကိုယ့်ဟာကိုယ် သန့်သန့် ပြန့်ပြန့်နဲ့ ကောင်းသထက် ကောင်းအောင် ကြော်မယ်၊ မုန့်ကို ကိုယ်တိုင်ညှစ်မယ်၊ တစ်ခါတည်း စက်ရုံကြီး တစ်ရုံလောက်ကို ကြီးကြီးကျယ်ကျယ် လုပ်ပြပါ့မယ်၊ မြမြတင်ကြည့်ပါ"

"ကြိုးစားပေါ့ ကိုလှပို၊ ရည်ရွယ်ချက် အောင်မြင်ပါစေ လို့လည်း ဆုတောင်းပါတယ်၊ တကယ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမူအရာနှင့် စကားမှာ ရိုးရိုးသားသားပင် ဖြစ်သော်လည်း အဓိပ္ပါယ်အနက် အကျယ်ကို ချက်ချက်ချာချာ နားလည်သဘော ပေါက်ပြီးဖြစ်သော သူတို့ချင်းအဖို့သော်ကား၊ ထူးခြားကောင်းမွန်၍ အလွန့်အလွန် အရသာရှိသော စကားများသာ ဖြစ်လေ၏။

❣

"တစ်နေ့ ၁၅-ကျပ်၊ တစ်လ ၄၅ဝိ၊ တစ်နှစ် ၅၄ဝဝိ"

မြမြတင် ဆက်မတွေးဝံ့တော့ပေ။ မည်ကဲ့သို့သောအခါတွင်မှ ကိုလှပို၏ အခြေ စိုပြည်ဝင်းတင့် မိမိတို့ အဆင့်မီပါလေမည်နည်း။

အတွင်းဝန် ကိုမျိုးသန့် ဘီ-အေ-ဘီ-အယ်လ်၊ မြမြတင်တို့နှင့် အခြေအနေတူ သူဌေးသား။

သဘောထားပြည့်ဝ၍ အလွန်ရိုးသားဖြောင့်မှန်သူ လူကောင်းတစ်ယောက်ဟူသော ကိုမျိုးညွန့်၏ ဂုဏ်သတင်းသည် မြမြတင်၏ အိမ်တွင် တသင်းသင်း မွှေးခဲ့၏။ ယခုလည်း ရန်လိုင်၍ ကြိုင်နေဆဲပင်ဖြစ်ရာ၊ ကိုယ်ကျင့်တရားနှင့် ရိုးသားမှုတွင် ကိုလှပိုနှင့် တန်းတူထားဘိဦး၊ ပညာ၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်အရည်အချင်းရောရပ်ရည်ပါ ကိုလှပိုထက် အဖက်ဖက်က သာနေသည် မဟုတ်ပါလော။

မြမြတင်မှာလည်း အချိန်ရှိသလောက် ထိုထိုသော အတွေးဇပါင်းချုပ်ဖြင့် စိတ်ရှုပ်နေရလေ၏။

"အချစ်-အချစ်၊ လူတွေရဲ့ အချစ်ဟာ တိရစ္ဆာန်တွေလောက်မှ လွတ်လပ်မှုမရှိပါလားနော်၊ အဆင့်အတန်း၊ ရာထူး၊ ဂုဏ်၊ ရွှေ၊ ငွေ၊ စိန်၊ ပစ္စည်း၊ ဒါတွေကို ဘာမှ မသိတဲ့ လူရိုးတွေနဲ့ ဝမ်းထဲဝင်စားမိတာက ကောင်းဦးမယ။ လူယဉ်ကျေးတွေတဲ့၊ အချစ်တန်ဖိုးထားလိုတာနဲ့၊ နွားဝယ်သလို ဝယ်နေကြတဲ့ လူယဉ်ကျေးတွေ၊ ထွီ"

မြမြတင်သည် ဤသို့ တွေး၍ တံတွေးပင် ထွေးမိသည်အထိ စိတ်နှလုံး နောက်ကျိသွားလေ၏။

"အမှန်ကတော့ လောကကြီးဟာ အင်မတန်မှပဲ ကောင်းပါတယ် သမီးရယ်။ စားဖို့၊ သောက်ဖို့၊ ဝတ်ဖို့၊ ဆင်ဖို့၊ နေဖို့၊ ထိုင်ဖို့ဟာ ရှိသမျှ လူတွေအတွက် လိုသလောက် ပစ္စည်းကို လောကကြီးက အမြဲပေးနေပါတယ်။ တော်တော့ကို ကောင်းတဲ့ လောကကြီးပါ။ ဒါကို တစ်ချို့က မတရားတဲ့ လောကကြီး၊ အဆင်မပြေတဲ့ လောကကြီးလို့ ညည်းညည်းငြူငြူ ပြောနေကြတယ်။ အမှန်က လူတွေ မတရားတာ၊ လူတွေက အဆင်မပြေအောင် လုပ်နေတာ သမီးရဲ့။ ဝါဆိုလပြည့်နေ့တုန်းက သမီးတို့ ဖေဖေတို့ ဘုရားဖူးသွားကြတုန်းက မှတ်မိသေးတယ် မဟုတ်လား၊ ခေါက်ဆွဲ အလှူလုပ်နေတဲ့ ဇရပ်ထဲက လူတွေ ပြေးထွက်လာပြီး ဖေဖေတို့ကို ခေါက်ဆွဲစား ကြွပါဆိုပြီး အတင်းခေါ်ကြတာလေ၊ အဲဒီတုန်းက သမီးရော၊ သမီးမေမေပါ စိန်တွဲလဲ-ရွှေတွဲလဲနဲ့ အဝတ်အစားတွေဆိုတာကလည်း အဖိုးတန်ချည့်ဝတ်လို့၊ အင်း-လူတစ်ကိုယ် တစ်သောင်းဖိုးစီလောက် ဝတ်ဆင်ထားတဲ့ လူတွေကိုတော့ အတင်းခေါ်ကျွေးတယ်၊ ဖေဖေတို့ ရှေ့က လျှောက်သွားကြတဲ့ တကယ့် ကျောမွဲတောသူတောင်သားတွေကိုတော့ မခေါ်တဲ့အပြင် ဝင်လာမှာ တောင် စိုးရိမ်သလို ကြည့်နေကြတယ်"

"အဲဒီတုန်းကသာ ဖေဖေတို့၊ သမီးတို့ ဒီလို ဝတ်စားမသွားနိုင်ရင် သူတို့ ခေါ်မှာမဟုတ်ဘူး။ စဉ်းစားကြည့်စမ်း ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ။ အယုတ်၊ အလတ်၊ အမြတ်မရွေး ဘယ်သူ့ကိုမဆို ကျွေးရတယ်ဆိုတဲ့ အလှူဒါန ကိစ္စမှာတောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူဌေးဆိုတာကိုမှ ရွေးပြီး ပင့်မ ဖိတ်ခေါ်ကျွေးမွေးနေကြတယ်။ ကြေးညှိတက်ချမ်းသာနေတဲ့ လူတွေကို ငွေတစ်ထောင်လောက် အကုန်ခံပြီး ရေခဲမုန့်ကျွေးတာနဲ့ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသား တစ်ရာလောက်ကို ဆန်သုံးပြည်စီ လှူလိုက်တာ ဘယ်ဟာက ပိုပြီး ကုသိုလ်ရမလဲဆိုတာ လူတိုင်း စဉ်းစားတတ်တဲ့ တစ်နေ့မှာ လောကကြီး စိုပြည်လာဦးမပေါ့လေ"

"ဒါပေမယ့် ခုခေတ်မှာ သူတောင်းစားကတောင် အဝတ်အစားကြည့်ပြီး တောင်းတဲ့ခေတ် ဖြစ်လာတော့၊ စိတ်ပါတာ မပါတာ ဖယ်ထား၊ သူများနည်းတူ လူရာဝင်အောင်ဟာ ပိုက်ဆံရှိဖို့ကတော့ အရေးကြီးတယ် သမီးရေ"

ဦးညိုမောင် ပြောဖူးသော စကားနှင့် ပတ်သက်၍ ဤလို တွေးမိပြန်သောအခါ၌ မှုလတွေးတော သဘောပေါက်မိသော အချက်ကလေးများ မှားသည်ဟု မဆိုသာစေကာမူ ဦးညိုမောင်၏ စကားများကလည်း အခြေအနေအရ မှန်နေသည်ကို တွေ့ရပြန်လေ၏။ သို့ဖြစ်လျှင် မြမြတင်သည် အချစ်၌ အတန်းအစား မရှိဟူသော သဘောတရားကို လက်ခံ၍ ကိုလှပိုကို ယူရမည်လော၊ သို့မဟုတ် အချစ်ကို တန်ဖိုးထား၍ ပေးစွမ်းအားရှိသော ကိုမျိုးညွန့်အား ယူရမည်လော၊ ထိုနှစ်လော၏ သဘောအမှန်ကို မြမြတင် ကိုယ်တိုင် ပိုင်ပိုင်မိမိ တိတိပြတ်ပြတ် မစဉ်းစားတတ်အောင်ပင် ရှိနေရှာလေ၏။

❣

သာယာလှသော တနင်္ဂနွေနေ့၏ ညနေ ၃–နာရီခန့် အချိန် ဦးညိုမောင်သည် ဧည့်ခန်းတွင်ထိုင်ရင်း တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားသလို တွေးနေရာမှ နာရီကိုလည်း မကြာခဏ မော့ကြည့်လျက် ရှိလေ၏။



"တစ်ချက်တီးမှာ မသာချတယ်ဆိုတော့ ဒီအချိန်ဆို ပြန်ရောက်ဖို့ ကောင်းနေပြီ တယ်ခက်တာပဲ"

ဤသို့ တဖျစ်တောက်တောက် ညည်းနေ၍ စကားမဆုံးမီ လှေကားဆီမှ ခြေသံများ ကြားရပြီ၊ ဒေါ်သင်းထုံနှင့် မြမြတင် တက်လာသည်ကို မြင်ရသည်နှင့်—

"ဟော့ ကြာလှချည်လားကွ၊ ကဲ မြန်မြန် အဝတ်အစားလဲပြီး လာကြဦး ပြောစရာရှိတယ်"

ဒေါ်သင်းထုံနှင့် မြမြတင် မိမိတို့ ဆိုင်ရာအခန်းများသို့ ဝင်သွားပြီး၊ မကြာမီပင် အဝတ်အစားလဲ၍ ထွက်လာကာ ဦးညိုမောင် အနီးတွင် ဝင်ထိုင်လိုက်ကြလေ၏။

"သုသာန်က ပြန်တော့ ၂–နာရီလောက်ပဲ ရှိပါသေးတယ် ဖေဖေ၊ ဝယ်စရာကလေးရှိတာနဲ့ ဈေးဝင်နေလို့"

မြမြတင်သည် အသုဘာမှ ကမ်းလိုက်ဟန်တူသော ယပ် တောင်ကလေးဖြင့် ဦးညိုမောင်အား ယပ်ခတ်ပေးရင်း ပြောလိုက်သော ကြောင့်—

"ကဲ ဒါတွေ ထားလိုက်တော့ ပြောစရာရှိတာက တော်တော် ကလေး အရေးကြီးတယ် သမီးရဲ့၊ အဲဒီတော့ သမီး သေသေချာချာ စဉ်းစားပြီး နားထောင်နော်၊ ဒါသမီးရဲ့ အိမ်ထောင်ရေး ကိစ္စပဲ"

မည်သည့်အခါကမှ မမျှော်လင့်ခဲ့သော စကားမျိုးကို ကြား လိုက်ရသဖြင့် မြမြတင်မှာ မျက်လုံးကလေး ချာချာလည်လျက် ဦးညိုမောင်အား ငေးကြည့်နေမိရာမှ တစ်ဖန် ဒေါ်သင်းထုံအား လှည့်ကြည့်မိပြန်သောအခါ၌လည်း ဒေါ်သင်းထုံမှာ မိမိနည်းတူ ထိုကိစ္စအတွက် ဘာမျှ မသိသလို ယောင်တိယောင်ကန်း ဖြစ်နေ သည်ကို တွေ့ရလေ၏။

www.burmeseclassic.com

"သမီး မိန်းကလေး ဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်လို့ အခါအခွင့်သင့်ပြီဆိုတာနဲ့ နေရာချထားပေးဖို့ဟာ ဖေဖေတို့လို မိဘတွေမှာ တာဝန်ရှိတယ် သမီးရဲ့၊ အဲဒီတော့ကာ ခု သမီးလည်း ချိန်တန်ရွယ် ရောက်နေပြီမို့ သမီးကို အိမ်ထောင်ချပေးဖို့ ဖေဖေ စီမံချင်ပြီ"

မှင်သေသေနှင့် ဣန္ဒြေရရ ပြောလိုက်သော ဦးညိုမောင်၏ စကားကို ကြားရသည်နှင့် မြမြတင်မှာ မှင်သက်မိသလို ငိုင်နေရှာ၏။ မသိမသာ ယိုင်သွားသော ကိုယ်ကလေးကို သတိနှင့် ထိန်းလိုက်ပြီးမှ—

"ဒီမှာ ဖေဖေ ခုကိစ္စမှာ သမီးဘာမှ ဝင်မပြောဘဲ နားထောင်နေရမှာလား၊ ဒါမှမဟုတ် စောဒက တက်ချင်ရင်ကော တက်ခွင့်ရှိပါသလား၊ သိပါရစေ ဖေဖေ"

"စောဒကတင် မဟုတ်ဘူး၊ ပြောချင်ရာကို ပွင့်ပွင့်လင်းလင်း ပြော ပြောနိုင်တယ်၊ ဝမ်းထဲမှာတော့ မြုံမထားနဲ့၊ ကဲ ဘာပြောချင်သလဲ ပြောသာပြော သမီး"

"အချစ်ကိစ္စနဲ့ ပတ်သက်လို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမယ် ဆိုပြီး ပေးထားတဲ့ အခွင့်အရေးကို ခု ပြန်ရုပ်သိမ်းတော့မယ်လား ဖေဖေ"

"ဟုတ်တယ် ပြန်သိမ်းမှ ဖြစ်တော့မှာပဲ (အချစ်လွတ်လပ်ရေး)ရယ်လို့ သမီးကို ပေးထားခဲ့တာ အတော်ကလေးကြာပြီကော၊ အချိန်ကျတာတောင် အကောင်အထည် မပေါ်သေးတော့ တာဝန်ရှိတဲ့ ဖေဖေတို့က ဖော်ပေးရမယ် မဟုတ်လား၊ ဘယ်သူက ဘာပဲပြောပြော မိန်းကလေး ဆိုတာ ရောင်းကုန်လို့ပဲ သဘောထားရမယ်။ အချိန်ရှိတုန်း ဈေးကောင်းတုန်း ရောင်းမှ မရောင်းရင် ဟောင်းပြီး ၁၀–ပြားဆိုင် ရောက်သွားတတ်တယ်။ အဲဒီတော့ သမီးကို သင့်တော်တဲ့လူနဲ့ . . ."





"ဒီလိုဆိုရင် အစက ဖေဖေ သတိပေးထားဖို့ ကောင်းတယ်၊ မိန်းကလေးတစ်ယောက်ဟာ ဘယ်အရွယ်ရောက်ရင် ကုန်ဟောင်းသဘောမျိုး ဖြစ်သွားတယ်ဆိုတာ ဖြန့်းခနဲ ဒိုင်းခနဲ စီမံတာကတော့ သက်သက်"

"လှည့်စားတာလို့ ဆိုချင်သလား၊ ဖက်ဆစ်ဆန်တယ်လို့ ပြောချင်သလား၊ သမီးက ဟင်၊ ပေးထားတဲ့ အခွင့်အရေးကိုတော့ အကျိုးရှိအောင် မသုံးတတ်ဘူး၊ အခွင့်အရေးကိုတော့ လက်လွှတ်ရမှာ စိုးသလား"

မြမြတင်မှာ ထိုစကားအတွက် အတော်ကလေး အခံရခက်သွား၏။

"ဒီအခွင့်အရေးကို သမီးသုံးမှ မသုံးရသေးဘဲနဲ့ အကျိုးရှိ၊မရှိ ဘယ်လို သိနိုင်သလဲ ဖေဖေ"

ဦးညိုမောင်သည် ကိုက်ထားသော ဆေးပြင်းလိပ်ကို ကမန်းကတန်း ဖြုတ်လိုက်ပြီး . . .

"အဲဒီ အခွင့်အရေးကို အကျိုးရှိအောင် သုံးတတ်လိမ့်မယ်လို့ကော သမီးကိုယ် သမီး ထင်နေသလား၊ မိဘကတော့ ကိုယ့်သမီးကို ဟန်ကျကလေး ဖြစ်သွားပါစေတော့လို လူ့အဖိုးတန်နဲ့ နိုးစပ်အောင် စီစဉ်ပေးတယ်၊ သမီးတော့ ဘာမဟုတ်တဲ့ လူကိုမှ"

"ကိုတင့်မောင်လို သတ္တဝါဟာ လူ့အဖိုးတန်လား ဖေဖေ"

"မောင်မျိုးညွန့်ကကော–သမီး"

မြမြတင်မှာ ဘာပြော၍ ဘာဖြေရမည် မ-သိ၊ အကြောင်းသားငေးကြည့်နေမိရာမှ တဖြည်းဖြည်းငိုက်၍ ခေါင်းစိုက်ကျသွားလေ၏။ သူသိရသလောက်ဆိုလျှင် ကိုမျိုးညွန့်မှာ အဖက်ဖက်မှ ပြည့်စုံသူတစ်ယောက်ဖြစ်သည်သာမက မိမိအပေါ်တွင် ချစ်သော သူ့ဖမ္တောမှာလည်း အတော်ကလေး ထုထည် ကြီးမားသည်ဟု ဆိုးလည်၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်တရားနှင့် ပတ်သက်၍လည်း နောင်မည်သို့ ဖြစ်မည် မသိရစေကာမူ အပြောအဆို– အနေအထိုင်ကို လက်တွေ့ လေ့လာနေရသည့်၌ အတော်ကလေး ကျေနပ်လောက်အောင် အလားအလာရှိသူဟု မြမြတင် အကဲခတ်မိ၏။

"သမီးဟာ ပေးထားတဲ့ အခွင့်အရေးကို အလွဲသုံးစားလုပ်မယ့် အရိပ်အယောင်တွေ မကြာခဏ ပေါ်–ပေါ်လာတယ်"

"နို့ သမီးမှားခဲ့ဘူးသလား ဖေဖေ၊ ခုကော မှားနေသမို့လား"

မိဘသည် သားသမီးအား ကစားစရာ တစ်ခု ဝယ်ပေး၏။ အဖိုးတန်မဟုတ်၊ အိုးပုတ်ပင်ဖြစ်စေ "ပေး–မကစားရတော့ဘူး"ဟု ပြန်လည်သိမ်းဆည်းခြင်း ခံရသော် သားသမီးသည် မည်မျှစိတ်မကောင်း ဖြစ်ရာမည်နည်း။ ယခုမူ တစ်သက်လုံး အဖို့ အရေးအကြီးဆုံး အခွင့်အရေးကို ပေးပြီးမှ ပြန်လည် ရုပ်သိမ်းလိုက်သောကြောင့် မြမြတင်မှာ အသည်းကြွေမတတ် ဆတ်ဆတ်ခါနာသွားသည့်နှယ် ရှိုက်သံနှော၍ ဒေါသသံကလေးပင် ပါလာလေရာ...

"အေး သမီး ခု မှားမယ် တကဲကဲ ဖြစ်နေပြီ၊ မောင်လှပိုကို သမီး မေတ္တာရှိနေတယ် မဟုတ်လား၊ မှန်မှန်ဖြေစမ်း"

မြမြတင်သည် ရုတ်တရက် မျက်လုံးကလေး အဝိုင်းသားနှင့် ပြူးသွားရာမှ–

"ဒီလိုတော့ မစွပ်စွဲပါနဲ့ ဖေဖေ၊ ဘယ် အထောက်အထားဖေဖေ အတတ်ပြောနိုင်သလဲ၊ တကယ်လို့ မေတ္တာရှိနေတယ်ပဲထားဦးတော့ ကိုယ်ကျင့်တရားကောင်းပြီး၊ ကြင်နာသနားတတ်တဲ့ ကိုလှပိုလို လူတစ်ယောက်ကို သမီး မေတ္တာရှိမယ်ဆိုရင် မှားတယ်လို့ ခေါ်မလား၊ ပြီးတော့ သူဟာ အိမ်ထောင်တစ်ခုရဲ့ သာယာရေးကို





ဆွမ်းဆောင်နိုင်လောက်အောင် လုံလဝီရိယရှိနေတဲ့ လူတစ်ယောက်ဆိုတာ ဖေဖေလည်း သိပြီးသားနော်၊ ဒါက သမီး မေတ္တာရှိနေလို့ ပြောတာ မဟုတ်ပါဘူး။ ချီးကျူးထိုက်တဲ့ လူမို့ ချီးကျူးနေတာပါ"

ဦးညိုမောင်သည် မြမြတင်အား မျက်မှောင်ကုတ်၍ ခပ်ငုံ့ငုံ့စိုက်ကြည့်နေပြီးမှ–

"ကဲ ဒါဖြင့် သမီးကို မောင်လှပိုနဲ့ ပေးစားမယ်ဆိုရင် သမီး မငြင်းဘူးပေါ့ ဟုတ်လား"

"သူ လူကောင်းတစ်ယောက်ပဲဟာ ဖေဖေရယ်"

မြမြတင်အဖို့ ထိုစကားသည် မရည်မရွယ်ဘဲနှင့် ပါးစပ်ထဲမှ ထွက်သွား၏။ မြမြတင်သည် အမှန်စင်စစ် ကိုလှပိုအား တိတိကျကျ ချစ်နေပြီကား မဟုတ်။ မိမိနှင့် ပတ်သက်၍ ကိုလှပိုအား နှိမ့်ချပြောသည်ကိုသာ မခံနိုင်၍ ကာကွယ်ပြောဆိုလိုက်ခြင်းသာ ဖြစ်၏။ အကယ်၍ ဦးညိုမောင်ကိုယ်တိုင်က ကျေနပ်ကြည်ဖြူစွာ ပေးစားမည်ဆိုသော် ကိုလှပိုအား ယူနိုင်မည်လော၊ ထိုအတွေးသည် မြမြတင်၏ စိတ်ကလေးကို ထွေးလုံးရစ်သိုင်း ခေါင်ချာစိုင်းအောင် ရှုပ်သွားစေ၏။ သို့သော် နောက်ဆုံးအဖြေကား "သူ လူကောင်းတစ်ယောက်ပဲဟာ ဖေဖေရယ်"ဖြစ်၏။

"ဪ ဖေဖေကသာ ကြည်ဖြူရင် ယူမယ်ဆိုပါတော့၊ နို့ မောင်လှပိုလို ကိုယ်ကျင့်တရားလည်းကောင်း၊ ပညာအရည်အချင်းလည်း မခေ၊ ဂုဏ်သရေလဲသာ၊ ဥစ္စာပစ္စည်းလည်း ကြွယ်ဝတဲ့ မောင်မျိုးညွန့်လို လူကောင်းတစ်ယောက်နဲ့ ပေးစားမယ်ဆိုရင်ကော"

မြမြတင်ပါးစပ်ဖျားမှ စကားဆို၍ တစ်လုံးမျှ ထွက်မလာ ဘာဘယ်လို ဖြေရမည်လည်း မသိ။ ကြမ်းပြင်ကို ကြည့်ငေးရင်း လေးလေးနက်နက် စဉ်းစားနေရှာ၏။ ကိုမျိုးညွန့်၏ ပစ္စည်းကြွယ်ဝမှုနှင့် ပညာအရည်အချင်းမှာ ကိုလှပိုနှင့်ဆိုလျှင် အပြတ်အသတ်ကွာနေသည်သာ ဖြစ်၏။ ရုပ်ရည်နှုတ်ချောမှု၌လည်း ကိုမျိုးညွန့်က

www.burmeseclassic.com

www.burmeseclassic.com



သာလျက်၊ စကားအရာတွင်လည်း ပြေပြစ်သူ၊ မိန်းမတစ်ယောက် ကျေလောက်အောင်ပြောနိုင်သူ၊ လူရည်မွန်တစ်ယောက် ဖြစ်ကာ ကိုယ်ကျင့်တရားဘက်ကလည်း တော်သည်ဟု ဆိုရပေမည်။ သို့ တော်ခြင်းမှာ မိမိတို့ ရှေ့တွင်သာ(တော်)နေခြင်းလော၊ ကွယ်ရာတွင် မည်သို့(ရော်)နေသည်ကိုကား မသိရသေး။ ကိုလှပိုမှာမူ ပစ္စည်းနှင့် ပညာမရှိသည်မှအပ ရှေ့တွင်လည်း (တော်)၊ ကွယ်ရာတွင် ပို၍ (တော်)သူတစ်ယောက်ဖြစ်သည်ကို မြမြတင် အတတ်သိ၏။

“ဒီလောက်ကြာအောင် စဉ်းစားနေဖို့ လိုသေးသလား သမီးရယ်၊ မောင်လှပိုကို မေတ္တာရှိနေတာ မဟုတ်ဘူးလို့ သမီးပြော ပြီးပြီ။ နို့ ဒီပြင်တစ်ယောက် တစ်လေကော သမီးချစ်နေသေး လို့လား”

“တစ်ခုတော့ ပြောပါရစေ ဖေဖေရယ်၊ အိမ်ထောင်တစ်ခုရဲ့ သာယာပျော်ရွှင်ရေးမှာ တန်းတူကြွယ်ဝမှုဟာ အဓိက မဟုတ်ရင် တော့ ကိုမျိုးညွန့်ကို ငြင်းပယ်ချင်တာပဲ ဖေဖေ”

“အင်း သမီးက မောင်လှပိုဘက် ယိမ်းနေတယ် ထင်ပါရဲ့၊ ဈေးနှုန်းပေးရတာချည်းတူရင် မြင်းလှည်းနဲ့ ဘတ်စ်ကား ဘယ်သင်း စီးသင့်သလဲ၊ တအိအိ သွားနေတဲ့ မြင်းလှည်းကို ဖင်ညှောင့်ရိုး အနာခံပြီး စီးမလား၊ မြန်မြန်ရောက်ပြီး ခိမ်ရှိတဲ့ ဘတ်စ်ကားကို စီးမလား၊ စဉ်းစားစမ်း၊ အဲဒီတော့ မိုက်ပါနဲ့ သမီးရယ်နော်၊ မောင်မျိုးညွန့်ဟာ တကယ်တော်တဲ့ လူကောင်းတစ်ယောက်မို့ လိမ္မာတဲ့ သမီးက မငြင်းဘူးဆိုရင်တော့”

“ကဲ... ကြိုက်သလိုပဲ စီမံပါတော့ ဖေဖေ”

မြမြတင်သည် မျက်စိကိုမှိတ် အံကိုကြိတ်ပြီး ရိုတ်ခနဲ ခေါင်းတစ်ချက် ခါလိုက်ပြီးမှ ပြောပြောဆိုဆို ထ,လိုက်သည်နှင့်-





“ထိုင်ပါဦး သမီးရယ် ဖေဖေ့ သမီးက လိမ္မာပါတယ်”

ဦးညိုမောင်သည် ထူးခြားလှသော ကြည့်ပုံမျိုးနှင့် ကြည့်ကာ ဤသို့ ပြောလိုက်သဖြင့် မြမြတင်လည်း စိတ်ပါလက်ပါ မဟုတ် ဘဲ ဝမ်းနည်းစွာဖြင့် ထိုင်ချလိုက်လေ၏။ သမီးဖြစ်အင်ကို ရင်တွင်း က မသက်သာ၊ သနားစိတ်တွေ ဖြာနေသော ဒေါ်သင်းထုံမှာလည်း ကိုမျိုးညွန့်နှင့် သဘောတူပြီးသား ဖြစ်နေသောကြောင့် တစ်စုံတစ်ရာ ဝင်မစွက် ငြိမ်ချက်သား ကောင်းနေတော့၏။

“ကဲ သမီး၊ မောင်မျိုးညွန့်နဲ့ပဲ စီမံလိုက်တော့မနော်”

“စီမံပါ ဖေဖေ၊ ဒါပေမယ့် နှစ်နှစ်ခြိုက်ခြိုက်ကြီး သဘော ကျလို့တော့ မဟုတ်ဘူးဆိုတာ ဖေဖေတို့ သတိပြုမိပါစေ”

“လိမ္မာလိုက်ပါဘိတော့ သမီးရယ်၊ အေးအေး ဖေဖေတို့က ဘယ်လို စေတနာမျိုးနဲ့ စီမံတယ်ဆိုတာ နောက်တော့ သမီး သိမှာပေါ့ကွယ်၊ မောင်မျိုးညွန့်နဲ့ သူ့မေမေလည်း ရောက်နေတာ ကြာလှပြီကော၊ သမီးရှက်နေမှာစိုးလို့ ဘုရားဆောင်အခန်းထဲ ဝင်နေခိုင်းရတယ်။ ကဲ-ကဲ မောင့်မျိုးညွန့်တို့ သားအမိလည်း ထွက်လာကြပါတော့၊ သားရေး သမီးရေးလည်း ချောချောမောမော ပြီးသွားပါပြီ”

ဦးညိုမောင်သည် ဘုရားဆောင်အခန်းသို့ လှည့်ကြည့်ရင်း ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ပြောလိုက်သောကြောင့် မြမြတင် တို့မှာလည်း ဖက်ဖူးရောင် လိုက်ကာကလေးဖြင့် ကွယ်ထားသော လိုက်ကာကလေးဖြင့် စူးစိုက်ကြည့်မိသည်၌ ရှက်သလို အမူအရာဖြင့် ရှေ့ဆုံးမှ ထွက်လာသူမှာ ကိုမျိုးညွန့်မဟုတ်ဘဲ ကိုလှပိုဖြစ်နေလျက် နောက်မှ လိုက်လာသူမှာ ဒေါ်စိန်ပွင့်ဖြစ်နေသည်ကို တွေ့ရသော

www.burmeseclassic.com



ကြောင့် ဒေါ်သင်းထုံမှာ ပါးစပ်အဟောင်းသား နှင့် အကြီးအကျယ် အံ့အားသင့်နေလေ၏။

မြမြတင်မှာမူကား ဝမ်းလည်းသာ ရှက်လည်းရှက်၊ မည်သည့်မျက်နှာမျိုး ထား၍ ထိုင်နေရမည်ကိုပင် စဉ်းစားမရအောင် ဖြစ်နေရှာသည်နှင့် ရုတ်ဟရက် ထပြေးတော့မည်ဟုပင် ဟန်ပြင်လိုက်သေး၏။ သို့သော်—

"ဒါ ရှက်စရာ မဟုတ်ပါဘူး သမီးရယ်"

ဦးညိုမောင် ဤသို့ ပြောလိုက်မှ မြမြတင် ငြိမ်သွားတော့၏။ ဒေါ်စိန်ပွင့်နှင့် ကိုလှပိုလည်း နေရာအသီးသီးတွင် ဝင်ထိုင်မိကြသည်နှင့်—

"ကိုင်း ဖေဖေ ရှင်းရှင်းပြောပြမယ်၊ သေသေချာချာ နားထောင်၊ သမီးကို အချစ်လွှတ်လပ်ရေး ပေးခဲ့တဲ့ နေ့ကစပြီး ဖေဖေဟာ သမီးကို အမြဲမပြတ် အကဲခတ်နေခဲ့တယ်။ ဒါပေမယ့် သမီးဟာ အနေ့အထိ ကိုယ်ကျင့်တရား ထိခိုက်လောက်အောင် တစ်ခါမှ မတိမ်းခဲ့ဘူး၊ မမှားခဲ့ဘူး။ ဒါကြောင့် ဖေဖေ ချီးကျူးတယ် အများကြီး ချီးကျူးတယ်"

မြမြတင်ကား ခေါင်းကလေးငုံ့၍ လက်သည်းချင်း ကုတ်နေ၏။

"နို့ပေမယ့် သမီးဟာ သုံးလေးသိန်းချမ်းသာတဲ့ သူဌေးသမီးမို့ ကိုယ့်အိမ်ထောင်ဖက်ဟာလည်း သုံးလေးသိန်း ချမ်းသာမှ ကြည်ဖြူသင့်သလိုလို အယူအဆ လွဲနေခဲ့တယ်။ နို့ ဒီအယူအဆမှားသလားဆိုတော့ မမှားဘူး၊ ဒါပေမယ့် မှန်သင့်သလောက် မမှန်ဘူးလို့ ဆိုရမယ်"

ပတ္တမြားငမောက်စာပေ



ဦးညိုမောင်သည် စကားကို ဖြတ်၍ နုပ်ထားသော ဆေးပြင်းလိပ်ကို မီးညှိနေခိုက် ဒေါ်စိန်ပွင့်သည် ချွေးမလောင်း မြမြတင်အား ဝမ်းမြောက်ရွှင်မြူး၍ အလွန့်အလွန် ကြည်နူးနေသော မျက်လုံးများဖြင့် စိုက်ကြည့်နေလေ၏။

"မောင်တင့်မောင်ဟာ ဂုဏ်ရည်တူချမ်းသာတဲ့ ပညာတတ်တစ်ယောက်ပေပဲ၊ ဒါပေမယ့် ဟန်ဆောင်နေတဲ့ ကြောင်သူတော်ဆိုတာ သမီးနဲ့ စကားမများခင် ၁၀–ရက်လောက်ကတည်းက ဖေဖေ သိပြီးပြီ၊ သမီးကိုယ်တိုင် ကိုယ်တွေ့သိစေချင်လို့ ဘာမှ မပြောခဲ့ဘူး ဂကယ်လို့ သူ့ကို သမီးယူမယ်ဆိုရင်လည်း ဖေဖေ ကန့်ကွက်ရမှာပဲ"

ကိုလှပိုနှင့် မြမြတင်မှာလည်း ခေါင်းစိုက်နားစွင့်နှင့် မျက်လုံးသော်မှ ဝင့်၍ မကြည့်ရဲအောင် ရှက်နေကြလေ၏။

"ဒီမှာ မစိန်ပွင့်ရဲ့"

"ရှင် ရှင် မိချောင်း၊ အဲ ဟုတ်ပေါင်"

ဒေါ်စိန်ပွင့်မှာ ချွေးမချောကလေးအား ကြည့်၍ နှစ်သိမ့်နေခိုက် ဦးညိုမောင် ဖြုန်းခနဲ ခေါ်လိုက်သဖြင့် ထိုသို့ အလန့်တကြား ယောင်သွားခြင်းဖြစ်လေရာ ဤတွင်မှပင် ကိုယ်စိတ္တရွှေ့ဖြင့် ငြိမ်နေကြသူအားလုံး ဝါးခနဲ ပွဲကျသွားလေ၏။

"ခင်ဗျားကလဲဗျာ၊ ဒီလိုရှိတယ် မစိန်ပွင့်၊ ကျုပ်တို့ မြန်မာမိဘတွေဟာ သမီးကို နေရာချတဲ့အခါမှာ ပိုက်ဆံရှိရင်၊ ရာထူးရှိရင် လာခဲ့ ပေးစားမယ်ဆိုတဲ့ အကျင့်တွေ ခုထက်ထိ မပျောက်သေးဘူး၊ အင်္ဂလန်၊ အမေရိကန်အစရှိတဲ့ အနောက်နိုင်ငံတွေမှာ မိန်းမယောက်ျားတစ်ယောက်ဟာ ကျန်းမာပြီး ထိုက်သလောက် [illegible] ဗလရှိမှ မိန်းမရဖို့ လွယ်တယ်၊ ရှိက်ကုန်းရှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုရင် မိန်းမတိုင်း နှာခေါင်းရှုံ့ခံရတာပဲ။ ဒါကြောင့် သူတို့ အနောက်နိုင်ငံက ယောကျ်ားတွေဟာ မိန်းမ တစ်ယောက် ရပါမယ့်အရေး ကျန်းမာမှုနဲ့ ခွန်အားဗလ ရှိမှုကို အရည်အချင်း တစ်ရပ်အနေနဲ့ ဂရုစိုက်လေ့ကျင့်နေကြရတယ်"

ကိုလှပိုသည် သူ၏ ကာယဗလကို မသိမသာ ငုံ့ကြည့်မိ၏။ မြမြတင်သည်လည်း ကိုလှပို၏ ကိုယ်ထည်ကို ကပျာကရာ လှမ်းကြည့်လိုက်ပြီး ပျာပျာသလဲ ငုံ့ပစ်လိုက်၏။

"အဲဒီတော့ ကျုပ်တို့ မြန်မာမိန်းကလေးတွေကလည်း ကိုယ်ယူမယ့် ယောကျ်ားတစ်ယောက်ရဲ့ ကျန်းမာမှုကို ဂရုစိုက်ပြီးမှ ရွေးမယ်ဆိုရင် ယောကျ်ားတွေလည်း အလိုအလို ဂရုစိုက်လာမှာပဲ၊ ပြီးတော့ မိဘတွေကလည်း ခုနပြောသလို ငွေ၊ ဂုဏ်၊ ရာထူးဂုဏ်ကိုသာ ကြည့်ပြီး သမီးကို နေရာချတတ်လေတော့ သူဌေးသား၊ ရာထူးရှင်၊ ပညာတတ် ယောကျ်ားတွေသာ "တို့ ရာထူးရှိရင် လိုချင်တဲ့ မိန်းမ ရနိုင်တာပဲ"ဆိုပြီး အရေးကြီးတဲ့ အချက်တွေကို ပေါ့ပေါ့ဆဆ မေ့ထားတတ်ကြတယ်။ တကယ်လို့ မိန်းကလေးတွေက အိမ်ထောင်ဘက် ရွေးတဲ့နေရာမှာ ဖြစ်ဖြစ်၊ မိဘတွေက သမက်ရွေးတဲ့ နေရာမှာဖြစ်ဖြစ် ငွေ၊ ဂုဏ်၊ ရာထူးကိုသာ မကြည့်ဘဲ "လူ"တစ်ယောက်မှာ မရှိမဖြစ်တဲ့ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ ပညာအရည်အချင်း၊ (ပညာဆိုပေမယ့် ဘီအေတို့ အိုင်စီအက်တို့ ပြောတာ မဟုတ်ဘူး)အိမ်ထောင်တစ်ခုကို မချို့မငဲ့ ဦးစီးနိုင်မယ့် အသက်မွေးဝမ်းကျောင်းပညာကို ပြောတာ၊ အဲသလိုသာကြည့်ပြီး ရွေးမယ်ဆိုရင် ယောကျ်ားတွေကလည်း ဆင်ခြင်လာလိမ့်မယ်။ "အင်း တို့ဟာ ပိုက်ဆံရှိရုံ၊ ရာထူးရှိရုံနဲ့ မိန်းမ မရသေးဘူး"ဆိုပြီး ကိုယ်ကျင့်တရားကောင်းအောင် ပြုပြင်လာမယ်၊ ကျန်းမာအောင် လေ့ကျင့်လာမယ်"





ဦးညိုမောင်သည် တိုနေပြီဖြစ်သော ဆေးပြင်းလိပ်ကို ထွေးခံထဲသို့ ပစ်ထည့်လိုက်ရင်းက ဆက်လက်၍...

"ကျုပ်တော့ ဒီအတိုင်းဆို ခေတ်မီပစ်လိုက်တာပဲ၊ မောင်မျိုးညွန့်ဟာ တော်တော် အထက်တန်းကျကျ သဘောကောင်းပြီး လိမ္မာရေးခြားရှိတဲ့ သူငယ်ပေါ့။ ဒါပေမယ့် ကျုပ် သေသေချာချာ စုံစမ်းကြည့်တော့ သူ့မှာ သားသမီး လူစဉ်မမီနိုင်အောင် ကြောက်စရာကောင်းတဲ့ ကာလသားရောဂါ ရှိနေတယ်ဆိုတာ သိရတဲ့အတွက် တစ်နေ့ကပဲ ခပ်ရှင်းရှင်း မေးလိုက်တော့ သူကလည်း ဝန်ခံတယ်။ ဒါကြော င် ပြောလိုက်ရတယ်။ "ဒီလိုဆိုရင် ဦးသမီးနဲ့ နီးစပ်ဖို့ဟာ မဖြစ်နိုင်တော့ဘူးလို့"

မြမြတင်သည် လှိုက်လှိုက်လှဲ့လှဲ့ အသည်းထဲမှ ဖြစ်ပေါ်လာသော အပြုံးမျိုးဖြင့် ပြုံးလိုက်၏။

"အဲဒီတော့ မစိန်ပွင့်ရဲ့-ကျုပ်ဖြစ်စေချင်တာက သမီးကလည်း သဘောကျတာ ဖြစ်ရမယ်၊ ကျုပ်တို့ကလည်း ကျေနပ်ရမယ်၊ အဲသလိုလူမျိုးနဲ့သာ အိမ်ထောင်ဘက်စေချင်တာကိုး၊ အခုလို လိမ္မာတဲ့သမီး၊ အဖိုးတန်တဲ့သမီး၊ အမြင်မှန်တဲ့ သမီး၊ ဖြစ်စေချင်သလို ဖြစ်တဲ့ သမီးမျိုး မွေးရလို့ ဂုဏ်ယူလို့ မဆုံးပေါင်ဗျာ၊ သူ မောင်လှပိုအပေါ်မှာ မေတ္တာရှိသလိုသလို ဖြစ်နေတာ ရိပ်မိကတည်းက ကျုပ် အတော်ကလေး ဝမ်းသာခဲ့တယ်။ ဒါပေမယ့် သမီးက ရဲရဲတင်းတင်း မချစ်ဝံ့ရှာဘူး။ လူကောင်းတစ်ယောက် ဖြစ်ပေမယ့် ကိုယ်နဲ့ တန်းတူလောက် ချမ်းသာမှ ချစ်ရမလို့ သမီးက အယူအဆလွဲနေခဲ့တယ်"

အဖိုးတန်သမီးကို မွေးထားရသဖြင့် အားရပါးရ အသားယူနေသော ဦးညိုမောင်အား ငေးစိုက်ကြည့်နေရာမှ ဒေါ်စိန်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း အားကျမခံ ကိုလှပိုဆီသို့ မျက်နှာမူလိုက်ပြီး ဂုဏ်ယူသော အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်လေ၏။

"ဒီလို ဘယ်ဟုတ်မလဲ သမီးရဲ့၊ ပိုက်ဆံတွေ သိန်းကုဋေ ခြောက်သောင်း ချမ်းသာတဲ့လူကို ယူပေမယ့်လည်း လူတစ်ယောက် အဖို့ မရှိမဖြစ်တဲ့ ကိုယ်ကျင့်တရား ကင်းမဲ့နေရင် ဒီလိုလူဟာ ဘာအသုံးကျမှာတုန်း၊ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ "လူ" ဆိုတဲ့ သတ္တဝါမှာ ကိုယ်ကျင့်တရားဟာ နံပါတ်(၁) အရေးအကြီး ဆုံးပဲ။ ဒုတိယကျန်းမာရေး၊ တတိယ အသက်မွေးဝမ်းကျောင်းပညာ"

ဒေါ်သင်းထုံသည် ဦးညိုမောင်ပြောနေသော စကားကို နားစွင့်နေရာမှ မောင်လှပိုနှင့် မြမြတင်အား တစ်လှည့်စီကြည့်ပြီး ဒေါ်စိန်ပွင့်ဆီတွင် မျက်လုံး ငြိမ်သွားလေ၏။

"အင်း–နိုင်ငံရေးစကားနဲ့ ပြောရမယ်ဆိုရင် မောင့်တင့်မောင်၊ မောင်မျိုးညွန့်တို့က (ခနရှင် လက်ျာသမားတွေ)၊ မောင်ဆင့်သိန်းတို့၊ မောင်လှပိုတို့က (ပစ္စည်းမဲ့ လက်ဝဲ)၊ သမီးက (နိုင်ငံရေးအာဏာ)၊ ဟောဒီ မသင်းထုံကတော့ လက်ျာလူထုခင်ဗျာ၊ ဘာပဲဖြစ်ဖြစ် ပိုက်ဆံရရင် မဲပေးမယ်ဆိုတာလို၊ သမီးကို သူဌေးနဲ့မှ ပေးစားချင် တယ်၊ အရည်အချင်းတွေ၊ ကိုယ်ကျင့်တရားတွေ ဘာမှ ထည့်မစဉ်း စားဘူး"

ဒေါ်သင်းထုံသည် ဦးညိုမောင်အား မျက်စောင်းထိုးကြည့်ပြီး မသိမသာ ပြုံးလာရာမှ...

"အမယ် ကျွန်မ အမြင်မှန်ရနေပါပြီတော်"

"အင်း ကျုပ်ကတော့ (အမြင်မှန်လူထု)ဗျ၊ ကိုယ်ကျိုးမဖက်ဘဲ တကယ့် မေတ္တာသက်သက်နဲ့ ချစ်တဲ့လူနဲ့မှ ကျုပ်သမီးကို ပေးစား ချင်တာ၊ မောင်မျိုးညွန့်တို့၊ မောင်တင်မောင်တို့ ဆိုတာတွေက ပညာရေး၊ ပစ္စည်းကြွယ်ဝမှုရော ဘာမှ ပြောစရာမရှိဘူး၊ ဒါပေမယ့်





ကျုပ်သမီးကို ချစ်တာထက် ကျုပ်မှာရှိတဲ့ ပစ္စည်းကို မက်မောတဲ့ စိတ်ကများနေတဲ့ အရေခြုံကောင်တွေ၊ ဒါ ကိုယ်ကျင့်တရား ညံ့ဖျင်းမှုပေါ့၊ မောင်ဆင့်သိန်းတို့ ဆိုတာကလည်း ကိုယ့်တစ်ဝမ်း တစ်ခါးတောင် ရှာစားနိုင်တဲ့ အရည်အချင်းမရှိ၊ ပညာနတ္ထိ ပျက်စီးမယ့် အချောင်သမားတွေမို့ ဘယ်နည်းနဲ့မှ ကျုပ်မပေးစား နိုင်ဘူး"

ဦးညိုမောင်သည် စကားကို ရှေ့မဆက်သေးဘဲ ရုတ်တရက် တစ်ဖက်သို့ မျက်နှာလွှဲလိုက်ကာ ဟပ်ချိုး ဟပ်ချိုးနှင့် သုံးလေးကြိမ် မျှ (ချေ)နေခိုက် မြမြတင်နှင့် ကိုလှပိုသည် တစ်ဦးကို တစ်ဦး မသိမသာ လှမ်းကြည့်လိုက်၏။ သို့သော် ဒူးလောက်ဆီမှ ကျော်၍ မျက်နှာအထိ မော်ကြည့်ရန်မဝံ့ နှစ်ဦးစလုံး ရှုံ့နေကြသည်သာ ဖြစ်လေ၏။

"ခပ်ရှင်းရှင်းပြောရရင် ကျုပ်သမီးကို ကိုယ်ကျင့်တရား ကောင်းတဲ့ လူလိမ္မာပညာတတ် သူဌေးနဲ့သာ ပေးစားချင်တယ်၊ ဒါပေမယ့် ခု တွေ့နေရတဲ့ သူဌေးသားတွေက သူတို့ပိုင်တဲ့ ငွေကို မပေးချင်ဘဲ ကျုပ်ပိုင်တဲ့ ဘဏ္ဍာတော်ငွေကိုသာ အပျောက်ရိုက်ချင်တဲ့ အချောင်သမား ခနရှင်တွေ ဖြစ်နေပြန်တယ်"

"မောင်လှပိုကတော့ မျက်စိအောက်တင်ကြီးလာတဲ့ သူငယ်မို့ သူ့ကိုယ်ကျင့်တရားကို အထူးစုံစမ်းနေစရာ မလိုဘူး။ ပြီးတော့ လုံ့လဝီရိယလည်း ရှိတယ်။ ပညာကိုလည်း အင်မတန် လိုလားတယ်၊ လှူပီသတဲ့ စိတ်မျိုးလည်း ရှိတယ်။ သမီးကို ချစ်တဲ့နေရာမှာ လည်း တကယ်ဖြူစင်တဲ့ စေတနာသန့်သန့်နဲ့ ချစ်ကြောင်း သူတို့ ချင်း ပြောကြတာကို ကျုပ်နားနဲ့ ဆတ်ဆတ် ကြားရသကိုး၊ အဲဒီ အချိန်က ကျုပ်ဆေးထုပ်တွေအောမှာ ရှိနေတာကို သူတို့ မသိကြဘူး။ ကျုပ်ကလည်း တကယ်တော်တဲ့ လူကို တော်တဲ့နေရာမှာ ထားရမှာပဲ ဆိုပြီး မနေ့က မောင်လှပိုကို ခေါ်မေးတော့ ကျွန်တော်က မေတ္တာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရှိနေတာတော့ မှန်ပါတယ်။ သူကတော့ ဘာမှ မပြောသေးပါဘူးခင်ဗျာလို့ ပြန်ပြောရတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကလည်း သဘောကျနေပြီ၊ သမီးကလည်း မေတ္တာရှိနေပုံ ရနေတော့ ဒီအတိုင်း ကြည့်နေရင် မောင်လှပိုရဲ့ အကြံဉာဏ် လုံ့လ ဝီရိယစွမ်းတွေဟာ အချိန်ကုန်သလောက် ခရီးရောက်မှာ မဟုတ်ဘူး၊ ငါ့ ငွေအားနဲ့ မြေတောင်မြှောက်ပေးမှပဲဆိုပြီး ဒီနေ့ မစိန်ပွင့်ပါ ခေါ်ပြီး တိုင်ပင်ရတာပေါ့”

“သမီး ရှက်နေမှာ စိုးတာလည်းတစ်ကြောင်း၊ စိတ်ရင်းအမှန်ကို သိချင်တာလည်း တစ်ကြောင်းကြောင်းမို့ မစိန်ပွင့်နဲ့ မောင်လှပိုကို ဘုရားခန်းထဲ ပို့ထားရတယ်။ ကဲ ကဲ ရှေ့လအတွင်းမှာပဲ နေ့ကောင်းရက်သာရွေးပြီး ကိုယ်ကျင့်တရား ပြည့်ဝတဲ့လူ့အဖိုးတန် (ပညာရှိ ပစ္စည်းမဲ့)မောင်လှပို လက်ထဲကို (နိုင်ငံရေးအာဏာ)ဆိုတဲ့ ကျုပ်သမီးကို ကျေကျေနပ်နပ်ကြီး အပ်တော့မယ်လေ။

စကားအဆုံးပြုး၍ ထ,သွားသော ဦးညိုမောင် ကျောအခိုင်းလိုက် ဆိုက်ဆိုက်မြိုက်မြိုက် အကြည့်ချင်းဆုံသွားသည့် မြမြတင်နှင့် ကိုလှပိုတို့၏ မျက်လုံးနှစ်စုံမှ တောက်ပစွာ ထွက်ပေါ်လာသော အလင်းရောင်သည် မြန်မာတစ်ပြည်လုံးကိုပင် ထိန်ဝင်းသွားစေသည်ဟု ထင်လိုက်ရပေတော့သတည်း။

❣ ❣ ❣

သာဓု



www.burmeseclassic.com

www.burmeseclassic.com

သာခု

# ချစ်စံနမူ

## ဤဝတ္ထုတွင်

အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့် ဟူသော အချစ်လွတ်လပ်ရေးကို သမီးဖြစ်သူအား ပညာပေးကာ ခွင့်ပြုထားသည့် ဖခင်ဦးညိုမောင် . . .

သားသမီးကို အဝဲကအစ အိမ်ထောင်ကျသည်အထိ မိခင်က တာဝန်ရှိသည်ဟု မြန်မာ့အစဉ်အလာကို တရားသေစွဲကိုင်ထားလာသည့် မိခင် ဒေါ်သင်းထုန် . . .

သူဌေးသမီးနှင့်အစေခံ ချောင်သောစိတ်ထားဖြင့် အတန်းအစားမခွဲဘဲ နက်နဲလှသော ငုပ်နေသည့် မြန်မာ့ယဉ်ကျေးမှုကို သရုပ်ဖော်ထုတ်လိုက်သည့် ဖခင်ဦးညိုမောင် . . .

အပျိုဖော်ဝင်စ အချစ်ဆိုတာဘာလဲရယ်လို့ မသိသေးသဖြင့် စိတ်ဝင်စားနေသည့် အချစ်ကိစ္စကို ဖခင်အား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်သည့် သမီး မြမြတင် . . .

ငါ သူနဲ့ညားရင် ပြီးရောဆိုတဲ့ စိတ်မထားဘဲ ကိုယ်ကျင့်တရား၊ ပညာအရည်အချင်း၊ ဂုဏ်ပကာသန ဆိုတာတွေ သူ့နေရာနဲ့သူ အိမ်ထောင်ရေးမှာ လိုအပ်သည်ဟု ဝေဖန်သုံးသပ်ခံယူမှုဖြင့် အကျေအလည် ချစ်ရေးဆိုလာသည့် ကိုလှမိ . . .

ဤသို့ စွယ်စုံမြောက်အောင် သားရှင်၊ သမီးရှင်၊ သားပျို သမီးပျိုများ သိကောင်း အချစ်အယူအဆတွင် အမြတ်မ်း ခေတ်ရှေ့ပြေးခဲ့သော၊ ခေတ်ရှေ့ပြေးဆဲဖြစ်သော အချစ်စာအုပ်တစ်အုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com